# ဗုဒ္ဓဘာသာဒီပနီ

## ဒုတိယတွဲ

ပြည်လုံးသိ-ထွန့်ခေါင်ဆရာတော်၏ မြေး

**ဝိပဿနာ မဟာဓမ္မကထိက**

နိုင်ငံကျော်-ဆရာတော်

**ဦးမြတ်သိန်းထွန်း ရေး**

# ဗုဒ္ဓဘာသာ ဒီပနီ

## ဒုတိယတွဲ

ပထမနှိပ်ခြင်း အုပ်ရေ (၃၀၀၀)

**ဓာတ် စာအုပ်ဆိုင်**


အမှတ် ၇၀-၇၉ (အရှေ့ စီရုံ၊)ဗိုလ်ချုပ်အောင်ဆန်းဈေး၊

ရန်ကုန်မြို့။

အဖိုး-၃၊ ၅၀-ပြား။

ရန်ကုန်မြို့၊ အလုံ-စူပါပင်လမ်း၊ အမှတ်-၂၆၊
ကိုအောင်ငွေး (မှတ်ပုံတင် အမှတ် - ဝ၆၂၉)က
တာဝန်ခံထုတ်ဝေ၍၊
ကြည့်မြင်တိုင်၊ ကွမ်းရွဲတန်း၊ အမှတ်-၉ဝ၊
**ခေတ်-စာပုံနှိပ်လုပ်ငန်းတွင်**
ရိုက်နှိပ်သည်။

ဆရာတော်-ဦးမြတ်သိန်းထွန်း



လွတ်လပ်ရေးမှော်ကွန်းဝင်-တပ်ခွဲမှူး
ဗိုလ်ကြီး-မင်းအောင်၊

# စာကြည့်ရှာ မာတိကာ သတိထား

●

ဦးရေ | အကြောင်းအရာ | စာမျက်နှာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်းခေါ်ဟာ ဘာလဲ | ၁ |
| ၂။ | နားလည်ဘို့ သိပါကြွ-ဒီမှာ အဘိယာစက | ၃ |
| ၃။ | ပြည့်လုံးချမ်းသာ အစုစုသိကြဘို့ (ရုရှမိဂ) ဇာတ်တော်ကြီး | ၉ |
| ၄။ | တသက်လုံးမှတ် မျက်နှာဖုံးဇာတ် ကိုယ့်ဘို့ ပညာ (ပျို့လင်္ကာ) | ၁၄ |
| ၅။ | ခန္ဓာညစ်ဆိုး အပြစ်အိုး (ပညာမြင်ဘို့) လင်္ကာပျို့ | ၂၀ |
| ၆။ | နောင်လာမည့်ဘေး အဝေးကမြင် ပညာရှင် | ၂၉ |
| ၇။ | ပါးစပ်ပြောလား သဘောလား (ဒီမှာဗုဒ္ဓဘာသာ) | ၃၅ |
| ၈။ | ပညာရှိနဲ့တွေ့ယှဉ် တိရစ္ဆာန်တွေပင် ချမ်းသာဝင် | ၃၉ |
| ၉။ | ဘုရားလောင်းဆတ်မင်း၏ ၇-ရက်စဉ် တရား | ၄၀ |
| ၁၀။ | တွေ့ဘိ-ဆန္ဒိဗာလနဲ့ ဗုဒ္ဓိပဏ္ဍိတ ရွေးခမ်း | ၄၈ |
| ၁၁။ | ခန္ဓာမှာ ဖြစ်မှုဘဝန်ရှုခမ်း မဂ္ဂုတ္တမန် ဥဒါန်း၊ အရ ကျက်စမ်းပါ၊ | ၅၁ |
| ၁၂။ | ရေမွှေးဖျန်းလို့မရ ပါးစပ်ထဲက | ၅၉ |
| ၁၃။ | လိုရင်းယချနိပါတ် ရုရှဇာတ်ဟာဘာလဲ | ၆၃ |

## မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၄။ | ဒုတိယပွဲ (ဗုဒ္ဓဘာသာဒီပနီ) ရှိခိုးနည်း အတုယူဘို့ | ၆၅ |
| ၁၅။ | စာဘတ်ယောဂီ အထူးသတိပြုရန် ဗုဒ္ဓဘာသာဒီမှာ | ၆၉ |
| ၁၆။ | ဘုရားဟောတရား၏ အခြေခံ ဒါဘဲ | ၇၀ |
| ၁၇။ | လူမှန်လျှင် အောက်မကျဘို့ | ၇၃ |
| ၁၈။ | သူများပစ္စည်းကို မသိအောင် | ၇၅ |
| ၁၉။ | ဘာကိုလုပ်လုပ် ကိုယ့်ဘို့ဟာ သူများဘို့ မဖြစ်စေနဲ့ | ၇၇ |
| ၂၀။ | ထင်သလိုမနေဘို့ သက်သေခံဥပဒေ | ၈၀ |
| ၂၁။ | ➳ ပါရာဇိက ၄-ပါး ဘာသဲ | ၈၁ |
| ၂၂။ | (တွေ့ဘီဟော့)မေထုနဓမ္မ ၇-ပါး | ၈၈ |
| ၂၃။ | ဝိပဿနာပညာကို ရေးဘီ | ၁၁၂ |
| ၂၄။ | ကုသလမြောက်လို့ ယခုဘဝ အမှု ရောက်ကြပုံ | ၁၂၂ |
| ၂၅။ | အဓိဝမ်းဗိုက်ထဲဖြစ်ရပုံ | ၁၂၅ |
| ၂၆။ | နိပါတ် ၄-မဂ္ဂသတ္တာရေးဘီ ၃-ရက် ဆက်ဘတ်ပါ | ၁၂၆ |
| ၂၇။ | ရေကြည်အစက် ဖွဲ့ရည်မထွက်တဲ့ ဒီခန္ဓာ | ၁၂၉ |
| ၂၈။ | ငါးအဖုနဲ့ မယားမှု,လင်မှု,ခက်ထာဘဲ | ၁၃၁ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၉။ | နာမ-ပညတ် တကယ်မရှိလျှင် အပါယ်မရှိ | ၁၅၀ |
| ၃၀။ | ထင်လုံးဟာ သေမင်းနေ့စဉ် | ၁၅၆ |
| ၃၁။ | သဗ္ဗတ်အရူယောဂီနဲ့ စာအူးတောင်း ယောဂီ | ၁၅၇ |
| ၃၂။ | ပါးစပ်ပေါက်မှာ နတ်ရောက်နေလျှင် | ၁၆၁ |
| ၃၃။ | ပညတ်သန္တတိနဲ့ ရုပ်ပျက် အမြဲတန်း ရန်ဘက် | ၁၇၄ |
| ၃၄။ | ပရမာအနုမြူဗုံးကြဲအနှိပ်ခွဲရုပ်ပျက်ပုံဒီမှာ | ၁၇၉ |
| ၃၅။ | ပရမာအနုမြူခေါ်ကာရုပ်အနှိပ်ခွ | ၁၈၃ |
| ၃၆။ | အရကျက်ပါ-အရိယာအမြင်လင်္ကာ | ၁၈၄ |
| ၄၇။ | လေသံကြားတာရေးထင် | ၁၈၇ |
| ၃၈။ | ပရိယတ်သတ္တိသာကော | ၁၉၀ |
| ၃၉။ | ဒီမှာမတန်တဲ့လက်နဲ့ ရွှေခွက် | ၁၉၂ |
| ၄၀။ | ပဋိဝေဓဉာဏ်ဖြင့်-ဆင်ခြင်ပုံ | ၁၉၃ |
| ၄၁။ | ဝိသုဒ္ဓိမဂ်-ပဋိပဒါစခမ်း | ၁၉၈ |
| ၄၂။ | အတ္တသေမင်းဥဒါန်း-အရကျက်ပါ | ၂၀၀ |
| ၄၃။ | အတ္တပြုတ်-ဥဒါန်း-နေ့စဉ်ဆိုပါ | ၂၀၂ |
| ၄၄။ | ဒီပါဠိတပိုက်ထဲနဲ့-ကာဘာဉာဏ် | ၂၀၄ |

## မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၅။ | တံခါးပိတ်ဆွေးနွေးပွဲ-ဒိမ္မာကူ | ၂၀၅ |
| ၄၆။ | စိတ်-စေတသိက် ရုပ်-နိဗ္ဗာန် | ၂၀၉ |
| ၄၇။ | ဝွဲချက်နှင့်ဖြေဆိုချက်-ဒုင်းတန်း | ၂၁၁ |
| ၄၈။ | ကိုယ်ပိုင်ဉာဏ်ပေါက်လုံးများ | ၂၂၀ |
| ၄၉။ | ဆရာစားချန်ဒါ ဒိပညာ-မှိုအောင်လိုက် | ၂၃၂ |


---

### ဦးပဏ္ဍိတက-တရားစစ်ဆေး မေးမြန်းပုံ

ဆရာကြီးကို သားမယား,အိုးအိမ် စည်းစိမ်နှင့်တကွ လှူကြဒါ ဘယ်မျှရှိမလဲ (အနည်းဆုံး ၃၀၀၀-ခန့်ရှိမယ်) သောတာပန် ဘယ်မျှရှိမလဲ (အနည်း ၁၀၀၀-ခန့်ရှိမယ်) ထင်တယ်၊ သကဒါဂါမ်ကောမေးတယ်၊ သောတာပန်နဲ့ သကဒါဂါမ် တယ်မထူးပါ၊ တတန်းထဲ လိုလိုပါဘဲ (ဦးပဏ္ဍိတက ဟုတ်ပါတယ်တဲ့)အနာဂါမ်တည်တာဘယ်မျှလဲ အနည်းဆုံး (၅၀—၁၀၀)ခန့် ထင်ပါတယ်။(ဘယ်လိုဆုံးဖြတ်ပါသလဲ)ယောဂီများကို စစ်ဆေးကြည့်သောခါ သူတို့၏ နှုတ်ထွက် တရားစကားနှင့် ကျမ်းဂန် ဥပဒေနဲ့ ညှိ၍ ထင်လုံး ဆုံးဖြတ်ချက် ဖြစ်ပါသည်။

---

**အန္ဓဗာလ ပုဂ္ဂိုလ် ၃၁-ဘုံတို့က အနတ္တကို ဝိုင်းဖိကြတယ်၊ အနတ္တကလဲ အန္ဓဗာလဟူသမျှ ၃၁-ဘုံလုံးကို အကုန်ခြေထောက်နဲ့ ဘယ်ပြန်ညာပြန် ကန်ကြောက် ပစ်တာဘဲ တံထွေးနဲ့လဲ ထွေးလိုက်သေးတယ်။ ဟွို။**

---

**(တောင်ကြီးမြင့်လေ) လေတိုးများလေဇတ်ကြ။**

# ကျေးဇူးတင်ထောက်ခံလွှာ

ဆရာ၏ ကျမ်းစာအုပ် ၂၀-ထက်မနည်း ဘတ်ရှုဘူးပါသည်၊ ထိုကျမ်းစာများကို မဘတ်ရှုမီက ကျမ၏ ရင်ထဲမှာ ပူးရဆွေးရလွန်းသဖြင့် လူရုပ်ပင် မဖေါ်ပါ။ ၁၀-တန်းနှင့် အလယ်တန်းဆရာဖြစ်အောင်မြင်ပြီးဖြစ်၍ လုပ်သက် ၄-နှစ်ခန့်အရ ဆရာ၏ ကျမ်းစာများကို ဘတ်ရသဖြင့် (အလုပ်မှ ထွက်ခါ)တရားသက်သက် သန့်သန့်ရဘိုရာ ရှာဖွေခဲ့သည်မှာ အချိန်ရတိုင်း ကျမ်းစာများကို ဘတ်ရသဖြင့် (ရင်ပူအတော်အေးခွင့်ရသည်မှာ) ၁-နှစ်ခွဲခန့်ရှိပါပြီ၊ တရားမရမီကဆိုလျှင် ရင်ထဲမှာ ရှုတ်ရှက် ခတ်နေပါသည်။

ထိုအထဲတွင် ဝိသာခါဒီပနီနှင့် ဓမ္မစကြာဒီပနီ ၂-အုပ်ကို သဘောအကျဆုံး ဖြစ်ပါသည်။ (ဝိသာခါဒီပနီ) ကို အထူးတလည် သဘောကျမိသဖြင့် (၈)တန်း(၁၀)တန်းတွင် အင်္ဂလိပ်ဘာသာကို စိတ်ရှည်စွာ သင်ပြပေးသော ခရစ်ယန် ဘာသာဝင် ဆရာတဦးအား အထူးချစ်ခင်လေးစားသည့် စိတ်ထားဖြင့် ဗုဒ္ဓဘာသာကို လေ့လာနိုင်စေရန် ဓမ္မလက်ဆောင်အဖြစ် ဝယ်ယူပေးလိုက်ပါသည်။

ဆရာ၏ အာဘော်မှာ အထူး ရှင်းလင်းသဖြင့် ဉာဏ်မျက်စေ့အထူးပွင့်လင်းပါသည်။ ကျမ၏အနေနှင့် ဤကဲ့သို့ ထောက်ခံချီးကျူးသည့်စာလွှာကို မရေးသားဘဲ နေခြင်းငှါ မတတ်စွမ်းနိုင်၍ လျှောက်ထား ရေးသား ရပါသည်။ သို့ကြောင့် ဆရာတော်၏ ထုတ်ဝေသော ကျမ်းစာ၌ ကျမ၏ ထောက်ခံစာကို (ဝါ)ကျမ၏ အထူးကြည်ညို လေးစားသောကျေးဇူးတင်လွှာကို တရားလိုလားကြစေရန် တရားအားတက်ကြစေရန် ထည့်သွင်းရေးသားခြင်းကို သဘောတူကြောင်း လျှောက်ပါသည်။

**သာသနာ့ အကျိုးကို အရေးကုန် သည်ပိုးနိုင်ပါစေရှင်**

ဆရာ့ ကျမ်းစာ ဘတ် ပရိသတ် တဦး

**ဆရာမ-မခင်ဆွေ၊ ဟင်္သာတမြို့။**

# ၁၃၂၃-ခု သီတင်းကျွတ်လဆုတ် ၁၂-ရက်နေ့ (၁၀)ကြိမ်မြောက် ပူဇော်ပွဲ တရားတောင်း

ဇာတိသန္ဓေ နှောင်ကြိုးပွေလျက် အိုနာသေဘေး နေ့စဉ်ပြေးလို့ မတွေးကြနိုင် မသိနိုင်ကြ မိုက်အန္ဓတို့။မိန်းမ-ယောကျ်ား စိတ်စွဲမျှားခဲ့ ပျော်ပါးတွေ့ဆုံ မူးမေ့ထုံ၍ ကာမဂုဏ်တော အာရုံကြောဝယ် မမောနိုင်ကြ မဝနိုင်ပြီ မတန်ချင်သည် မတော်ချင်ကြ ဥမ္မတ္တကတို့....

အပါယကျိုး အကုမျိုးနှင့် သုဂတိကျိုး ကုသိုလ်မျိုးကြောင့် ကောင်းကျိုးလူနတ် လှည့်ခါပတ်လျက် ပြတ်ဆက်ထပ်ဆက် ရဟတ်စက်သို့ ရပ်ချက်မလာ နားချက်မပါ (မွေးလာပြန်သေ) သေဒါတွေ မြင်ပေမဲ့ လူဖြစ်ချင် ငိုကြဒါတွေမြင်သော်လဲ ဘဝကို ခင်မင် ဘုရားရှင်ကိုမဖူးရ ဆရာသခင်ကိုလဲ မရှာအား၊ အမြတ်တရားကိုတော့ မကြားနိုင် မနာရခြင်းကြောင့်။

အငွေ့မျှအာရုံ ပွေ့ပိုက်ခါခံမင် ရွှေတုံးကြီး တကယ်ထင်ကြ လက်ဆုတ်ထဲမှာ တကယ်ရှိတယ်ထင်ကြ၊ (ကာမဂုဏ်ဟောင်း အနိစ္စ) အာရုံကောင်းဘဲလို့ စိတ်ကမမေ့သမျှ ဘယ်ခါမှ မပြီးနိုင်တဲ့ နေမှုစားမှု သမီးသားမှု စီးပွားမှု ကြွားမှုညားမှု မတရားဖြစ်တဲ့ အကုသိုလ်မှု ကောင်းဘို့ရာ အမှုရှာကြတဲ့ ကောင်းမှု။

ဘယ်သူမှ မဆိုင်ဒါ ငါပိုင်အဓမ္မ လုပ်ကြတဲ့။ (ရာဇဝတ်သက္ကာယ ဒိဋ္ဌိမှု။)

ဒုသနှင့် အကြောင်းခံ မကောင်းကံ ကောင်းကံပြု။(တရားမကြောင်းဖြစ်တဲ့ သင်္ခါရမှု။)

ဆုတောင်းစုံ အမှုဟောင်းတွေကလဲ အဖုံဖုံ၊ ဒုက္ခဘုံရောက်နေကြရတဲ့ အမှုသည်တွေကို ပိဋကတ်ဥပဒေနှင့်အညီ ဗုဒ္ဓိသုဒ္ဓိရုံးတော်က အပူမီးယပ် အမှုပြီးပြတ်အောင် ထုံးဓမ္မသတ်နှင့် ဆုံးဖြတ်တော်မူလိုက်ပါတော့- မဟာ ဓမ္မကထိက အမော် နိုင်ငံကျော် ကျေးဇူးတော် အရှင်မြတ်ဘုရား။

# နိဒါန်း ခေါ်တာ ဘာလဲ

●

# ကျမ်းရေးမည့် အကြောင်းရင်းကို ဖေါ်ပြရည်ညွှန်းခြင်း

## မောင်ကံနှင့်-မောင်ဥာဏ်

**ကံမေး။** မောင်ဉာဏ်ရေ-ဆရာတော် ဦးဖြတ်သိမ်းထွန်းက ကျမ်းစာအုပ် အသစ်ထုတ်ပြန်ဒါ ဘာကိုမြှော်လင့်သလဲ။

**ဥာဏ်ဖြေ။** ပထမကဲ ဗုဒ္ဓဘာသာဒီပနီမှာ-လူပြိန်းနဲ့ ပညာရှိများအတွက် အဓိပ္ပါယ် မပြည့်စုံသဖြင့် နောက်ဆက်(၃)ဗုဒ္ဓဘာသာဒီပနီကို-ရေးထုတ်ရခြင်းဖြစ်တယ်။

**ကံ။** ဒီလို-နာမည်ဘွဲ့ (ပ-၃) ၂-ကျမ်းအတွက် စာဘတ်ပရိသတ် ယောဂီများတို့ ဘယ်ကဲ့သို့ - တရားရပုံ ထူးခြားမှာသဲ၊

**ဥာဏ်။** ဆရာတော် ၁၂၉၇ - ခုနှစ်က ရေးသော (ပညာဒီပနီ)ခေါင်းစီးမှာ (ဗုဒ္ဓဘာသာ) မဟာသွေးအသိဉာဏ်လမ်းပြ ( ၇-ည ) ဟု ဆိုင်းဘုတ်တစ်ခဲ့ပြီး။ တရားဟောကြော်ငြာများမှာလဲ ပါခဲ့ပြီ။ယခု ၁၃၂၃-ခု၊ ဝါခေါင် လထဲမှာ (ဝါ) ဆရာတော်၏ မွေးလထဲမှာဘဲ ကြည့်စမ်း ဗုဒ္ဓဘာသာအသံတွေ-လူရောရှင်ပါ-မင်းစိုးရာဇာနှင့်တကွ ပလူပျံအောင် သူညံနေဒါ ကြိုတင်ရေး

ပြီးဖြစ်သော ဗုဒ္ဓဘာသာဟာ-မဟာသွေးဖြစ်ချိန်နဲ့ ကိုက်ညီနေသဖြင့် တရားစစ် တရားအမှန်ကို မည်သူမှ မကန့်ကွက် မတားဆီးနိုင်၊ လူတိုင်း, ရှင်တိုင်း သစ္စာ ၄-ပါး တရားကို ဟောကြတော့မယ်၊ အားထုတ်ကြိုးစားကြရတော့မယ်၊လူသိ,နတ်ကြား ပြဿနာများပင်နားဝင်ကုန်ဘီ။ မတရားဟောသူတွေ ကွယ်ပျောက် - တရားမှန် သစ္စာ ဟောသူ သစ္စာရှင်တွေ - ပေါ်ပေါက်ဘို့- ( ထူးခြားတယ်မှတ်။ )

ကံ။ မင်း ငါမေးဒါ စိတ်များဆိုးသေးသလား။

ဉာဏ်။ ဟ-ငါပြောချင်ဒါကြာလှပြီ၊ မေးသူရှိလျှင် ဖြေဆိုချင်ဒါ စောင့်ရဒါမောနေပြီ။မောင်ကံလို သိချင်လို့ မေးသူတွေ ပေါ်ပါစေလို့ ဝိပဿနာကျမ်းပေါင်း ၃၅-ကျမ်းဖြင့် တိုင်းပြည်သို့ လှည့်လည် ကြော်ငြာထားဒါ ကြာဘီကွဲ့-မောင်ကံရဲ့။ ငါမသောခင်-တရား စစ်, မစစ်-တကယ်မြှော်လင့်သူတို့နှင့် ရင်ဆိုင်တွေ့ဆုံပြီး အမေးခံချင်ဒါ ယခုမောင်ကံဟာ-(စ) လုံးရေ (စ) ဘဲ။

ကံ။ ယခု ကျမ်းစာရဲ့ - အကြောင်းနဲ့ အကျိုးကို အနည်းငယ်ဖော်ပြစမ်းပါ-နိဒါန်းအရမေးလိုပါတယ်။

ဉာဏ်။ ပထမ ဓာတ်ညွှန်းက အများ ကောင်းဘို့ ဘုရားအလောင်းတော် ဆတ်ခင်း၏ တရားကို မင်းမိဖုယားများကပင်နာယူ၍ တိုင်းပြည်လုံး အေးချမ်းသာယာပုံကို ရှင်းပြပြီးနောက်။( ဗုဒ္ဓရဲ့ ဘာသာပြန်-ဘာသာ

ရဲ့ဘာသာပြန်)ကို အမြစ်ကလှန်ပြီး ဟော့-ဒီမှာသဗ္ဗညာဏ် (ရုပ်သမ္ဘူလူ့ဘာဝဒုက္ခနဲ့သမုဒယမှ)မရှိသဘောပြ-နိရောဓ နိဗ္ဗာန်မဝင်မီ-စိတ်ညာဏ်မြင်ဘို့အကွက်ကျဖြစ်တာ မဂ္ဂသစ္စာဆိုဒါ ခက်တယ်ဟဲ့-ကံရဲ့၊ ညာဏ်ဂုဏ်မရတဲ့-ကံယုံ-င-အ,ရဲ့၊ အဲဒီလို တိုင်းပြည်ကြီးမှာ အမှန်တရား အစစ်တရား - အဟုတ်တရား - အစစ်တန်း ပေါ် လွင် ဘို့ (တစ်ဂဏန်းတော်ဝင်သည့်) (ဒု) ဗုဒ္ဓဘာသာကို အမှုရုပ်သမ္ဘူမပါရအောင် သေဘို့ရာ-ဘေးမခလေတော့ ဒုက္ခခံပြီး ရေးရဒါဘဲ ကဲ-တော်ဘီ၊

## နိဒါန်း-လမ်းစပြ-ရှာစဉ်ရှောက်ကြ။

ငတ်မှာစိုးလို့-ပိုက်ဆံရှာ။
သေမှာစိုးလျှင်-မသေရာရှာ။
မပီးတဲ့နည်းရှာ-လူမလိမ္မာ။
ပီးတဲ့နည်းရှာ-လူလိမ္မာ။

## အဘိယာစက

●

ကျမ်းစာရေးတော်မူပါဟု-တောင်းပန်သော
ယောဂီမယ်ကြီး ဒေါ်မို-နှင့် သား-မိုလ်ကြီးမင်းအောင်

# (ဒေါ်မို)၏ အကျဉ်းချုပ် အတ္ထုပ္ပတ္တိ

၁။ ၁၂၈၇-ခုနှစ်က အင်းစိန်မြို့၌ ဆရာသည်၇-ရက်စဉ် တရား ဟောတုံးက စ၍ ဆရာ၏ တရားကို ရက်မပျက် ကြားနာဘူးသည်။

---

၂။ ၁၂၈၈-ခုနှစ်၌ ကြည့်မြင်တိုင် ဘုတာနှင့် တည့်တည့် ငါးကြော်ဘိုလမ်း၊ ကျောင်းကြီးတိုက်ဝ၊ အိမ်နံပါတ် - ၄၁၊ ဦးဘအေးသည်၊ ဆရာ့ကို ကိုးကွယ်ဆီးကပ်ခဲ့စဉ်၊ ကျိုက်ပိုင်းဘုရားကုန်း၏ အရှေ့ဘက်၊ ဇရပ်၌ ၃-ဝါတွင်း သတင်းစဉ် ဆရာတရားဟောတိုင်း အမြဲပါသည်။

---

၃။ ရန်ကုန် - အင်းစိန်-သက်န်းကျွန်း-လက်ပံတန်း-ပဒတ်ကုန်း-သဲပြု-ကြည့်မြင်တိုင်-ပုသိမ်-ကျုံကူး စသော မြို့ရွာတို့၌ ၇-ရက်စဉ် ဟောတိုင်း အမြဲ ပါသည်။

၄။ အင်းစိန် ခရိုင်၊ ထန်းတပင် မြို့နယ် ရွာသစ်၌ ၇-ရက်စဉ်ဟောတိုင်း တဝါတွင်း နေ့စဉ်ဟော တိုင်း အမြဲပါသည်။

---

၅။ ၇-ရက်စဉ် ဟောစဉ် အကြိမ်ပေါင်း ၅၀-ခန့် ဝါတွင်း ၃-လ၊ နောက်တဝါတွင်း အင်းစိန်မြို့ ဒေါ်ပို၏နေအိမ်၌ အနည်းဆုံး ၇-ရက် ၁၀-ရက် ၂၀-ရက်တရားထိုင်တိုင်း၌ အမြဲနာယူခြင်း၊

---

၆။ ဆရာသည် ပုသိမ်ခရိုင်-ငပုတောမြို့နယ် တောင် ကလေးရွာနှင့် ၂-မိုင်ကွာဝေးသော မြစ်ဆိပ်နှင့် တမိုင်ခန့် ကွာသော တောင်လေးလုံးခေါ်တော အုပ်ရှိ တောင်ပေါ်၌ တပည့်ယောဂီ ကျား- မ ၅၀-ခန့် တို့နှင့် တနှစ်နှင့် ၆-လနေ၍ ညစဉ် (ခန္ဓဝိမုတ္တိ)ခေါ် အထွက်တရားကို ဟောပြရာ၌ ဒေါ်ပိုနှင့်သို့းငယ် ၅-နှစ်ရှိမအုန်းကြွယ်ပါ တောင် လေးလုံးတောထဲ၌ ဆရာနေသော ဓမ္မာရုံမှာပင် (၆)လခန့် တရားအထူး အားထုတ် ဘူးသည်။

---

၇။ ၁၂၉၈ - ခု၊ ဒုတိယ ဝါဆို လပြည့် နေ့က စ၍ ကျိုက်ပိုင်း ဦးဘအေးလှူထားသော ဓမ္မာရုံဇရပ် ၌ ဒေါ်ပိုသည် အသက်ခန္ဓာနှင့် ရှိပစ္စည်းဟူသမျှ ကို ဘုရားအမှူး ရှေးဦးထားပြီးမှ ဆရာဦးမြတ် သိန်းထွန်းအား စွန့်လှူသည်။

စာအရှင်း မဘာတ်တတ်။
အက္ခရာ-စာတလုံးမှ ဘိတ်မသိ။

မှတ်ဥာဏ်ကောင်းပုံ။ ဆရာဟောသော ပညတ် ၃-စား ပရမတ် ၄-စား ၇-ရက်စဉ် တရားတို့ကို တရား အသားနှင့်တကွ ပဒါဘမနိဂုံးသတ် - ဥပမာပုံဟတ်နည်း မျိုးစုံတို့ကို တလုံးမကျန် (မှတ်မိသော သညာနှင့်) သိ ပိုင်သောပညာရေးနှင့် ပြည့်စုံသည်။

၈။ (သဏ္ဍိနှင့်-ဗျဏ္ဍိ) ဆရာ၏အပြစ်ကိုပြောသူ-ဆရာ ဟောသောတရားကို အပြစ်ပြောသူ ဆရာရေး သော ကျမ်းစာအုပ်ကို အပြစ်ပြောဆိုသူကို ရင် ဆိုင်တွေ့ပါက၊ ဘယ်လိုပုဂ္ဂိုလ်မျိုးကိုမဆို ရဲရဲ ကျယ်ကျယ်-ရှင်းရှင်းပြန်၍ပြောနိုင်သော သဏ္ဍိ နှင့်-ဗျဏ္ဍိ ပြည့်စုံသည်။

၉။ ဆရာ၏အပြစ်ကိုပြောဆိုသူတို့နှင့် ဒေါ်ပိုနှင့် တွေ့ ဆုံသောအခါ တရားဟောပြလျှင်အပြစ်ပြောသူ ယောကျ်ား-မိန်းမတို့ပင် ဆရာ့ထံသို့ ဒေါ်ပို နှင့် တကွ တချို့လိုက်ပါလာအောင် ဘာသာပြန်နှား ဝင်အောင် ဟောပြနိုင်သည်၊ အပြစ် ပြောသူတို့ က ရှိခိုးတောင်းပန်ရသည်။

၁၀။ ဆရာရေးသော သံဝေဂလင်္ကာ-ဥဒါန်းဂါထာ စသော စာပိုဒ်များကို သင်ချပေးသူတို့မှတဆင့်

သို့မဟုတ် သူများရွတ်ဆိုသံ ကြားရုံနှင့် ယခု
တိုင် အာဂုံရရှိသော ပညာပါရမီထူးရှိသည်။

---

၁၁။ ယခုကျမ်းစာ၌ ဆရာတော်အား ရှိခိုးလျက် မတ်
တတ်ရပ်နေသော ဓါတ်ပုံ ရုပ်သည် ဗိုလ်ကြီး
မင်းအောင်ဖြစ်သည်၊ (၁၃) နှစ်သားက စ၍
ဆရာ၏တရားကို နာယူသည် ၇-ရက်စဉ် အနည်း
ဆုံး ၃-ပတ် နာဘူးသည်။ အတိုချုပ်-ဆရာပြော
ပြထားပုံ သက္ကာယဒိဋ္ဌိကွာနည်းကို သွားလေရာ
၌ ဆင်ခြင်သည့် မေတ္တာသမထကို အမြဲတမ်းလို
လို နှလုံးသွင်းသည့် ဆရာ ဆုံးမသော တရား
စကား-မိဘဆုံးမသော ဘာရေးစကားများကို ဖြေ
ဝယ်မကျ နားထဲသွင်းထားသည်။

ထိုကဲ့သို့ တရားထူး ဝိပဿနာဉာဏ်ကိုရကြ
သဖြင့် ဤဗုဒ္ဓဘာသာဝိပဿနာဒုတိယတွဲကို ယနေ့
အထိ အသက် ရှည်လျက် ရှိသော - ဗိုလ်ကြီး
ယောဂီမယ် ဒေါ်ပိုနှင့် အားလုံး-ယောဂီ-မောင်
မယ် သားသမီးတို့သည် လောကမှ လွန်မြောက်
ရန် ပရမတ္ထဒါနအဖြစ်ဖြန့်ချိထုတ်ဝေ၍တရားမှန်
လိုသူ အရိယာ အပေါင်းတို့ အတွက် ဥတ္တမ
သာသနာ အစဉ်မပျက်-ဗုဒ္ဓဘာသာ တင်ဆက်
လိုက်သည်။

**( လဆန်းသာသနာ - လင်းရောင်ဖြာ-
ဘာသာမှန်ကို လိုက်စေသား )**

# ရှင်းတမ်းခမ္မဒါနရှင်များ

၁။ အင်းစိန်မြို့ ခရိုင်ဝန်မင်းရုံး အခွန်တော်ဌာန ရုံးအုပ် စာရေးကြီး ဦးအောင်လှ-ဒေါ်ပို။

---

၂။ အင်းစိန်မြို့ ဘုန်းကြီးလမ်း၊ အမှတ် ( ၁၇၄ ) အင်းစိန်ခရိုင် သစ်တောဝန်မင်းရုံး စာရေးကြီး ဦးကျော်-ဇနီး အလွတ်ပညာသင် ကျောင်းအုပ် ဆရာမကြီး ဒေါ်ချစ်မေ။

---

၃။ အင်းစိန်မြို့ သီရိလမ်း၊ကုန်သည် ဦးကျော်သိန်း ဇနီး-ဒေါ်အေးကျင်။

---

၄။ ရန်ကုန်မြို့ တပ်ရင်း ( ၂၂ ) တပ်ခွဲမှူး ဗိုလ်ကြီး မင်းအောင်-ဇနီး ဒေါ်တင်ကြည်။

---

၅။ အင်းစိန်မြို့ နိုင်ငံတော် စုံထောက်ဌာန ရဲမင်းကြီးရုံး ရဲအုပ် ဦးတင်အုန်း-ဇနီး ဒေါ်ခင်ရီ။

၆။ သို့အယောင်ဆုံး မအုန်းကြွယ်။

ဦးအောင်လှ-ဒေါ်ပိုတို့၏ အစဉ်လိုက် သား,သမီးများ။ စာရေးကြီးဦးကျော်-ဒေါ်အေးကျင်၊ဗိုလ်ကြီး မင်းအောင်၊ ရဲအုပ် ဦးတင်အုန်း၊သို့အယောင်ဆုံး မအုန်းကြွယ်၊အားလုံး တို့၏ ပရမတ္ထဒါနအဖြစ် ပုံရိုက်ဖြန့်ချိ သာသနာ့အရှည် တည်စေသောဝ်။ (ဒုတိယတွဲ ဗုဒ္ဓသာသနာ့ဒိပနီကျမ်း။)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

●

## တေရသနိပါတ်

# ရုရုမိဂဇာတ်တော်ကြီး

ရာဇဂြိုဟ်ပြည်မွန် ဝေဠုဝန်ကျောင်း ဒေဝဒတ်ရဟန်းအကြောင်းပြု ဂေါတမ မြတ်စွာဘုရားသည်၊ ကျွန်ရစ်ခဲ့သော ရှေးဘဝဖြစ်ရပ်များ ဆတ်မင်း ဘုရားလောင်းအား သူဌေးသား မဟာဓနက၏ အတွင်းရန် သေကြောင်းလုပ်ကြံမှုကြီးကို (ယခုသိကြတို့-ရုရုမိဂ) ဇာတ်နိပါတ်ဘတ်ကြည့်မှတ်သူတို့မှာ၊ ပိုက်ဆံရှိ ပညာမဲ့ ထင်ရာချဲ့လုပ်ချင်ရာဒုစရိုက်၊ လူမိုက်၏အလေ့ မသေခင် အတိဒုက္ခရောက်ရပုံ၊ တနည်း၊မိမိက ကယ်မစောင့်ရှောက်သူဟာမိမိ၏ရန်သူ ဖြစ်ရပုံ၊ တနည်း၊ လူမိုက်ကို သေဘေးမှကယ်တင်ရသော ပညာရှင်မှာ သေဘေးနဲ့ ရင်ဆိုင်နည်းမျိုးစုံတွေ့ရပုံ၊ တနည်း၊ ဘုရားအလောင်းရွှေဆတ်မင်းက ရေမပြတ် စီးဆင်းသော မြစ်ရေအယဉ်မှကျောက်ကုန်းပေါ် ကယ်တင်၍ အသက်ရှင်စွန့်ပြီး မဟာကရုဏာဖြင့် သေရမဲ့သူကို ကယ်ယူကျွေးမွေးရပုံ၊ မိမိခန္ဓာနဲ့တွေးဘတ်၊ဇာတ်နိပါတ်သာဓကဆိုဒါ ကျမ်းရေး

သူနဲ့ ကျမ်းစာဘတ်သူတို့ကို သတိပေးခြင်းဘဲလို့ တရား စစ်ရှာတို့ စိတ်ပေါ်အောင် ဘတ်ပါနေ၁်။ အရက်သေစာ သောက်စားခြင်း၊ လောင်းထန်းကစားခြင်း၊ မိန်းမက- ယောကျ်ားကာမကို လိုက်စားလေ့လာခြင်း၊ယောကျ်ား က ရာဂမီးကြောင့်မိန်းမတဏှာလေ့လာခြင်း၊ လိုက်စား ပျော်မွေ့ခြင်းတို့ကြောင့် ဘေးမျိုးစုံ လက်ငင်းတွေ့ရပုံ။

## ဒီဇာတ်မှာ ပါလာသော ကောက်နှုတ်ချက် ပေါ်ပြနေသည့်မှတ်

ပိုက်ဆံချမ်းသာတယ်။ လောကရှိသမျှ ဘုဥ္ဇာရုံသုခ ဖိမ်ကို အချိန်ရှိတိုင်း ပျော်မယ်, ကြွားမယ်, စားမယ်, ထင်သလိုနေမယ်၊

> ငွေကုန်ကြေးတင် ပြန်မဆပ်၊စိတ်ညစ်ခသတို့ကြ-လူမိုက်နဲ့ပေါင်း သင်း အတူနေသမျှ၊ သောကဂုဏ်ရှုံး မွေ့ဘက်က လုံးသုံးကုန်ဆုံး။ ပြုတ်သီး, ပြုတ်ကောင်း, ဇာဒိဗ္ဗိုလ်,လေးညှင်း ရေစိမ်လေပူလေ။ လူမိုက်ကိုတရားရေလောင်းလေ တဏှာပိုများလေးချေးမြီးကောက် ကျည်ထောက်စွပ်-ဖွတ်သတဲ့ညစ်။ လူမိုက်က တရားရောင်ရောင်, ဘုရားရောင်ရောင်နှင့် အချောင်နေ, အချောင်စား မကောင်းမှုကို များစွာပြုရဲပုံ။

တရားစစ် တရားမှန်ကို တကယ်တောင့်တ လိုချင် သော တိုင်းပြည်သခင် ဘုရင်မင်းမြတ်နှင့် မိဖုယားပါ ရှုးမတ်ပေါင်းစုံ ပြည်သူ-ပြည်သား အကုန်တို့နှင့်တကွ

တောတိရစ္ဆာန်ဖြစ်သော ဖွေ့သတ်မင်း၏ဒေသနာအဖြတ် တရားရင်းကို နားသွင်းလျက် လိုက်နာကျင့်သုံးသဖြင့်၊ တိုင်းပြည်မနှင့်ပြည်နယ်မြို့ရွာရှိ လူအပေါင်းနှင့်ကျေးဌက် တိရစ္ဆာန်တို့ပါ ချမ်းသာသုခကို ခံစံကြရပုံ။ သိမှတ် စရာအချုံ စာကြည့်သမားတို့(ပါဠိစကား-ဂုဂုမိဂဘဲ)လို့ ခုတ်ယတ်ဝဲမှာ ဆတ်မင်းထုတ်ပြကာ,ပြီ၊ ဇာတ်ရင်း ဗုဒ္ဓ ဘာသာ အမည်နှင့် သာသနာအရှည် ငါးထောင်မက တရားရောင်ကြွတို့ ကမ္ဘာပြေကျော် ဆရာသေသော်လဲ တရားဟာမသေ၊ ဦးမြတ်သိန်းထွန်း၏ ရုပ်ခန္ဓာပျောက် ပေမဲ့ တရားဘယ်အခါမှ မပျောက်။

စိစပ်-ကြည့်ဘတ်-နိပါတ်-သိတတ်သူပြေးလိုက်ခဲ့။

နိပါတ်-မကြည့်မဘတ်-မသိတတ်သူတို့ကဘေးတိုက်လှဲ့။

ကျေးဇူးရှင်ရန်သူထင်-လူမိုက်ထိပ်ပေါ်တင်။

ပညာရှင်ကို ကဲ့ရဲ့ရှုတ်ချ-လူမိုက်တွေ အုပ်ချုပ်သမျှ။

ရန်သူမဟုတ်ထာသက်သက်ရန်ရှာ ဒိခန္ဓာအကြောင်း စုံပေါ်မယ်။ အလောင်းတော်၏ဂုဏ် ဘုရားဆတ်မင်း၏ တရားမြတ်အလင်း ရုပ်,နာမ်,ဓမ္မပေါ်ရအောင် သုတ္တန် အရမျှော်ပြီး၊ ဗုဒ္ဓဓမ္မကို ဟုတ်မှန်သမျှ လိုက်နာမိပါက မိုက်ထာမရှိ အမှုဒုက္ခမပါ(ဒု)ဗုဒ္ဓဘာသာ အပြည်ပြည် စိုးအုပ်ဘို့ ဒိပနီတမျိုး ထုတ်လိုက်သည်၊ ဇာတ်ကွက်လု ဤကားဇာတ်ညွှန်း။

ပြည်မှာဗာရာ၊ ရာဇာမှာပြဟ္မဒတ်၊ ရှေးသမယ အတိတ်ဇာတ်။ ဘ,မိ ၂-ရပ်က ၈၀-ကုဋေကြွယ်ဝပေါပေတယ်။ သားအမည် မဟာဓန ပညာရဘို့ တက္ကသိုလ်သို့ စေခိုင်းတယ်၊ မသွားမသင် လူတိုင်းပြောဆိုကြသောရိုးရိုး စကားကိုပင် နားမဝင်-နားမလည်၊ လူနုံ့-လူအ၊ လူလေ-လူလွင့် လူသခွတ်ပွင့် မိဘရှိသမျှငွေတွေဖြုန်း၊ ဆွေမျိုးနဲ့ အများကမုန်း၊ မိန်းမပေးစားတယ်-ယူတယ်-ညားတယ်။ ခလေးတွေ တပြုံကြီးမွေးထယ်၊ ဘာအလုပ် ဘာအကြံ မှ မလုပ်မကြံ ရှိပစ္စည်း ထိုင်စားရုံနဲ့မနေ မိဘ ၂-ပါး သေဘိ။

အရက်သောက်တယ်၊ မိန်းမလိုက်စားတယ်၊ လောင်းကစားမျိုးစုံတယ်၊ မိန်းမနဲ့မြွား ပျော်ပါးဘို့ရာ အများလူတို့က မဟာဓနသူဌေးသားမှာရှိတဲ့ ပိုက်ဆံ, ရွှေ, ငွေတို့ကို လိမ်ညာ၍ ယူကြ-စားကြတယ်။ ရှိသမျှ မိဘထားခဲ့သော ပစ္စည်းတွေ ကုန်ဘိ။

ကဲ - ဒီလူမျိုး ယခုခေတ်မှာ တွေ့ကြရဲ့လား-ကြားဘူးကြရဲ့လား။ ယခု ဝိပဿနာခေတ်ဖြစ်လို့ လူလေ-လူပွေ-လူရှုပ်-လူယုတ်တွေ ရှိမယ်မထင်။ သူဌေးသားဖြစ်းတော့ ဂုဏ်ရှိဘူးတယ်။ တချို့ မလိမ္မာသောပစ္စည်းရှင်ကလေးတွေက ယုံကြည်ကြတယ်၊ ငွေချေးတိုင်းပေးကြတယ်၊ ယူတိုင်း-လိုချင်တိုင်း ငွေရတယ်။

**ကိုယ်နဲ့ဟတ်လျက် စည်းပြင်မထွက် တွေးဘတ်။**

# ကြွေးတင် စိတ်ညစ် သေဘိုကြံပုံ

ယောဂီ - ဇာတ်တော်ကို ဒိမ် သား ကြွားအောင်၊ သိမ္မဟုတ် ဥပုသ်စောင့်ရင်း ဘာတ်စမ်းပါ။ အဲဒီကြွေးများတဲ့ သူဌေးသားဟာ ချေးငှါးကြသော မြို့ရှင်-ငွေရှင်တို့ တောင်း၍မရနိုင်သောကြောင့်၊ ဘုရင်ထံသို့ တိုင်ကြမည် ကြံစည်ပုံကို သိသဖြင့် ကြွေးရှင်များကို ရှည့်စားပုံ၊ လိုက်ခဲ့ကြ ကျုပ်နောက်သို့ ရှေးက မိဘများမြှုပ်ထားသော ရွှေအိုး, ငွေအိုးများရှိတယ်။ ကျုပ်ဘယောက်ထဲ မသွားရဲ လှည်းများစွာတို့နှင့် လိုက်,လာ, ယူလှည့်ကြဟု ဂင်္ဂါမြစ်အနီးသို့ ပစ္စည်းရှင် လူမိုက်တို့က တညီထဲ လိုက်ကြရပြန်တယ်။

## အားလုံးက ဘာ့ကြောင့် ယုံကြည်ကြသလဲ

ကြွေးတင်ဒါ လူတိုင်းမသိဘူး၊ လုံချည့်, အင်္ကျီမှအစ ရွှေနာရီကြိုး,စိန်လက်စွပ်,ပတ္တမြားလက်စွပ်, မြလက်စွပ်, အမြဲတမ်းဝတ်ဆင်ထားတယ် လူလုံးပြလှတယ်။ လူမိုက်ပေါ်မှာ အဝတ်အသည့်နဲ့ ရွှေ, ငွေ, စိန်, ကျောက်, ပတ္တမြားတို့နှင့်လှည့်ပတ်ဖြားယောင်းမှ ကြွေးသူရတယ်။ မြင်သူတိုင်းယုံကြည့်ဘယ် ရှိသေတယ် နေရာကောင်း ပေးတယ်။ ဒါ့ကြောင့် ရစရာရှိသော ပစ္စည်းရှင်များက ဝမ်းမြောက်ဝမ်းသာ လှည်းနွားအပြည့်အစုံနှင့် ရွှေအိုး, ငွေအိုးတွေ တင်ရအောင် ပြုံးပြုံးရွှင်ရွှင် တပျော်တပါး ဂင်္ဂါမြစ်နားသို့ သူဌေးသား၏နောက်က တဖြေးဖြေး

လိုက်လာကြသောအခါ ကမ်းစပ်သို့ရောက် နောက်ပြန်မကြည့်ဘဲ ရေဆိုးသန့်သော မြစ်ထဲသို့ သူဌေးသား အပြေးအလွှား တအားချန်ချလိုက်တယ်၊မြုပ်သွားလိုက်ပေါ်မျောလိုက်။

ဖွတ်မရ-ဓားမဆုံး၊ ငွေမရ-လူပါဆုံး။
ကြွေးရှင်တွေအရှက်ရ-ဒိုမဲ့မဲ့နဲ့ ပြန်ကြအုံး။
လူမိုက်နဲ့ဆက်ဆံသမျှ-အလုံးစုံ ဒုက္ခတွေကြုံရ။

# ပျို့လင်္ကာ

လူမိုက်ဗာလ၊ဟူသမျှကား၊ခန္ဓွေငွေ၊ပေါ်များလောက၊ငါးထွေအာရုံ၊ ကာမဂုဏ်မီး၊ စိတ်မှာစီး၍၊ လောင်းနည်း ကျင့်သွမ်း၊ လွန်ပေဘဲရမ်းလျှက်၊ ညစ်နွမ်းစိတ်ရှုပ်၊ ထိုသူယုတ်ကို၊ စက်ဆုတ်မငြင်၊ မခေါ်ချင်ကြ။

ဗိုင်းဝင်တို့ခက်၊ သီလပျက်ကြောင့်၊ အရှက်မပြေ၊ အသက်သေအောင်၊အနေလဲကြပ်၊ ကိုယ့်ကိုသတ်၍၊ လှူရပ်မတော်၊ငရဲပျော်သည့်၊လှဲ့ချော်မဆုံး-လှူကျော့တုံး။

ဘယ်လိုပင်မိုက်သော်လဲ၊
သေမှာတော့ ကြောက်ထာဘဲ။

လှုမိုက်လှုပေါ၊ သေနှဲ့ဓားနှင့်၊ ရေထဲမျောလာ၊ ရေစီးရာသို့၊ သေမှာလဲကြောက်၊ နက္ခရောက်ခဲ့၊ လက်မြှောက်ဟစ်အော်၊ တခေါ့ကျော်ကျော်နှင့်၊ ခေါ်သံဆူညံ ဒိအသံဟာ၊ ကြေနံလှုဘဲ၊ ငါနွားထဲမှာ၊ အသဲခိုက်မျှ၊ သနားလှ၍၊ ဗုဒ္ဓလောင်းရင်း၊ ရွှေဂူတွင်း၌၊ ဥပုသ်စောင့်ရင်း၊ ကြားရသော်၊ ဂင်္ဂါမြစ်ဆိပ်ကမ်းသို့၊ အမြန်ပြေးလွှားလေသည်။

---

# အလောင်းတော်၏-ဂုဏ်ထူး

ခန္ဓာကိုယ်ရွှေရောင်၊ ငွေရောင်မှာချို၊ ပတ္တမြားညို တလက်လက်၊ မျက်စိမှာ ၂-ဘက်၊ ခွါ ၄-ဘက် သဏ္ဍာ အဆင်း၊ ခံတွင်းမှာတော့၊ ကမ္ဗလာနီ၊ နေတဲ့ဌာနီက မြရောင်ဂူ၊ ၄-ဘက်မရ်ဝမှာရွှေရောင်အရစ်၊ ဖလ်မြေ-မှန်မြေ တလှစ်လှစ်ဝင်း၊ အင်ကြင်းပင်လွန်စွာပေါ၊ သရက်တောအုပ်ကြီးမှာ ဥပုသ်တော်တကိုယ်ထည်း သီလကိုစောင့်ဆီးလျက် နေဒါ နေ့စဉ်ဘဲ။

ဘုရားလောင်းပါရမီသခင်တို့ရဲ့ ကျင့်ကြောင်း လမ်းစဉ်မှ တိရစ္ဆာန်ပင်ဖြစ်လင့်ကစား။ တိရစ္ဆာန်လို မသုံးထိုက်-မခေါ်ထိုက် ယောဂီများ။ တိရစ္ဆာန်လိုမခေါ်ကြနဲ့ နိဗ္ဗာန်ဆော်ဘုရားစိတ်နှင့် တရားရိပ်ခိုမှီး တကိုယ်ထည်းသားအပေါင်းတို့အား တရားကောင်း ဟောကာပြပြီး သြဝါဒ ပညာစခမ်း ဖွင့်တော်မူသည်။

လူပြည်မှာ လူသူတော်ကောင်းထင်မှတ်ပြီး နေကြသူ လူသူတော်ကောင်းသမုတ်ခံကြသူ ဘုရားဆုပန်ကြသူတို့ ဒီအချက်-စံပြုမှု-အတွေယူတို့ဘဲ၊ အရိယာဝါဘဲ၊ ရဟန္တာ ဟာဝါဘဲ၊ ထင်လုံးကြီးသူ အထင်ပြော့ခံသူ လူ,ရှင်,ရသေ့ တို့၏ စရဏမျိုးနှင့် ဈာန်သတ်မင်း၏ ဝေ့မျိုး ကျင့်ထုံးကို- နှိုင်းယှဉ်ကြ။ (မာနလျော့ကြ-သူများမညာနဲ့)

---

# ကရုဏာတော်ရှင်-ဆတ်သခင်

သေလုဇာနှင့် ရေစီးမျောလာ-လူမိုက်ဟာ သေမှာ ကြောက်တယ်။ ပညာရှိက သေမှာမကြောက်-(အလုပ် ရှိလုပ်-စာအုပ်ရောက်တဲ့နေရာမှတ်ထား အလုပ်မရှိဆက် ဘတ်။အလုပ်ရှိလဲ-အချိန်ယူဘတ် တွေးစဉ်းစား) ကြွေး များတဲ့သူရွှေးသား၊ရေစီးထဲမှာ အလေလိုက်နိုင်သေးရဲ့ လား ယောဂီတို့။ကယ်တော်မူပါ သေရတော့မယ် ကယ် တော်မူပါ။ မြစ်ထဲက တကျော်ကျော်- ခေါ်သံအော်သံ- ဆူညံအောင်-သန်းခေါင်ယံမှာလောင်းရာဇာ ဆတ်မင်း တရားနှလုံးသွင်းရာက သနားခြင်းကရုဏာ စိတ်မချမ်း သာသောအသံကို ကြား-( ဂူထဲက-ဘယ်သူလဲဟာ ) ပြိုးကနဲထ။အော်သံရှိရာသို့ လေးဘက်ခွါဖြင့် ပြေးထွက် ခါသွားလိုက်တယ်။အလိုလှေမပါရေစီးသာမြစ်သမုဒ်ချဲ နစ်မြုပ်ခါတဖုံ ပေါ်လာပုံတမျိုး အပူဆိုးနဲ့ကြေကွဲ လူမျိုး ဘဲဖြစ်ရမယ်၊ ငါမကယ် သေဘွယ်ရာအစစ် လူသတ္တဝါ ဖြစ်ပါလျက် ငါ့ရှေ့မှာ ရေနစ်ပြီး - သေဒါကိုတော့ ငါ

မကြည့်ရက်၊ ခြေလေးဘက်စုံမြှောက် ကဆုန်ပေါက်ခါ အရှေ့မတွေးဘဲ သေဘေးကဆွဲနှုတ် ဝဲသမုဒ်-မြစ်ရေစီးသို့ ဆတ်မင်းကြီးချန်ဆင်းဘိ၊ အော်သံကြားရာသို့ အသာကပ် ကျောပေါ်တင်၊ လူ၏ လက် ၂ - ဘက်က ဆတ်မင်းကို မြဲမြဲဘက်စေပြီး ကမ်းပေါ်သို့ အရောက်ထမ်းတင်တယ်။ ဒါ-ဘုရားလောင်းအစစ်၊

ဘုရားဖြစ်ချင်၍-ဘုရားဆုကို - တောင်းကြသူများ။ စိန္တိတံ သတ္တသင်္ချေယျံ နဝသင်္ချေယျ ပါစကံ - ကိုချည်း အားကိုး နေလျှင် ကိုယ်၏ - ဆုပန်ထွက် ဂဟာန်းတွက်လို့ ရကြရဲ့လား။ မိတ်ထဲက ၇-သင်္ချေ-နှုတ်က ၉-သင်္ချေဆိုဒါ။ ကာယ ကသိုဏ်းဇယားနဲ့-ပိုင်းခြားပြီး တွက်တတ်ကြရဲ့လား။ ဘုရားလောင်းတို့။

သေလုမျောပါးသူဌေးသားကိုဆတ်မင်းကမွေ့ဘက်အငွေ့အသက်မှ အရူ့အရှိုက် ဝင်ထွက်လေမှန်ရအောင်အနားက စောင့်ရှောက်ထိန်းသိမ်းလျက်ထားတယ်၊ နေမပူ လေမတိုက် ခြင်မကိုက် ဖြုတ်မလာဘဲ၊ ပို့သင့်ရာ-ထားသင့်ရာ အစားအစာကို ရုတ်တရက်အရမ်းမကျွေးသေး၊ ချိုမြိန်သော သစ်ဖျော်ရည်တို့နှင့်သာ အစမ်းပေးပြီး အသက်မွေးနေတယ်၊ ၂-ရက် ၃-ရက် ခန့်ကြာမှ သရက်သီး,တောင်ပိန္နဲသီး, တော၄က်ပျောသီး စသော

အစာကြွင်းတို့ကို စားသောက်ကျွေးမွေးသားကလေးကို မိခင်က-ယုယပိုက်ထွေး နို့ချိုတိုက်ကျွေးဘိသကဲ့သို့ ဒုက္ခ သည်လူသားကို ဗုဒ္ဓအနွယ်က ဂရုနားမှာထားတယ်၊ ဂရုနား ထားရာက လူစကား နားလည်သော သတ်မင်းက နေ ရင်းဘယ်ကတုံးလို့မေးဘိ၊ ဗာရာဏသီပြည်တွင် နေရှင် သူဌေးသားအစစ်ပါ၊ မိဘ ၂-ပါးသေဆုံး ရှိသမျှ ငွေ တွေဖြိုး တပြိုလုံးခလေးများတဲ့ မယားလဲ ပြန်မကြည့်ဘဲ လောင်းတန်းသောက်စား ဖေါက်ပြား-မိန်းမ လိုက်စား ဒုစရိုက်မှန်သမျှ မလုပ်ဘူးဒါ မရှိခဲ့ပါ၊

**စာဘတ် သေသေချာချာဘတ်ပါ**

မှန်ရာကို ကျွန်တော်မျိုး - ရှိခိုး၍ အစစ်ခံပါသည်။ သူဌေးသားအစစ်၊ဖြစ်ချင်တိုင်းဖြစ် လူမချစ်-နတ်မကြိုက် အမိုက်မှာထိပ်ဆုံး ငွေဖြိုးမှာနံပါတ်တစ် သူဌေးစစ်ဘုရင် မှာ-ကြွေးတင်လို့ မဆတ်နိုင် အင်မတန်စိတ်ညစ်-လူပြည် မှာနေမဖြစ် အသက်နဲ့အရှက်-အရှက်ကိုမခံ အသက်သေ ဘို့ကြံပါတယ်၊ ချေးငှားသော ကြွေးရှင်များတို့ကို လှည့် စားခါခေါ်ငင်၍ ဘမိတ္တိ လက်ထက်မြှုပ်ထားသော ရွှေ အိုး-ငွေအိုးများရှိတယ် ယူလှည့်လိုက်ခဲ့ကြ၊ဘုရင်မင်းထံ မတိုင်ကြနဲ့ ယူသည့်ထက် ပို၍-ရပါစေ့မယ်ဟု ဂင်္ဂါမြစ် အနီးသို့ လှည်းများစွာနဲ့ တင်ဆောင်ရန် - ခေါ်ခဲ့ရာ၊ ကျုပ်က ရှေ့ဆုံးက - အမြန်ပြေးပြီး နောက်ထွမ်းပစ်ခါ ရေဇလာမှာ ငါသေဒါ ကောင်းမှာဘဲလို့ ကိုယ့်ကြီးမိန့် ကိုယ်ဘဲပေး ရေထဲသို့ ခုန်ချပါတယ်၊ မသေဘဲနဲ့ ရေထဲ

မှာ ထိုက်တဲ့သို့ မြှပ်လိုက် - ပေါ်လိုက်နဲ့ ဒုက္ခကို ခံစားရကြောင်းပါ ဆတ်မင်း။

---

ဆတ်မင်းက မေးတယ်၊ သေဒါကောင်းတယ်လို့ ရေထဲခုန်ချပြီး ကယ်တော်မူပါလို့ အော်ဒါဟာ တကယ်သေရဲသလား၊ ကြောက်လို့ အော်သလား။

ခဏစိတ်ညစ်တုံးမှာ သေချင်ဒါပါ၊ တကယ်သေရမှာတော့ ကြောက်ပါတယ်၊ အစစ်တန်းမသေရဲပါ၊

ဘယ်မှုပင် မိုက်သော်လဲ သူများကိုသာ သတ်ရဲပါတယ်၊

မကောင်းပြောရဲပါတယ်၊ မကောင်းကြံစည်ရဲပါတယ်၊

မိမိကိုယ်ကိုတော့-သေဘို့-သတ်ဘို့ မကောင်းပြောရဲဘို့ မကောင်းကြံရဲဘို့ ခဲယဉ်း ပါတယ် ဆတ်မင်း။

## ပျို့လင်္ကာ

သတ်ခိုးပြစ်မှား၊ လိမ်ဝါကြွားလျက်၊ သောက်စားရစ်မူး၊ မေထုံကြူး၍၊ သူရူးကာမ၊ ပျော်မွေ့ကြသည်၊ လောင်းကြကစား၊ လူမိုက်များမှာ၊ တရားလက်လွတ်၊ ငှက်တောင်ကျွတ်သို့၊ ကိုယ့်ဝတ်ကိုယ်ခံ၊ ကိုယ်ပြစ်ဒဏ်ကြောင့်၊ သေဖန်ကြုံခိုက်၊ ရင်ဆိုင်ဆိုက်သော်၊ လူမိုက်ဟူက၊ ဘယ်သူမျှပင်၊ မသေချင်ကြ၊ နေချင်ကြသည်၊ ဘ ဝ တ ဏှာ၊ ဒိဋ္ဌိကို၊ ဘယ်ခါမမုန်း၊ ဆုတောင်းထုံးတည်း။

အလောင်းရာဇာ၊ အရိယာနှင့်၊ ပညာဉာဏ်ရှိ၊ လူပညှိတို့၊ ဝဋ္ဋဗိဖြစ်ရိုး၊ ခန္ဓာဆိုးကို တန်ဘိုးမရှိ၊ ပိုင်ပိုင်သိ၍၊ သေရှိစကား၊ သေရခြားလဲ၊ ကြောက်အားမရှိ၊ သေနတ္တိမှို၊ ရှိသည့်ခန္ဓာ၊ ရန်မီးဇာကို၊ ပြန်စွာချုပ်ငြိမ်း၊ လူဇာတ်သိမ်းမှ၊ ပူကိန်းမဆိုက်၊ လွန်နှစ်ချိုက် သ ည်၊ လူ မိုက် ပယ် ဘိ မြတ်အရိ။

တဏှော အာယုက္ခယာ ဟောတိ။

အာယုက္ခယာ၊ အသက်၏ ကုန်ဆုံးခြင်းကို၊ တဏှော၊ အလွန်နှစ်ချိုက်သည်။ ဟောတိ၊ ရဟန္တာဉာဏ်မှာသာ ဖြစ်ရ၏။ (အဓိမုတ္တ ရဟန္တာ)

# ဘုရားလောင်း၏ မဟာမေတ္တာ

သူဌေးသားကို ကျွေးမွေးထားပြီး၊ကျန်းမာလာမှသာ နေရပ်သို့အရောက်ပို့မည်၊ သွားလာမှုရုပ်ထွေးသော နေရာဖြစ်တယ် ကြံစည်၍၊သူဌေးသားလူမိုက်ကို မပူ-မအိုက် မအေး-မချမ်းရအောင် ဘေးရန်ကင်းအောင် ဂူတွင်းမှာဘဲ ချိုချဉ်သစ်သီးတို့ဖြင့် ရှာမှီး၍ ပြုစုသည်။ ၇-ရက်ကြာသောအခါ ကိုင်း-သွားမယ် အားမငယ်နဲ့ မင်းနေတဲ့ ဗြာနသို့ ငါကအရောက်ပို့မယ်၊ ဆတ်မင်းက လမ်းသွာရင်း ဆုံးမပုံ။

၁။ သား မယား-ဆွေမျိုးများနှင့် လုပ်ကိုင်ကျွေးမွေး သင့်မြတ်စွာ အသက်မွေးနော်။

၂။ စီးပွားလဲရအောင်ရှာ သူတကာတို့ရဲ့ ကျေးဇူးကိုလဲ ဘယ်ခါမှ မမေ့နဲ့။

၃။ ကြွေးရှင်သူဌေးများကို ပေးဆပ်စရာရှိသမျှ ရှိခိုးတောင်းပန်ပြီး မကြေကြေအောင် ပေး ဆပ်ပါလော။

ဘုရားလောင်းက စကားကောင်းဖြင့် ဆုံးမ သွန်သင်ကျောပေါ်တင်၍ လာခဲ့ကြပုံ၊ ယောဂီတို့ ဒါ - ဘုရားလောင်း၏ မဟာမေတ္တာကြီးမြတ်ပုံကို သိကြယောဂီတို့။

# မြင်ရဘီ ဗာရာပြည်

ဆတ်ချိုညွန်လို့ - တောစွန်က - အထွက်၊ ဟိုဘက်-ဒီဘက် လမ်း ၂-ဘက် ကောက်ဖေမဲ့ အကွေ့မတက်နဲ့ ဟောဒဟိုအရှေ့ဘက် သေသေချာချာကြည့် သတိနဲ့သွား။ လမ်းမမှားရအောင် ငါပြောတဲ့ အရှေ့ရှုးရှူး (ဆတ်ချို ဦးနှင့်) ချိန်ရွယ်ရာကိုမှန်း အေးချမ်းစွာ သင်၏နေရာသို့ ရောက်ရမယ်။ ဘာမှမကြောက်လေနဲ့၊ ငါဒီကကြည့်ပြီး-မေတ္တာပို့နေမယ်၊ မျက်စိမမြင်တော့မှ-ငါပြန်မယ်။

# နောက်ဆုံး သတိပေးစကား

ဒီမှာ ငါမှာမယ်-ငါပြောမယ်၊ ငါမှာလိုက်တဲ့စကား သင့်နားထဲမှာထားနော်၊ ဒီနေရာ ဒီဌာနမှာ ငါရှိတယ်လို့ ဘယ်သူ့အားမှမပြောငြားနဲ့၊ ငါ့မှာ လူမိုက်တို့ရဲ့ဆိုလုံးမှာ တော့ တိရစ္ဆာန်ဘဝပါဘဲကွဲ့ သူဌေးသားရဲ့-တိရစ္ဆာန် ဘဝပေမဲ့ နိဗ္ဗာန်ပြတို့ ဉာဏ်ထုတ်သမျှမှာ သမ္ဗုဒ္ဓဘုရား ဖြစ်ဘို့ ဆုပန်တောင်းလျက် နေတယ်ကွဲ့။ အပါယ်ဇာတ် အပါယ်မျိုး အပါယ်သားထဲမှာ စာရင်း အဝင် အပါ မှန်တယ်၊ ဟော့-နားစိုက်စမ်း။

( စာဘတ်ယောဂီ၊ လောကီ စကား သက်သက် မမှတ်နဲ့ တွေးဘတ်။ ) နားစိုက်ထောင်-အများကြိုက်ကို ရှောင်၊ ဘုရားကြိုက်ကိုသာ-ဆောင်ရွက်လျက် ကြီးစည် ကျင့်သုံး အမှားမဖေါက် စားသောက်ပြီး သားအမြောက် အများ တောသမားတို့ကိုနေ့စဉ်တရားနဲ့ ဟောကြားနေ

ဒါဘဲ။ဒါ-မင်းသိဘို့ ပြောနေတယ်ကြပ်ကြပ်သတိထား။ တောတိရစ္ဆာန် အမြင်မှတ်ကြပေမဲ့၊ဘာဝင်ကပ်နေဒါက- ဘုရားစိတ် အထိ-အမတွေ့ဘို့ အရိပ်မျှမဖါဘူးမှတ်။

ဆတ်,ဆတ်ခေါ်ကြပေမဲ့ - ဆတ်တိုင်းလို မမှတ်ဘို့ သတိချပ်။ဟော့-ဒီမှာ (ကပိဆတ်) ဘုရားလောင်းအလုပ်နဲ့ ဒီမှာ - သားအပေါင်း အုပ်ချုပ်နေတဲ့ ဆတ်မင်းပါကလားလို့ ငါ့ရဲ့ဂုဏ်မျိုးစုံကိုမင်းလဲမျက်မြင်ဘဲ တိရစ္ဆာန်က နိမ့်ဘွာန်ခဲဆဲ့ထုတ် ငါ့ရဲ့ဂုဏ်ပုဒ်မှတ်။ လောကကြီးမှာ ပိုက်ဆံငွေမက်ကြရမယ်။ ဘာ့ကြောင့် ငွေမရှိ-အသရေမရှိ။ပိုက်ဆံရလျှင်-ဘာဘဲလုပ်ရလုပ်ရ ပိုက်ဆံရပြီးရော။ (ပညာစစ်ကိုရှာဘို့ရာ သတိပြုသူ ရှားတယ်မှတ်)

၁။ ပိုက်ဆံရရင်-ငါရှိဒါကို မင်းပြောမှာဘဲ။

၂။ မျက်နှာလိုချင်ရင်-ငါ့နေရာကို မင်းပြမှာဘဲ။

၃။ ဆုလာဘ်များဘွာပေးရင် - ငါ့ကို မင်းကသတ်မှာဘဲ။ ငါကယ်တင် ကြည့်ရှုဒါတွေ သတိပြု။

---

ဒီ့က ပုဂ္ဂိုလ်ထူးပဲ့၊ သတ္တဝါထူးမှတ်။ လာမဲ့ဘေး- အဝေးက ငါကြိုတင် သတိပေးထားတယ်နော်။ ထူးကဲလွန်မြတ်-ဂုဏ်ဒြပ်နဲ့ပြည့်စုံသော ရွှေဆတ်မင်းကို ကြားရသူ မြင်ရသူတို့ လိုချင်နှစ်သက်ကြတယ်။ ငါတို့ရဲ့အသားအသွေး ကို လဲ စား သောက် သုံးစွဲ လို သူ များ တယ်။ ဘာ့ကြောင့် မကြားစဘူးမမြင်စဘူး အသွင်ထူးရုံမက တရားဓမ္မ-ပြည့်ဝတယ် ဆုံးမတတ်တယ်ဆိုဒါ တောထဲမှာမဆိုလင့်။ ဗာရာဏာပြည်ထဲမှာပင် မရှိဘူးကွဲ့၊

အသားအသွေးက - အားဆေးဆိုလဲ
ဟုတ်၊ တရားသွေးဆိုလဲမှန်တယ်။ ရွှေမွေး-
ငွေချို-မြခွါရောင်-စိမ်းစိုစိုနှင့် ကြည့်ရှုလို့
အားမရ မွေးကျွေးပြီး ထားနိုင်ဘယ်။ ငါ-
အနေကြပ်မယ်မှတ်၊ အလှမွေးသူကတမျိုး၊
အသား စားချင်သူက တဖုံ၊ တရားနာရုံ-
ကြည်ညိုဂုဏ်ယူသူကတနည်း။ ဒါကြောင့်
ငါရှိကြောင်း မပြောနဲ့၊

ဂုဏ်မျိုးစုံရှိလေတော့ လူတိုင်းချစ်တတ်ဘယ်။ လူတိုင်းထဲကလဲ မုန်းတဲ့လူက သတ်စားချင်တယ်။ ဘုရင်မင်းများ မိဖုယားများနှင့်တကွ ကြားရလျှင် ရှိမှန်းသိလျှင် ဆုလာဘ်များစွာပေး၍ မေးတတ်တယ်-မပြောနဲ့၊ ပြောလျှင် ငါလဲသေ - မင်းလဲအကျိုးယုတ်၊ ဂုတ်တုတ်ကျခံ တကမ္ဘာစံငရဲသားဖြစ်မယ်နော် ကြပ်ကြပ် သတိထား။ အသိသားနဲ့မရိက်နဲ့ ငွေသိန်းသန်းကုဋေ ငွေတွေရပေမဲ့၊ မသေခင်-စားမှုမှာ ထမင်း ၂-နပ်ပါဘဲကွဲ မပြောနဲ့၊ ပညာရှိသူတော်ကောင်း ပြစ်မှားကြူးလွန်သော ကံကြီးက ဘဝအဆက်ဆက် အပါယ် ၄-ပါးတို့နဲ့သာ ဆက်သွယ်နိုင်တယ်။ နိဗ္ဗာန်ကမ်းထက်သို့ ဘယ်ခါမှ-လှမ်းမတက်နိုင်ဘူးမှတ်လိုက်။

( အချစ်ဆုံးအိမ်ရှင်-မယားကိုပင်-မပြောနဲ့-မပြောအပ် )

သိချင်လို့ စာဘတ်လျှင်-ဗုဒ္ဓဘာသာ ဒီပနီ-ဒုတိယတွဲ ရေးပုံ။ ဒီလိုပါကလားလို့ ပထမတွဲနဲ့တိုက်ကြည့်ကြ။

နံပါတ်စဉ်အလိုက် မှတ်မှတ်ဘတ်၊ ထပ်ထပ်ဘတ်၊ ကွက် ကျော်မဘတ်နဲ့။ ဗုဒ္ဓဘာသာကွက်ကျော်ဖြစ်မယ် ယောဂီ။

ဆတ်မင်းရဲ့မှာစကား ပျားသကာအလား - နားမှာ ကြား၊မှားဒါမျှားတို့၊ဟော့-လူမိုက်။မင်းမှာ သူဌေးသား ဖြစ်ရသော်လဲ လူလေလူလွင့် လူသခွတ်ပွင့် ဖြစ်ရတယ်။ အလေလိုက်ခဲ့တယ်။ထင်သလိုနေခဲ့တယ်။ဒါ-မင်းပါးစပ် ကပြောလို့-ငါကြားရတယ်။ မယားယူ-သားတွေမွေး၊ လုပ်ကိုင်လဲမကျွေး။ သူဌေးသားကာ ကြွေးများလို့-ရေထဲ ဆင်းသေတို့ကြံတယ်။မိုက်ခဲ့ပြီ မှားခဲ့ပြီ၊နောက်ထပ်မမှား စေနဲ့နော်။ မိုက်ပြီးမိုက် မှားပြီးရင်ထပ်မှား မပြင်တတ် တော့ဘူး။ပြင်လို့မရအောင်မှားလျှင် ဘယ်နေရာမှ အသုံး မဝင်ဘူးကွဲ့။

---

**သစ္စာပါရမီခံ**

ငါသည် ယခုကဲ့သို့ - သေမှဲ့ဆဲဆဲ-ရေထဲက ကကယ်ယူ၍-အသက်မွေးပေးခြင်း၊ကျန်းမာစေ ခြင်း၊ မျိုးစုံပြုစုခြင်း၊ သူ၏ဆန္ဒရှိရာသို့ ရောက် အောင်ပို့ဆောင်ရခြင်း၊ကရုဏာရှင်-မေတ္တာရှင်- သစ္စာရှင်၏ ဩဝါဒတော်ကြောင့် သမ္ဗုဒ္ဓဘုရားကြီး ဉာဏ်-ဇာကန်မှချ ရပါစေသား။

တောစောင့်နတ်မှအစ - သားငှက်အပေါင်း တို့-ကောင်းကြီးသာခု မြည်သံဖြင့် တတောလုံး ဆူညံသွားသည်။

---

ကိုင်း-သွားသွား မမှားစေနဲ့၊ မယားသားတွေနဲ့ ပျော်ပျော်ကြီးနေ။ငါဒီက-မေတ္တာဝေမယ်၊သတိ-သတိ-သတိ၊

→ ပိုက်ဆံရရင်–ဘာဘဲလုပ်ရလုပ်ရ

---

သူဌေးသားကြွေးများတဲ့လူအန္ဓ ဘုရားလောင်းလမ်းပြသည့်အတိုင်း ဖြောင့်တန်းစွာ ဌာနဂေဟာသို့ရောက်၊ မယားသားသမီးဆွေမျိုးများနှင့်တွေ့ရလို့ အားလုံးဘဲ ဝမ်းသာကြသည်။

---

## ခေမာမိဖုယားကြီးက–အိပ်မက်ထူး

ဘုရင်ထံ-လျှောက်ပုံ၊ ဂင်္ဂါမြစ်အနီး အင်ကြင်းပင်ရိပ် သရက်တောရဂုံမှာ ရွှေဂူနှင့် နေသော ရွှေဆတ်မင်း၏ တရားတော်ကို ကြားနာရလို့ စိတ်သောက အေးမြကြောင်း မြင်မက်ပါတယ်။ ထိုဆတ်မင်းကို-တောနင်း၍ မရ-ရအောင် ရှာပါ-ဖမ်းပေးပါ။တရားကောင်းနာလိုပါတယ်။ ဆတ်မင်းရဲ့ တရားကို-မနာရလျှင် ရင်ဝ မီးပူ တသုသုပွက်ပြီး သေဘက်သို့ဝင်ရပါလိမ့်မယ်။

ဘုရင်က-အမတ်များကို တိုင်ပင်ပြီး ပုဏ္ဏားများကို ခေါ်၊ပုဏ္ဏားများက ဗေဒင်ကိန်းခမ်းအရ တိုင်းပြည်ငြိမ်းချမ်းဘို့မြင်ကြောင်း၊ တရားကောင်း ရှိသော-ဆတ်မင်းသည် ဂင်္ဂါမြစ်အနီးမှာပင် ရှိမည်ထင်ပါသည်၊ မိဖုယားကြီးမြင်မက်သော အိပ်မက်ဆန်း ဗေဒင်ခမ်းနဲ့ နှိုင်းညှိလျက် တိုင်းသိ ပြည်ကြား လူအများတို့ပါ တရား

ကောင်း နာကြားရ စားရေရိက္ခာ - လုံလောက်စွာလဲ ပြည့်ဝ ချမ်းသာမျိုးစုံ ခံစားရမည် ဧကန်ဖြစ်ကြောင်း ကြွေးကြော်ထားကြတယ်။

ရွှေပန်းတောင်း နှင့် ငွေ ၁၀၀၀ဝ-ထည့်ပြီး ဆင်ပေါ် တင်ကြ။ ရွှေပြားမှာ-သေအချာရေး ကြွေးကြော် ဟှည့် ယည်၍ စည်ဆော် ပြည်တော်အတွင်း ပြည်ပမကျန် သတ်မင်း၏နေရပ်ထံကို ဧကန်မုချ ပြပေးနိုင်သူပေါ်ထွက် ပါက၊ယခုဆင်ပေါ်မှာတင်ထားသောရွှေပန်းတောင်းနှင့် ငွေ ၁၀၀၀ဝ-ပေးမည်။ သတ်မင်းရှိရာဌာနကို-ပြောပြနိုင် သူ ပေါ်ထွက်စေ ဘုရင့်အမိန့်တော်၊

လေးပြင်လေးရပ် ဆင့်စည်တော် ဟှည့်ပတ်တီးခတ် သောအခါ၊ တောပြန်သူဌေးသား၏ နားဝမှာ-ကြားရဘီ။ ဟိုက်-ငါတော့ ချမ်းသာကွက်နိုက်မိပြန်ဒါဘဲ၊ ဆင်ပေါ် ကကြွေးကြော် စည်တော်တီးခတ်သောဌာန အဝေးက- မတ်တတ်ရပ် - ရှိခိုးလျက်နေဘီ၊ ဆင်စီး အမတ်ကမေး တယ်၊ဘာတင်လျှောက်ချင်သလဲ၊သတ်မင်းနေတဲ့ ဌာနကို နေရာကျကျ - ကိုယ်တိုင် လိုက် ၍ ပြ ပေး နိုင် ကြောင်း လျှောက်တယ်၊ လိုက်ခဲ့-ဘုရင့်ရှေ့တော်ခေါ်၊ အကြောင်း စုံလျှောက် ဘုရင်နှင့် မိဖုယားတို့က အလူး ဝမ်းမြောက် ကြသည် ယောဂီတို့။

စည်းပြင်မထွက်နဲ့ စာဘတ် ယောဂီ။
အချစ်ဆုံး-မိတ်ဆွေလူမိုက်ဟာ-ရန်သူမှတ်။
အမုန်းဆုံး-ပညာရှိသည်-ချစ်သူမှတ်လေ။

လမ်းပြလူမိုက်၏အလိုကျ လျှောက်ပုံမှာ၊ ဒိဆတ်မင်းဟာ လွန်စွာတန်ခိုးကြီးပါတယ်။ အခြေအနေကြီးကျယ်ခမ်းနားလျက် လျင်မြန်သော သွားလာနိုင်သည့်အပြင်၊ ဂင်္ဂါမြစ်အနီး-အင်ကြင်းပင်ပျို တို့နှင့် သရက်ညှို တောအုပ်မှာ အုပ်ချုပ်မိုင်စိုးပြီး ဆုံးမနည်းမျိုးစုံဖြင့် တောနယ်ရှိ သားငှက်တို့ကို ညစဉ်-တရားဝမ္ဘစက်ကို - ဟောမြွက်နေပါသည်။ (ကိုယ်တိုင် ၇-ရက်ခန့်) ကျွန်တော်မျိုးနေခဲ့ဘူးပါသည်၊ သို့အတွက် စစ်သည်တပ်သားများစွာနှင့် လက်နက်မျိုးစုံတို့ ပါစေချင်ပါတယ်။ ရှေ့ဆုံးက-လမ်းပြပါမည်ဟု-လျှောက်ရာ၊ မင်းကြီးနှင့် အမတ် ၂-ယောက်တို့က ဝမ်းမြောက်ခါ လက်နက်ကိုင်လျက် တောမြိုင်သို့ ချီတက်ခဲ့ကြသည်၊

---

# ရွှေဂူကို ဝိုင်းပြီ

သရက်တောကြီးသို့ ရောက်ကြသော စစ်သားတို့က ရွှေဂူ၏ လေးဘက်မုခ်ဝနှင့် တဥဿဘာ ကွာသောနေရာက တပ်တဘာပ်ဝိုင်း၊တချို့စစ်သားများက အနီးကပ်လျက် စောင့်သူကတနည်း။ မင်းကြီးနှင့် အမတ် ၂-ယောက်တို့က တနေရာတကွက်က အချက်ကျကျ လေးမြွားနဲ့ရှယ်။ (သူဌေးသားက)စစ်သားတို့ရဲ့ ရှေ့-မမြင်တမြင် တနေရာကလက်ညှိုးပြလျက်နေတယ်။(ဟောဟိုမှာ ရွှေဂူ)ညာသံပေး လက်ခုတ်တီး စည်မောင်းတီး ဆတ်မင်းကြီး ထွက်လာမှာကြောင့်လို့ စိမ်သည့်အတိုင်း တတောလုံး ဆူညံ

အောင် လူသံ နှင့် အမြောက် သေနတ်ရုံ ပစ်ပေါက်ကြတယ်၊ ရွှေဂူကိုဝိုင်းပြီ၊ (မျက်နှာဖုံးပြယုဂ်ကြည့်)

---

အနာဂတံ ဘယံဒိသွာ၊

ပဏ္ဍိတေဟိ ဇာနိတဗ္ဗံ။

အနာဂတံ၊ နောင်လာမည့်ဖြစ်သော၊ ဘယံ၊ ဒုက္ခကြီးကို၊ ဒိသွာ၊ မလာမရောက်မီကပင် ကြိုတင် ပညာဖြင့် ဆင်ခြင်၍၊ ပဏ္ဍိတေဟိ၊ ဘုရားလောင်းစသော ပညာရှင်တို့သည်၊ ဇာနိတဗ္ဗံ၊ လောကဓံ ဘေးတွေလာသို့ကို သတိမလပ် စောစောကသိအပ်၏။

---

# ရင်မဆိုင်မီ–အသက်ဘေးအမြဲသိ။

# ရင်ဆိုင်ကျလျှင်–အသက်ပေးရဲ၏။

ဆူညံ-လူသံ-စည်သံ-အမြောက်-ဗုံး - သေနတ် ပစ်ပေါက် စစ်ရောက်စစ်ပွဲကဲ့သို့ ဘာသံတွေသဲ။ဘာ့ကြောင့် ဘာကိစ္စ ဘယ်အမှု ဘယ်သူ့ကြောင့် ဘာများအရေးကြီးပါသလဲ၊ ဘယ်လိုဖြစ်ပုံကြီးလဲလို့ ပြုံးကာနဲ့ ဖြစ်ကြပုံ-မူမလှ ဂူဝအထွက် ရွှေဂူပေါ်သို့အမြန်တက်၊ ၄-ဘက်မျက်နှာ ဘယ်ညာတောင်မြောက် ရှေ့နောက်ကာဆီး စစ်ဘင်ကြီးနဲ့ ပစ်ခတ်နည်း လက်နက်စုံ ဘယ်သို့ဒိပုံ တော့ရဂုံသို့ ရောက်ကြပါလိမ့်၊

# ရှေ့တိုး-နောက်ဆုတ် မကြောက်မလှုပ်ဘဲ

ငွေဦးချိုဗ္ဗ ဆွဲမြီးကိုခတ်ခါ ပြုလျက် ရှေ့လက်နောက်ခြေနှိုရွေ့ မပျက် မေတ္တာဟုန်ရှေ့ဝက်ပြီး ၂-ဘက်ကြည့်ပြ၍ လက်မြှောက်ခါ တကြွားကြွားနှင့် ပတ္တမြားသွင်-မျက်လုံးတော်မှောင်ခို၍ (ဆလို) တောင်ကြို တောကြားသို့ ကြည့်လိုက်ပါတယ်။ ဒီလူတွေဒီမှာန ဘာခန်းသူ ဘယ်လို့ရာတို့ လာကြရပါသလဲလို့ လက်နက်လေးမြှားတို့ကိုမြှောက်တင်ကိုင်ရွယ်လျက်၊ သမင်ဒရယ်-ကျွဲယင်စိုင်ဆတ်တို့ကို ပစ်ခတ်ဘို့လာကြလေသလား၊ သို့မဟုတ် ငါ့ကိုဘဲဖမ်းဘို့-သတ်ဘို့လာကြလေသလားလို့ - အလောင်းမင်းတရားက-အကြောင်းစဉ်းစားရင်း........

## လေးမြှားပြင်တဲ့ကြားထဲက သူဌေးသားကိုမြင်ရတော့

ရင်-မ-ပြီး၊ သြဘ်-ဒုက္ခ-ဒုက္ခ မချင့် အတွက် အသက်ကို ကယ်မကျေးမွေးလိုက်သော သူဌေးသား လူမိုက်ကသူလိုက်ပြတယ်၊ လက်ညှိုးထိုးပြီး ပုန်းကွယ်လျက် စစ်တပ်၏ ရှေ့ဆုံးမှ ထိုင်လိုက် ထလိုက်နဲ့ ပြနေပါကလား၊ ၇-ရက်အတွင်း ကျေးဇူးအထူးဆပ်ပုံ တယ်သိတ်သည်းလုံခြုံပါလား၊ တော်ပါပေတာယ်လို့-ဥက္ကောင်းကို ငြိမ့်ငြိမ့်ပြီး သမ္ဗုဒ္ဓအလောင်းက ကြက်ထုတ်မှ ကောင်းမယ်လို့ကြံစည်ပုံ၊

လေးဘက်မျက်နှာသို့ ပြေးလျက် မထွက်သာ သက်ခန္ဓာ ယနေ့တော့ ကြေနံဆုံးမှာဘဲ၊ သေရမဲ့ အတူတူဖြစ်လျှင် ဗိုင်းကာဆီးကာနေကြသော လူအများထဲက လူထူသောဘက်သို့မသွားတော့ဘူး၊ ယာဘက်မျက်နှာက လူကြဲကြဲ ၃-ယောက် တွဲနေပုံဟာ ကြေနံလူအသိုးတန်တွေဘဲ၊ ဘာ့ကြောင့်-လေးလက်နက်ကိုင်ရှယ်နေသော်သဲ စစ်သားတို့ဝတ်ဆင်ထားသော အထည်ကိရိယာမျိုးမဟုတ် ဦးရစ်မကိုင်၍ ဥကျောင်းမှာ ဆောင်းစိုက်ထားခြင်း၊ ကိုယ်ဝတ်-ခါးဝတ်မှစ၍ ကိရိယာတန်ဆာတွေကလဲ တမျိုးဘဲ။ လူလိမ်မာ ပညာရှိတွေဖြစ်ရမယ်၊ အဲဒီ ၃-ယောက်တွဲရှိရာ သို့ သွားမယ်-သွားတယ်-သွားပြီ။

## မြှားရှယ်သော ၃-ယောက်ထံသို့ မရဏာနုသဿတိ ကမ္မဋ္ဌာန်းနှင့် ကြွလှမ်းသည်။

ဩဂုပေါ်မှ သက်ဆင်းပြီး မင်းကြီးရှိရာသို့ ခြေလှမ်းမှန်မှန် ဦးချိုနှင့်အပြီး ခပ်သန်သန်ထား၊ လေးဘက်ခွါမမှားအောင် ဖြေညှင်းစွာ သွားလာဒါကို မြင်ကြသောအခါ စစ်တပ်သား သူ့ဌေးသား မင်းမှူးမတ်များကအကဲခတ်နေကြတယ်၊ ဘယ့်နှယ်သဲ ဒီဆတ်ဟာ မပြေးမလွှားဘဲ လေးမြှားရှိရာသို့ လာပုံ တယ်ထူးဆန်းပါကလား။ ဗျာဒြေသခင် ဆတ်ဘုရင်အစစ် တရားအနှစ်ကြေနံ ရှိကြောင်း တယ်ထင်ရှားပါကလား။ ဘုရင်နဲ့ အမတ် ၂-ယောက်တို့ကလဲ ငါတို့ဆီသို့တည့်တည့် ရှေ့ရှုပြီးလာဒါဘဲလို့ ဘုရင်မှအစ လက်နက်ကိုင်ဟူသမျှတို့

အားလုံး လက်နက်ချ သူခွေးသားပါ ထိုင်ကြရတယ် ယောဂီတို့။

## မေတ္တာသမထ၏ တန်ခိုးထင်ရှားပုံ

အက္ကောဓေန ဇိနေကောဓံ၊
အသာဓုံ သာဓုနာ ဇိနေ။

အကောဓေန၊ ဒေါသရန်ဘက် အမျက်မထွက် သောသူသည်၊ ကောဓံ၊ စိတ်ဆိုး မာန်ဘက် အမျက်ထွက်သူကို၊ ဇိနေ-ဇိနေယျ၊ ဒုတ်, ဓါး မဆောင် အောင်မြင်ရာ၏။

အသာဓုံ၊ ပွေလိမ်ညစ်စွာ သူယုတ်မာကို၊ သာဓုနာ၊ လိမ်မာဆင်ခြင် ပညာရှင်သည်။ဇိနေ ဇိနေယျ၊ ရန်စကားကို ထောင်နှားမဝင် အောင် မြင်ရာ၏။

ထွက်လဲမပြေး သေဘေးလဲ မကြောက် နောက်မ ဆုတ်တန်း ခြေလှမ်းမှန်မှန် ငါ၏ထံသို့ လာပုံကထူး မြား ဦးသို့လာရဲပုံကိုအံ့ဩလျက်။သေဘေးကို တကယ်ငွေပေး ၍ ဝယ်သလို၊ ရင်ဆိုင် တိုက်ပွဲမှာ လက် နက် မပါဘဲ မေတ္တာသမထဖြင့် အာရုံပြုလျက် ရန်သူထံသို့ ရဲရဲဝံ့ဝံ့ အသက်စွန့်လာဒါ ဘုရားလောင်းမှတ်။

# ဘုရားဆတ် စကားမြွတ်နှင့်ပြောပုံ

ဒိနေရာ တောချုံအုပ် ဘာအလုပ်-ဘာအရေးနဲ့ လူများစွာ လာရောက်ကြပါသလဲ၊ အလာခက်-အပြန်ခက် လက်နက်စုံဖေါက် ဖုံးသေနတ် စိန်အမြောက်တို့နှင့် လာကြပုံအကြောင်းကို မေးသောအခါ၊ ဘုရားလောင်း၏ ရုပ်ဆင်းအင်္ဂါ လက္ခဏာကို မတွေ့ဘူး-မမြင်ဘူးသဖြင့် မင်းကြီးနှင့်တကွ အားလုံးတို့က ရှုမငြီးသော အလောင်း မင်း၏အဆင်းကောင်းခြင်းနှင့် ပြည့်စုံပုံကိုသာ ကြည့်လျက် ငေးစိုက်လျက်နေသည်၊ ဘုရားလောင်းက မင်းကြီးအနား ကိုကပ်လျက်၊ ဘာ့ကြောင့် ဘယ်ကိစ္စ ဒိဌာနကို ဘယ်သူ ပြည့်သို့ လာရောက် နိုင်ကြပါသလဲလို့ ထပ်ခါမေးမှ........

## ရုပ်ပုံကို ငေးမေ့နေသော ဘုရင်က - ပြန်ပြောပုံ။

ဆတ်မင်းကိုဖမ်းဘို့ရာ လာကြပါတယ်၊ ဘယ်လိုဆန္ဒ ရှိပါသလဲ၊ မိဖုယားကြီးက ရွှေဆတ်မင်း၏တရားမြွတ်ကို ကြားနာရသည် ဟု အိပ်မက် မြင်မက်ပါတယ်၊ မကြား မနာရလျှင် အသက်သေဘို့ရာ ဖြစ်ပါတယ် ပြောသဖြင့် ဗာရာပြည်သို့ အားလုံးသိစေရန် စည်မောင်းနဲ့ လှည့်စေ, ကြွေးကြော်စေခိုင်းပါတယ်၊ ဂင်္ဂါမြစ်အနီး တောအုပ် ကြီးမှာ ဆတ်မင်း ရှိကြောင်းကို တကယ် ပြောပြနိုင်သူ ပေါ်ထွက်ပါက ရွှေ,ငွေမှ အစ ဆုလာဘ် များစွာ ပေးမည်၊ အသံကို ကြားလျှင် လိုက်၍ ကိုယ်တိုင် ပြနိုင်သူ ပေါ်ထွက်လာပါတယ်၊

ဟိုလူဘဲ အဲဟိုအကောင်ဘဲ။
သူပြလို့ ဂူ၀သို့ စစ်သားများနဲ့၊
အတူတကွ ရောက်လာရပါတယ် ဆတ်မင်း။

---

## ဆတ်မင်းက ဇာတ်ရင်းကို ပြန်ရှင်းဘိ

မင်းကြီး ဤသူကား လူယုတ်မာ အစစ်ဘည်း၊ ဒီသူယုတ်ဟာ ဂင်္ဂါမြစ်ရေစီး၌ မျောလာ ကယ်ပါ ကယ်ကြပါလို့ တစာစာ အော်သံကြားလို့ တောကြားမှ မြစ်နားသို့ ငါအမြန်လာပြီး ရေထဲကူးဆယ် ကျောပေါ်မှာတင် ကုန်းပေါ်ရောက် သက်သာရာ ရအောင် စောင့်ရှောက်ပြီး နေရာဂူထဲသို့ ဆောင်းစွာထား အစာကောင်း အရသာကောင်း သစ်သီး-သစ်ဥ တို့ကို ရှာကြံ ကျွေးတယ်၊ ကျန်းမာသောအခါ နေရပ်သို့ အရောက် ကျောပေါ်မှာ တင်ပြီး ပို့ရတယ်၊ သေသေချာချာ မှာလိုက်ပုံ၊ ငါနေတဲ့ နေရာကို ဘယ်သူအားမှ ပြောစကားမဟလေနဲ့၊ ပိုက်ဆံကြေးငွေ ရလျှင် မေးသူရှိက ပြောတတ်တယ် မပြောနဲ့နော်၊ အတန်တန်မှာလိုက်ခါမှ ယခုကြည့်စမ်း၊

သူတော်ကောင်း မင်းကြီးနဲ့ တွေ့ရသို့လာ သို့မဟုတ် ပါက ငါသေမှာ ဧကန်ဘဲလို့ မင်းကြီးအား အကြောင်း စုံ ရှင်းပြသောအခါ၊ မင်းကြီးက သူယုတ်မာကို လေးနဲ့ ပစ်သတ်မယ်လို့ ဖြိုးကနဲ ထပြီး ချိန်ရွယ်လျှင် ပါရမီရှင် ဆတ်သခင်က မြှားနားကပ်ပြီး အသင်မင်းကြီး မသတ်

ပါလင့်၊ ပေးခွင့် ပေးသိုက်သော ဆုငွေများကို ဝန်ခံသည့် အတိုင်းဘဲ ပေးပါလို့ မြွေးဖျားကို ဦးချဖြင့် ဟန့်တားပြီး လက်တွေ့တရားပြပုံ။

(၁) ပညာရှိနှင့် ရန်သူဖြစ်၊ ဘယ်မျှပင် မုန်းစေခါမူ။ မိမိအား ပျက်စီးဘို့-သေဘို့-သတ်ဘို့မကြံ။ ပုဂ္ဂိုလ်မြတ်ဟူ၍ မင်းကြီး မှတ်လေ။

(၂) လူမိုက်နှင့် အတူနေ ဘယ်မျှပင် ချစ်ခင်၊ ပေါင်းသင်း ဆက်ဆံ သော်လဲ၊ ထိုလူမိုက်သည် မိမိအား အကျိုးပျက်စီးခြင်း အသက် သေအောင် သတ်ဘို့ရာ ကြံစည်ခြင်း တနေ့ ဖြစ်ရမည် ဧကန်၊ မင်းကြီး ရာသက်ပန် ဂဏှာဟိ မှတ်လေလော။

## ဒီမှာ-ဗုဒ္ဓဘာသာ

သေယျော အမိတ္တော မေဓာဝီ၊
ယဉ္စေ ဗာလာနု ကမ္ပကော၊

အမိတ္တော၊ မိမိနှင့်ရန်သူဖြစ်သော၊ မေဓာဝီ၊ ပညာရှိသည်၊ သေယျော၊ ပုဂ္ဂိုလ်မြတ်ဖြစ်၏။

အနုကမ္ပကော၊ အလွန် သနားခြင်း ချစ်ခင် နှစ်သက် ပေါင်းဘက်ခြင်း အတူနေ ဖြစ်သော၊ ဗာလော၊ လူယုတ်မာသည်၊ ယဉ္စေ သေယျော၊ ဘယ်ခါတော့မှ လူမြတ်မဟုတ် လူမိုက်လူယုတ် အစစ်ဖြစ်၏။

## (၈-လုံးဘွဲ့)

လူမိုက်ဗာလ-ဝေးကရှောင်ခွါ။
ပညာပဏ္ဍိ-ပေါင်းဘိမြဲစွာ။
တရားမရ-မှားကြ သူ့ငါ။
မြတ်ဗုဒ္ဓ-ဆုံးမ မင်္ဂလာ။

ခွေးမြီးကောက် ကျည်တောက်စွပ်၊ မြွေပွေး ခါးပိုက်ပိုက်၊ ကိုယ့်ပြန်ကိုက်။ လူမိုက်နဲ့ ပညာရှိ မရွေးတတ်သမျှ အန္ဓဘဝကတက် ဗာလသို့၊ ဗာလမှတက် ဥမ္မတ္တကသို့ ရောက်ကြမည်၊

## မင်းကြီးကို တဖန်ဆုံးမပုံ

အသင်မင်းကြီး တောနေတောဖွား သားငှက်များကို ရန်သူမဟုတ် ကဲ့ရဲ့ဘို့ မဟုတ် လောက၌ လူတွေကိုသာ ရန်သူမှတ်ပါ။ လူတွေကိုသာ ကဲ့ရဲ့စရာ ရှိက ကဲ့ရဲ့အပြစ်တင်ပါ၊ သားငှက်တိရစ္ဆာန်တို့မည်သည်မှာ၊ ကာယကံ ဝစီကံ-မနောကံဖြစ်သော ဒုစရိုက်ပြုလုပ်ရိုး ထုံးစံ မရှိမှတ်။လူများမှာသာ ကာယကံကျူးလွန်ခြင်း၊ဝစီကံကျူးလွန်ခြင်း၊ မနောကံ ပြစ်မှားခြင်းတို့ကို အမြဲတန်း ပြုလုပ်လေ့ရှိသဖြင့် ပညာရှိများက မပြုမလုပ်ရန် ဆုံးမ တားမြစ်ကြရတယ်မှတ်၊ သားငှက်တို့ကို ဆုံးမဘို့ရာ လုံးဝ မဟုတ်မှတ်လေ၊

## မင်းကြီးကပြန်ပြောပုံ

လမ်းပြလူမိုက်ကို ပေးမည့် ဝန်ခံသော ဆုငွေများကို အသင်ဆတ်မင်းကို ပူဇော်ပါမည်၊ တိုင်းပြည်သို့ လိုက်လာတော်မူပါ၊ မိဖုယားကြီးနှင့် ပြည်သူ-ပြည်သားတို့ကို တရားလမ်းပြ ဆုံးမပြီးလျှင် ဗွေဂူဠာနသို့ ကောင်းစွာပြန်၍ မှီပါမည်၊

## ဆတ်မင်းကပြောပုံ

သစ်ကောက် ဝါးကောက်များကို မျက်စိနဲ့ မြင်နိုင်၏၊ လူ၏ စိတ်ကောက်ကို မြင်ဘို့ရာ ခက်လှ၏၊ သစ်ကောက် ဝါးကောက်တို့ကို မီးကင်၍ ဖြောင့်ယူလျှင် ဖြစ်နိုင်၏၊ လူ့စိတ်ကောက်ကို ဖြောင့်အောင် လုပ်တတ်ဘို့ရာ အလွန်တရာ ခက်ခဲလှတယ်၊ မင်းကြီး-ပျားရည်များ အစဉ်သဖြင့် ချိုမြိန်သောအရသာရှိတယ်၊ လူများ၏ ပြောစကားသည် တွေ့စမှာ ချစ်စမှာ ချစ်ဆဲမှာ အလွန် ချိုသောနားအရသာ ရှိပါတယ်၊ ဘီလူး လူယောင်ဆောင် တလပါဘဲ၊ လူတို့၏ပြောစကား ပညာရှိတို့၏နားဝမှာ ကြားရသောအခါ အစဉ်သဖြင့် မချိုနိုင်ဘူးလို့ ကြိုတင် သိနှင့်၏၊ မုသာဝါဒ ကံဆိုဒါ လူအများ ဖြစ်မှားတတ်သော ပြောဆိုခြင်း ဖြစ်သည်၊ သားငှက်တို့ကား ထိမ်လည့်ဖည့်ဖြား ပြောစကားနဲ့ အရှင်း မသက်ဆိုင်ဘူး မင်းကြီး၊ လူများ ပြောသော စကားကို ပညာရှိများက ယုံကြည်ခြင်း မဆုံးဖြတ်ဘူး မယုံနိုင်ဘူး မင်းကြီး၊

# ဘုရင်ကပြန်ပြောပုံ

ငါသည် မင်းဖြစ်၍ စည်းစိမ်ကိုသာ စွန့်ပစ်မယ်၊ ပြော သော စကားကို ဘယ်ခါမှ မစွန့်ချေ။ တိုင်းပြည်အုပ်ချုပ် ဘုရင်လုပ်သော်လဲ တခြား အပြစ်ကိုသာ မကောင်းရှိချင်ရှိ ရမည်။ (မုသာဝါဒ) ခေါ် လိမ်ညာလှည့်ဖြားချွတ်ယွင်း ပျက်သော စကားတို့ကို ဘယ်ခါမှ မပြော ပြောမိလျှင် သီလကို ပြန်၍ထိန်းသိမ်းပါတယ်။

# ဆတ်မင်းက အကြပ်အတင်းကိုင်ပြီ

အသင် ဝန်ခံချက်အတိုင်း ဆုငွေများစွာ ပူဇော်မည် ဆိုဒါကို ယုံကြည်ပြီ၊ ငါတို့မှာ ရွှေ၊ ငွေ ဘဏ္ဍာတို့ကို အသုံးမပြုဘတ်၊ ဘိုက်၊ အိမ်၊ မြို့ပြ၊ ယာ်းနန်းတို့ကိုလဲ မလို ချင်၊ အစေခံ ကျွန်ယောကျ်ား-အစေခံ ကျွန်မိန်းမ တို့နှဲ့လဲ မပတ်သက်၊ ကာမဂုဏ် ဘက်က သုံးစွဲဘို့ရာ လူမိန်းမတို့ ကိုလဲ မဆက်ဆိုင်၊ စိန်၊ ကျောက်၊ ပတ္တမြား၊ ပုံး၊ အမြောက်၊ သေနတ်၊ လှံ၊ ဓါးစသော လက်နက်တို့ကိုလဲ ဘာသုံးမှ မချဘတ်၊ ဒါတွေဖယ်လိုက်၊ အသင်မင်းကြီး မှာ ရှိသော ပိုင်ဆိုင်သော အုပ်ချုပ်ထားသော........

**ဗုဒ္ဓ ဘာသာ ဖြစ်ချင်သလား။ ဗုဒ္ဓ လောင်းလျာ၏ မိန့်ခွန်းကို တွေးဘတ် ရှေ့ကတ်တဲ့နေရာမှတ်။**

တိရစ္ဆာန်တွေ လျှောင်အိမ်၊ တိရစ္ဆာန်တွေကို ချုပ်နှောင်ထားခြင်း၊ သားငှက် အပေါင်းတို့ကို ချည်နှောင် ကျွေးမွေးထားသော တိရစ္ဆာန် ထောင်၊ ဒါဲဒိ သားငှက်အားလုံးကုန် ငါ့ကိုလှူပါ။

မင်းကြီးပိုင်ဖြစ်သော တိရစ္ဆာန်နှောင်အိမ် နှောင်တိုက်ကြီးမှာရှိသော သားငှက်-တိရစ္ဆာန်များကိုသာ ဆုပေးပါလိုချင်ပါတယ်၊ကိုင်း........ပြောစမ်းပေးမလား အကြွင်းကိုင်ဘိ၊တတ်နိုင်ရဲ့လား ပေးနိုင် စွန့်နိုင်ပါ့မလား ဆိုစမ်း။

## မင်းကြီးက ဗိတ်ခြိလျှောင်တဲ့ တိရစ္ဆာန် ထောင်ရှိ သားငှက်အားလုံးကို ယခုမနေ့-ဆုမြတ်ကို တကယ်ပေးပါမည် ဝန်ခံချက်

မင်းကြီးကိုယ်တိုင် စီးလာသောရထား ယာဉ်ပေါ်သို့ တင်ပြီး သတ်မင်းကို နန်းတွင်းသို့ ပင့်ဆောင်သွားသည်၊ ရတနာကြိုးမျိုးစုံတို့ဖြင့် သတ်မင်းကို တန်ဆာဆင်လျက် တိုင်းပြည်သို့ဟည့်ပြသည်၊ နန်းတော်တွင်းသို့ အားလုံး ကျန်းမာသူဟူသမျှ သတ်မင်း၏ တရားတော်နာ လာကြလို့ စည်မောင်းဖြင့် ဘိတ်ကြား နှိုးဆော်သည်၊ ခေမာ မိဖုယားကြီးမှာ သတ်မင်းကို ဖူးတွေ့ရသဖြင့် ရွှင်ပျသော မျက်နှာဖြင့် ချမ်းသာစိတ်ဖြစ်ရသည်၊မွေးမျိုးနံ့သာတို့ဖြင့် တရားဟောရာ ပလ္လင်၌ ပက်ဖျန်းသည်၊ ရွှေကွန်ချာဖြင့် သတ်မင်းကို ကာရံလျက် ပလ္လင်ထက်သို့ တက်လျက် ရှိသေစွာ ရှိခိုးဦးချတယ်၊ မင်းမိဖုယား မှူးမတ်အစုံ တိုင်း

သူပြည်သားတို့ကို နေ့စဉ်အချိန်မှန် ၇-ရက်တိုင် တရားပွဲကြီးဖြစ်သည့် ယောဂီတို့၊ ဒါ-သာသနာ ပ-အခါ........

## ၇-ရက်အတွက် ဟောခဉ်

၁။ ငါးပါးသီလ အကျိုးနဲ့-အပြစ်၊

၂။ ရာဇစရိတ-မင်းကျင့်တရား၊

၃။ သားဌက်တို့ကိုဘေးမဲ့ပေးခြင်း ဇီဝိတဒါန၊

၄။ ဗာလနဲ့-ပဏ္ဍိတ ရွေးချယ်ခဏ်း၊

၅။ မေတ္တာသမထ-ပွားများခဏ်း၊

၆။ မရဏာနုဿတိ-ကမ္မဋ္ဌာန်း၊

၇။ ကာမဂုဏ်စည်းစိမ်၏ ဒုက္ခ၊

## ပထမရက် ငါးပါးသီလ

မင်းမိဖုယား၊ မှူးမတ်များနှင့် အများပြည်သူ ငါးပါးသီလကို နေ့စဉ်ခံယူကြ (သူများအသက်ဆိုသမျှမသတ်နဲ့၊ သူတပါးပစ္စည်းကို မယူမခိုးကြနဲ့၊ သူပိုင် မိန်းမ-သူပိုင် ယောကျ်ားများကို မေထုန်မှိုဲဘဲ့ မပြုကြနဲ့၊ လိမ်ညာ-လှည့်ဖြား ပြောစကားကို ဘယ်ခါမှမဆိုကြနဲ့၊ မူးမေ့သော အရည် အဖတ် အစာဟူသမျှတို့ကို မသောက်မစားကြလေနဲ့၊) ဆဲဒီငါးပါးသီလကို မထိန်းသူ-မစောင့်သူမှန်က မသေခင်မှာ ကြက် သ ရေ မှို စုံ ယုတ်၊ သေ ပြန်သော်

အပါယ် ၄-ပါးမှာ နစ်မြုပ်တတ်သည်၊ ရှောင်လေ-ကြောက်လေ နေ့စဉ်သတိပြုလေ။

ထို-ငါးပါးသီလကို ထိန်းသူ စောင့်သူတို့ မှန်လျှင် မသေခင်မှာပင် လူ့အပေါင်းချစ်ခင်ကြည်ညို၍ကိုယ်စိတ် ချမ်းသာစွာ နေထိုင်ရမည်၊ သေပြန်သော် လူချမ်းသာ နတ်ချမ်းသာဖြစ်ရခြင်း ကောင်းကျိုး ချမ်းသာတို့ကို ခံစံ လျက် တဆင့်တဆင့် မြင့်တက်ပြီး နိဗ္ဗာန်ချမ်းသာစင်ကို ရရောက် လွယ်သည့်မှတ်လေ၊ ကျင့်သုံး ဆောက်တည် ကြလေ။

---

# ဒုတိယရက် ရာဇဓမ္မ

၁၊ ဒါန-ပုဂ္ဂိုလ်မရွေး ပေးခြင်းလှူခြင်း၊

၂၊ သီလ-ငါးပါးသီလ-ရှစ်ပါးသီလစောင့်ခြင်း၊

၃၊ ပရိစ္စာဂ-ငတ်မွတ်ဘေးဆိုက်သောခါ စွန့်ခြင်း ဝေဌခြင်း၊

၄၊ အဇ္ဇဝ-မျက်နှာမလိုက် စိတ်ဖြူဖြောင့်ခြင်း၊

၅၊ မဒ္ဒဝ-ပြောဆိုရာ၌ သာယာနူးညံ့ခြင်း၊

၆၊ တပ-တင်းတိမ်ရောင့်ရဲသော အကျင့်ရှိခြင်း၊

၇၊ အကောဓ-စိတ်ကြမ်းမဖြစ်စေရခြင်း၊

၈၊ အဝိဟိံသ-အနိုင်ရတိုင်း မနှိပ်ရ-မညှဉ်းရ၊

၉၊ ခန္တီ-တိုင်းပြည်သူတို့၏ ကဲ့ရဲ့မှုကို သည်းခံ နိုင်ခြင်း၊

၁၀၊ အဝိရောဓန-ကြပ်တည်းချုပ်ချယ်မှု မပြုရခြင်း၊

(ဤကား-မင်းမြတ်တို့၏ ကျင့်စဉ်စည်းမျဉ်းမှတ်လေ မင်းကြီး)

# တတိယရက် ဇီဝိတဒါန

မိမိနှင့် ကိုယ်ချင်းစာပါ၊သားငှက်တို့ကို တွေး၍ကြင်နာပါ သနားပါ-မေတ္တာရှိပါ။ မင်းတို့ကျင့်အပ် စရိတ်ကို ကြည့်ကြပ်သတိပြုနော်၊ သိမှုဆိုဒါ ပညာဉာဏ်မှတ်။ ဉာဏ်ရှိလျှင် အရာရာမှာ ချမ်းသာတယ်မင်းကြီး လူ သတ္တဝါမှန်သမျှ အပြစ်ရှိလျှင် ချုပ်နှောင်ခြင်း ရိုက်ခြင်း ဒဏ်ပေးခြင်း ထောင်ချခြင်း သတ်စေခြင်း စသည်တို့ကို အာဏာဖြင့် ဖိနှိပ်ရမည်၊ တော, တောင်, တောသား, ကျေးငှက်, တိရစ္ဆာန် တို့ကို အ ပြစ် ကင်း မဲ့ စွာ စား သောက်နေထိုင်လျက် အသက်မွေးကြရသည်၊ ဘာပြစ် ဘယ်အတွက် ဘာလုပ်တို့ ဘာကျိုးကို မြှော်လင့်ပြီး ချည်နှောင်၍ အချုပ်ထောင်မှာ ထားရပါသလဲ စဉ်းစား နေဦး။ ရာဇဝရိတ ကျင့်ခမ်း၌ အ ဝိဟိံသနဲ့ အ ဝိရောဓန ၂-ပါးနဲ့ဆန့်ကျင်နေဘိ မင်းကြီး။

(နားထောင်ကြ-တိုင်ပင်ကြ-တွေးလဲတွေးကြ၊)

တိရစ္ဆာန်ဟူသမျှ စားသောက် နေထိုင်ကြဒါ သတ် စားခြင်း၊ ခိုက်ရန်ဖြစ်ခြင်း၊ မေထုန်ပြုခြင်းတို့ကိုကား ဓမ္မတာ သဘာဝမျှသာ ဆိုရမယ်၊ အကုသိုလ် ဖြစ်ခြင်း၊ ကုသိုလ်ဖြစ်ခြင်းကောင်းရာလုပ်တယ်မကောင်းမှုပြုတယ် ဤကား ဒါနအလုပ် ဤကား သီလအလုပ်ဟူ၍ ဘုရား လောင်း အရိယာ အလောင်းတို့မှတပါး၊ ဒုစရိုက်ကို ပြုထိုက်-မပြုထိုက် ခွဲခြား၍ မသိကြပါဘူး၊ ထိုကဲ့သို့

အကုသိုလ် အပြစ်ကိုသိလျက်နှင့် ကျူးလွန်ခြင်းမဟုတ် ပါဘဲ ဘမ်းဆီး ချုပ်နှောင် ထားခြင်းမှာ ကိုယ်ချင်းစာ တရား မရှိရကြတယ်မှတ်ပါ၊

ဘယ်မျှပင် အစာကောင်းကျွေး၊
နေရေးမှာ ကြပ်တည်းတယ် မင်းကြီး၊

ငါကဲ့သို့ နိဗ္ဗာန်စာရင်းနှင့် တိရစ္ဆာန်မင်း၏ ဟောပြ ဆုံးမချက်ကို မကြားရပါက တိုင်းပြည်အုပ်ချုပ် မင်း လုပ်နေသော်လဲ မိမိက မိဖုယားများစွာနဲ့ပျော် သားငှက် တွေက စားကျက်သွားချင်ကြလို့ တကျော်ကျော်အော်- ကိုင်း-တော်ကြရဲ့လား မင်းမှူးမတ်များ....

၁၊ မိမိက မိဖုယားများနဲ့ပျော်-သားငှက် အ များက စားကျက်သွားချင်ကြလို့ တကျော် ကျော်အော်၊

၂၊ ရှင်ဘုရင်ကြီးက ထီးနန်းဗိမ်ာန် အချိန်မှန် ပျော်လိုက်၊ သားငှက် အကောင်တွေက အချုပ်ထောင်ကို မကြိုက်၊

၃၊ ဘုရင်မင်းက ဆီ-ဥ-ထောပတ် - အစာ ကောင်းတို့နှင့် ပွဲတော်တယ် ပျော်တော် ဆက်ကြ၊ သားငှက်အပေါင်းဘို့က ထောင် သံချိုင့်ကို တိုးကြ-ဝှေ့ကြ၊

၄၊ ဘုရင်မင်းနှင့် မိဖုယားမှူးမတ်နှင့် တိုင်းသူ ပြည်သား တို့က အနေချောင် အသွား

ချောင် အစားချောင်အညာ ချောင် မ
တရား မဖက်တဲ့သားငှက်တို့မှာတော့ အ
နေကြပ် အသွားဖင့် အစားမဝ ညာရ
ဒါလဲ အားမရ။

၅။ ဘုရင်နှင့် ပြည်သားတို့မှာတော့ ပွဲဓာတ်
သဘင်စသော ပျော်ပွဲမျိုးစုံတို့နှင့် ပျော်နိုင်
ကြတယ်။ မတရားစိတ်မကြီတဲ့ သားငှက်
တိရစ္ဆာန် တို့ မှာ တော့ မ လွှဲ သာ စား-
မတတ်နိုင်လို့နေကြ မပြေးနိုင်လို့အိပ်ကြရ
ထွက်ပေါက်မရလို့ ဘယ်ပုံမှမကြီစည်နိုင်
လို့ ကယ်မဲ့သူ မရှိလို့ ဘယ်တော့မှ ဒီ
ထောင်ချိုင့်ထဲမှာ မပျော်နိုင်ဘူး။

၆။ ပြည်ပိုင် မင်းမိဖုယားနှင့် မောင်းမဖြွေရံ
တို့ မှာ တော့ 'အိပ် ရာ ကောင်း အ စား
ကောင်း အနေကောင်း အပျော်ကောင်း
တွေနှင့် အိပ်နိုင်-စားနိုင်-နေနိုင် - ပျော်နိုင်
ကြပါပေတယ်။ တိရစ္ဆာန်တောမျိုး-သ
ဘောရိုး သားငှက် တို့ကလဲ သွားလိုရာ
စားကျက်သို့သွားချင်တယ် စားချင်တယ်
အိပ်ချင်တဲ့နေရာမှာအိပ်ပြီး၊ (ဘုရင်လို-
ထင်သလို)ပျော်ချင်ကြပါတယ်။

၇။ ထီးနန်းသခင် ဘုရင်မိဖုယား ပြည်သား
တို့မှာတော့၊ ကိုယ့်သားမယား၊ကိုယ့်လင်

ကိုယ့်စီးပွားနဲ့ ကိုယ့်အိမ်သား ကိုယ့်ဆွေမျိုး ကိုယ်၏လူပေါင်း အဖွဲ့အသင်းတို့နှင့် နေနိုင်ဒါလို ဒုစရိုက်ဆယ်ပါးကို အပါယ်သားကြောင်း သိလျက်နှင့် ပြုလုပ်မှု မရှိသော သားဌက်အပေါင်းတို့ကလဲ ကိုယ်၏ကြင်ဘက်ဇနီးမောင်နှံ သားသမီး-ဆွေမျိုးအုပ်စုတို့နှင့် အတူယှဉ်တွဲပြီး လွတ်လပ်စွာ နေလိုကြသည့် မင်းကြီး၊

ဒါ့ကြောင့်-ဇိဝိတဒါနကြီးကို ယခု ပေးလှူစမ်းပါ၊ အသင်ဆတ်မင်းသဘောကျ စိတ်ရင်းအတိုင်း စိမ့်ဘို့ရာ သားငှက် များကို ယခုအမြန်လှူပါတယ်။ အားလုံးသာဓု ခေါ်ကြသည်။ (မရှင်း ပြန်ဘတ်)

---

# စတုတ္ထရက် ဗာလနဲ့-ပဏ္ဍိတ

၁၊ သတ်ခြင်း-ခိုးခြင်းစသော ဒုစရိုက်ပြုရဲဒါလူမိုက် ဗာလမှတ်၊

၂။ ပညာမရှိဘဲနဲ့ မိမိကိုယ်ကို ပညာရှိထင်မှတ်နေဒါ အတိဗာလမှတ်။

၃။ လူဖြစ်ခိုက်မှာ ယောကျာ်းဖြစ်စေ၊ မိန်းမပင်ဖြစ်စေ တသက်တခါ လူဖြစ်ခိုက်မှာ ချမ်းသာသမျှ ငွေတို့နှင့် ကာမအာရုံ ဟူသမျှ စိတ်ထင်တိုင်း ခံစားပျော်မွေ့ခြင်း ဒုမ္မေဓ ဗာလမှတ်၊

၄။ ဘုရားစစ်-တရားစစ်တို့ကို ပုတ်ခတ်ပြောဆိုခြင်း သံဃာအစစ်တို့ကိုမရှာဖွေ မယုံကြည် မဆည်း ကပ်ခြင်း ဥဿုမက ဗာလမှတ်။

၅။ သက်ရှင်ဘုရားကို သွေးအနည်းငယ်ဖြစ်တို့ ညှဉ်း ပန်းခြင်း၊ တကျော့ကိလေသာ ကင်းသော အရှင် မြတ်တို့ကို သတ်ခြင်း။ သီလပြည့်စုံသော သမု တိသံဃာ-ပရမတ္ထ သံဃာတို့ကို ကွဲပြားအောင် ရန်တိုက်ခြင်း။ ကျေးဇူးရှင် အဘကိုသတ်ခြင်း၊ မွေးမိခင်ကိုသတ်ခြင်း၊ (ပဥ္စာနန္တရိယကံကို) ပြုသူ အန္ဓဗာလမှတ်။

{ အရင်းအဖျား-မရွေးထား-ပယ်ရှားဗာလဇာတ်၊ }
{ လူမိုက်နှင့်တွဲ-ချစ်ခင်ရဲ-သေလဲ ငရဲမှတ်၊ }

မိမိကားယခုဘယ်သူနဲ့တွဲနေပါသလဲ။ဘယ်လင်ဘယ်မယားနဲ့ပေါင်း သင်းနေပါသလဲ။ဘယ်လိုမိတ်ဆွေတွေနဲ့ အသင်းအဖွဲ့တွေနဲ့ ဆက်ဆံနေ ပါသလဲ။ ဘယ်သူ့ကိုမှီခို ကြည်ညိုအားကိုးပြုနေပါသလဲ။ သူများအပြစ် မကြည့်နဲ့ ကိုယ့်၏အပြစ်ကို အချစ်မပေါ်အောင် ကြည့်တတ်စေ။

မိမိခန္ဓာ၏ကိုယ်မှာ အနာပေါက်လျှင် သွေးပုတ်ပြည်ပုတ်တွေစုပေါင်း လာသောခါ မခံသာအောင် ကိုက်ခဲတတ်သည်။ သက်သာဖို့ ချမ်းသာ ဖို့ ဆေးဆရာကောင်းမှီခဲ့ရမယ်။ ဆေးလိမ်းရမယ်။ သွေးပြည်အမှုတ်တွေ ကို ညှစ်ထုတ်ပစ်ရမယ်။ အနာပျောက်အောင် ခဏခဏ လိမ်းဆေး သောက်ဆေးတို့ကို မှီခဲ့သုံးဆောင်ကြရဒါလို။

**မကောင်းလျှင် လက်မောင်းက**

**သွေးပုတ်ပြည်ပုတ်တွေဖေါက်။**

**အသေဝနာစ ဗာလနံ၊**

**ယခုဝေးကွာ ယခုချမ်းသာအမှန် ဒါ-ဥတ္တမံဘဲ၊**

၁။ အရာခပ်သိမ်း မြော်မြင် စဉ်းစားဉာဏ်ဖြင့် ဝေဘန်ကြံတင်သိမြင်၍ ဘေးဒုက္ခမလာမရောက်မီက ဉာဏ်ရှိသလောက် သတိပေး နှိုးဆော်ခြင်း ပဏ္ဍိတမှတ်။

၂။ ပညာရှင်တို့က ဆိုဆုံးမသော စကားကောင်းကို နားဝယ်၌ ရိုသေခညောင်း၍ လိုက်နာခြင်း။ အပြစ်ဘေးကို ကြောက်ရွံ့ ကာကွယ်တတ်ခြင်း ပဏ္ဍိတမှတ်။

၃။ ဘေးရန်တို့နှင့် ရင်ဆိုင် တွေ့ကြုံသောအခါ၊ သာယာနူးညံ့သောစကားတို့ဖြင့် ရန်သူ၏ စိတ်ကြမ်းပြေငြိမ်းအောင် ပြောတတ်ခြင်း ပဏ္ဍိတ။

၄။ သူတပါးတို့၏အပြစ်ကို မကြည့်ပါဘဲ၊ မိမိခန္ဓာ ဒုက္ခ အာဒိနဝ တို့ကိုသာ ဉာဏ်ဖြင့် အပြစ်ရှုနေခြင်း ပဏ္ဍိတမှတ်။

၅။ သီလပြည့်စုံခြင်း၊ ဈာန်ဗြဟ္မ သမာဓိ စောင့်ခြင်း၊ ဘုရားစသော ပညာရှိတို့၏ တရားတို့ကို နှလုံးသွင်းခြင်း၊ သူတပါးတို့ အား ဟောပြခြင်း ပဏ္ဍိတမှတ်။

၆။ မိမိ၏ တယောက်သော သားကဲ့သို့ အများသတ္တဝါတို့အား ချစ်ခင် ကြင်နာ သနားတတ်ခြင်း ပဏ္ဍိဘမှတ်။

၇။ ခန္ဓာ ဒုက္ခကို တကယ် ကြောက်လန့်သဖြင့် အပါယ်မကျဘဲ လူ၊နတ်၊ဗြဟ္မာထပ်ခါမဖြစ်ဘဲ

နိဗ္ဗာန်လမ်းပြ ဆရာမြတ်ကို တွေ့ဘို့ရာ နေ့စဉ်ဆု
တောင်းခြင်း၊ စားထုပ်ရိက္ခာဖြင့်(၀၁)ငွေကြေး
ပိုက်ဆံအကုန်ခံလျက်၊ ရှာဖွေခြင်း၊ ဆည်းကပ်-
ကိုးကွယ်ခြင်း ဒါပဏ္ဍိတမှတ်။

**ဖြစ်ကင်းပညာ-ပေးသူသာ-မြန်စွာဆည်းကပ်လိုက်**
**အပါယ်ဇာတိ- မြန်မငြိ-ပဏ္ဍိ-ဆည်းကပ်ထိုက်။**

ပညာရှိကို အမြဲတစေ ဆည်းကပ်မှီခိုနေကြ ပညာယူကြ ဝတ်ကြေ အောင်ပြုကြ ယခုဘဝမှာပင် တကယ့်ပညာရှင်နှင့် တွေ့ကြုံတတ်သည်။ ပညာလိုက်မှပညာရမည်။ပညာဉာဏ်ကိုမလိုလားဘဲ လောကဂုဏ်တန်ခိုးကြီးဘို့ ထင်ပေါ်စေဘို့လိုက်လျှင် ပညာမရဘဲ မိုက်မြဲ-မိုက်ခဲ့-မိုက်အိုးမဲ မှတ်တော့။

---

ဇာနိဂ္ဂရိကာ ဟိဗာလာ၊
ဗုဒ္ဓိဂ္ဂရိကာ ပဏ္ဍိတာ။

ဟိ၊ကဲ့ပြားအောင်ဆိုပေအံ့။ ဗာလာ၊ လူမိုက်တို့သည်။ ဇာနိဂ္ဂရိကာ၊ လူမြင်ဘို့နည်း လောကမှာ တန်ခိုးကြီးဘို့ အလေးပြုကြကုန်၏။

ပဏ္ဍိတာ၊လိမ္မာဉာဏ်မြိ ပညာရှိတို့သည်၊ ဗုဒ္ဓိဂ္ဂရိကာ၊ သစ္စာဉာဏ် ပညာထူးရဘို့ အလေးပြုကြကုန်၏။

ပညာစစ်စစ်မရှလျှင် မိုက်တွင်း နက်ကြရမည်မှတ်လေ။ ပညာရှိထံ နည်းမခံ ဂုဏ်မာန်တကြွားကြွား။ မှားအောင်နေကြ မှားအောင်လုပ်ကြ မှားတဲ့လူကို လူမှန်လူကောင်းထင်ကြ၍ အရာရာမှာ နစ်နာဆုံးရှုံးကြကြရသည်။ (တွေးဘတ်-ရောက်တဲ့နေရာမှတ်။)

**( ဤကား-ဗာလနဲ့-ပဏ္ဍိတ-ဟောခဏ်းတရပ် )**

---

# ပဉ္စမရက်–မေတ္တာသမထ

အသင်မင်းကြီး ခပ်သိမ်းသော သက်ရှိ သတ္တဝါတို့ကို၊ မိမိကိုယ်နှင့်ထပ်တူ ကြည်ဖြူ ချစ်ခင်ခြင်းနှင့် ပြည့်စုံပါစေ။

နေ့ညမလပ်သတိချပ်၍ ထပ်ခါမပြတ်ချမ်းသာကြစေလို မေတ္တာကမ္မဋ္ဌာန်းကို ဖိုးဖြန်းပါ။ နန်းတော်တွင်းရှိ မိဖုယားအပေါင်း မှူးမတ်အပေါင်းတို့ကို မေတ္တာပို့ရန် တိုက်တွန်းပါ၊ မြို့တွင်းမှအပ မြို့ပြင်ရှိ နယ်သူနယ်သား တို့ကိုလဲ မေတ္တာပို့ကြရန် အမိန့် အာဏာဖြင့် ထုတ်ပြန် ကျေညာပါ။

ရန်သူအားလုံးတို့ကို နှိမ်နင်းနိုင်သော ပညာရှိတို့၏ ကိုင်ဆောင်သော အသုံးလက်နက်ကို မေတ္တာသမထ ဟု တသက်လုံးမှတ်လေ မင်းကြီး။

---

# ဆဋ္ဌမရက်–မရဏာနုဿတိ

အသင်မင်းကြီး၊ အရွယ်အဆင်းလှပခြင်းကား အိုမင်းနောက်ဆုံးမှတ်။

ဖျားနာလွတ်ကင်း ချမ်းသာခြင်းကား နာခြင်း နောက်ဆုံးမှတ်။

အသက် ရှည်နေ ကျန်းမာလေလဲ သေခြင်း နောက်ဆုံးမှတ်။

ထီးနန်းသုခ ရှိသမျှသည်-ပျက်ရ နောက်ဆုံး မှတ်လေလော။

→ တောင့်တမရနိုင် ဘယ်သူမှမတတ်နိုင်သော
အဇာနေယျ-ငါးပါး

၁။ ဘယ်မှာအသက်ရှည်မယ်-ဘယ်အရွယ် သေမယ်မယ် မသိနိုင်။

၂။ ဘာရောဂါ - ဘယ်လိုဘေးနဲ့ သေမှာဘဲလို့ မသိနိုင်။

၃။ ဘယ်နှစ်, ဘယ်လ-ဘယ်ရက် ဘယ်အချိန် သေမည် မသိနိုင်။

၄။ ဒီရုပ်တုံးကြီးကို ရေမှာ-ကုန်းမှာ-ဘယ်နေရာ မြှုပ်ရမယ် မသိနိုင်။

၅။ ယခုဘဝကသေလျှင် ဘယ်ဘုံ ဘယ်ဘဝ ရောက်မည်ဟု မသိနိုင်။

ဒါ့ကြောင့် သေဘေးကို သတိချပ်ခါတွေး၊ မိမိမှာကိန်းအောင်နေသော မပေါ်ဘဲ တိမ်မြှုပ်နေသော တဏှာစိတ်တွေသည် သေဘေးတွေးသူ သတိရသူ ပညာရှင်တို့မှာ ပေါ်လာလျှင် အားနဲတယ်။ ပျောက်ကင်းနိုင်တယ်။ သေရမယ်အမှန် နေရဒါက တကယ်မမှန်၊ သေတို့ကိုသန္နေတည်စ၊ ရေကြည့် ရေမြှုပ်ကပင် ယခု အရွယ်ထိစဉ်းစားကြ၊ (စဘာတ်လျှင် ဗုဒ္ဓဘာသာဖြစ်ဘို့ဘတ်ပါ) ယခုထိုင်နေရင်း ရပ်တည်မရ မရဏာဒဏ်ချက်-မရဏာစက်ကွင်း မရဏာနှောင်အိမ်တွင်းက (အသေစိတ်-အသေလတ်-အသေကြဲ) အသေပေါင်း ဆက်ခါ နေသဖြင့်

မင်းကြီး တသက်တခါ သေဆိုက်ရမယ် သတိပြုပါ။ ရေကြည်ရေမြှုပ် နောက်ပြန်လို့ ဘယ်ခါမျှမဆုတ် သေရက်ကိုသာ ခြေကုပ်ရပြီး ရေမြှုပ်က ယာခု အထိ ခွဲဆိုတို့-မျက်ပြူလန်တို့ကိုသာ ရှေ့ရှုလျက် နေခင်း အပြိုင်မစီနဲ့ သေမင်းနိုင်ငံသို့-

---

# မစ္ဆုတမန် ဥဒါန်း

ယံ ဧကရတ္တိံ ပဌမံ၊ ဂဗ္ဘေ ဝသတိ မာဏဝေါ။

အဗ္ဘုဋ္ဌိတောဝ သော-ယာတိ၊ သ-ဂစ္ဆံ န နိဝတ္တတိ။

ယံ၊သန္ဓေဖွဲ့နှောင်အကြွင်လူသတ္တဝါကောင်သည်။ဧကရတ္တိံ၊ တခဏတချိန် တညဥ့်၌၊ပဌမံ၊ရှေးဦးစွာ၊ ဂဗ္ဘေ၊ ပုတ်ညှိဟှောင်အိုက်အမိ၏သားအိမ်ဝမ်းတိုက်၌၊ဝသတိ၊ ရေညှိ ရေမသတိ ရေကြည် အခြေ တည်နေရလေ၏၊ သောမာဏဝေါ၊ရေကြည်ဇာတ်ပါ ထိုကဲ့သို့ နေရသော သတ္တဝါသည်၊ အဗ္ဘုဋ္ဌိတောဝ၊ နေရင်းကို မတွေးမမှု သေခြင်းကို ရှေးရှုလျက်သာလျှင်၊ ယာတိ၊ နေ့လ ပမာ အလား လျှင်မြန်စွာပြေးသွား၍ နေရလေ၏။ ဂစ္ဆံ၊ သေခြင်းသို့ ရှေးရှုခါ မပြတ်သွားလျက် နေသော။ သသော၊ ထိုအပူမပြတ်ရှာတဲ့ လူသတ္တဝါသည်၊ နနိဝတ္တိ၊ နောက်သို့မပြန်နိုင်။ နနိဝတ္တတိ၊ သေဘက်ကိုသာဆန် ရေကြည် ရေမြှုပ်သို့ မပြန်ပါဘဲ လျှင်မြန်စွာ သွားကြတဲ့ နေ-လ ရထားတို့ကဲ့သို့ နေကြတဲ့ သတ္တဝါအများ ကာမဂုဏ်

လေဟုန်စီးပြီး ခြောင်........သေဘုံကြီးမှာ ဖြစ်ကြရလေ ကုန်တော့သတည်း။

(ဤကား-ဘုရားဖြစ်ခါမှ ဟောတော်မူခြင်းမှတ်ကြ)

---

# သတ္တမရက်-ကာမာဒီနဝ

အသင်မင်းကြီး၊ ကာမဂုဏ်ကိုအနှစ်မထင်နဲ့ အချစ်မဝင်လေနဲ့ အပြစ်မြင်လေ၊ (ကာမ) ဆိုဒါ ၂-မျိုးရှိတယ်၊ကိလေသ ကာမနဲ့ ဝတ္ထုကာမဘဲ၊ ရင်ထဲကအာရုံမျိုးစုံကို ကြိုက်နှစ်သက်တတ်သော ဆန္ဒရာဂခေါ် တဏှာစိတ်ကို ရင်တွင်းမီး ပူ လောင် စေ တ တ် ခြင်း ကြောင့် ကိလေသာ ကာမဆိုသည်မှတ်၊

အဆင်း, အသံ, အနံ့, အစာ, အတွေ့ဟူ၍ အတိုချုပ်မှတ်တမ်းတင်လိုက်သော၊လင်,မယား,သွီးသား,ရှိးစား, စီးပွား, ရွှေငွေ, ထိးနန်းနှင့် တကွ ပိုင်ဆိုင် မက်မောနေသော ကာမဂုဏ်ငါးပါးတို့ကိုဝတ္ထုကာမလို့မှတ်လိုက်၊

၁။ ကိလေသာကာမ-ရင်တွင်းတဏှာ နာခံ၊

၂။ ဝတ္ထုကာမ-ခံစားအပ်သော ရုပ်အစု၊

၃။ ခံစားတတ်သောစိတ်နာခံဘဏှာကို ကိလေသာ ကာမ မှတ်ကြ၊

၄။ ခံစားအပ်သော အရာဝတ္ထု-ရုပ်အစုကို ဝတ္ထုကာမ မှတ်ကြ၊

ကိလေသာ ကာမကား၊ မိမိ၏ကိုယ်တွင်းမှာ ကိန်းဝပ်နေသည့်၊အကြောင်းရှိမှမြွေပွေးမြွေဟောက် ထိမှပေါက်သကဲ့သို့ အရှိန်ပြင်းစွာ အဆိပ်ထွက်လျက် သတ္တဝါကိုသေအောင် ကိုက်တတ်သော ဆန္ဒရာဂတည်း။ (ဆန္ဒ၊ အလိုရှိခြင်း၊ ရာဂ၊ ပူလောင်ခြင်း) မိမိခန္ဓာ ရုပ်နာမ်၌ အာရုံမခံစားရလျှင် မစားနိုင်-မအိပ်နိုင်-မပျော်နိုင် မသွားချင်-မလာချင်- ပူလောင်သော ရာဂမီးကြောင့် အာရုံဖြေစရာ အာရုံပြေစရာ ရှာဖွေတွေ့မြင်ရပါက၊ အစွမ်းရှိသလောက် အင် အား ကောင်း သ လော က် အ ချိန် ရသလောက် မိမိသို့ ဘွတ်လာ အောင် ပါ လာ အောင် အမျိုးမျိုး ဆွဲဆောင်လှည့်ပတ်ပြီး၊လင်-မယား စီးပွားစသော ကာမဂုဏ်တို့ကို ခံစားကြရသည့်၊ ခံစားတုံး-ခံစားဆဲ-ခံစားနေသော အချိန်ပိုင်း အတွင်းမှာ (ကိုယ်တွေ့ စဉ်းစားဘတ်၊ဒိသိလုံး ဗုဒ္ဓရဲ့ ဘာသာမှတ်လိုက်) မိမိ၏ ဆန္ဒရာဂစိတ် အာရုံရောက်သလောက် တွေ့ကြုံသော ရူပါရုံ-သဒ္ဒါရုံ-ဂန္ဓာရုံ-ရသာရုံ-ဖေါဋ္ဌဗ္ဗာရုံ ကာမဂုဏ် ၅-ပါးတို့ကို ခံစားလို့ အားမရဒါ တဏှာရေမှတ်၊

ရာဂကို မီး။ ဘာ့ကြောင့် ခံစားချင် အားကြီးလို့။
တဏှာကို ရေ။ ဘာ့ကြောင့်ခံစားလို့-မတော်ချင်လို့။

## နတ္ထိ ရာဂ သမော အဂ္ဂိ

ရာဂသမော၊ ရာဂစိတ်နဲ့ တူသော၊ အဂ္ဂိ၊ ရေအေးသောက်လေ မီးတောက်များလေ ဖြစ်သော ခံစားချင်အားကြီး ရင်တွင်းမီးသည်၊နတ္ထိ၊ ဘယ်မှာရှာကြည့် နတ်ပြည်မှာမရှိ၊

ရာဂနဲ့ တူသော မီးမရှိဘူး ဟောတော်မူဒါ တွေး ပါလား။

**နတ္ထိ တဏှာသမာ နဒီ**

တဏှာသမာ။ ခံစားဆဲမှာ မတော်ချင် မတန်ချင်- တဏှာစိတ်နှင့်တူသော။ နဒီ၊ မြစ်ရေအယဉ်သည်။ နတ္ထိ၊ ဖြဗ္ဗာပြည်မှာ ရှာဘွေတွေးကြည့် လုံးဝမရှိ။

---

# ရာဂနဲ့ တဏှာ- အခေါ်မှာလွဲ တသဘောထဲ

သဗ္ဗဝါတ္ထု၏ ကိလေသာအကြွင်း-အနှုကိုသိတော်မူ၍၊ ကျေးဇူးရှင် မြတ်စွာဘုရားက ရာဂကို မီးနဲ့ ဥပမာ ဟောပြတယ်။ တဏှာကိုတော့ မြစ်ရေစီးသလို ဟော ပြတယ်။

မီးသည် ပူပြင်း၏-ရာဂသည် သည်းမခံနိုင် သေတတ်၏။

ရေရှိမြစ်သည် သွား၍မဆုံး၊ တဏှာသည် ခံစားလို့မမုန်း။

အသင်မင်းကြီး ယနေ့က စ၍ ကိလေသာ ကာမလဲ အပြစ်ကြီးဖြစ်သည်လို့ ထပ်ခါစဉ်းစား။ ဝတ္ထုကာမတွေ လဲ အနှစ်မစာက် အပြစ်သက်သက်ဖြစ်ကြောင်းကို နှလုံး

သွင်းရစ်လေ။ အပြစ်ကို အချစ်အနှစ်သက် လုံးကြောင့် ဖြစ်တိုင်း-ဖြစ်တိုင်းသော သဝတ္တိမှာ အသက်ခန္ဓာ ဆုံး ရှုံးကြရတယ်။ အပါယ် လေးပါးသို့ နစ်မြုပ် ကြရတယ်။ ကြောက်လေ-လန့်လေ မိမိ ခံစားခဲ့သော ကောင်းမှုအာရုံ တို့ကို လိုက်ရှာနေဉ်း ယခု ပျော်မွေ့ ခံစား နေသော အရိပ်မိဖုယား အငွေ့ ထိုးနန်းတို့နှင့် အာရုံခံ ကောင်းမှု ကြီးကို တွေ့အောင်ရှာပါ။

---

# ခေမာ မိဖုယားကြီး သတိပြုရန်

အိပ်မက်ထူး မြင်မက်သော ခေမာ မိဖုယားကြီး။ ယခုဟောပြ ဆုံးမခဲ့သော ၇-ရက် တရားတို့ကို မမေ့ လေနဲ့။ လင်ယောက်ျားအာရုံဆိုဒါ ဝတ္ထုကာမမှတ်၊ မိမိ စိတ်က ကြိုက်နှစ်သက်နေဒါကို ကိလေသ ကာမမှတ်။ မိမိအိပ်မက်ဟာ မိမိအား သံဝေဂဖြစ်ဘို့ရာ သတိပေး နိုးဆော်ခြင်းမှတ်ပါ။ ဝတ္ထုကာမဆိုဒါ ကိုယ်တွင်း အနု သယတဏှာက အာရုံဆက်သွယ်ခြင်းကို မှတ်ပါ။ (မိမိ စိတ်ဇော-လောဘကို ကိလေသမှတ်။) ထိုပူပန်မှုကိလေ သ ဒဏ်ချက် မခံသာသဖြင့် အာရုံဖြေစရာ ရုပ်ဝတ္ထု အစုစု တို့ကိုပင် လင်ထင်-ဘုရင်ထင်-ထိုးနန်းထင်-သား ကောင်,သမီးကောင်တွေထင်၍ အာရုံ ခံစားကြရတယ်၊ ကာမဂုဏ် ငါးပါးဆိုတာဘာလဲ။

၁။ အဆင်းရူပါရုံကို-လှတယ်။
၂။ အသံသဒ္ဒါရုံကို-သာယာတယ်။
၃။ အနံ့ဂန္ဓာရုံကို-မွှေးတယ်။
၄။ အစာရသာရုံကို-ဆိမ့်တယ်။
၅။ အတွေ့ဖောဋ္ဌဗ္ဗာရုံကို-ကောင်းတယ်။

ကာမဂုဏ်-ငါးပါးတို့ကို နေ့စဉ် လိုက်စား၍ အချိန်ကုန်ကြရတယ်။ အချိန်ကုန်ဒါ ဘာလဲ၊ အိုကြ-နာကြ-သေကြရတယ်။ သေပြီးနောက် ဘာဖြစ်ပြန်သလဲ။ မိမိတို့၏ နှစ်သက်ရာ စွဲလမ်းသဖြင့် ငရဲခမ်းဖွင့် ကြပြန်တယ်။ သဉ္ဇိုဝ်းငရဲ၊ ကာလသုတ်ငရဲစသော ငရဲကြီး ရှစ်ထပ်သို့ အခေါက်ခေါက် အပြန်ပြန် တိရစ္ဆာန် အဖြစ်မှ ပြိတ္တာ ဆက်၊ အသူရကာယ် ခေါ်သော အပါယ် ဝဋ်ဒုက္ခမှ ထွက်ပေါက် မရဘဲ ဆိဆိုလှည့်နွား ရဟတ်ချားကဲ့သို့ ရပ်နား မရဘဲ တဝဲလည်လည် ကာမဂုဏ် အပြစ်ကြောင့်၊ (မွေး-အို-နာ-သေ) မဆုံးဘဲ သံသရာ ဒုက္ခ၌ မြုပ်ကြ-မျောကြ နစ်မွန်းကြရသည် မိဖုယားကြီး။

**မီးခဲကား-ရင်တွင်း ရာဂစိတ်။**
**မီးတောက်ကား-ဘုရင်ရုပ် မိဖုယားရုပ်။**

အလွန် စက်ဆုတ်ဖွယ်ရှိမှန်သော လူကောင်ပုတ် မသေခင်ကပုတ် အင်မတန် ရွံမုန်းဖွယ် ဖြစ်သော ရုပ်ပုတ်ရုပ်ဆွေး နာနာတွေးပါ၊ မိမိ၏ ရုပ်ခန္ဓာကြီးဟာ အမြဲတမ်း စက်ဆုတ်ဖွယ် ရွံဖွယ် မုန်းဖွယ် မလိုချင်ဖွယ် အပြစ် ရအောင် ရှာနေ၌။ (အပြစ်ရှာရင်း-အချစ်ဝင်လာတတ်တယ်။)

ဥကျွောင်းတပိုင်း၊ လည်တိုင်မှ အောက် ခါးအထိ တပိုင်း၊ ခါးမှခြေစုံအထိတပိုင်း၊ ထို ၃-ပိုင်းကို တပိုင်းစီ အပြင်ကိုထွက်ပြပုံ။ အတွင်းမှာ ရှိနေကြပုံ၊ အလုံးစုံဘယ်မျှတန်ဘိုးရှိသော ပစ္စည်းရတွေလဲလို့ အချစ် မခုနဲ့၊ အပြုရှုနေ၁်။ တနည်း၊ သင်-မိဖုယားကြီးရဲ့ အထက်ဥကျွောင်း၌ ဆံပင်အစရုရ၊ ပိုးကောင် သန်းအစရုရ၊ ချွေးစီးအစရုရ၊ သွေးပြည်အစရုရ၊ ဒိဥကျွောင်းထဲက ထွက်တာတွေ မျက်လုံး ၂-ဘက် အပေါက်ကထွက်၊ မျက်ချေးမျက်ရည် တစက်စက်၊ နားပေါက် ၂-ဘက်ကထွက်နဖါချေး အစိုနဲ့အခြောက်ပြည့်လျှက်၊ နှာခေါင်းထဲမှာနှာဝမှာ ထွက်ပြ၊ နှာရည်နဲ့ နှပ်ချေးတွေက မပြတ်ကျတယ်။ (မျက်စိနဲ့ အမြင်သာချည်းဘဲ) လျှာရှိတဲ့ ပါးစပ်အပေါက်ထဲက(စာဘတ်လျှင် ခေမာမိဖုယားကို ဆတ်မင်းကတရားပြတယ်ချည်း ထင်သလား။ အသင်စာဘတ်ယောဂီကို ဆရာတော်-ဦးမြတ်သိန်းထွန်းက တရားပြနေသည်မှတ်။ ဆရာတော်-ဦးမြတ်သိန်းထွန်းကိုလဲ မြတ်စွာဘုရားက ယခုကျမ်းစာရေးရင်း ရင်တွင်း နှလုံးသားထဲကအထင်အလင်း ဖုံးမထားဘဲ ဖွင့်၍ တရား ပြနေထယ်ယောဂီတို့။)

# ဇာတ်ကွက် ဆက်ဘတ်ပါ

အသင် ခေမာမိဖုယားကြီး၏ တဏှာမပြတ် ရောက်တဲ့ လျှာပါးစပ်ပေါက်က တစိုစို တစိမ့်စိမ့် တစက်စက်

ဘာတွေ ထွက်သလဲ။ ဒီကာမရဲ့ အပြစ် အာဒီနဝကို ပိဋကတ် စာကြည့်မှ သိကြရမယ် မဟုတ်ပါဘူး၊ ထွက်နေဒါတွေ တံထွေးပုတ်, သွားရည်ပုတ်, သွားချေးပုတ်, လေချဉ်ပုတ်, အစာပုတ်တွေ အော့တယ် အန်ကျတယ် နေ့လဲကျ စကား ပြော ရင်း လဲ ကျ ဆေး လိပ် သောက် တံထွေးနဲ့ ရောသောက်ကြ ကွမ်းစားလဲ တံထွေးပုတ်နဲ့ ရောစားကြ။ ကြက်သား ဝက်သား ထမင်း ဘောဇဉ် ပွဲတော်တည် ဘာကိုဘဲစားစား တံထွေးပုတ်နဲ့ ရောစားကြ၊ ဒါအာဒီနဝမှတ်။ နားထောင်နားစိုက် အများကြိုက်တဲ့ ဆိတ်သား ဘဲသား ငါး-ဖါးမျိုးစုံ ဆီဥ-ထောပတ် တင်လဲ-သကာချို ပျားရည်ချို စားပါ၊ တံထွေးပုတ်နဲ့ မျိုမချဘဲ မဖြစ်ဘူး။

ဆေးဆရာကပေးတဲ့ ဆေးမှုန့် ဆေးရည်မျိုးစုံ၊ ရေခဲ အဖျော်ရည်မျိုးစုံ၊ ကာဗိ လဘက်ရည် စသော အရည် မျိုးဘက်က (စာရှုက် မရှုတ်အောင် ဒေါင့်က ဖွန်ပါ။) ထန်းရည် စိန်ရည် ဆေးအရက် ကောက်ညှင်းအရက် ကောက်ကြမ်းအရက် သစ်ခွဲပုတ်သိုးနေသော သစ်မှိုက် ရည်ခေါ်(သစ်ခွအရက်) စားပါမျိုးစုံ သောက်စမ်းပါ မျိုးစုံ တံထွေးပုတ်နဲ့ ဖက်စပ်လုပ် သောက်စားကြမှ သာ လျှာပုတ်က ရသတဏှာ ဖြစ်မယ်ယောဂ၊ ဘယ်မှာ လဲ ခေမာမိဗုယား တွေ့အောင် ရှာကြနော်၊ တရားရဘို့ ကြိုပ်လှချည်ရဲ့၊ ဒါထွက်ပေါက်တရား မဟုတ်သေး။

ကာမာဒီနဝ သံဝေဂမှတ်။

## ပါးစပ်ထဲကလျှာ-အပုတ်စိမ်

အပုတ်ရည်စိမ် လျှာ၏ ဖိမ်ဟာ ဘာတွေလဲ၊ မစားရမီက အမဲပုတ် ကြက်ပုတ် ဘဲပုတ် ဝက်သားပုတ် ငါးပုတ် ဖါးပုတ် ဆိတ်သားလဲ အစိမ်းသက်သက် သွေးပုတ်ခဲ ပါဘဲ၊ အဲဒီ အသားပုတ် သွေးပုတ်တုံးတွေကို ဆီ,ငြုတ်,ဂျင်း, စပလင်,ပင်စိမ်း,ကရဝေး, ဇာဒိပ္ဖိုလ်, နံနံ, ကြက်သွန်မိတ်, မဆလာ, ငြုတ်ကောင်းမှုန့် စသည်တို့နဲ့ မွမ်းမံ ချယ်လှယ်ပြီး ချက်လိုက် ပြုတ်လိုက် ကင်လိုက် ကြော်လိုက် နည်းမျိုးစုံ ဉာဏ်သွားသလောက် ကြံဖန်၍ စားကြပေမဲ့ တံထွေးပုတ်ရေ အချိန်မှန်တဲ့ လျှာပြားနဲ့ ဖိမ်ခံဒါပါဘဲ။ (အစာပုတ်တွေနဲ့ လျှာပုတ် ဖက်စပ်လုပ်ကြပုံ၊ ဒါမိဖုယားကြီးရဲ့ ဥကျောင်းပိုင်း အထက်ပိုင်း တပိုင်းသန့်သန့်ကို ချစ်လိုးမရ အပြစ်လုံးတွေ ပြနေတယ်မှတ်၊ အထက်ပိုင်း သိလျှင် အလယ်ပိုင်းနဲ့ အောက်ပိုင်းကို ရေးဘို့ တွေးဘို့ ဟောပြဘို့မလို၊

ဤကား — အပုတ်စိမ် လျှာပါးစပ်ဝရဲ့ ဇိမ်။
ညအိပ်ရင် ထွက်ကျဒါ ဖယ်ပါ။

သတ္တမရက် ကာမဒိနဝခေါ် ကာမဂုဏ်၏ ဘေးဒုက္ခအပြစ်တို့ကို အနည်းငယ် ဉာဏ်တွေရဘို့ သံဝေဂဖြင့် ဆတ်မင်းက ဟောပြ ဆုံးမသော အခါ ဘုရင်နှင့်တကွ

ပြည်သား အားလုံးတို့က ဝမ်းသာအားရ သာဓု ခေါ်ကြ
သည်၊ တိရစ္ဆာန် သား,ငှက်အပေါင်းကိုလဲ တရားဟော
ပြီးနောက် အချုပ်ထောင် နှောင်အိမ် သံချိုင့်မျိုးစုံတို့မှ
ဖွင့်ထုတ် လိုက်ကြသည်၊ ဘေးလွတ်ရာသို့ သွားလာကြ
သည်ကို ဘုရင် မိဖုယား မှူးမတ် ပြည်သူများ ကြည့်ကြ
ကုန်သည်၊နှောင်အိမ် သံချိုင့် ထောင်ချုပ်မှဖွင့်ထုတ် ပြေး
သွား ပြန်တက်ကြသော မြူးရှုန် ပျော်မွေ့ကြသော သား
ငှက်တို့လဲ မြည်ကြ တွန်ကြ အော်ဟစ်ကြ ဆန္ဒရှိရာ နား
ကြ သွားကြ အိပ်ကြသည်၊

## ဘုရားလောင်း၏ ဇီဝိတဒါန

ဘုရင့် အမိန့်တော်....... တစုံ တယောက်သော သူမှ
ကြေးငှက် - စသည်တို့ကို သေနတ်,မြှား, ဒုတ်, ဓား,ခဲ,
လောက်လေးစသည်ဖြင့်မပစ်ရ၊မခြောက်ရ၊မအော်ရ၊မ
လှန့်ရ၊သတ်ပစ်ဘို့ဝေးစွ( မည်သည့်သူဌေးမျိုးမည်သည့်
ရှင်ဘုရင်မျိုးမှ)မလှူတတ် - မလှူရဲ - မလှူဝံ့သော ပရမတ္ထ
ဇီဝိတဒါနကြီးကို အံ့ချီးလို့ မကုန်အောင် ဗာရာဏသီ
ပြည်မ နှင့် ပြည်နယ် ကျေးလက်ရှိ လူအပေါင်းတို့က
ပြောမဆုံး တောလုံးညံ့လျက် အံ့ဩကြသည်မှတ်၊

ဘုရင်၏ အမိန့်တော်ကို နာခံကြရသဖြင့် ခက်ခဲသော
ဘေးကြီးတွေ့ပုံ၊ လူအများ စိုက်ပျိုးထားသော ခြံ-
ဥယျာဉ် - သစ်ပင်မျိုးစုံတို့ကို ဆင်, မြင်း, တောဝက်,

မျှောက်, သမင်, ဒရယ် - စသော သားမျှောက်တို့က စားသောက်ကြ-ချီးပဲ့ဖျက်ဆီးကြ-မပြောဝံ့ကြ။

## လယ်သီးချိန်

စပါးတော၌ ကျေးငှက်အပေါင်း သိန်း,သောင်းမက စားကြ-သောက်ကြဒါကိုလဲ လူအများ လယ်သမားတို့က မခြောက်ရဲ-မလှန့်ရဲကြ။ ထိုအကြောင်းကို ဘုရားလောင်း နား၍ ကြားရသောအခါ သားငှက်တို့ကို တောထဲမှခေါ် ရုဝေးကြ-နားထောင်ကြ၊ လူအများ စားသောက် သုံးစွဲသော သစ်ပင်, သစ်သီး,စပါး,ပြောင်း,ပဲ-စသည့်တို့ကို ယနေ့ကစ၍ အသင်တို့ မစားရ၊မနားရ၊မသွားရ၊မဖျက်ဆီးရ မှတ်ကြ။

တောထဲမှာ ရှိသော အစာ အာဟာရ တို့ကိုသာ သုံးစွဲစားသောက်၍ နေထိုင်ကြ ဟု သားငှက်တိရစ္ဆာန်အပေါင်းကို တရား ဓမ္မစကားဖြင့် နိဗ္ဗာန်ရကြောင်း ဆုံးမတော်ထာ ဘုရားလောင်းမှတ်။

ဆတ်မင်းက တိရစ္ဆာန်တို့ကို ဆုံးမပုံကို လူမင်းက လူ-လူချင်း ဆုံးမပုံနဲ့နှိုင်းယှဉ်ကြ။

# ဇာတ်တော်ပေါင်းပြီ

၁။ ဘုရားလောင်း ဆတ်မင်းက-ဂေါတမဘုရား။
၂။ လူယုတ်မာ သူဌေးသားက-ဒေဝဒတ်၊

၃။ ရှင်ဘုရင်က-ညီတော် အာနန္ဒာ၊
၄။ ခမည်းတော်ဖြစ်သူ ဗုဒ္ဓဘုရားက ရှင်ဥပလဝဏ်ထေရီမ၊
၅။ သားရင်းတို့က-မျိုးတော် ရှစ်သောင်း မှတ်ကြ၊

ဆယ့်သုံးနိပါတ် ရုရုဇာတ်ကို ဂူမှမပြတ် တရားသဘောပါပုံ၊ ဘုရားဟော(သာကေယျံပါမှ သဒ္ဓါဒုလ္လဘာ) ဟာ သုလဘာဖြစ်ကြမယ်၊ ရုရုဘဝဆိုဒါ ဆတ်မင်းဖြစ်စဉ်က ယောဂီ-ဇာတ်ရင်းအစစ်မြင်၍ ဘုရားဖြစ်မှ ဟောရတယ်၊ ဘာ့ကြောင့် ဒေဝဒတ် ရဟန်းယုတ်မာကြောင့် လမ်းမဟုတ်ထာ လမ်းကြောင်းထင်မှာကြောင့် ရဟန်းကောင်းတို့ရဲ့အမြင်မှာ (တချို့သဘော)မညီသည့် အရိပ်ပါသမို့ သို့လော ဝိစိကိစ္ဆာ သံသယကင်းကြရန် မှန်ပြ၍ လင်းရဒါက လိုရင်းဘာလဲ၊

လူမိုက်မှန်းသိလျှင်-အမြန်ရှောင်။
လူမိုက်ကိုမြင်လျှင်-ပုန်းအောင်းနေပါ။
လူမိုက်နေတဲ့ဌာန-မစုံစမ်းလေနဲ့။
လူမိုက်ရဲ့နာမည်ကို-ပါးစပ်က မပြောနဲ့။
လူမိုက်ဆိုလျှင် ပုဂ္ဂိုလ်မရွေး လွတ်အောင်သာပြေး။
လူမိုက်ကို ချီးမွမ်းလျှင်-အသင်ဟာ ရူးလို့ဘဲ။
လူမိုက်ကို ဂုဏ်တင်လျှင်-အသင်ဟာ မဟာဗာလပါဘဲ။
လူမိုက်မကင်းသေး-ကင်းဝေးဘို့ အမြန်ကြံနော်။

ဆရာတော် ဦးမြတ်သိန်းထွန်း မသေခင် မှာခဲ့မယ်၊

လူမိုက်ပါတဲ့ အဖွဲ့ဟာ–တန်ခိုးငယ်ရမယ်မှတ်၊
လူမိုက်ဟာ ပိုက်ဆံဘယ်မျှပင်ရ–ငရဲအလုပ်, လုပ်မှာဘဲ။
လူမိုက်ကို ပညာရှိထင်သူဟာ - မဟာ ဗာလ ဥ မ္မ တ္တ က
အန္ဓမှတ်။
လူမိုက်နဲ့ လင်ဖြစ်, မယားဖြစ်နေရဒါ - ရေထဲခုန်ချသေ
ဒါက သင့်၏။
လူမိုက်ဟာသူဌေးကြီးဖြစ်, ဘုရင်ကြီးဖြစ် လှည့်မကြည့်
လေနဲ့။
သားမိုက်, သမီးမိုက်၊ မြေး, မြစ်မိုက်–လင်မိုက်, မယားမိုက်
မခွဲနိုင်ဘဲ တွဲနိုင်နေသမျှ စိတ်မချမ်းသာဘူးပုဒ်ပြတ်မှတ်။
နိဗ္ဗာန်ရကြောင်း တရားကောင်းကို ဖယ်၊ လူပြည်–
နတ်ပြည်၌ ဖြစ်ရန်ခဲယဉ်း ငရဲစာရင်းဝင်ဟူ၍ စာ
မကြည့်နဲ့။ တွံ၊ အသင်ယောဂီသည်။ ဂဏှာဟိ၊ မှတ်
လေလော။

## လိုရင်း ယခုနိပါတ် ဂုရုဇာတ်ဟာ ဘာလဲ

ဗာလအသေဝန၊လူမိုက်မပေါင်းရ၊ မမှီခိုရ၊ မကြည်
ညိုရ၊ ဘာတခွန်းမှ ပြန်မလှန်နဲ့ယောဂီ၊ မင်္ဂလာ တရား
တော်နဲ့ ရန်ဆက်မလုပ်နဲ့နော်၊ ပညာရှိမှန်းသိလျှင် ယခု
အမြန် မှီခို-ကြည်ညို ဆက်ဆက် ပေါင်းသင်းတော့။
ပဏ္ဍိတာနဉ္စ သေဝနာ၊ မင်္ဂလာတရား အခြေခံကြောင့်
ဗာရာဏ ပြည်တော်စံ ဘုရင်နှင့် မိဖုယားအစ လူသား
ဟူသမျှတို့ပါ သားဌက် တိရစ္ဆာန် အပေါင်းနှင့်တကွ၊
တရားဓမ္မစက် နိဗ္ဗာန်ရကြောင်း လမ်းကောင်း ညွှန်ပြဒါ
ဘယ်သူလဲ။

တိုင်းပြည်အုပ် မင်းလုပ်တဲ့ လူ့ဘုရင်ကို တောသား ဆတ်ဘုရင်က မင်းကျင့်ခေါ် ရာဇစရိတ ဆယ်ပါးနဲ့ ဆုံးမရပုံ။ ငါးပါးသီလ - ညီမျှကြမှသာ တိုင်းပြည် ကောင်းဘို့ သမိုင်းခြေအကြောင်း ဟိုရှေး အတိတ် ဇာတ်ရင်းဖြင့် ဆတ်မင်းဖြစ်စဉ်က သာသနာပဆိုပေမဲ့ ယောဂီ၊ မဇ္ဈသာသနာ့ရဲ့အဖြစ် ဗာရာပြည်မှာလေ ဗုဒ္ဓ ဘာသာ အစစ်တွေ ဖြစ်ကြတယ်လို့ကော မပြောနိုင် ဘူးလား၊(စာဘတ်ရင်း ချောင်းမဆိုးပါနဲ့၊)

သာသနာတွင်း တေးပိဋ္ဌာ ခေတ်အတွင်းလိုတော့ စာထဲမှာ ပြလို့-ရှိလို့ ပြောကြပါရဲ့၊ သာသနာအတွင်း မှာ ဘာမှမဟုတ်တဲ့ပါပအရှုပ်နဲ့ သာသနာပအလုပ်တွေ ကိုပင် သာသနာဝင် ထင်မှာစိုးသဖြင့် ဒီမှာယောဂီ၊ သာဘာရင်းမမှား သာသနာအလင်းတရား သိကြဘို့၊

**၁၃၂၂-ခုနှစ်က ဗုဒ္ဓဘာသာဒီပနီ (ပထမတွဲ)**

**၁၃၂၃-ခုမှာပင် ဗုဒ္ဓဘာသာဒီပနီ(ဒုတိယတွဲ)**

ကျမ်းစာ တအုပ်ကို အဓိပ္ပါယ်ဆက်မိအောင် ဆက် ကြည့်ကြရအောင် အဘိဓမ္မာနည်း- သုတ္တန်နည်း ရုပ်, နာမ်စည်းနှင့် ဗုဒ္ဓ၏နိသျည်းကျကျ ထိုကျမ်း ၂-ကျမ်းမှာ ဘာသာပြန် အဓိပ္ပါယ် ပဋ္ဋည်းဆက် နောက်မကျဘို့ ၆-လအတွင်း၌ တသက်လုံး သိမှတ်ကြရအောင် မျက်နှာ ဖုံးနိပါတ် ရုပ်ပြအညီနှင့် ( **ဗုဒ္ဓဒီပနီ** ) ရှုခင်းတရပ်မို့ ( **ရှုမင်းဇာတ်ကို** ) တနည်း - ဇာတ်ရင်း အရပ်မို့ ဆတ်မင်းရုရုကို ကြို့တင်၍ သတိပေးလိုက်သည်။ ဤကား ဇာတ်ညွှန်း(ရှေ့တရားသား ဆက်ဘတ်ပေတော့၊)

(ဒုတိယတွဲ)

# ဗုဒ္ဓ ဘာသာ ဒီပနီ

## အနန္တ ၅-ပါး ရှိခိုးနည်း

ဗုဒ္ဓ- တဏှာမဆုံး အပူကင်းရာတဲ့၊ တကမ္ဘာလုံး လူ့,နတ်,ဗြဟ္မာတို့က တောင်းဆုတန်တန် ကောင်းမှုကံ ငွေကုန်ခံလျက်၊ သေဘုံစံ-တဏှာ သမုဒယနှင့် ဒိမသာ လူ့ဘဝမှာ အာရုံခံသမျှ အကြိုက်ဆုံး အမှိုက်ပုံးခန္ဓာ ရုပ်ကို ထင်လုံး-စွဲလုံး-မှားလုံးကြီး သံချေးတက်လျက် (အပုတ်ခရီးစဉ်) တကာတဲ အဟုတ်ကြီးထင်ပြီး မော် လိုက်- ပျော်ပိုက်- အပေါ်ကြိုက် ဘဝ-ချစ်ကြဒါ အစ အမြစ်ကရှာ၍ သမုဒတဏှာဖုံးတဲ့ သုခကမ္ဘာလုံးကြီးကို အနန္တဝရဇိန်လက်နက်ဖြင့် ဖြိုကွဲအောင်ဖြိုခွဲရန် မချမချစ် စရာ ဒုက္ခသစ္စာကိုသာ ပိုင်ပိုင်ဟောရန် ကန့်ကွက်သူ မကြောက်ဘဲ တယောက်ထဲ-ဉာဏ်တသူဖြင့်-အောင်ပွဲခံ အလံထူလျက် သယမ္ဘူ မြတ်ဗုဒ္ဓကို ဦးစွာပထမ ရည် မှန်းပြီး ဦကျမ်းက ရှိခိုး ကန်တော့ပါ၏ ဘုရား၊ ကိုယ် တွေ့ မဟုတ်သော်လဲ တရား တွေ့ရသဖြင့် ဘုရားဖြေ့ ပါရမီစဉ်တွေကို သာကီဝင် အာဂါရမုန် သားစစ်က ပုံရုပ်နှင့် ဂုဏ်ပုဒ်၂-စုံ သရုပ်တွဲလျက် အထူးဘဲ ပူဇော် ပါ၏ အရှင်ဘုရား။

(အန္ဓဗာလ-ဟူသမျှ-ဗုဒ္ဓမတွေ့မှတ်။)

ဓမ္မ—လမ်းမှန်တွေးပြီး ကျမ်းဂန်ရေးလုပ်သမျှ ဒုက္ခဘဲလို့ မြင်ပြီးမြင် မကြည့်ဘဲနဲ့ သတိလွှဲပေမဲ့-မြင် မမြင်ချင်မဖြစ် ခန္ဓာရေသောက်ဖြစ်ကို ငရဲခမ်းစင်အောင် အမြဲတန်းမြင် အနတ္တရေစင် မဂ္ဂင်ပေါက် နိဗ္ဗာန် ယာဉ်ကို။ ဝါ၊ ဒိဋ္ဌိဝိသုဒ္ဓိ တရားတော်မြတ်ကို၊ ဝါ၊ ရုပ်က ဘယ်လို နာမ်ကဒီပုံ ရုပ်နာမ်ချုပ်ထားက ဒီနည်း၊ ဝိပဿနာ ဉာဏ်ဆိမ်းကို။ ဝါ၊ မျက်မှန် မှန်ပြောင်း မှန်ဘီလူးမဆောင် ဒိဗ္ဗစက္ခု အဘိဉာဏ် မဆောင်ဘဲ လောကဘောင် သုခအကွက် တခုမှ မမက် အသုဘအချက် အပိုင်သိ အနိုင်သိ မိမိ၏အသိမှန် အသိဉာဏ် မြတ်တရားကို ထပ်မနား ရှိခိုးဒါ ရှိသေမှု၊ ရှိသေဒါ ကြည်ညိုခြင်း၊ ကြည်ညိုဒါ အားကိုးရဘီ၊ လူ့ဘဝမှာ ဘသူ့ကမှ အားမကိုးတော့ဘူး၊ ဘယ်လိုဂုဏ်တွေနဲ့ မိမိရတဲ့တရားဂုဏ်မလဲ ဝါလို့ ညာလို့ မြှောက်လို့ ချောက်လို့မရ၊ (အပ္ပရပ္ပဋ္ဌယ) ပရမတ္ထတရားအနှစ်ကို သွားလေရာပါလို့ ခန္ဓာထဲက ဘာတွေဘဲထွက် ပျက်ကျပေမဲ့ ဓမ္မရသ ဘယ်ခါမှထွက်မကျတဲ့ ဓမ္မစက်ဓမ္မအသိဉာဏ် ကိုယ်ပိုင်သိမြင်သော တရားအမှန်ကို အားကိုးပါ၏ ဘုရား၊ (ဘယ် သူ့ အား ကိုး ရမှာလဲ၊)

(ဥမ္မတ္တက-လူ့ဗာလ-ဓမ္မ မသိမှတ်)

---

သံဃ—ကိလေသာ အတ္တဒိဋ္ဌိကို သတ်ဆဲ-သတ်ပြီး၊ တနည်း ၂၂၇-ပါး သိက္ခာပုဒ်တော်ကို အသက်ခန္ဓာ ချစ်ခင်သလို ရှိသေစွာ စောင့်ထိန်း သော ပုထုဇန်

သံဃာ အရိယာ သံဃာတော်များကို၊ တနည်း-ဘုရားရှင် ပညတ်သော အာဏာဒေသနာကို ရှင်ဘုရင်၏ အာဏာကဲ့သို့၊ ဝါ၊ အသက်အသေခံမယ် ပါရာဇိက မကျအောင် သံဃာဒိသိက် အာပတ်မသင့်အောင် သီလ-သမာဓိ-သိက္ခာ ၂-ပါးကိုလုံချုံခိုင်မာပြီးနောက် မဂ်ရောက်ဖိုလ်ဝင် ပညာရှင်အစစ် အရိယာ ဖြစ်ဘို့ကို မူလ ဝန်ခံချက်ကို သတိမူပြီး၊ (ဂန္ထာဓုရနှင့် ဝိပဿနာဓုရ ခေါ်) ကျမ်းဂန်အရ ဘုရားရှင် လမ်းပြ စာပေ-သင်ကြားဆဲမှာ သက္ကာယဒိဋ္ဌိကွာဘို့ တပါတည်း ပါဝင်အောင် အားထုတ်ဆဲ-အားထုတ်ပြီး သံဃာစစ်အပေါင်းကိုသာ မြင်ရုံနဲ့ မသိနိုင်သော်လဲ(ရူပနိကာယ သဒ္ဒနိကာယ) ရုပ်မြင်သံကြား ထို ၂-ပါးကို အကဲခတ် ပွဲပြတ်ပြီး ရှိခိုးပါတယ် - ဦးချ ပါတယ် - ရိုသေပ ါမယ် - ပူဇော်ပါတယ် ဘုရား။

(ရှိခိုးတယ် - ဦးချတယ် ဆိုဒါ အရိုအသေ ပြုခြင်း ပါဘဲ။)

(လူမိုက်ဗာလာ—မြတ်သံဃာ-မှန်စွာ မသိမှတ်)

---

**မာတာပိတု—** ရှေးဦး သတိရ မွေးဘူးသော မိဘ ၂-ပါးကြောင့် ယခုအသက်တိုင် နေရတယ်၊ တရားမှန်လဲ ရတယ်။ အများသတ္တဝါတို့အတွက် ဘုရားရှင်၏ ကိုယ်စား တရားအမှန် ကျမ်းစာအမှန်တွေကိုလဲ ဟောရ-ရေးရတယ်၊ သာသနာပြုရတယ်။ မိမိလဲ တရားရ အများလဲ တရား ရကြစေရန် အသက်ရှည်ရခြင်း အကြောင်းမှာ

ဘမိ-၂ပါးတို့၏ ဂုဏ်ကျေးဇူးအစစ်မှန်တယ်၊ ယခုနှယ် အခါ ဘမိ-၂ပါးသာ ရှိနေပါက ဓမ္မစကြာအရ(အပို-မ ဟုတ်) အတိုချုပ် ဖြစ်မိသမျှ မဏ္ဍိမ အယူမှန် သမ္ဗာဒိဋ္ဌိ ခေါင်းဆောင်ဉာဏ် တချက်ကိုသာ ပေါ်ပြလျက်၊ ဒိဋ္ဌိခန္ဓာ ရုပ်သမျှ ရုပ်ဓမ္မဆိုဒါက ဒိမှာ၊ နာမ်ဓမ္မက (ဝေဒနာနာမ် အစပါတဲ့လို့၊ ဒေသနာမှန်ပြပြီး) သားတော်၏ ဉာဏ် အရ သဘောကျအောင် ဟောပြ ကျေးဇူးဆပ်ခြင်လှ၏၊ ဒိလို ကျေးဇူးဆပ် ရှိခိုး ကန်တော့ပေမဲ့ အားမရှိ သတိရ သော်လဲ မကျေနပ် ပါးစပ်ပြောနဲ့ စာထဲရေးရုံနဲ့ တင်း မတိမ်နိုင်သဖြင့် ၃-ကြိမ် ဦးချ အနန္တ စေတနာဖြင့် ဤ ကျမ်းစာကဘဲ ရည်မှန်းခါ ပဏာမဖြင့် ဂါရဝ ပြုပါ သည့် ဘမိခင်တို့ ဘုရား၊

(ကျေးဇူးအထူးမရှိတဲ့လူတွေကိုဘဲ တရားဟောနေရ တော့တာဘဲ။)

(အမိုက်လွန်ကျူး-ဘမိဦး-ကျေးဇူးမသိမှတ်)

---

**အာစရိယ**—လောကကြီး မှာ လိမ်မာ ယဉ်ကျေး ပညာသင်ပေး ဆိုဆုံးမသော ဆရာပေါင်းစုံတို့ကို မာန မရှိ ရှိခိုးပါ၏၊ ပိဋကတ် ၃-ပုံ သင်ပြပေးသော နောင် တော်ဆရာကို ကန်တော့ပါ၏၊ ပဋိပတ် လမ်းပြအမှန် ကျမ်းတတ်ဉာဏ်နှင့် စွယ်စုံ ပြည့်စုံကြသော ဆရာမြတ် တို့ကိုလဲ မေ့မရ ပျောက်မရ ကျေးဇူးတော် တင်ဆပ်ရ မှာက ဂုဏ်တော်တွေကို ချီးမွမ်းရခြင်း ဖြစ်ပါတယ် ဘုရား။ ရှိခိုးတယ်-ဦးချတယ် ဆိုဒါက စကား အဆန်း

စာအဆန်း အလုပ်အဆန်းမဟုတ်၊ စေတနာနှင့် အဓိဂမ သဒ္ဒါသည်ပင် ပြဌာန်းချက်အချုပ် လက်အုပ်မိုး မာန ချိုး စာကာဘဲရှိခိုး ဦးချ ဖူးမဝနိုင်ပါတော့သည် ဘုရား။

(ဆရာ၏ဂုဏ်-လူမိုက်ကုန်-လုံးစုံမသိမှတ်)

---

# စာဘတ်ယောဂီ-အထူးသတိပြုရန်

ဆရာသည် ကျမ်းစာအုပ်တိုင်းလိုပင် ဂုဏ်တော် ငါးစဉ်ကို ရှေးဦး ပဏာမပြုသည်ကို လူမိုက်မှန် သမျှတို့က သာသနာပျက်ဘို့ဟောတယ် ရတနာ သုံးပါးကို ပစ်ပယ်တယ် အရိယာ သောတာပန်တို့ကို ကဲ့ရဲ့တယ်လို့ စွပ်စွဲခြင်းမှာ—

ယခု ဘဝမှာပင် နေ့-ည-နှစ်-လ မကြာ၊
ဓမ္မအန္တရာယ် ဖြစ်တတ်သည်မှတ်လေ။

---

# ဗုဒ္ဓဘာသာ ဆိုဒါ ဘာသာပြန်ဘာလဲ

၁။ ဘုရားရှင်၏ ဟောပြောခြင်းကို ဗုဒ္ဓဘာသာ ဆိုသည်။

၂။ (ဗုဒ္ဓ၊သဗ္ဗညုလေးပါးအသိဉာဏ်တော်ရှင်) ဘာသာ၊ ဟောပြောသော တရားစကားကို၊ (ဗုဒ္ဓ ဘာသာ ဆိုသည်။)

၃။ တနည်း-ဗုဒ္ဓ၊ အမှန်သိ ဘာသာတရား။ ဝါ၊ စကား။ (အမှန်သိတရားစကားကို ဗုဒ္ဓဘာသာ ဆိုသည်။)

---

# ဘုရားဟော တရား၏ အခြေခံ

ငါးပါးသီလကို ပါဠိလို၊ သို့မဟုတ်-အနက်၊ မြန်မာပြန်။ တနည်း-လူပြိန်းသိ အဓိပ္ပါယ်ကို နားလည်ကြရမည်၊ နားလည်မှ ဗုဒ္ဓဘာသာတရားဝင် ဖြစ်မည်၊သို့မဟုတ် တခြားဘာသာဖြစ်ရမည်မလွဲ။ ငါးပါးသီလကို နားလည်မှ စောင့်ကြည့်နိုင်မည်၊

ရှစ်ပါးသီလ ၂-မျိုး၊ ၉-ပါးသီလတမျိုး၊ ၁၀-ပါးသီလတမျိုး နားလည်ကြရမည်၊ ဆယ်ပါးသီလကို လူဝတ်-ရှင်ဝတ် စောင့်ထိန်းကြသော သီလဖြစ်သည်မှတ်။ (ပါဠိ-အနက်-မြန်မာပြန် နားမလည်ပါက ဗုဒ္ဓဘာသာသူများမေးလို့သာ ဈေးလူကြီးများ ပြောလို့သာ ကိုယ့်မိဘက ပြောပြထားလို့သာ မေးလျှင် ပြောရတယ်၊) (ဗုဒ္ဓဘာသာ လုံးဝမဟုတ်ဘူး)

ရှင်သာမဏေခေါ် ကိုရင်ခေါ် သံဃာခေါ် သင်္ကန်းဝတ်တို့မှာ ဆယ်ပါးသီလကို မခံမယူမီ သရဏဂုဏ်ဆိုရာ၌ ပါဠိစကားသို့ ပြီးသွား နားလည်၍ ဆိုတတ်ကြရမည်။ နည်းပေးလမ်းပြ ဆရာကဲ့သို့ (သိထိလ-ဓနိတ) ဒီဃ-ရဿ-ဂရု-လဟုဆိုသော ပေါ့ခြင်း-ပြင်းခြင်း-ရှည်ခြင်း-တိုခြင်း-လေးခြင်း-မြန်ခြင်းစသော ဆိုနည်းများကို

သက်န်းမတောင်းမိ။ ဝါ၊ ရှင်ပြုရက်မတိုင်မီက ကြိုတင်၍ ဆရာများထံ၌ လေ့လာထားရမည်။ သို့မဟုတ် ဝိနည်း ဥပဒေနှင့်မညီ။

## ဆရာကိုယ်တိုင်က - ပါရာဇိကကျလျှင်

ရှင်သာမဏေ ဘယ်နည်းမှမဖြစ် ပုဒ်ပြတ်မှတ်လေ။ ဗုဒ္ဓရဲ့ဘာသာကို ကျဘျုနန မသိလျှင် သူများ လှည့်စား တိုင်း ကောင်း ကျိုး ဖြစ်တယ်ထင်တတ်၏။ ကြပ်ကြပ် စဉ်းစားကြ။

သာမဏေများ၏ ကျင့်ဝတ်မှာ ပုတီးစိတ် ၄ -ပုဒ်ကျက် မှတ်ရမည်၊ သို့မဟုတ်ဆရာလိမ်မာက အဓိပ္ပါယ်ချုပ်ဖြင့် ဆုံးမစေခိုင်းရမည်။ လိင်ဆယ်ပါး-ဒဏ်ဆယ်ပါး-ခန္ဓက ဝတ် ၁၄-ပါး။ သေခိယ ၇၅-ပါးတို့ကို အဓိပ္ပါယ်မသိ လျှင်၊ တနည်း၊ဆယ်ပါးသီလမလုံလျှင် ဗုဒ္ဓဘာသာဝင် ဖြစ်-မဖြစ် တိုင်ပင်ကြတို့ အချိန်ရောက်လာပြီ။

---

အကျိုးလို၍ ညောင်ရေလောင်း-ပတ်ထမ်းတွေ့။

ပေါ့စေလို၍ ကြောင်ရုပ်ထိုး-ဆေးအတွက်လေး။

သာသနာတွင်းမှာ လူဖြစ်တယ်လို့ မိမိကိုယ် မိမိသိဘို့မလွယ်ဘူး၊ ပညာရှိ ပညာမှန် နည်းမခံသမျှမှာ လှုပ်လေ မြုပ်လေ၊ ပိုးကြိုးကုန်တိုင်း စောင်းတီးမတတ်။

# ဗုဒ္ဓဘာသာမှန်က–ငါးပါးသီလ

နေ့စဉ်ခံယူကြရမယ်။ ကျောင်းဆရာများကိုယ်တိုင်က သိနားလည်မှ ကျောင်းသား ကျောင်းသူတို့ကိုသင်ပြနိုင်မည်မှတ်။ နားလည်မှ ရှောင်ကြဉ်နိုင်မည်၊ မရှောင်ကြဉ်ပါက ဗုဒ္ဓဘာသာ အတုအယောင်မျှမှတ်၊ ဆရာဦးဖြတ်သိန်းထွန်း ရေးသော သီလဒီပနီ-ဩကာသဒီပနီ တို့ကို ဘတ်ရှုလေ့လာပါက ဗုဒ္ဓဘာသာအစစ် ဖြစ်ကြရမည်၊ ဖြစ်ကြရန် နှိုးဆော်လိုက်သည်၊ (ဗုဒ္ဓဘာသာ) သဗ္ဗာ ဉာဏ်အယူမှန်ကို ပညာရှိဆို၏၊ ထို-သဗ္ဗာရှင်-ပညာရှင်သည် လူဝတ်ဖြစ်သော်လဲ အထက်တန်း စား သူ တော်ကောင်းမှ တဆင့်တက်လျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို အလွယ်နှင့် ရနိုင်သောလက္ခဏာအခြေခံမှတ်။

(သပ္ပုရိသ) ဆရာကောင်းကို တွေ့ကြို ဆည်းကပ်လိုက်နာ ကျင့်သုံးပါက သော တာ ပန် ဖြ စ် နိုင် သည်၊ ( နောက်နောင်ဘဝမလို ) ယခုဘဝမှာပင် အနေလှ-အသေလှ-လူဖြစ်ကျိုးနပ်-အမြတ်ကြီးမြတ်ပြီမှတ်။

ငါးပါးသီလကိုမျှ နားမလည်ဘဲနဲ့ လူကြီးလူကောင်း ဂုဏ်ကိုယူလျှင် ဘိန်းစား၊ အရက်သမား၊ လူသတ်သမား၊ အလောင်းသမား၊ အလေသမား၊ မုဒိမ်း၊ တံငါ၊ ပြည့်တန်ဆာ၊ မိန်းမဖျင်း၊ မိန်းမလေ၊ မိန်းမလွင့်၊ မိန်းမပျက်ဖြစ်ရမည်၊ ဘာ့ကြောင့်(ဗုဒ္ဓလဲ-မသိ)ဘာသာလဲနားမလည်၊ သမ္မာဒိဋ္ဌိလူဖြစ်ရန် သာသနာဝင်ဖြစ်ရန် ခဲယဉ်းလေစွ၊ သူများအပြစ်မကြည့်နဲ့မိမိကိုယ်မိမိပြန်စဉ်းစားကြည့်ကြ၊

# လူမှန်လျှင်-အောက်မကျဘို့

ကိုယ်တိုင်က ဘုရားရှင်၏ တရားစကားကို အောက်ဆုံးတန်းအခြေခံငါးပါးသီလကို နားမလည် မကျင့်မသုံးတတ်ပါက မိမိတို့က မိရိုးဘာသာ၊ ဝါ၊ ဘမိရိုးရာ အစဉ်မပျက် ဆည်းကပ်အားထားရာ ပုဂ္ဂိုလ်များကို တကယ်အဟုတ်ဘုရားထူးပြီး လက်အုပ်ချီ ဖူးမျှော်ပြီး (စဉ်းစားဘတ်-ပေါ့ပေါ့မဟုတ်ဘူး။) ပေးလှူခြင်း၊ အောက်ကျခံရခြင်း၊ အပြစ်သိသော်လဲ မပြောရဲခြင်း၊ အပြစ်ကို မကြည့်ရက် မရှုရက် မမြင်ရက်ဘဲ ဖွတ်မှိတ်ပြီး ပေးကမ်းလှူဒါန်းရခြင်း တို့မှာ၊ ကောင်းကျိုးကို၊ ဝါ၊ ကုသိုလ်ကောင်းမှုဟု ခုဘဝမှာလဲဆုံးရှုံး နောင်ဘဝမှာလဲ-လူကျောက်တုံးဖြစ်ကြရမယ်၊ဒါ့ကြောင့် အားမထားထိုက် မကိုးကွယ်ထိုက်-ဦးမချထိုက်-မဆည်းမကပ်ထိုက်သော ပုဂ္ဂိုလ်များဖြစ်လို့ အ ကျိုး ယုတ် သည် ဟု သတိ ပေးလိုက်သည်။

ရတနာ ၃-ပါးတို့တွင်
နံပါတ် ၃-သံဃာ့ထူး
တနည်း သက်နိုးဝတ်နဲ့
ရှင်ကြီး-ခင်ကြီး-ဘုန်းကြီး

ရတနာတန်း၌ အကျင့်သိက္ခာ ဗလာနတ္တိ ဝိနည်းဆို ဘာမှမသိ၊ သူတို့ကို အဝတ်ဂုဏ်ကြောင့် ရှိခိုးရဒါ အောက်တန်းကျ၏၊ပေးလှူရဒါ ထင်သလောက်မပေါက် ဘုရားထူးရဒါ ဘုရားလဲမဟုတ်၊ ဘုရား၏ သား လဲ မဟုတ်၊ ပရမတ္ထ သံဃာဝေးစွ သမုတိသံဃာလဲ အရှင်း မဟုတ်နိုင်၊ ဒါ-ဘာ့ကြောင့် ကိုယ်တိုင်က ငါး:ပါးသီလ နား:မလည်လို့ မစောင့်လို့ ကိုယ်တိုင်က သီလမရှိလို့ သီလ မရှိသူကို သင်္ကန်းဂုဏ်ကြောင့် နေရာတိုင်း အောက်ကျ ရ၏၊အောက်ကျခံဒါကောင်းတယ်ယူရင် အောက်မှာဖြစ် ရမယ်၊

---

ဝိနည်း သိက္ခာပုဒ်နှင့် ညီကြ သော သီလ-သမာဓိ-ပညာနှင့် ပြည့်စုံကြသော (ဂန္ထာဓူရ)-ခေါ်ကြသော ပိဋကတ် ကျမ်းစာကို သင်ကြား ခြင်း၊ ဝိပဿနာဓူရ-ခေါ်ကြသော ဝိပဿနာ ပညာတရားကိုသာ အား ထုတ်ခြင်း၊ ထိုကဲ့သို့ လက္ခဏာ ရှိ ကြ သော သင်္ကန်းဝတ် ရဟန်း သုန်းကြီးများကိုသာ နံပါတ် ၃-ရတနာ၌ သံဃာ ဘွဲ့ ကို ခံယူ ထိုက် သည်၊ ဘုရား ဟော သော ကြောင့် ဝိနည်းဒေသနာတော်နှင့် ညီ ညွှ တ် လျော် ကျင့် ဆောင်ရွက် အားထုတ်သော အရှင်သခင် များ ကို သာ ရှိခိုးကြ-ပူဇော်ကြ-ဘုရားထူးကြ-ပေးလှူကြ လုပါ:တို့၊

ထို-သံဃာရတနာများထံမှ သီလကို သမထနည်းမှန်ကို ပညာလမ်းစဉ်ကို တောင်းခံနာယူကြ၊ရှိသေကြ၊သို့မှ သာသနာဝင် ဘာသာဝင်ဖြစ်မည်၊ လောကမှာပင် စိတ်နှလုံးချမ်းသာကြမည်၊တမလွန်ဘဝ၌လဲသူတော်ကောင်း ပညာရှင်ဖြစ်နိုင်မည်၊ လောက ပစ္စည်း ရွှေ ငွေ စ သော သူဌေးစည်းစိမ်တို့ကိုလဲရနိုင်သည်၊ အရိယာအလောင်း အရိယာပုဂ္ဂိုလ်များကို ပေးလှူပူဇော်ရခြင်းသည် မိမိမှာလဲ အရိယာပညာကို ယူရာဘဝ၊ သို့မဟုတ် နောင်ဘဝ ရနိုင်သည်၊

(ပုညခေတ္တံ-လောကဿမှတ်။)

---

☞ သူများပစ္စည်းကို မသိအောင်ယူတတ်ထာ လူပါးဘဲ၊ ကိုယ့်ပစ္စည်းကို ပြောင်ယူယူနေတယ် ပါးနပ်တို့ခက်ထာဘဲ၊ သူများကို လိမ်ညာလှည့်စား မြောက်တတ်ထာ လူနပ်ဆိုတော့၊ ကိုယ့်ဆီက ပိုက်ဆံ ရွှေငွေ တွေကို ပြောင်ညာယူနေဒါ သိတို့ကြပ်တယ်၊ သူများကို မွဲအောင် ဆင်းရဲအောင် လိမ်ညာတတ်ထာ လူလယ်ခေါ်ပါ၊မိမိမှာ စားဘို့-ဝတ်ဘို့-နေဘို့ မွဲရတ်ပြတ်နေဒါ မှိုင်းဆေး မိနေကြသလား၊ (ဤကား-ဗုဒ္ဓဘာသာ-အမည်ခံ သူတို့ကို သတိပေးချက်)

# ဗုဒ္ဓဘာသာမဖြစ်သမျှ–ဆင်းရဲတွင်း နက်လှ

ဗုဒ္ဓဘာသာဝင်များသိထားဘို့ မှတ်ထားသို့ နောက် သားများ သင်ကြားထားဘို့ အချင်းချင်း အသင်းအဖွဲ့ လုပ်ပြီး စည်းလုံးညီညာထားကြဘို့ အောက်ပါအတိုင်း ဘုရား၅င်၏ အာဘော်မိန့်ခွန်း-

---

၁။ ပိဋကတ် ၃-ပုံ ပါဠိ အနက် အစုံ သင်ကြား ကောင်းသည်။

၂။ စွမ်းနိုင်သမျှကြည့်ဘတ် သိတတ်ကောင်းသည် မှတ်။

၃။ ဝိနည်း ၅-ကျမ်း၊သို့မဟုတ် ဝိနည်း ဘာသာပြန် အတိုချုပ်ကို သင်ကြား ထိုက်သည်။ အိမ် ဆောင် အိတ်ဆောင်လုပ်ထားထိုက်သည်မှတ်။

၄။ အနည်းဆုံး ၂၂၇-ပါး သိက္ခာ ပုဒ်များ ၏ အဓိပ္ပါယ် ဘာသာပြန်ကို ဆရာကောင်းများ ထံ၌ အတိုချုပ် လိုရင်းကို ဗုဒ္ဓ ဘာသာဝင် ယောကျ်ားတိုင်း မိန်းမတိုင်း သင်တန်းပညာ သင်ကြားထိုက်သည်မှတ်။

၅။ သား-သမီးများကို သာမဏေ ၅င်-ပြုနည်းကျ ကျ နားလည်ဘို့ ရဟန်းဖြစ်ရန် စည်းကမ်းများ နားလည်ဘို့ ဆရာကောင်းများ ထံ၌ လေ့လာ ထားထိုက်သည်။ (ဘာ့ကြောင့် မကင်းလို့။)

၆။ သိလခံယူဒါကဘာယ်ပုဂ္ဂိုလ်ထံမှာဘဲယူယူ-ယူနိုင်သည်၊ သို့မဟုတ် မိမိနားလည်လျှင် စောင့်ထိန်းမှုသာ လိုရင်းမှတ်။

၇။ မိမိတို့က သံသရာ ဝဋ်ဒုက္ခမှ တကယ်လွတ်ဘို့ လှူလျှင် ဘယ်ပုဂ္ဂိုလ်မဆို ပေးတော့ လှူတော့ ပုဂ္ဂိုလ်မြတ်နှင့် တွေ့လျှင် ကောင်းကျိုး ချမ်းသာကို တရားလမ်း ကျသလောက် ပြည့်စုံအောင် ရနိုင်သည်မှတ်။

---

## ဘာကိုလုပ်လုပ်–ကိုယ့်ဘိုဟာ သူများဘို့ မဖြစ်စေနဲ့

သူများဘို့လုပ်ချင် သိပြီးမှ လုပ်လိုက်။
သိဒါပညာ လှူပ်ရဒါ ဝဋ်ကြွမှာ။
မရှိဒါထက် မသိဒါ ပိုပြီးခက်။
ကိုယ်က သူများ ဒါးမြတိုက်။
ကိုယ့်ကို သူများက အနုကြမ်းစီး။

---

## အကျိုးရှိလိုက အကျိုးမဲ့မဖြစ်စေရ

အရေးကြီးဒါဘာလဲ၊ ခန္ဓာဒုက္ခဝဋ် လွတ်ဘို့ ပေးလှူကြရတယ်၊ ပေးလှူကျိုးနပ်ဘို့ရာ ကဏ္ဍာယဒိဋ္ဌိ ပြုတ်ကွာဘို့ တရားဟောတတ်သူ ဆရာများကိုသာ ရှာဘို့ရာ

အရေးကြီးသည့်သိ၊ ကဏ္ဍာယဒိဋ္ဌိ မကွာပါဘဲနဲ့ ခန္ဓာ သံသရာမှ လွတ်ထွက်ဘို့မဖြစ်၊ တနည်း-အဆိပ်ပင်ရေလောင်း မြွေပွေး ခါးပိုက်ပိုက် ဘာလဲ၊ သင်္ကန်းဝတ်နဲ့ ကျူးလွန်ပုံတွေကို ကိုယ်တိုင် မြင်တွေ့လျက် ရှိခိုးခြင်း ပေးလှူခြင်း ဘုရားထူးခြင်း၊ ဒိလူဟာ သိမြင်လျက် အကျင့်ယုတ်မာသော ရဟန်းဗုတ်ကို ကိုးကွယ် ဆည်းကပ်သဖြင့် အဆိပ်ပင်ရေလောင်း မြွေပွေးခါးပိုက် ဆိုထိုက်လှ၏၊ ( တကာနဲ့ဆရာ ) သာသနာပမှတ်၊ ဗုဒ္ဓဘာသာ မဟုတ်သည့်ပြင် ယခုဘဝမှာလဲ မျက်နှာမရှိ၊ သေသည့်အထိ မချိမဆန့် သက်ကြီးပြင်းစွာ ရှုရှိုက်၍ လူမိုက်တို့သေနည်းနှင့် မြေကြီးဝင်မြဲ အပါယ်ငရဲသားဟူ၍ ကြောက်လေ-မှတ်လေ၊ (လူမိုက်ပေါင်းလျှင် ပညာရှင်မဖြစ်၊)

ဘုရားရှင် ပညတ်တော်မူသော သိက္ခာပုဒ်တော်များကို ရွှေနဲ့လဲခြင်း၊ ငွေနဲ့လဲခြင်း၊ လယ်နဲ့-ခြံနဲ့လဲခြင်း၊ ဥယျာဉ်ဗိမာန်-တိုက်တာ-အိမ်ရာတို့နှင့်လဲလှယ်၍ နေထိုင်ရဲသော သင်္ကန်းဝတ် ( ငွေချေးအတိုးပေး-စပါးပေး ပေးရဲသော သင်္ကန်းဝတ် ) ကုန်စုံတိုက် ရှပ်တိုက်တို့၌ အစုရှယ်ယာဝယ်သော သင်္ကန်းဝတ်၊ ငါးပိ,ငန်ပြာရည်ရှောင် စပါးလှောင်ပြီး ဘုရားထူးခံ အပူဇော်ခံရဲသော သင်္ကန်းဝတ်၊

ပိန်းမများနဲ့ မေထုန်မှီဝဲခြင်း၊
ခြေ,လက် ကိုင်တွယ်ခြင်း၊
အချိန်မရွေး စားချင်ဒါ စားရဲခြင်း၊

စာပုံနှိပ်တိုက်ထောင်၍ လူများကဲ့သို့ စီးပွားရှာခြင်း။ ကျောင်းဝယ်၍ တိုက်ဝယ်၍ အိမ်ဝယ်၍ ငှါးရမ်းထားခြင်း၊ ဆွမ်းကောင်း-ဟင်းကောင်း ကျောင်းကောင်း၊ ချိုချဉ်ကောင်း၊ အဝတ်အထည်ကောင်း အနေ-အထိုင်ကောင်း စသည်ဖြင့် လူဝတ် အိမ်ထောင်သည့်တို့ကဲ့သို့ တဏှာပေမဖြင့် အာရုံ ကာမဂုဏ်၌ စည်းစိမ်ယူ၍ လူပေါ်လူညွန့်ရူးလျက် တသက်တခါ ဘာဘဲဖြစ်ဖြစ် ဘုရားသက်တော်ရှင်မှမရှိဘဲ ငါထင်သလိုနေမယ်၊ ငါ့ငွေနဲ့ မကင်းသူတို့က ကိုးကွယ်လျှင်တော်ဘိသို့ နေရဲကြသော သင်္ကန်းဝတ်တွေ သံဃာရတနာ မဟုတ်ဘူး ဗုဒ္ဓဘာသာတို့။

---

ဓမ္မသမ္ဘောဂ-ဓမ္မအမွေ တရားကြီးပွားဘို့။

ပစ္စယသမ္ဘောဂ-အာမိသအမွေ ပစ္စည်းများဘို့။

အမိန့်တော်မြွက် ပညတ်သည့် အတိုင်း နားမထောင်ကြသော ဘုန်းကြီးများသည်၊ ဗုဒ္ဓဘာသာ ဆိုမလား၊ ဗုဒ္ဓသာသာဝင်ခေါ်မလား။ ရတနာ ၃-ပါးတို့တွင်နံပါတ် ၃-သံဃာဂုဏ်နဲ့ ထိုက်တန်ပါသလား၊ ရွေးကြ-တွေးကြ မေးကြပေတော့။

(ဗုဒ္ဓဘာသာ ဖြစ်ချင်သူတို့ရဲ့ တာဝန်မှတ်။)

# သက်သေခံ ဥပဒေ

ဓမ္မဒါယာဒါ ဘိက္ခဝေ ဘဝထ၊
အာမိသဒါယာဒါ ဘိက္ခဝေ မာဘဝထ၊

ဘိက္ခဝေ၊ ရဟန်းတို့၊ ဓမ္မဒါယာဒါ၊ သီလစင်ကြယ်မှု စိတ်ထား ဖြူစင်မှု ဝိပဿနာပညာ အမြင်သန့်မှု ဓမ္မအမွေ ၃-ခုကို။ ဘဝထ ငါဘုရား၏ သားစစ်မှန်က အမွေခံဖြစ်ကြစေ ကုန်၊

ဘိက္ခဝေ၊ ရဟန်းတို့၊ အာမိသ ဒါယာဒါ၊ တဏှာဒိဋ္ဌိ ၂-ပါး ကပ်ငြိပွားရာ ဖြစ်သော ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်းအမွေ လေးမျိုးကို၊ မာဘဝထ၊ ကြီးကျယ်ခမ်းနား စည်ကား သိုက်မြိုက် ကျောင်းတိုက်မျိုးစုံ ဝတ်ထည်စုံနှင့် ဆေးစုံဆွမ်းကောင်း စားသောက်ကောင်းကို စုဆောင်းဖွေရှာ ငါဘုရား၏အမွေခံရာ မဖြစ်ကြစေကုန်၊

(ထို ၂-ချက်နဲ့ မညီလျှင် ဗုဒ္ဓဘာသာရဲ့ ထိပ်စီး မကိုင်ဘဲ ဟုယူ၍ ယူနိုင်ကြရဲ့လား လူပါးတို့၊)

---

# ဝိနည်း ဥပဒေ အရ

သင်္ကန်းဝတ် ရဟန်းသံဃာများသည် ရွှေငွေမကိုင်ရ အလှူမခံရသည့်အပြင် ဆိုခဲ့သော ပစ္စည်း ၄-ပါး အာမိသ အမွေခံမဖြစ်စေလင့်ဟု ပညတ်တော် မူခဲ့သည်၊

၁။ ဆွမ်း-ဟင်းကောင်း စားခြင်း၊
၂။ သင်္ကန်း-အထည်ကောင်း ရခြင်း၊
၃။ ကျောင်း-ခမ်းနားကြီးကျယ်ခြင်း၊
၄။ ဆေး-ထန်း လျက် စသည့်တို့ကို ထင်တိုင်း စားခြင်း၊

---

## ➳ ပါရာဇိက ၄-ပါး ဘာလဲ

၁။ လူမိန်းမနဲ့ မေထုန်မှီဝဲခြင်း၊ သို့မဟုတ် တိရစ္ဆာန်မနှင့် မှီဝဲခြင်း၊
၂။ လူ၏အသက်ကို စေတနာပါ၍ သတ်ခြင်း၊
၃။ ရွှေတမတ်သား၊ သို့မဟုတ် ငွေ ၅-ကျပ် စသည့် သူတပါး ပစ္စည်းကို ခိုးယူခြင်း၊
၄။ ဈာန်မရဘဲ ရတယ်၊ မဂ်ဉာဏ်-ဖိုလ်ဉာဏ်ကို မရဘဲနဲ့ ရတယ်၊ ငါသည် ရဟန္တာဖြစ်ပြီ ပြောပြခြင်း (အမှုအရာဖြင့် ရဟန္တာယောင် ဆောင်၍ အကြည်ညိုခံခြင်းကို ဘယ်လိုဆိုမလဲ၊)

ပါရာဇိက-ဘာလဲ။ ရှုံးခြင်း အသံဝါသ ရဟန်းကောင်းတို့နှင့်မပေါင်းရ၊ လူပြိန်းများသိဘို့မှာ ပါရာဇိက ဆိုဒါ သာသနာတော်နှင့်တွေ့ကြုံရပေမဲ့ တက်လမ်းမရှိ-ရှုံးပြီ၊ ရဟန်းကောင်းများကလဲ ထို ပါရာဇိက ကျသော ဒုဿီလရဟန်းကို မပေါင်းအစ်ဟု ကျမ်းဂန်မှာပါသည် မှတ်ကြ။

ပါရာဇိက ၄-ပါးတို့တွင် တပါးပါးကို ကျူး
လွန်ပါက အာပတ်ဖြေလို့ မဖြစ်နိုင်၊ သံဃာဂုဏ်နဲ့
ဟန်ဆောင်နေသမျှ နွေစဉ် ငရဲခမ်း ဖွင့်နေသည်
မှတ်ကြ၊

ပိဋကတ် ၃-ပုံစသော ဘုရားဟော ကျမ်းဂန်တို့ကို မည်သူမဆို သင်ကြားထိုက်သည်၊ သို့မဟုတ်က သင်ကြားဘူးသော စိတ်ကောင်းပညာရှင်များ၏ ဆုံးမချက်ကိုရလျှင် ဗုဒ္ဓဘာသာဝင်ဖြစ်မည်၊ ဗုဒ္ဓဘာသာဝင်စာရင်းဝင်ဖြစ်ပြီးမှ ဗုဒ္ဓဘာသာအစစ်ဖြစ်ကြရမည်၊

ပါးစပ်ပြော ဗုဒ္ဓဘာသာကား ခလေးများကို
သင်ကြား ပြောဆိုထားလျှင် ပြောတတ်ထားဘဲ၊
ပြောတတ်စေ ဖြစ်တို့ ကြီးကြစေ၊

မိမိတို့မြို့ရွာ၌ နီးစပ်သော ဆွေမျိုးညီအစ်ကိုဦးလေး-ဦးကြီး စသည်တို့က သို့မဟုတ် မိမိက ဆည်းကပ်ကိုးကွယ်သောဘုန်းကြီးများသည် မိန်းမများနဲ့မေထုန်ပြုဒါကို ကိုယ်တိုင်မြင်ရသည်ဖြစ်စေ၊ ယုံကြည်ထိုက်သောသူများကပြောလို့ လက်တွေ့-မျက်တွေ့ ပြောပြသည်ဖြစ်စေ၊ ကိုးကွယ်ခြင်းမပျက် ကြည်ညိုရှိခိုးခြင်းမပျက် လှူနေကြ ဘုရားသူးနေကြဖြစ်ကြရဒါ မြို့တိုင်းရွာတိုင်းလိုလိုရှိတတ်ထား များသည်၊ တချို့ မိန်းမများမှာ ဘုန်းကြီးသင်္ကန်းဝတ်များနဲ့ ကြည်ညိုမှု ဆည်းကပ်မှု နီးစပ်မှုများလျှင် ကိုယ်-လက်-ရင်သား-စသည် တို့ကို ကိုင်တွယ်သာယာခြင်း၊ မေထုန်ပြုခံရခြင်း၊ သဘောတူဆက်ဆံမှိဝဲ၍ နေကြခြင်း ဖြစ်ကြဒါတွေ ရှိတတ်သည်၊

ပါရာဇိကကျနေမှန်းသိတယ်။
လူဖြစ်နေမှန်းသိတယ်။
သံဃာမဟုတ်မှန်း သိကြပေမဲ့
ဘုရားထူးမှု-ကြည်ညိုမှုမပျက်နိုင်၊
ဘာ့ကြောင့် သက်နိုး-သက်နိုး-သက်နိုး။

လောကကြီးမှာ သက်နိုးဂုဏ်ကြီးကျယ်ပုံကို လူပါး လူနပ်တို့ ဗုဒ္ဓဘာသာဖြစ်ဘို့ ဆိုနိုင်ရေကွာသလို ကောင်းကင်နဲ့ မြေကြီးကွာဝေးသကဲ့သို့ ရင်တွင်းပူလဲ မီးမသတ် ထိမ်မာဘို့လဲမနိုးစပ် မွေးသေကိစ္စလဲအပြီးမပြတ် ယာရှကျမ်းစာကို ဘတ်ရတဲ့ နေ့ရက်ကစ၍ အနေကောင်း-အသေကောင်းဖြစ်လိုပါက ဘုရားရှင်၏ စကားအစဉ်ကို နားဝင်လိုပါက ဗုဒ္ဓဘာသာ အဖွဲ့တွေဖွဲ့ကြ စည်းလုံးကြတော့၊ သို့မဟုတ် (ခဲလေသမျှ-သဲရေကျ)

---

၁။ ဘုရားထူးခံနှင့်ညီမှ-ဘုရားထူးကြ။
၂။ သံဃာရတနာဂုဏ်ရှိမှ-ကြည်ညိုကြ။
၃။ သင်္ကာယဒိဋ္ဌိကွာဘို့-ဟောနိုင်မှ-နာယူကြ။
၄။ ပုဂ္ဂိုလ်မရွေး တတ်နိုင်သမျှ-ဒွန်းရှူကြ။
၅။ ပုဂ္ဂိုလ်မြတ်ကိုလဲ-ရွေးချယ်ပြီး ပေးလှူကြ။
၆။ သီလတပြားမှ-မရှိလူက-တောင်းလဲ ပေး
လိုက်ကြ။

၇။ နိဗ္ဗာန်ရဘို့ပေး - ရကြရဲ့လား - ကိုယ့်ကိုယ်
မေးကြ။ (နိဗ္ဗာန ပစ္စယောတို့။)

---

တရားမသိလျှင်-ဘုရားမသိနိုင်။
တရားမသိပါက-သံဃာသိဘို့ဝေးကြပြီ။
ဘုရားပွင့်လဲ-တရားနာမှ-တရားရတယ်။
သံဃာပင့်လဲ-တရားနာမှ တရားရတယ်။
တရားရမှလဲ-ဘုရားနဲ့ - သံဃာကို သိကြ
ရမယ်။

---

ဗုဒ္ဓဘာသာ မဟာသွေး အသိဉာဏ် လမ်းပြ (၇-ည)ဆရာတော် ရေးသော ဝိပဿနာ ကျမ်းမျိုးစုံကို တအုပ်စီ ကြည့်ဘတ်ပါက ဗုဒ္ဓဘာသာထဲမှာ မဟာသွေးမဟာဉာဏ်ဖြစ်မည် ရမည် ပုဒ်ပြတ်မှတ်၊ နတ်ပြဟ္မာ လှည့်ပတ်လို့မရ ချောက်လှန့်လို့မရ ချမ်းသာစစ်သုခရကြမည်မှတ်၊ ဆရာရေးသော ကျမ်းတို့မှာ လူပြိန်းဘို့ ပညာရှင်ဘို့ပါသည် ဒါနပြုနည်း သီလယူနည်း သမထ အားထုတ်နည်း ဝိပဿနာပညာလေ့ကျင့်နည်း (ရတနာခေါ်ပုံ သာသနာခေါ်ပုံ) အရိယာခေါ်ပုံ ခန္ဓာဒုက္ခမှ လွတ်ကြောင်း လမ်းကောင်းလမ်းစစ် (၈ဌာန်း-၁)ဖြစ်သော ဗုဒ္ဓဘာသာအစစ် ဖြစ်ဘို့ရာကို ၁၂၉၂-ခု ထက်က စ၍ ဟောခဲ့တယ် ကျမ်းစာရေးခဲ့ပြီ၊

➳ ဘုရားထူးခံ-ရတနာ့အခေါ်ခံ-သံဃာ အခေါ်ခံ မင်းဆရာ-စိုးဆရာ-သူဌေးဆရာ-ဓပါန်းတို့ဆရာ ရှင်သာ မကောင်တို့ရဲ့ဆရာ-မြို့ဆရာ-ပြည်ဆရာ-တိုင်းဆရာ - နိုင်ငံ တော်ဆရာ-ရွာဆရာ-ရပ်ဆရာ-လူ့ဝတ်ကြောင် ကျော့ နေပူခံတို့ရဲ့ဆရာ လုပ်ရဲ-အခေါ်ခံရဲ ရှိခိုးခံရဲ ကြသော သက်နံ့ဝတ် ဒုသီလဟူသမျှတို့သည် လူပေါ်လူ့ဘွန့်ရွှး စား ဒိဝ်စားလျက် အဦးစား-အဖျားစား-အဆီအဆိမ့် စား အဖိန့်အညိမ့်စား ဟူသမျှတို့သည်၊

လှူမိုက် ယောကျ်ားမိုက် မိန်းမမိုက်တို့၏ အပေါ်၌ သက်နံ့ရောင်ဖြင့် နတ်ဘောင်-နတ်သောင်-နတ်ချောင်ပြ ပြီး နတ်ကိုပြ နပ်သလိုရတ္တိရာ ထောဘ်ပူဖော် သတ္တာယ တို့ကို ရာတန်-ထောင်တန်-သောင်းသိန်းတန်-ရွှေငွေဖေတွ အလှူခံလျက် လေလုံမိုးလုံ သူခိုးလုံ တိုက်ဘာ ကျောင်း ဝင်း ကျောင်းဘုံဆောင်မျိုးစုံအတွင်းမှာ-

စာဘာတ်လျှင်-သိအောင်ဘာတ်စမ်းပါ၊

မင်းသုံး-မင်းဖိမ်-မင်းဒိမ် နေကဲ့သို့ မင်းဟိတ် မင်း ဟန် မင်းသဏ္ဌာန်ကဲ့သို့ လူတပိုင်း-ရှင်တဝက် မင်းဆိပ် သူဌေးဆိပ်တက်၍ မွေးမြတ်စက်ရာ နွှရာ ကော်ဇော အချောသုံး-အလှဘုရင် ကောင်းဆိုသမျှ တန်ဆာဆင်နေ ကြ၍ သက်တော်ရှင်ပင် မြင်စေချင်လှ သုံးမမရ ဒုသီလ တို့က ထိပ်ဖူးမကိုင်၍ ဘုရားထူးခံထိုက်တိုင်း ထင်သလို နေကြသောကြောင့် ဘုန်းကြီးကား လူ-လူကား ဘီလူး တိုင်းပြည့်ပျက်ဘို့ အစကနဦး ပုန်ပြတ်မှတ်၊

# ဆရာယုတ်နှင့်-တကာစုတ်

အလေ့တူ အကျင့်တူ လူမှုနှင့် ရဟန်းယောင် သင်းခေါင်မရှောင် နေ့လယ်မရှောင် ရွာလယ်ခေါင် ပရိသတ်ရှေ့၊ ထင်ရာဟော ထင်တာပြော ဗာလတို့က တဖွဲ့တခြသဘောအကျ တလောကမှာ ဂေါတမ စည်းကမ်းကို ဗိလာကန့်လန့် ဆန့်ကျင်ဘက်မျိုးစုံ သက်န်းဂုဏ်ပြလျက် အုပ်စိုးနေသမျှမှာ တရားကောင်းမပေါ် တရားမှန်မလင်း တရားဉာဏ်မဝင်းနိုင်ဒါဘာလဲ၊ ဒုဿီလ ရဟန်းယုတ်တို့က သင်္ကန်းရောင်နှင့် တရားရောင်ပြ၊ ဒါန တခုကိုသာ အားပေး၊ ဝိပဿနာဘောဖယ် ဖွေငွေလှူဘို့ကိုသာ မြှောက်ပင့်ပြောဟော၊ ဇနတ္တ လက္ခဏာကိုတော့ မကြားချင်ရှောင် စာထဲမှာ မဘတ်ချင်ရောင်ဆောင်၊ ကိုယ့်ဘာသာကိုယ့်စရိုက် လူမိုက်ကို အမှောင်သွင်း ထောင်တွင်းသားကို သံခြေကျဉ်းခပ်သကဲ့သို့ ထောင်ကျသူ တန်းရောက်၊ ကျွန်းကျသူကို ကြိုးပေး၊တိုင်းပြည်မှာ ရန်မအေးဘဲ ပြန်ပေးဆွဲခံနေကြရဒါ ပြန်ပေးဘယ်သူလဲ၊ ဓါးပြတိုက်ခံရဒါ ဓါးပြ ဘယ်ဟာလဲ၊ အနုကြမ်းစီးတယ်ဆိုဒါ နုနုနဲ့ကြမ်းတန်းဒါ ဘယ်သူတွေလဲလို့ ဝိမုတ္တိယုဂ ခေတ်မှာ၊

တိုင်ပင်ဘို့-စည်းဝေးဘို့-ပယ်ရှားဘို့၊

---

**သာသနာဖျက်ထာ-ဘယ်သူလဲ။**

**သာသနာအယောင်ဆောင်သူ-ဖျက်တယ်။**

**သံဃာစစ်ကို-ဘာဖုံးနေကြပါသလဲ။**

**ဒုဿီလ သံဃာ အခေါ်ခံရဲ့သူတွေ-ဖုံးနေတယ်။**

# ဗုဒ္ဓရဲ့သားစစ်-အယောင်ဆောင်

ပါရာဇိက ၄-ပါးတို့တွင် ပထမနိပါတ် ၁-ဘာလဲ။ မေထုန်-မေထုံ၊ ဝါ၊ မူးယစ်ခြင်း။ လူမိန်းမနဲ့ပျော်မွေ့ ပေါင်းသင်းသော ရဟန်းယုတ်၊ တိရစ္ဆာန် မျောက်မ-စသည်တို့နှင့် မေထုံမှီဝဲ ကျင့်ရဲ့သော ရဟန်းဗုတ်။

ဥပသမ္ပန္နေ၊ အလွန်မွန်မြတ်သော သိက္ခာဂုဏ်ပေါ်သို့ ရောက်ပြီးသော၊ ဘိက္ခုနော၊ ရဟန်းသည်၊ အန္တမသော၊ အညံ့ဆုံးအားဖြင့်၊ ဝါ၊ အောက်ဆုံးတန်းဖြင့်။ တိရစ္ဆာနဂတာယပိ၊ တိရစ္ဆာန်မဒ္ဒ-ဆော်လဲ။ မေထုနေဓမ္မေ၊တပ်ခြင်းတူသူ ၂-ယောက်တို့၏အလေ့မှုဖြစ်သော အကျင့်ဆိုးကို၊ ပဋိသေဝတိ၊ မှီဝဲငြားမှုံ၊ သောဘိက္ခု၊ ထိုရဟန်းသည်၊ အဿမဏော၊ ရဟန်းမဟုတ်တော့သည်၊ ဟောတိ၊ ဖြစ်၏။ အသက္ကျပုတ္တိယော၊ သာကီနွယ်ဝင် ဘုရားရှင်၏ သားစဉ်မြေးဆက် ဇွတ်ဖက်ခြင်းမဟုတ်တော့သည်၊ ဟောတိ၊ ဖြစ်၏။

သေယျထာပိ၊ ဥပမာနှိုင်းယှဉ်၍ပြရမည့်မှာ၊ သိသန္တိ၊ ဥကြောင်းပြတ်ပြီးသော၊ ပုရိသော၊ ယောက်ျားသည်၊ သရီရဗန္ဓနေန၊ ကိုယ်နဲ့ပြန်၍ဆက်စပ်ပြန်သဖြင့်၊ ဝါ၊ ခေါင်းပြတ်နဲ့ကိုယ် ပြန်ခါဆက်ပေမဲ့။ ဇီဝိတုံ၊ အသက်တဖန် ပြန်၍ရှင်စေခြင်းငှာ၊ အဘဗ္ဗော၊ မထိုက်မတန်တော့သည်သာတည်း။

{ ဥကြောင်းလည်ပြတ် ကိုယ်မစပ် ရှင်တတ်သက်မရှိ၊ }
{ မေထုန်ပြုလုပ် ရဟန်းယုတ် ပယ်နုတ်မြတ်အရိ၊ }

**ပူဇာစ ပူဇနေယျာနံ၊ ဧတံ မင်္ဂလ မုတ္တမံ၊**

ပူဇော်ထိုက်သူကို ပူဇော်မှုသာ မြတ်သော မင်္ဂလာ တရားဟူ၍ ဘုရားဟောတော်မူသည့် ယောဂီတို့၊

# သတ္တနိပါတ်-အင်္ဂုတ္တိုရ် ပါဠိတော် မေထုန ဓမ္မ ၇-ပါး

၁။ ကိုယ်အင်္ဂါ လက်ခြေထိတွေ့သည်ကို သာယာသော မေထုန်တပါး။

၂။ ၂-ယောက်ချင်း ပျော်ရွှင်စကား ပြောဆိုနေရသည်ကို သာယာသော မေထုန်တပါး။

၃။ မျက်နှာချင်းဆိုင်ပြီး ချစ်စိတ်ဖြင့် တစိမ့်စိမ့်ကြည့်မြင်ရသည်ကို သာယာသော မေထုန်တပါး။

၄။ အသံကို ကြားရသဖြင့် စိတ်၌ သာယာသော မေထုန်တပါး။

၅။ ရှေးအခါက တွေ့ကြုံဘူးသော အမှုအရာကို အမှတ်ရတိုင်း သာယာသော မေထုန်တပါး။

၆။ သူ ၂-ဦးတို့ မေထုန်ခံစားနေသည်ကိုသိရကြားရမြင် ရ၍ ရာဂ စိတ် ဖြစ် ခြင်း သာ ယာ သော မေထုန်တပါး။

၇။ ယခုဘဝမှာ ဒါနကောင်းမှု-သီလစောင့်မှု-ဘာဝနာပွားများမှုတို့ကြောင့် နောက်နောက်ဘဝတို့၌

လူချမ်းသာ နတ်,ဗြဟ္မာချမ်းသာစည်းစိမ်တို့ရာ အားကိုးပြီး ရည်မှတ် သာယာသော မေထုန်ထပါ။

## ကောက်နုတ်ချက်-လိုရင်းမှာ

နောက်ဘဝအတွက် ရည်မှန်း၍ ရဟန်းပြုခဲ့လျှင် မေထုန်မှုကို ရှိုးစေ့စိုက်သည်ဖြစ်၏၊ ငါသည် ယခု ရဟန်းအဖြစ်နှင့် ကျင့်ကြံအားထုတ်သမျှ ကုသိုလ်ကောင်းမှုတို့ကြောင့် နောက်နောင်ဘဝတို့၌ အေးချမ်းစွာ ကိုယ်စိတ်နှစ်ဖြာ ခံစားစံစားရမည်ဟု ရည်မှန်းခြင်းသည် မေထုန်ကြီးပွားမှုကို ထူထောင်သော တဏှာပဋိပတ်ဆိုသည်မှတ်၊

ဗုဒ္ဓဘာသာ တကာ-တကာမ ဟူသမျှတို့က မိမိတို့နှင့် မကင်းနိုင်ကိုးကွယ်အားထားခြင်း ခံယူနေသော သံဃာတို့ကို ရွေးချယ်စီစစ်မှသာ လိုရာခရီးသို့ ရောက်ဘို့နီးကြမည်မှတ်လေ။

---

# ➳ ကေသရာဇာခြင်္သေ့မင်း

တောအုပ်မှာ ရှိသော ကျား- ဆင်- ကျွဲ-နွားစသော တိရစ္ဆာန် အပေါင်းတို့ကို အသံဂုဏ်ဖြင့် အော်ငေါက်လွှမ်းချောက် ပြင်းထန်စွာဟောက်လျှင် သေနိုင်တယ်၊ မိမိကိုယ်ခန္ဓာမှာ တွယ်ကပ်စားသောက်နေကြသော ပိုးမွှား-သန်းကောင်များကိုတော့သေကြေအောင် မဟောက်နိုင်၊ ဘာ့ကြောင့်ခြင်္သေ့မင်း၏ အော်သံ-ငေါက်သံ-ဟောက်သံတို့သည် ,မကြားချင်ပေမဲ့ နားယဉ်နေလို့ အရေးမလုပ်

တော့ဘူး မကြောက်တော့ဘူး မသေနိုင်တော့ဘူး။ ထိုကဲ့သို့ ဥပမာအတိုင်းမှာ ဘုရားရှင်၏ သာသနာတော်သို့ ခိုဝင်လျက် သီလပျက် သီလမရှိ သီလကို အလေးမပြုဘဲ နေကြ ပျော်ကြ စားသောက်ကြသော ရဟန်းတု-ရဟန်းပျက် ရဟန်းစုတ်- ရဟန်းယုတ်- ရဟန်းအသွင်- ရဟန်းအထင်ခံမှုသီလတို့သည် ဘုရားရှင်၏အဝတ်မြတ်သင်္ကန်းမှာ အစဉ်တန်းနေသော အရှင်သန်းပိုးတို့နှင့် တူသည်၊ ခြင်္သေ့မင်းမြတ်ဘုရား၏ ဓမ္မစက်ဖြင့် ဟောဟောက် မြိမ်းချောက် သော်လည်း၊ နကမ္ပတိ၊ မြတ်စွာဘုရားရှင်သည် ရဟန်းကောင်း ရဟန်းစစ်တို့ကို ဟောချွတ်နိုင်သည်။ အိုးအိမ်ထောင်ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ တရားနာယူလိုပါက ဟောပြဆုံးမနိုင်သည်။ လူဝတ်ကြောင်များကို တောတိရစ္ဆာန်သားကောင်တို့နှင့် တူသည်မှတ်လေ။

# သင်္ကန်းဝတ် ဒုဿီလကို တရားစစ် ဟောလို့ မရဘူး

တရားစစ် တရားမှန်ကို မကြိုက်ထာ ပယ်ဖျက်ထာ ပုတ်ခတ်ထာအပြစ်ပြောဒါ ဒုဿီလရဟန်းတို့ဘာတည်း။ ဘာ့ကြောင့် တရားမှန်-တရားစစ်ဟောပြောသူကိုမကြိုက်ပါသလဲ၊ ထိုသူယုတ်ဘိက္ခုများသည် ဒါနကိုပေးလှူဘို့ မြှောက်ပင့်ဟောလေ့ရှိတယ်၊ ဝိပဿနာအသံနားမခံနိုင်။ သူတို့လဲ မဟောတတ် (ဝိပဿနာရှုရ) ကို ပိတ်ဖုံးပြီး တိတ်တိတ်ပုံး အကျင့်ယုတ်ဖြင့် ရဟန်းအသွင် ပြလျက်

ဂုဏ်အသားတက်နေကြသည်။ (တဏှာခဲ-မာနခဲ-ဒိဋ္ဌိခဲ) ရင်ထဲမှာထည့်ပြီး ငရဲငယ်ကျမှာစိုးသဖြင့် ငရဲကြီးကြီးခံ ရဘို့ အမြင့်တန်းကနေပြီး တာဘဝထာခါစံ ကမ္ဘာ့အတန် တန် သာသနာ မသိသမျှ ပါရာဇိကနှင့် အများဖူးရန် ဘုရားထူးခံ လုပ်နေကြသည်ကို အားကိုးနေသမျှ ဘုရား ထင်နေသမျှ ရဟန္တာမှတ်နေသမျှ အလွဲကြီးလွဲ ငရဲပြီးငရဲ သံသရာဝဋ်ဆင်းရဲမှ သံသရာညွတ်ကွင်းထဲသို့သာ နေ့စဉ် တိုးဝင်နေကြပါကလားလို့ ယောကျ်ားမိုက်-မိန်းမယုတ် တို့ကို ဧလိမ်မာ-အမြတ်ဖြစ်ဘို့ သတိပေးလိုက်သည် (ဒါ-ဗုဒ္ဓဘာသာ ဒီပနီ။)

ပါရာဇိက ပထမသိက္ခာပုဒ်ကို အမြွက်မျှ ဖေါ်ပြပြီး၍ ဒုတိယသိက္ခာကို ကျူးလွန်ပုံရေးမည်။ သူတပါးတို့၏ ဥစ္စာ ငွေတို့ကို ခိုးယူနည်းမျိုးစုံဖြင့် ခိုးဝှက်ခြင်းကို ပါရာဇိက ခေါ်သည် (ရွှေစင်တမတ်၊ ငွေ-၅) ရွှေသားအစစ်တမတ် သားကိုခိုးလျှင်၊ တနည်း၊ ငွေသားအစစ် ၅-သားကို ခိုးယူ လျှင် ရဟန်းဘဝမှ လူဘဝသို့ ရောက်သည် မှတ်တော့။ သက်နိုးဆယ်ထပ်ဝတ် စာတတ်ချင်းတိုင်းတတ် ကျောင်း တိုက် ဘယ်မျှပင် ကြီးစေကာမူ ခြွေရံပရိသတ် ဘယ် လောက်ပင် ပေါများသော်လဲ နာမည်တန်ခိုး မြေမိုးသိမ်း ထက်အောက် ကျော်ပေါက်အောင် ထင်ရှားသည် ဖြစ် စေ သူခိုးဟာ ရဟန်းမဟုတ်ဘူး။ (ကျမ်းအပေါင်းတတ် ပေမဲ့ ရဟန်းခေါင်းပြတ် မှတ်လေလော။)

တတိယသိက္ခာကို ပြစ်မှားပုံရေးမည်၊ သူ၏အသက်သတ်ခြင်း၊သူ့ဆိုပေမဲ့ လူသတ္တဝါကို သတ်မှသာ ပါရာဇိကကျသည့် လူဖြစ်တော့၏၊ သင်္ကန်းဝတ်ပင် ဖြစ်စေ ရဟန်းမဟုတ် ရဟန်းယုတ်ဘဝသို့ရောက်လေ၏၊သေစေလိုသော ဆန္ဒပြင်းပြသော စေတနာဖြင့် သတ်ဖြတ်ခြင်းကို မှတ်လေ၊

စတုတ္ထသိက္ခာကို စော်ကားမော်ကြွားပုံကို ဗာလ ဆိုသမျှ ဘယ်နည်းနဲ့မှမရိပ်မိချေ၊သိဘိုရာခက်လှ၏၊ သင်္ကန်းဝတ်နှင့် လာဘ်လာဘ များဘို့ တန်ခိုးကြီးဘို့ နာမည်ကျော်ကြား စေခြင်းငှာ ဈာန်ရတယ် ရဟန္တာ ဉာဏ်ရတယ် အရိယာသောတာပန်ဖြစ်ပြီလို့ ယုံကြည်လောက်အောင်ပြောဆိုခြင်း ပါရာဇိက ကျသည်မှတ်၊ ရဟန်းကောင်းမဟုတ် ရဟန်းယုတ်ဖြစ်သည်မှတ်လေ၊ ပုထုဇန်မှန်သမျှ သိက္ခာပုဒ်ကို ရိုသေသူရှားလှ၏၊ နှုတ်ပါးစပ်ကဖွင့်ထုတ်၍မပြောပါဘဲ တကာ-တကာမများက အရိယာထင်ရအောင် ရဟန္တာ ထင်မှတ်အောင် ဈာန်သမာပတ်ကို ရလေဟန် အမူအရာအမျိုးမျိုးဖြင့် ပြယုဂ်တခုလုပ်ခဲ့သော် စတုတ္ထပါရာဇိက ဖြစ်-မဖြစ် ပညာရှိတို့နှင့် စိစစ်ကြပေတော့၊

---

ပါရာဇိက ၄-ပါးရှင်းတမ်း

၁၊ မေထုနသေဝန-မေထုန်မှီဝဲခြင်း၊

၂၊ အဒိန္နဒါန-ခွဲ-ငွေကို-ခိုးယူခြင်း၊

၃။ ပါဏာတိပါတ-လူ သ တ္တ ဝါ ကို သေ အောင် သတ်ခြင်း။

၄။ မုသာဝါဒ-ဈာန်မဂ်ကို ရတယ်ဟု ပြောဆိုခြင်း။

(က) ပါရာဇိက ၄-ပါး တပါးပါး ဖြစ်မှားသော် ရဟန်းပြန်၍ ဘယ်ခါမှမဖြစ်ဘူး။ ရဟန်း မခံ ရတော့ဘူး။သူရေးအခါနှံတော် တိတ်တိတ်ပုံး လှည့်စား ဟန်ဆောင်နေလျှင် သိ ကြား မင်း ပင် မတတ်နိုင်။

(ခ) သံဃာဒိသိက် ၁၃-ပါးထဲက တပါးပါးဖြစ် မှားသော်၊ အပြစ်လွတ်အောင် အာပတ်ပြေ လည့်အောင် နည်းဥပဒေရှိသည်၊ သို့သော်- လွန်စွာခဲယဉ်းသော ဖြစ်ချက်တည်း။

(ဂ) ကျန် ၅-ပါးသော သိက္ခာပုဒ်တို့ကို ကျူးလွန် ခဲ့လျှင် အာဏာဒေသနာကိုရှိသေကြောက်ရွံ့ သောရဟန်းကောင်းသည့်နည်းဥပဒေကျကျ ဆ ရာ ကောင်း များ၏ နိသျည်းကို ခံ ယူ နား ထောင်ပါက အပြစ်ကင်းလွယ်၏ အာပတ် မသင့်နိုင်။

( အာပတ်ဖြေတယ်ဆိုဒါ-ဘာလဲ ) နောင်ကို မပြု မလုပ်တော့ပါဟု၍ ဝန်ခံချက်ပေတည်း။ဝန်ခံလျှင် အာ ပတ်ပြေသည်ဆိုရာ၌ အာပတ်သင့်လိုက် ဝန်ခံလိုက်၊ အာ ပတ်သင့်လိုက်ဝန်ခံလိုက်၊ ဒိလိုလုပ်နေပြန်ပါက အငယ်

စား ဒုက္ကဋ်အာပတ်သင့်လျက် သေလွန်ခဲ့သော် အပါယ် ၄-ပါးသို့ ကျရောက်နိုင်ကြောင်း သာဓက ရှိသည် မှတ်လေ။ ပါရာဇိက ၄-ပါးမှ ကြွင်းသော သိက္ခာပုဒ် ဧ-ပါးတို့၌ ကြီးဘယ် ငယ်တယ်မဟုတ်၊ ဝိနည်းဥပဒေတော် ဓမ္မစက်အာဏာကို ကျူးလွန်ဖန်များလျှင် အလဇ္ဇီရဟန်းမှတ်လေ၊ မသေခင်မှာတော့ အနေကောင်း အသရေကောင်းဟုတ်တယ်၊ သေလျှင် အပါယ် ၄-ပါးတို့မှ လွတ်ဘို့ရာ မလွယ်ဘူးမှတ်လေ၊ ဘာ့ကြောင့် မြင့်အားကြီးလို့ အကျနာတတ်တယ် ယောဂီတို့။

ဤကား ရတနာသုံးပါးကိုဏ်းဝင် သံဃာ အရှင်တို့၏ အကျင့်ကောင်းသိက္ခာနှင့် အကျင့်ယုတ်မိစ္ဆာကို သိသင့် သိထိုက်သော ဗုဒ္ဓဘာသာလူမျိုးတို့၏ တာဝန်ဝတ္တရားကို အမြွက်မျှရေးသားဖေါ်ပြလိုက်သည်။

---

# သာသနာ၏ဘာသာပြန် ဘာလဲ

ဘုရားရှင်ဆုံးမသောတရားစကားကို သာသနာမှတ်၊ အဝတ်ိုဆုံးမနည်း မကျဉ်းမကျယ်ဆုံးမနည်း အကျယ်ဝေဘန်ဟောပြ၍ဆုံးမနည်းတို့ကို သာသနာမှတ်။(ပုဂ္ဂလဇ္ဈာသယခေါ်) ပုဂ္ဂိုလ်၏အလိုကို ဉာဏ်ဖြင့်ဝေဘန်၍ ဆုံးမနည်းတမျိုး၊ ဘယ်သူ့ကိုမှ မရည်ရွယ်ဘဲ ဟောရိုးဟောစဉ်ဖြင့် ဒေသနက္ကမ ဆုံးမနည်းတမျိုး။ ဤ ၂-မျိုးကိုလဲ သာသနာခေါ်တယ်မှတ်၊

# သာသနာ-တည်တယ်ဆိုဒါ ဘာလဲ

သီလလုံလျှင် သီလ သာသနာတည်၏၊ စိတ္တဝိသုဒ္ဓိခေါ် ဈာန်ဣဒ္ဓိယာသံဝရခေါ် သမာဓိခိုင်လျှင် သမာဓိသာသနာတည်၏၊ ဝိပဿနာပညာစခန်းကို သတ္တာယဒိဋ္ဌိကွာအောင် သိပိုင်လျှင် ပညာ သာ သ နာ တ ည် ၏၊ (အောက်တန်းမကျအောင်မှတ်)(သီလ-သမာဓိ-ပညာ) သုံးပါးလုံး နားမလည်ပါက သာသနာပ-မှတ်၊

## သင်္ဘောဘေးတွဲ ဥပမာ

ဘယ်,ညာဘေး ၂-ဘက်က ဆိုင်ခံတွဲသမ္ဗာန်နှင့်ရေစီးရောဝတီမြစ်သို့ဖြောင့်တန်းစွာ ချတ်မောင်းသွားနိုင်သော သင်္ဘောကြီးနှင့်တူပုံမှာ-ဘယ်ဘက်က ဘေးတွဲနှင့် သီလနှင့်တူ၏၊ ညာဘက်ဘေးတွဲနှင့် သမာဓိနှင့်တူ၏၊ အလယ်က သင်္ဘောကြီးနှင့် ဝိပဿနာ ပညာစခမ်းနှင့်တူ၏၊ ထိုဥပမာနှင့်အညီ မဂ္ဂင်ရှစ်ပါး သိက္ခာ သုံးပါးတို့သည် အရိယာဖြစ်ဘို့ အင်္ဂါမှတ်၊အရိယာတို့ရဲ့ အင်္ဂါလက္ခဏာမှတ်လေ၊ ဆရာကောင်း တွေ့ခဲလှ၏၊ ဆရာကောင်း မတွေ့ မဆည်း မကပ် သမျှ မီး မ သ တ် တ တ် ဘူး ဗုဒ္ဓဘာသာတို့၊

# သာသနာ အဌနှန်းရှည်စွာ တည်တယ် ဆိုဒါဘာလဲ

မြတ်စွာဘုရား ပွင့်တော်မူ၍ မိဂဒါဝုန်၌ ပဥ္စဝဂ္ဂီငါးထီ ရသေ့တို့ကို တရားဟောချတ်ခဲ့သည်မှအစ၊ ယခုအထိ သီလစောင့်ခြင်း သာသနာဆက်လာပုံ၊ သမာဓိတရားတို့စောင့်ဆည်းမှု ဆက်သွယ်လာပုံ၊ အရိယာဖြစ်ရန် ဝိပဿနာပညာတရားတို့ကို ဝေဘန်ခြင်း နှလုံးသွင်းခြင်း ပွားများခြင်း အမျှင်မပြတ် ဆက်သွယ်လာခြင်းကို သာသနာ အဌနှန်ရှည်စွာ တည်တယ် ခေါ်ဆိုသည်မှတ်။ မမေ့နှံ့၊(အဋ္ဌါ-ပါဠိ)အဌနှ-ပါဠိပျက်စကား၊ သာသာပြန် ဘာလဲ-ခရီးလမ်းစဉ်မှတ်၊ ( အနိမ့်, အမြင့် - အတက်, အကျ ) ၂-မျိုးဖြစ်ခြင်းလက္ခဏာရှိသည်၊ လုံးဝပျောက်ကွယ်ခြင်းမရှိသည်ကို အရှည်တည်တယ်ဟု ခေါ်စမှတ်ပြုကြသည့် ပြောရိုးထုံးစံ သာသနာနှစ်ပေါင်း ၅၀၀၀-သက္ကရာဇ်ဒိ၌ ကွာပြီးသော အရိယာသူမြတ်တို့မှာ သာသနာ ၃-ရပ်လုံး အမြဲတည်တယ်၊ ဘယ်ခါမှ မပျက်ချေးထွက်လဲ-မထွက် သွေးထွက်လဲ သာသနာ မပျက်။ ကျင်ကြီး-ကျင်ငယ်-နှစ်-သထိပ် အသား အရိုးထွက်ပေမဲ့ သာသနာမပျက်။

# သာသနာ နားလည်ချင် ပြန်ဘတ်

**ကျမ်းစာရေးနည်း လူပြိန်းသိဘို့ သရုပ်ကွဲဘို့လို သည်။ ရှေးပေါရာဏစကား အသုံးနဲနဲ ပါမည်။ ခေတ်သုံးစကားမျိုးနှင့် ကျမ်းအားကိုး အတိုချုပ် ပါဠိ ဥပဒေပါမည်မှတ်။**

သာသနာတည်သူ အရိယာတို့မှာ မပျက်ပုံ ဆက်ရေး မယ်ယောဂီတို့၊ မျက်လုံးတဘက်ပျက် သာသနာမပျက်၊ လက် ၂-ဘက်ပြတ် သာသနာအဆက်မပြတ်၊ ဝမ်းဗိုက် ထဲက ဒါးထိုးခံရလို့ ဒုရှေ့တွေထွက် အသက်မသေပါက အသက်အရှည် သာသနာမပျက်ဘူးမှတ် (အန္ဓဗာလတို့ မှာ သာသနာ တည်ဘို့ သီလ သာသနာပင် တနေ့ တရက်)တချို့အန္ဓတွေ သီလဘာမှန်းမသိ သာသနာကို တော့ ဝေးလေစွ။

---

# ဗုဒ္ဓဘာသာဘွဲ့ ခံယူလိုပါက

ဘုရားထူးခံပုဂ္ဂိုလ် ယခု ကျမ်း စာ ရေး တဲ့ ပုဂ္ဂိုလ် တရားဟော ဓမ္မကထိကပုဂ္ဂိုလ် စာသင်စာချပါရဂူဘွဲ့ရ ဓမ္မာစရိယပုဂ္ဂိုလ်( စာဘတ်မမြန်နဲ့-လေးလေး ) တရား အားထုတ်ဆဲ ယောဂီများ အဂ္ဂမဟာ ပ ဏ္ဍိ တ ဘွဲ့ ထူး ခံ ပုဂ္ဂိုလ် နာယက ဥက္ကဋ္ဌ ဂိုဏ်းအုပ် ဂိုဏ်း ထော က်

တိုက်အုပ် တိုက်ကြပ်တို့က ဦးစွာ သာသနာနားလည်ပြီးမှ အောက်တန်းသူ-အောက်တန်းသား-အလှူပေးသမားတကာ-တကာမများကို ဉာဏ်ရှိသလောက် သာသနာသင်တန်း ပြတော်မူကြရန်၊ တနည်း မင်းကြီး-စိုးကြီး-ဘုရင်ကြီး- မှူးမတ်ကြီး- မင်းကြီး- မင်းလတ်- မင်းငယ်-ကျောင်းဆရာ ကြီး,လတ်,ငယ်တို့မှတဆင့် သာသနာကိုယခု အမြန်နားလည်ဘို့ အရေးကြီးချိန် ဖြစ်ပြီ၊ နိုင်ငံ၌အထက်တန်းစား-အကြီးတန်းစား-ဂုဏ်ထူး ဘွဲ့ထူးမျိုးစုံတို့နှင့် ကျော်ကြားနေသော အထက်က ရေးပေါ်ပြခဲ့သော ရှင်ကျော်လူမော်တို့ကမှ သာသနာနဲ့ ဘာသာကိုနားမလည်ပါက အောက်လူငယ်သား တပည့်သားမြေးများ သားသမီးမျိုးပါ နားလည်ဘို့ရာ မဖြစ်နိုင်၊

၁-နိပါတ် အရေးကြီးသူ ပုဂ္ဂိုလ်တို့ကစ၍ယခု အချိန်မှာ ဗုဒ္ဓဘာသာအတွက် သာသနာတည်-ရှည်-ဆက်ဘို့ အမြန်ဆုံး အရေးကြီးစွာကြိုးစား လုံးပန်းထိုက်ပြီ။ သို့မှ တိုင်းသူပြည်သားများ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရာကို ရခြင်းလက္ခဏာ-များတို့မြင်သည်၊

၁။ အိမ်ခေါင်က-မိုးယိုးမလုံလျှင်။

၂။ အကြီးတန်းစားက-သီလမလုံလျှင်။

၃။ ဘုရားထူးခံတို့က-သိက္ခာမရှိလျှင်။

၄။ ဝိပဿနာ-ဓမ္မကထိကတို့က သီလ အရေး မပြုလျှင်။

၅။ ကမ္မဋ္ဌာန်းအလုပ် ယောဂီတို့က- ကာမေသု မရှောင်လျှင်။

၆။ သက်န်းဝတ်များက ပါရာဇိက-ကျနေခဲ့လျှင်။

၇။ သီလရှင်များက-သီလကိုမစောင့်မထိန်းလျှင်။

၈။ မင်းသူခွေး-မှူးမတ်တို့က-အရက်မူးနေလျှင်။

၉။ ရုံးထိုင် တရားသူကြီးများ က- လာဘ်ခိုး ယူနေလျှင်။

၁၀။ ဝတ်လုံရှေနေကြီး, ငယ်များကသီလတရက် မလုံလျှင်။

၁၁။ ကျောင်းဆရာ-ဆရာမများက ကာ မေ သု မရှောင်လျှင်။

၁၂။ အားလုံး ဗုဒ္ဓ ဘာ သာ မှန် သမျှ-သီလကို တရက်မျှ မထိန်းလျှင်။

## စဉ်းစားကြပါ-ဗုဒ္ဓဘာသာ

၁။ မြတ်စွာဘုရား၏ သင်္ဂါယနာ သာသနာတော်ကို အစွန့်ရှည်စွာ စောင့်ရှောက် ထိန်းသိမ်း အုပ်ချုပ်စီမံကြသော ပုဂ္ဂိုလ်များ။

၂။ သာသနာတော် ကြီးပွားဘို့ရာ ဆောင်ရွက်နေကြသော လခ, စားများ။

၃။ သာသနာပြု- သာ သ နာ စောင့်- သာ သ နာ ဝန်ထမ်းပုဂ္ဂိုလ်များ။

၄။ သာသနာ ကြီးပွားအောင် ဟော ပြ နေ ကြသော ဓမ္မကထိကများ။

၅။ သာသနာ ၃-ရပ်လုံး ကြီးမြင့်လိုသော မင်းစိုးသူဌေးများ။

၆။ ဝိပဿနာ-သာသနာပြု- ကျမ်းစာရေးဆရာ-တရားဟောဆရာများ။

၇။ တပြည်လုံး-ချမ်းသာမှုကို ဆောင်ရွက်နေကြသော ခေါင်းဆောင်များ။

## သာသနာ၏အသက် ဘာလဲ မေးလျှင် ဖြေလိုက်

သီလလုံခြုံမှ သာသနာ အသက်ရှည်မည် မြဲမြဲမှတ်တော့။ သီလမလုံသော ရှင်၊ သို့မဟုတ် လူ၊ သာသနာကြီးပွားစေလိုပါက သီလအသက် ပြင်မထွက်ကြစေနှင့်ဟူ၍ ကျမ်းဂန်သာဓကရှိသည်။

# သာသနဿ ဝိနယော အာယု။

သာသနဿ၊ သာသနာတော်၏၊ အာယု၊ အသက်သည်၊ ဝိနယော၊ ဝိနည်းပိဋကတ်ပင်တည်း၊ ဝါ၊ ၂၂၇ ပါး သိက္ခာပုဒ်ပင်တည်း၊ ဝါ၊ ငါးပါးသီလပင်တည်း။

( ဘာသာပြန်မှာ-သာသနာ၏ အသက်ဟာ ဝိနည်းသီလမှတ်၊ ) သီလနဲ့ ဝိနည်းအတူတူ။ (တနည်း သီလ-သမာဓိ-ပညာ) ကိုလဲ သာသနာ၏ အသက် ဆိုနိုင်၏၊ ဘာ့ကြောင့်ဝိနည်းအာဏာဒေသနာ၌သီလကိုဦးတည်၍ သမာဓိ-ပညာတို့ပါ အားထုတ်ဘို့ပါဝင်သည်၊ အရေးကြီးသည်မှာ သီလကိုပင် သာသနာ၏ အသက်မှတ်ကြ၊

သီလမလုံလျှင် သမာဓိပျက်သည်။ သမာဓိမရှိလျှင် ပညာမဖြစ်နိုင်သောကြောင့် သီလ စောင့်ရှောက်သူ လူရှင်မရှိပါက သာသနာအရှည်မတည်နိုင်မှတ်လော၊

---

## ☞ ဒီမှာ-ခါးဝတ်နဲ့ သီလ

(ရှေးသုံးပညာရှိစကား)ခါးဝတ်ပုဆိုးကဲ့သို့၊ ခါးဝတ် လုံကွင်းကဲ့သို့၊ ခါးဝတ် လုံချည်ကဲ့သို့၊ သီလကို လုံခြုံစေရမည်။ (ခါးဝတ်ထည်) မမြဲသူ၊ တနည်း ခဏခဏ ပြင်ဝတ်ရသူ၊တနည်း ခါးဝတ်မပါမရှိသောယောကျ်ား မိန်းမတို့သည် မတင့်တယ်၊ ပရိသတ်အလယ်မှာ လမ်းလယ်မှာ မတင့်တယ်ဒါဖယ်လိုက်၊ မိမိတယောက်ထည်းပင် မနေရဲ-မမြင်ရဲ-မကြည့်ရဲ- ရှက်စရာ- ရွံစရာ- စက်

ဆုတ်စရာ ဖြစ်သည်၊ အများမျက်စိမြင်မှုကို မဆိုထားဘိ၊ မိမိ၏မျက်စိနှင့်ပင် မြင်ရဲ-ကြည့်ရဲဘို့ မဖြစ်ဝံ့-မဖြစ်နိုင်၊ ထိုနည်းတူ ငါးပါးသီလမစောင့်သောလူ၊ သီလအဆင့်ဆင့် မစောင့်မထိန်းသော လူ-ရှင်-ရဟန်းဟူသမျှ အများတို့ကလဲ ကဲ့ရဲ့၏၊ မိမိကိုယ်လဲ ရှက်စနိုး အိုးမလုံ-အုံပွင့်ဖြစ်တတ်သည်၊ မိမိ၏ချွတ်ယွင်းသော ပျက်ကွက်မှု သီလအတွက် စိုးရိမ်သောကရှိစမြဲမှတ်၊ ငါသည် သီလပျက်၏၊ ငါ့မှာသီလမရှိ၊ အများကမသိပေမဲ့ ကိုယ်တိုင် သိဖြစ်လို့ စိုးရိမ်သောက မီးလောင်၍ သေတတ်သည်၊ ကြောက်လေ-စောင့်စေ၊

---

# သီလ၏-တန်ခိုး အကျိုးထူး

သာသနေ ကုလပုတ္တာနံ၊
ပတိဋ္ဌာ နတ္ထိ ယံ ဝိနာ။
အာနိသံသ ပရိစ္ဆေဒံ၊
တဿ သီလဿ ကောဝဒေ။

သာသနေ၊ ဘုရားရှင်၏ ဆုံးမသော တရားတော်၌၊ ကုလပုတ္တာနံ၊ မျိုးရိုးဂုဏ်ပွား သမီးသားတို့အား၊ ယံ သီလံ၊ အကြင်သီလသည်၊ ဝိနာ၊ လွတ်ကင်း၍၊ ပတိဋ္ဌာ၊ သာသနာတည်ခြင်းသည်၊ နတ္ထိ၊ မရှိ၊ တဿသီလဿ၊ သီလဂုဏ်နှင့်ပြည့်စုံသော ထိုပုဂ္ဂိုလ်မြတ်၏၊ အာနိသံသ ပရိစ္ဆေဒံ၊ အကျိုးခံစားရခြင်း၊ ဤရွေ့ဤမျှ ပိုင်းခြားပြနိုင်

ခြင်းကို၊ ကော၊ ဘယ်သူသည်၊ ဝဒေ၊ ကုန်စင်အောင် ဟောပြနိုင်အံ့နည်း။

**ဆိုလိုရင်းမှာ**–အမျိုးကောင်း သမီး သား မှန်သမျှ သီလကောင်း၍ သာသနာ မတည်နိုင်၊ သီလပြည့်စုံသော ပုဂ္ဂိုလ်မြတ်၏ ကောင်းကျိုး ချမ်းသာပုံကို ဘယ်မျှ ဟူ၍ ကုန်စင်အောင် ဘယ်ပုဂ္ဂိုလ်မှ မဟောနိုင် မှတ်လေ။

---

# ပညာရှိအစစ်ကို မရှာသမျှ သက်သာခွင့်မရ

ဗုဒ္ဓဘာသာကို လွန်စွာ ဆန္ဒရှိသူများတို့ကစ၍ သီလ မပျက်စေရန်၊ ကျမ်းရေးဆရာ ဦးမြတ်သိန်းထွန်းကစ၍ သီလမပျက်စေရန်၊

ကံ-မေး၊ ပုထုဇန်မှန်က အမြဲလုံခြုံရဲ့လား။

ဉာဏ်-ဖြေ၊ ၇-ရက်-တလ-တနှစ်-အလွန်ဆုံး တသက်မျှ လုံသည်၊

ကံ-မေး၊ သီလ မပျက်စေရန်ဆိုဒါ ဘာ့ကြောင့်ဆိုနိုင် သလဲ၊

ဉာဏ်-ဖြေ၊ ခါးဝတ်ပမာ လုံခြုံစေချင်လို့ဆိုလိုက်သည်။

ကံ-မေး၊ ဘယ်ရက်မျှ လုံခြုံမှ သီလ-စောင့်ရာမည်ပါ သလဲ၊

ဉာဏ်-ဖြေ၊ တနေ့-တည-တရက်-တနာရီ- တမိနစ်- လုံ လျှင် စောင့်ရာမည်သည်မှတ်၊

ကံ-မေး။ တနင်္ဂနွေ-တမိနစ်-တရက်-သီလစောင့်စေဘို့ တိုက်တွန်းဒါ ဘယ်ပုဂ္ဂိုလ်တွေကိုလဲ။

ဉာဏ်-ဖြေ။ လောကမှာ သူတော် သူမြတ် လုပ်နေသူ ချည်းမဟုတ်၊ ဗုဒ္ဓဘာသာဆိုသော်လဲ သက်မွေးဝမ်းကြောင်း စီးပွားရှာဖွေ လုပ်ကိုင်စားသောက်ပြီး အလှည့်သင့်သလို နေထိုင်ကြရတယ်၊ လူဝတ်ကြောင်များကို ရည်ရွယ်၍ တမိနစ်-တနင်္ဂနွေ-သီလ လုံခြုံဖို့ သတိပြုရန် ဆရာကတိုက်တွန်းတယ်။

ကံ-မေး။ တမိနစ်-တနင်္ဂနွေ သီလစောင့်ကောင်းတယ်၊ အကျိုးရှိတယ် ဆိုဒါ ပါဠိ သာဓက ပြနိုင်ရဲ့လား။

ဉာဏ်-ဖြေ။ (ခဏေန သီလံ ရက္ခေယျ။)

ခဏေန၊ ခဏတအောင့်မျှဖြင့်။ ဝါ၊ တမိနစ်မျှဖြင့်။ သီလံ၊ ငါးပါးစသော သီလကို။ ရက္ခေယျ၊ စောင့်ထိန်းကြကုန်ရာ၏။ တတ်နိုင်သမျှစောင့်နိုင်သည်။ သီလညစ်ခံယူနိုင်သည်။ သီလခံယူဆဲမှာပင် သီလလုံသည်။ မချွတ်မယွင်းသမျှ သီလတည်သည်။ ဥပုသ်စောင့် သူများနှင့်ပေါင်းရောပြီး ရှစ်ပါးသီလ ခံယူနိုင်သည်။ တနေ့လုံးဥပုသ်မစောင့်နိုင်သော်လဲ သီလယူနိုင်သည်။ (ရဟန်း-ပဉ္စင်း-ပြုလုပ်လိုသူများ) သိမ်ဝင် သိမ်ထွက် မျှပင် နေနိုင်စေကာမူ ၂၂၇-ပါး သီလလုံခြုံနိုင်သည်။ မပျက်သမျှသီလ တည်သည်မှတ်။ ( နားထောင်ပေါ့-မောင်ကံ )

သီလ အကျိုး ကျေးဇူးများပုံ ငါရှင်းပြနေတယ်၊ ဒီမှာ ကြည့်စမ်း ဝတ်လုံများ ရှေ့နေ ကြီး-ငယ်များ တရားသူကြီးများ စစ်ဗိုလ် စစ်သားများမှအစ မုဆိုး-တံငါ-ပြည့်တန်ဆာမများပင်ဖြစ်စေ မြင်းလောင်း-ဖဲရိုက်- အရက်လေလိုက်သူများပင်ဖြစ်စေ နေ့စဉ်-ညစဉ် တခေါက်တခါမျှ သီလစောင့်နိုင်သည်၊ မည်သူမဆို သီလမစောင့်အပ်မဟောထိုက် မပြောထိုက်မှတ်လေ၊ ကုသိုလ်ကောင်းမှုဆိုဒါ ကျင့်သုံး ဆောက်တည်နိုင်သမျှ ကိုယ့် ဘို့ ချည်းမှတ်ကြ၊ ဒါ့ကြောင့် ပညာရှိသူမှသာ တရားစစ် တရားမှန်၏ ခရီးစဉ်ကိုသိသဖြင့် လိမ်မာသူ-ပါးနပ်သူ-မှန်ပါကသပ္ပုရိသ ဆရာစစ်ကို အမြန်ဆုံးစုံစမ်းရှာဖွေ၍ကိုယ်တိုင်ဆည်းကပ်ကြပါလို့ မောင်ကံရဲ့ သီလမေးခွန်းကို ဒီနေရာကဘဲ မောင်ဉာဏ်က ကြေအေးအောင် ဖြေဆေးပေးလိုက်သည်၊

⪢⟶ သီလ တခဏ လုံခဲ့ ဘုရား၏ တရားမှန်နှစဆဲ၌ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ ဖြစ်နိုင်ကြောင်း ကျမ်းဂန်ဥပဒေမှာ များစွာပါရှိသည်ဟု ဝမ်းသာကြ၊ ဗုဒ္ဓဘာသာဖြစ်လျှင် အနည်းဆုံး ငါးပါးသီလကို ပါဋ္ဌိအနက်၊ သို့မဟုတ် ဘာသာပြန်နားလည်ထားရမည်၊ကြပ်ကြပ်သတိထား၊ဘာသာခြားမေးလျှင် ရှက်ဘို့ဖြစ်လျှင် ရှက်တတ်မှ ဂရုပြုမည်၊ သို့မဟုတ်က လူ့ပေါ်လူညွန့်ရူး မှန့်လုံးရေပေါ်၌၊ သို့မဟုတ် မှုံပျားသလက်၌နှမ်းဖြူးတတ်ရုံ လူကြီးအင်္ဂါနှင့် ပြောတတ်ရုံ ရေးတတ်ရုံ

ဆိုလျှင် ဗုဒ္ဓဘာသာထဲမှာ ဗုဒ္ဓဘာသာကပင် ဖျက်ဆီးတတ်သည်ဟုလို။

---

# ဝိနည်း ဥပဒေချုပ်

(စေတော ဝိနိဗန္ဒ တရား ၅-ပါး) ဘာသာပြန်မှာ မိမိ၏စိတ်ကို ဝိပဿနာဘာဝနာဘက်သို့ မသွားနိုင်အောင် မရောက်နိုင်အောင် ချုပ်တည်း ဖွဲ့နှောင် ထားခြင်းကို (စေတော ဝိနိဗန္ဒ)ဟု ပါဠိစကားဖြင့် ခေါ်သည်။

၁။ ကျောင်းကောင်း, ဆွမ်းကောင်း, သင်္ကန်းကောင်း ပရိက္ခရာ ဘဏ္ဍာကောင်းတို့နှင့် သာယာသော တဏှာတပါး။

၂။ မိမိကိုယ်ခန္ဓာ ငြိမ်းအေး သက်သာမှု၌ သာယာသော တဏှာတပါး။

၃။ မိမိ၏ ကိုယ်အင်္ဂါ အသွေးအရောင်တို့၌ တင့်တယ်လှပသည်ကို သာယာသောတဏှာတပါး။

၄။ စားမှု-အိပ်မှု-နေထိုင်မှုတို့၌ စည်းစိမ်ခံ သာယာသော တဏှာတပါး။

၅။ ငါ-ယခု သင်္ကန်းနှင့် ရဟန်းပြု၍ သီလကို စောင့်ထိန်းရခြင်းအကျိုးသည်၊ ယခုဘဝ၌ မဂ်ဖိုလ်၏ အကျိုးငှာမဟုတ်၊ မသေခင် ကုသိုလ်လဲရ-ဝမ်းလဲဝ၊ ချမ်းသာသုခ အရှိဆုံးဖြစ်သည်၊ နောင်ဘဝတို့၌ လူကောင်း-နတ်ကောင်းဖြစ်မှာ ဧကန်

ဘဲဟု ပစ္စက္ခ၌ သာယာခြင်းနေခင်ဘဝအတွက် သာယာသော တဏှာတပါး။

ဤသို့ ကောင်းစွာ စောင့်ရှောက်သော ၂၂၇-ပါး သီလ၏ စေတောဝိမုတ္တိသည် သမထခေါ် သမာဓိသာ သနာနှင့် ဝိပဿနာခေါ် ပညာသာသနာကြီး ၂-ပါးကို ဖိတ်ပင်ကွယ်ပျောက်စေတတ်သည်ဟူလို။

"ဘဝေ့ သံသာရဝဋ္ဋ ဒုက္ခတော မောစနတ္တာယ" ဟူ၍ သက်နီးတောင်းစဉ် ရဟန်းခံစဉ် အလှူဒါန ပြုစဉ် ပထမဝန်ခံချက်နှင့် ညီလျှင် လိုအပ်သော အကျိုးထူးကို ယခုဘဝမှာပင် ရနိုင်သည်၊တဖြေးဖြေးမှမဂ်တရား-ဖိုလ်တရား-နိဗ္ဗာန်တရားကို ရမည်ယူလျှင်(အကာလိကော) ဟောတော် မူသော နံပါတ် ၃၊ ဓမ္မဂုဏ်တော်နှင့် ဆန့် ကျင်ဘက်ဖြစ်တတ်သည်၊ မိမိက တဖြေးဖြေးမှ ရမယ်၊ ပါရမီကိုလွှဲချတယ်၊ သူတပါးကိုလဲ မိမိယူသည့်အတိုင်း ပြောဟောရေးပြလျှင် ဂုရုနိကွေပအပြစ်နှင့် နီးစပ်သည်။ ဘာလဲ ဒီဘဝမှာ ဘယ်နည်းနဲ့မှ အရိယာ သောတာပန် မဖြစ်နိုင်ပါဘူးဟု ဖြစ်ဘွိုရာ အားထုတ်မှုဝန်ကို ပစ်ချ သော အပြစ်ကြောင့် (ဂုရုနိကွေပ)ဟူ၍ ဆိုလိုက်၏။

---

# ရတနာထိပ်တန်းတွင်ပါဝင်
# ဘုရားထူးခံ

ဂန္ဓာရုရခေါ် စာပေကျမ်းဂန်ဇာ နိဿရဏတ္ထ စာသင် ခြင်း၊ ဝိပဿနာဂုရုခေါ် ရုပ်နာမ် ၂-ပါး၊ ခန္ဓာ ငါးပါး

ဝိပဿနာတရားကို လေ့လာ ပွားများခြင်း။ ထို ၂-ပါး တို့တွင် တပါးပါး၌ သီလဖြူစင်စွာဖြင့် ဘုရားရဟန္တာ ပုဂ္ဂိုလ်သူမြတ်တို့၏ အဝတ် သင်္ကန်းနှင့် နေထိုက်လှ၏၊ သို့မဟုတ်က အနေအထိုင် သက်သာချောင်ချိရေး မျှော်တွေးပြီး ဇွတ် မျက်စိမှိတ်ပြီး စိတ်ပုတီး သပိတ်ကိုင် တော-ချောင်-ဂူလိုဏ်တို့၌နေပါကဖွတ်သထက် ညစ်ထာက မိမိမှာပင် ဆုံးရှုံးနစ်နာခြင်း မဟုတ်မူ၍ သက်ဆိုင်ရာ လူမိုက်များတို့၌ နီးစပ် ဆည်းကပ်သူတို့မှာ အပြီးမပြတ်ဘဲ မီးသတ်လို့မရနိုင်အောင် လောင်မီးမျိုးစုံ ပူလောင်ကြကုန်မည်၊ တဒင်္ဂ တနပ်စာ-တသက် တခါ ဒိဋ္ဌာပုတ် အတွက် အသက်မွေးအချောင်နေမှု(စတုပစ္စယတဏှာ) လွန်ကဲလျက် ကာမဂုဏ်ညွှံ့ထဲဝယ် အလူးအလှိမ့် မခံမူ၍ ရိုးတန်းစွာ လူဝတ်လဲ၍ နေထိုက်သည်၊ အားလုံးကိုလဲ မိမိ ငါးတကောင် အတွက်နှင့် အပုတ်နံ့မထွက် မကူးစက်နိုင်။

(ဤကား ဗုဒ္ဓဘာသာအစ-သီလက သာသနာတော် အစ-သီလက အရိယာဖြစ်တို့အစ-သီလက နိဗ္ဗာန်ရခြင်း အစသီလက) ထိုကဲ့သို့ ၁-နိပါတ်ကိုသိစေခြင်းငှာ ဘုရားထူးခံ ပုဂ္ဂိုလ်တို့၏ သီလနှင့် ဘုရားထူးနေရကြသူတို့၏ သီလ ချွတ်ယွင်းလျှင် အပြစ်ကြီးပုံ စောင့်ထိန်း သော် အကျိုးကျေးဇူး များပုံတို့ကို အမြွက်မျှ ရေးသားသတိပေးခြင်းတည်း။

# သမထနှင့် သမာဓိ အတူတူ

စိတ်ငြိမ်သက်ခြင်း၊ သူ တ ပါး တို့ ၏ စည်း စိမ် ကို လောဘဇောမသက်ရောက်မနာလို ခြင်း-မရှိ၊ သူတပါး တို့၏အသက်ကိုသတ်ဖြတ်ဘို့မကြံမစည်ခြင်း၊ကုသိုလ်ကံ နှင့်အကျိုးပေး အကုသိုလ်ကံနှင့်အကျိုးပေးတို့ကို မဟုတ် မမှန်ဟူ၍ မယူခြင်း၊ ဒါဘဲသမာဓိမှတ်၊ စိတ္တဝိသုဒ္ဓိမှတ်၊ မေတ္တာသမထပွားများခြင်းကိုလဲ သမာဓိမှတ်ကြစမ်းပါ၊ ကျမ်းဂန်ရှိ သမထကမ္မဋ္ဌာန်း ၄၀-လဲ တပါးပါးကိုအား ထုတ်ကြ၊ ပုဂ္ဂိုလ်နှင့်လျော်စွာ အားထုတ်ကြပါ၊ ဆရာ အစစ် ပရိယတ်-ပဋိပတ် စွယ်စုံထံမှာ အားထုတ်ကြပါ သမာဓိဖြစ်၏။

ဆရာစုတ် ဆရာယုတ် ဆရာသိလပျက်၊ ပရိယတ်ကို ကျကျနနမသင်သော ဆရာအတုတို့ထံ၌ အားထုတ်လျှင် သမာဓိရဘို့ဖယ် မိမိရှိတဲ့ ငါးပါးသီလပါ-

စာကလေး-အမွေးနုတ်-ဖြုတ်။

မယ်ဇာလီ-ဆီဆွတ်-ဘွတ်။

ငါးပိကျည်တောက်-ဆားကျည်တောက်-ပျောက်။

ထိုင်နေအကောင်း-ထသွားမှ-ကျိုးတတ်သည်။

မေတ္တာပွားနည်းမှာ ဆရာရေးသော ဝိဇ္ဇာဒီပနီတွင် ပါသည်၊ သတိပဋ္ဌာန်ဒီပနီမှာ သမထ အားထုတ်နည်း ကျကျနနပါသည် မှတ်လေ၊

## သမထတရားကို အားထုတ်ကြပါ

စိတ်ရှိုင်း စိတ်နှောက် စိတ်ပျောက် စိတ်ချောက် စိတ်ဘရက်ဘရောက် စိတ်လေလွင့် စိတ်သခွတ်ပွင့်တို့သည် ပေါ့ပေါ့တန်တန် သမထတရားနှင့်မဖြစ်၊ အချိုးကျကျ သမထနည်းပြဆရာကောင်းထံ မှီခိုကြလေ၊ (သမီး-သား စိတ်- ရိုးစားစိတ်- စီးပွားစိတ်- လင်စိတ်- မယားစိတ်- ဆွေမျိုးစိတ်- အဖွဲ့အသင်းစိတ်- လူစိတ်မျိုးစုံ နတ်ဖြစ်ချင် စိတ်မျိုးစုံ ဗြဟ္မာမင်းကြီးဖြစ်ဘို့ စိတ်ပေါင်းစုံ စကြာမင်းကြီး သူဌေးမင်းကြီး ဘုရင်ကြီး မိဖုယားကြီး သူဌေးကတော်ကြီး အခုယ်တန်း ဘယ်သူမှ မ ဖြစ် ချင် ဘူး။ (အလုပ်များ-စာအုပ်ခေတ္တချ-နားဘတ်)

(စည်းပြင်မထွက်နဲ့-ယောဂီ) မိမိစိတ် မိမိသိတယ်၊ ညာလို့မရ-လိမ်လို့မရဘူး။အခုယ်တန်း အောက်ဆုံးတန်း ဖြစ်ဘို့ ဘယ်သူမှစိတ်မကူး စိတ်မရောက်။ ဒါ-စိတ်၏ အာရုံခံကို ရေးတယ်မှတ်၊

---

## စိတ်နေဘုံဖျား-လူနေချုံကြား

စိတ်ကတော့ အထက်တန်းစိတ်ဟုတ်၏၊ အလုပ်က အောက်တန်း အလုပ်မှာနေလျှင် ဒိုစိတ်မျိုးစုံဟာ ဘင့်တောင်ရုံ သမထနဲ့မရဘူး၊လက်ဖျစ်တတွက်မှာ စိတ်သည် ကုဋေပေါင်း လုံးရေ တသိန်းဟူ၍ ဟောတော် မူသည်၊ အလှန်ဖြင်လွယ် ချုပ်ပျောက်လွယ်သည်။ဖမ်းလို့ရခဲလှ၏၊ (စဉ်းစားပြီး စာဘတ်စမ်းပါ၊) စိတ်ကိုငြိမ်အောင် ဖမ်း

ထားဘို့ ဘယ်အာရုံဆီကိုမှ စိတ်မသွားဘို့ သမာဓိရရန် မလွယ်ဘူး။

**စိတ်ကို-ဒီနေရာမှာ အနေနိုင်းကြည့်ကြ။**
**ဘာစိတ်မှ-မပေါ်လေနဲ့နေဘ် အမိန့်ပေး ကြည့်ကြ။**

အနိုင္ဂနှိုင့်တွဲဘက်မခွဲလျက်နေသောစိတ်ကိုသမထဖြစ်ဘို့ သမာဓိဖြစ်အောင် ဆရာသပ္ပုရိသ ထံ၌ ဂုံစမ်းမေးလျှောက်ပြီးမှ အားထုတ်ကြ၊တကယ်တန်း သမာဓိတရားရဘို့ရာ ဆရာမတွေ့သေးလျှင် မာနရှော့ပြီး ဆရာမသေမီ ငွေကုန်လူပန်းခံပြီး အမြန်လာကြ။

---

# သမထ ၄၀-ကျမ်းဂန် ဥပဒေ

စရိုက်ကြည့်ပေးမှ သမာဓိရမည်မှတ်။ ယောဂီလာတိုင်း အာနာပါနကာ ဘမ္ဘဋ္ဌာန်းကိုချည်းပေးလျှင် ဥပဒေနဲ့ မညီဘူး။ (လောဘစရိုက် ဒေါသစရိုက် မောဟစရိုက် ဝိတက်စရိုက် သဒ္ဓါစရိုက် ပညာစရိုက်) ညဏ်ရှိ ဆရာမှန်က တပည့်၏လက္ခဏာကိုကြည့်ဘတ်လျှင် စရိုက်ဟာ အပြင်ဘက်ထွက်နေတယ်၊ မျက်ခွက်နဲ့ နှုတ်ပါးစပ်မှာနေတယ်၊ စရိုက်ဝါသနာသည် စိတ်များခြင်းဘဲ ဒီစရိုက်ဝါသနာစိတ်များသည်ကို နည်းအောင် ပါးအောင် ဆရာလုပ်သူ၏ နည်းပေးပညာတတ်မှုလိုသည်။

**ဤကား-သမာဓိတရားကို အားထုတ်ရန်**
**တိုက်တွန်းချက် ဗုဒ္ဓဘာသာတို့။**

# ဝိပဿနာ ပညာကိုရေးပြီ ဗုဒ္ဓဘာသာတိုင်း သိရမည်

ဘုရားရှင်ကိုယ်တိုင် သိတော်မူသော သစ္စာ ၄-ပါး၊ သစ္စာ၄-ပါးကိုမှန်မှန်ကန်ကန်ဖြောင့်မတ်စွာ သိမြင်တော်သောကြောင့်၊ ဗုဒ္ဓ၊ မည်၏၊ ဟောပြသောသစ္စာ ၄-ပါး တရားတော်ကို ဘာသာမှတ်ကြ၊ ဘုရားကို အားထားသည် အားကိုးပြုသည့်စိတ်ထားလျှင် တရားမှန်ကို သိသင့်သိထိုက်ကြသည်၊ ယူသင့်ယူထိုက်ကြသည်၊ လေ့လာရမယ် ဆွေးနွေးရမယ် ဝေဘန်ရမယ် မသဲကွဲလျှင်တတ်သိပညာရှိထံ စုံစမ်းမြဲကြရမည်၊

**သမ္မာသမ္ဗုဒ္ဓ ပစ္စေကဗုဒ္ဓ သာဝကဗုဒ္ဓ သုတဗုဒ္ဓ ၄-ပါးကို ဗုဒ္ဓဘာသာဒီပနီပထမတွဲမှာ ရှင်း၍ရေးပြခဲ့ပြီ။**

အရေးအကြီးဆုံးမှာ တရားရဘို့တည်း၊ တရားရမှသာ ဒုက္ခခပ်သိမ်း ကင်းငြိမ်းကြမည်။ ဒုက္ခလွတ်ကင်းလိုသော လူလိမ်မာ-ယောကျ်ားလိမ်မာ မိန်းမလိမ်မာတို့သည် တရားရဘို့ကို မသေမီ နေ့ရက်မဖြုန်း အမြန်ဆုံးရှာဖွေအားထုတ်သင့်သည်။ ခနစီးပွားကို ဘဝတိုင်း လိုက် စားသော လောဘတဏှာကား ဒုက္ခပွားကြောင်းတည်း၊ ဘဝတိုင်း သွားမှု-စားမှု-နေထိုင်မှုကို ယခုအသက် ၅၀-၆၀-၇၀-၈၀-၉၀-၁၀၀အထိ ပိုက်ဆံချမ်းသာခြင်းကို သေဘေးမမြင်ဘဲ နေရေးရှင်နေသူမှန်က ခနစီးပွားကို အရေးကြီးသည်ထင်၍ မွေးသေ ဆက်ခါ ဒုက္ခတွင်းကျယ် ဝဲပင်လယ်၌ စုန်မျော-မြုပ်မျော-ရပ်နားခွင့်မရ ပင်ပန်းသော ဥမ္မတ္တကတည်း။

# တရားရမှ-အစားဝမည်

စားလို့ ကြွားလို့ ညားလို့ ဘယ်တော့မှမပြီး၊ ဘယ်ကမ္ဘာမှမပြီး၊တနေ့လျှင်ငွေဆယ်သိန်းဝင်ဘိ ပြီးမှာလား၊ သူဌေးကြီးသူဌေးကတော်တို့ရဲ့ တနေ့လျှင် ကုဋေပေါင်း သိန်းတရာဝင်ဘိ၊အနှစ်တရာ-အနှစ်တထောင် နေ့မပျက် ဝင်ငွေပေါင်းများစွာရဘိ ပြီးပလား၊ပြည့်ပိုင်ဘုရင်ကြီးရဲ့၊

**အသင် ယခုလုံးပန်းနေဒါ၊**
**ဥစ္စာစောင့်ရာထူး မျှော်မှန်းနေသလား။**

(ပစ္စည်းရှာကြပုံ) ခြေလျှင်ရှောက် ပုခုံးထမ်း ခေါင်း ရွက် ရှာကြရတယ်၊ လှေနဲ့ လှည်းနဲ့ မော်တော်ကားနဲ့ သင်္ဘောနဲ့ မီးရထားနဲ့ ရှာလိုက်ကြ၊ ပြီးပလား တွေးပါ၊ ဗုဒ္ဓဝင်တို့ရဲ့ လေယာဉ်ပျံနှင့် နိုင်ငံခြားတွေ သွား၍ ကူး သန်းရောင်းဝယ် ရှာလိုက်ကြ သဘောတို့၊(ယခုအသက် ဘယ်အရွယ် ရောက်နေသလဲ၊ အိမ်ထောင်ဆက်-ဆက် လိုက် ပြီးရဲ့လား၊

အလုပ်ပြီးသွားဘိ ပြောတဲ့စကားဟာ၊
ဗုဒ္ဓရဲ့အမြင်မှာ၊ ဒီအန္တ ဘယ်တော့မှ မပြီးဘူး။

ပြီးအောင် လုပ်တတ်လျှင် နားရမယ်-သက်သာမယ်၊ မပြီးသောအလုပ်ကို လုပ်နေရဒါ ဘယ်သူမြှောက်ပေးနေ ပါသလဲ၊ မြှောက်ပေးတဲ့လူကို မိတ်ဆွေကောင်းမှတ်နေ သလား၊ အထက်လူကြီးများက ခေါင်းပေါ်-ပုခုံးပေါ်က

ဝန်ထုပ်ကို ရွက်သို့-ထမ်းထိုနေဓါမြင်လျှင် အောက်လူ
ငယ်များက ရှိခိုက်ထဲမှဒလေးဘက်သွားပြီး အလုပ် လုပ်
ကြရမယ်။

## တရားမရဘဲ-အစားဘယ်ခါမှ မဝဘူး

အရိပ် ၃-သွယ် နားမလည် ဂျီသူငယ်ကျားစာ
ဖြစ်။ အနိစ္စအရိပ်-ဒုက္ခအရိပ်- အနတ္တအရိပ်- နား
မလည် ခွဲဆိုရမယ်။

---

## ထာဝစဉ် အေးရိပ် ဘယ်မှာလဲ

ထိးရိပ်-နန်းရိပ်-မင်းရာထူးရိပ်-စည်းစိမ်ရှင်သူဌေးရိပ်
တွေးအိပ်လို့ပျော်ကြရဲ့လား။ (အိပ်မက်တို့-စိတ်များတဲ့)
သစ်ပင်ရိပ် ကျောင်းရိပ် တိုက်ရိပ် ဘုံဗိမာန်ရိပ် အိမ်ရိပ်
ထိး-ဦးထုပ်-ခမောက်-အဲဒီ အရိပ်တွေကို ခိုဘူးတယ်။
ခဏအေးလား၊ထာဝစဉ်အေးလား။

မိမိနေတဲ့ တိုက်အိမ်အရိပ်ထဲမှာ နေပူမထွက်
ဘဲနဲ့ အမြဲနေနိုင်ရဲ့လား။ နေပူသို့ထွက်စေ ဘယ်သူ
အမိန့်ပေးပါသလဲ။ ကျောင်းရိပ်-တိုက်အိမ်ရိပ်မှာ
ခဏနေလျှင် အရိပ်ခိုဆဲမှာ အေးဒါမှန်ရဲ့၊ ရင်ထဲ
မှာ ထွက်တဲ့နေ-ရှိတဲ့မီးကို ဒိဋ္ဌိပူကို ဘယ်အရိပ်
ကို ခိုကပ်မှ အေးကြမှာလဲ။

တရားကို အားကိုးကြတဲ့ ဗုဒ္ဓဘာသာတို့၊ ပိုက်ဆံချမ်းသာဘို့နဲ့ ဘယ်ဘက်ကို အားယူပုံ ချိန်ခွင်လျှာထွက်နေသလဲ၊ ငါ့ဘုရားလူကြီး ငါ့ရဲ့ဘုရားဒါယကာ ဘုရားဒါယကာမ ငါက ဘုရားနား- ကျောင်းနားမှာ အမြဲနေတယ် မှန်တယ်၊ (ပါးစပ်ပြောသဲဟုတ်-နေပြဒါလဲဟုတ်) ရင်ထဲက သဏ္ဍာယဒိဋ္ဌိစိတ်က လင်-မယား၊သမီး-သား၊ ရှိးစား-စီးပွား အားကိုးအားထားပြီး ဓောစောနေဒါကို ဗုဒ္ဓက မချသိတယ်၊

## သမ္မာဒိဋ္ဌိမဟုတ်လျှင် ဘာဒိဋ္ဌိလဲတွေး

မိမိအပြစ်မသိလျှင် သူတပါးအပြစ်ပြောတယ်ရေးတယ် လူဖြစ်ခဲတယ်ဆို လူဖြစ်တော့ ဘာတွေ အားကိုး နေသလဲ၊ သာသနာနဲ့ဒုလ္လဘဆိုယခုသာသနာတွင်းမှာဘာလုပ်နေသလဲ၊ဂေါင်းမွေး- မျက်ခုံးမွေး-နှုတ်ခမ်းမွေး-မုတ်ဆိတ်မွေး ရှိသမျှ အမွေးတွေလဲ သနိုလံ- ညှိပုတ်-ဖြူကုန်ဘိ လူချမ်းသာတို့၊

သွားမရှိတဲ့လူက ကွမ်းသီးမာမာ ကိုက်ချင်ဒါ ခက်ထာဘဲ

# ဒီမှာ-အဆိတွေ့ဘိ

- တနေ့ဝင်ငွေ-တကုဋေဝင်ဘိ၊
- နှစ်ပေါင်းတသိန်း-သုရင်ဇီဖြစ်ပြီ၊
- မိဖုယားခေါင်ကြီး-ဖိမိခံ စံရပြီ၊

ဒုက္ခခပ်သိမ်း ကင်းငြိမ်းတယ် ထင်နေသလား။

---

- မွေးသည့်ကစ အနာရောဂါမရှိ ကျန်းမာပါပြီ၊
- နတ်သမီးကဲ့သို့ ရှုမညီး ချောလှပါပြီ၊
- ပြဟ္မာမင်းသို့ ရွှေရောင်ဝင်း ခန္ဓာရပါပြီ၊

ဒုက္ခခပ်သိမ်း ကင်းငြိမ်းတယ် ထင်နေသလား။

---

- ပိဋကတ်သုံးပုံ အာဂုံရ စာသင်စာချဖြစ်ရပါပြီ၊
- အပူဇော်ခံ ရှိခိုးခံ မဟာထေရ်ကြီးဖြစ်ရပါပြီ၊
- ရွှေ,ငွေတွေ အလှူခံရ သက်နိုးဝတ်တန်ခိုးကြီးဖြစ်ရပါပြီ၊

ဒုက္ခခပ်သိမ်း ကင်းငြိမ်းတယ် ထင်နေသလား။

---

- ရွှေစေတီကြီး ပြဟ္မာပြည်ထိ လှူရပါပြီ၊
- သား ၅၀၀-ပစ္စေကဗုဒ္ဓါတွေ မွေးရပါပြီ၊
- ကမ္ဘာ့ဇမြေ၌ ဘုရားပေါင်း ကုဋေသိန်းတရာ လှူရပါပြီ၊

ဒုက္ခခပ်သိမ်း ကင်းငြိမ်းတယ် ထင်နေသလား။

(တရားနာရုံ-စာဘတ်ရုံမလုပ်နဲ့ စဉ်းစားဆင်ခြင်)

# ဝိပဿနာပညာ သန့်သန့်ရေးဆဲ

ဝိပဿနာတရား ပေါ်လာရန် ဝိပဿနာနေမင်း ထွက်ပေါ်ခါနီးမှာ အာရုံလင်းရောင်ခြည်ဥပမာ။ ယခုရေးသော ဝိပဿနာပွဲကြို စကားအချိုးရှိပါသေးတယ် ယောဂီ၊ သေသေချာချာ စိတ်ကောင်းရှိသူ အတင်းမပြောသူ ဆရာတော်ဦးမြတ်သိန်းထွန်းကို မကဲ့ရဲ့သူတို့နှင့် (တိုင်ပင်ဘတ်စမ်းပါ။)

- ဝိပဿနာဉာဏ်မရလျှင် အပေါယ်နဲ့ ကုန်သွယ်မှု မကောင်း။
- ဝိပဿနာ ပညာမပိုင်လျှင်-သွေးဗိုက်တို့နဲ့ ဖက်စပ်အလုပ်။
- ဝိပဿနာနာမ်ရုပ် သရုပ်မကွဲပါက ဒိပုတ်ထဲက ဒီအပုတ်။
- ဝိပဿနာ ခန္ဓာငါးပါး နားမလည်ပါက မိမွေးတိုင်း ဘမွေးတိုင်း။
- ဝိပဿနာ အာယတန မသိသေးသော်-သုက်သွေးခဲကို အဟုတ်ခလေးဘဲ။
- ဝိ ပ ဿ နာ ဓာတ် သ ဘော မသိလျှင် တောင်လေလေလာမြူး မြောက်လေလာရှူး။
- ဝိပဿနာ ပညတ်နဲ့-ပရမတ် မလေ့လာဘူးလျှင် သူလေ့နေကြ လေ့မှာဘဲ။
- ဝိပဿနာ လမ်းပြ ဆရာစစ်ကို မတွေ့သမျှ မပီးတဲ့အလုပ် လုပ်ရင်း သေကြ။

## အမှန်တရား သစ္စာ ၄-ပါး

၁။ ဒုက္ခသစ္စာ-ဆင်းရဲပေါင်းစုံ၊
၂။ သမုဒယသစ္စာ-ဖြစ်ခြင်းအကြောင်း၊
၃။ နိရောဓသစ္စာ-ချုပ်ကွယ်ရာ၊
၄။ မဂ္ဂသစ္စာ-လမ်းကြောင်း။

•

၁။ ဒုက္ခသစ္စာ-နာမ်နဲ့ရုပ် ဝဲ့ရုပ်အမှန်၊
၂။ သမုဒယသစ္စာ-နာမ်ကြိုက်ရာ လိုက်ထာအမှန်၊
၃။ နိရောဓသစ္စာ-နာမ်နဲ့ရုပ် မရှိအမှန်၊
၄။ မဂ္ဂသစ္စာ-နာမ်ရုပ် တို့၏ လမ်းစဉ် အမှန်၊

---

## ပဋိပတ်နည်း လူပြိန်းသိ ရေးဘိ

### (၂-နံပါတ်ကြောင့်-၁) (၄-နံပါတ်ကြောင့်-၃) ဖြစ်ပုံကို ရေးမယ်

သမုဒယ-အဖန်ဖန်ပွားများခြင်း၊ သစ္စာ ကြေနအမှန် ဘယ်ကဲ့သို့ ပွားများအောင် ကြေနလုပ်နေပါသလဲ၊စာ ဘတ်သူယောဂီ၊ သူများထည့်မထွက်နဲ့နော်၊(ထမင်းပိုင်း မှာ အများနဲ့စားပေမဲ့) ကိုယ်ဝအောင်စားသလို၊စာဘတ် ထာ ကိုယ်ထုပ်ထာ-ကိုယ်ကြီးစည်ဘူးဒါ-ကိုယ်ဘဲ ရမြှ လင့်ထားပုံတွေကို သေသေး မတွေးနိုင်အောင် တချော

မိတ်စုံတွေ နာရီစဉ်ဖြစ်ပေါ်တယ်။ဟုတ်သလား-မညာနဲ့။ (ဟုတ်တယ်ဝန်ခံ-သမုဒယသစ္စာအမှန်မှတ်) ယော်စဉ်ကစ မှတ်မိတဲ့အရွယ်ကျွေ့ချင် အစားကောင်း စားချင်တယ်၊ အဝတ်တန်ဆာ လှပစွာ ဝတ်ချင်ဘိ၊ ဟောဒီ ခန္ဓာကိုယ်ကို၊မလှ-လှအောင် အသားမဖြူ-ဖြူအောင် မဝ-ဝအောင် ဟန်အမူလုပ်ပုံ အတုခိုးနည်းယူဘိ၊ ဒါ-ဒုက္ခဆိုင်ကောင်းမှာ ဝယ်နိုင်ဘို့ ရှာဖွေခြင်းဘဲ၊ (ပရိသတ်ပိုင်းမှာ-ကျယ်ကျယ်ဘတ်ပါ) အဝတ်တန်ဆာတို့နှင့် ရွှေ-ငွေ-စိန်-ကျောက်တို့နှင့် ဝတ်တတ်-ဆင်တတ်-ပြုပြင်တတ်-လှချင်တတ်ထား-အလှတက္ကသိုလ် မှန်ဘီရို၌ ရှေ့မှန်-နောက်မှန်-ညာလက်ရှိသလို၊မှန်ကြည့်တဲ့ လူပျို-အပျိုတို့ အဲဒီအရွယ်မှာ(များပွားနေတဲ့ စိတ်တွေဟာ)မဟာသမုဒယ ဘာပြုကြဒါလဲ ဘာလုပ်ဘို့ ရည်ရွယ်ပါသလဲ ယော်စဉ်ကအရေးထပ်ခါပြန်တွေး ရုပ်ခန္ဓာ ပြောင်းလွဲချက်ဟာ ဒုက္ခသင်တန်းတက်ဘို့မဟုတ် ဘာလဲ။

●

## အတုအပမျိုးစုံ-သမုဒယတိုးပုံ

စိတ်အာရုံ တဈြာဇောတွေ များလာဘိ၊ ဒီအတိုင်းမနေနိုင်တော့ဘူး၊ ခွေးနာ-လောက်ထိုး-ခန္ဓာဆိုး အတွင်းဇယားအဟုန်-ထမင်းစားရရုံနဲ့ တင်းမတိမ်စားဘူး၊ အဝတ်တန်ဆာ ကရိယာမျိုးစုံ စိန်-ရွှေတွေ ဆင်မြန်းရပေမဲ့ စိတ်ထဲက ပင်ပန်းလှဘိ၊ဒါ-သမုဒယပွားများပုံရေးဒါ-တွေး

ပါ-မေးပါ-ကိုယ့်ကိုယ်လဲလှချင်တယ် သူများကိုလဲ ပြချင်တယ်၊ နားကပ်-ဆွဲကြိုး-လက်ကောက်-ရင်ထိုး-ဆင်မြန်းရိုးမှာ (ကိုယ်လှတို့နဲ့ သူများပြတို့) ဆင်စွယ်ဘီး-လိပ်ခွံဘီး ၂-လမ်းပြတို့လှတို့ဘဲ၊ ဖြွေဘီး-စိန်ဘီး ရှေ့စိုက် နောက်စိုက် ပုံက မှန်ထဲကြည့်၊ မိမိလှ-ခေါင်းပေါ် စိုက်မှ သူများပြဘီ၊ ဇာဘော်ထီ-အနူ-အကြွမ်း- အဆန်း- အသစ် တို့မှာ မိမိမျက်စိမှာ လှတို့က ဝယ်လာစ ကိုင်ကြည့်ဆဲပါဘဲ၊ ကိုယ်မှာ ဝတ်ဆင်သောခါ ပြရုပ်-ဖော်ရုပ်-မျှော်ရုပ် သန့်သန့်ပါဘဲ။ ဒုက္ခလေယာဉ်စီးမယ်လို့ ကြိုစည်လုံးတွေမှတ်။

နာရီကြိုး-လက်စွပ်-လက်ပတ်နာရီ-လုံချည်ပုဆိုးဝတ်ထည်များတို့ကို ဝတ်ခြင်း-ကြွားခြင်း-စားခြင်း ဧါဘာစိတ်လဲ (သမုဒယ) ပွားပုံ-များပုံ စိတ်အာရုံအနန္တ ကာမဂုဏ်ဟာန်ပြကြရဒါ ဒုက္ခပန်းတိုင်မှာ ရောက်တို့ပါဘဲ။ ပျိုအိုရာမှ အိမ်ထောင်ကျ သားစ-သမီးစ စီးပွားတွေစလာဘီ၊ နေ့မအား-ညမနား-သူ့သားနဲ့ငါ့သမီး-ငါ့သမီးနဲ့သူ့သား ပေးစားဘို့စိတ်- သူဌေးသားဖြစ်ဘို့စိတ်-သူဌေးသမီးဖြစ်ချင်စိတ်-မင်း-မင်းကတော် အာရုံပျော်မျိုးစုံစိတ်ကိုယ်ခြင်းစ၍ သားထမီးကို အိမ်ထောင်ပြုစေချင်စိတ်-မင်္ဂလာဆောင်-အားပေးစိတ် သားမွေးစိတ်တွေဟာ-ဒုက္ခမှန်ဆိုင်ကြီးထဲမှာ အရိပ်တွေဝင်ရောက် ပြနေသော်လဲ၊ ချစ်စရာထင်ပြီး ဇုဋ္ဌရဲ့-သစ္စာမဝင်ပါက လုပ်သမျှမေတ္တာအစဉ်ဟာ-ဘုရားသိဒါက (တဏှာစုသမျှ-မဟာသမုဒယ) ကာမဂုဏ်စိတ်တွေရှိနေဒါကို အန္ဓလင်မယား

အန္တပြည်သူ ပြည်သားတို့ အယူမှာ သမုဒယမသိ၊ သုခအတိ။

(သမုဒယ-တဏှာမီးလောင်ပုံ-အမြွက်မျှ)

---

နံပါတ်(၁)ဒုက္ခသစ္စာ ဘာလဲ၊ မှချချစ်လို့ ဒုက္ခအစစ်မှတ်။ (ဒုက္ခ-ပါဠိ) ဘာသာပြန်ဘာလဲ၊ ဘေးပေါင်းစုဆင်းရဲအနန္တ-ဒုက္ခခေါ်သော ဆင်းရဲ ဘေးကြီးကိုရေးပြီ၊ နံပါတ် ၂-ကြောင့် ၁-ဖြစ်ပုံကို ဆက်ရေး-ဆက်တွေး (သူများအပြစ်မပြောနဲ့-ပြော-လူမိုက်) သူများ မကောင်းဒါ-တိုင်းပြည်မဖြန့်နဲ့-ဖြန့်လျှင်၊ မဟာဗာလမှတ်၊ သုံးရိုးသုံးစဉ် (သမုဒယကြောင့်-ဒုက္ခ) ဒီအသုံး ပါဠိစကား-လူပြိန်းမသိဘူး-မကြောက်ဘူး-မရှက်ဘူး။

ရှေးဘဝက ကုသိုလ်ကောင်းမှု ပြုလိုသော တောင်းဆုကို သမုဒယမှတ်။ လူဘဝ-လူဖြစ်ချင်ဒါ၊ ဒီစေတနာက အစ-သမုဒယတဏှာ ကုသိုလ်ကြောင့်၊ တဏှာအမှု မိုရသည်။ တဏှာစုလို့ ငိုကြရတယ်။ တောင်းဆု ပတ္ထနာ-ကောင်းမှု တဏှာကြောင့် သွေးပူအညစ်မှာ ခလေးလူဖြစ်သည်မှတ်။

(ဒုက္ခအစရေကြည်ရေမြှုပ်က) နိုင်ငံခြားက မြန်မာပြည်သို့လာရောက်ပြသပြီး ပိုက်ဆံယူသွားတဲ့ထူးဆန်းချိုးမွမ်းထိုက်သော မျက်လှည့်လိုတော့ မထူးမဆန်း ပါဘူး၊ ဘာ့ကြောင့် ကာမဒဝစရကုသိုလ်စိတ် ၈-ခုထဲက၊ စိတ်တလုံးလုံး အစဉ်မခွဲဘဲ ယှဉ်တွဲကပ်သမျှ သဗ္ဗဘာဓာရဏခေါ်စေတနာ-စေတသိက်တို့က (ဝါ၊ စိတ်နှာမ်နဲ့-စေတသိက်

နာမ်တို့က) (ခက်တယ်-သိခဲတယ်)ဝါ၊ တဏှာကြောင့် လူဖြစ်- လူဖြစ်တဲ့တဏှာ စိတ်ကြောင့်၊ လူပြန်ဖြစ်ပုံ ဒီ မျက်လှဲ့က ရှိနေတယ်ယောဂီ၊ အိမ်တိုင်း- ရွာတိုင်း-မြို့ ပြည်တိုင်း တအိမ်နဲ့တအိမ် တစုံတွဲနဲ့တစုံတွဲ အဖုံဖုံနဲ့ပြီး မျက်လှဲ့-လက်လှဲ့-ပြသူ ကြည့်သူတို့၊ မျက်လှဲ့ပါကလားလို့ နေ့စဉ်ပြနေဒါ၊ ကြည့်သူတို့က သတိမမူကြတော့၊

မျက်လှဲ့ပွဲကို ခမ္မတာ နိပါတ်စဉ်ထဲ ထည့်ထားတယ်။ ဒါ-ဗုဒ္ဓဘာသာတို့ မြင်တတ်အို မျက်လှဲ့ပွဲ။

---

# ကုသလဆုမြှောက်လို ယခုဘဝ အမှုရောက်နေပုံ

သွားမှု-စားမှု-ညားမှု-နေမှု-ထိုင်မှု-အိမ်မှု-စီးပွားရှာမှု ဒီအမှုသယ်တွေ ဘယ်ရုံးက ပြီးပြတ်တယ်လို့ ဆုံးဖြတ် နိုင်မှာလဲယောဂီ၊ အမှုသယ်မှန်း ရာဇဝတ်ကောင်မှန်း- ရာဇဝတ်သားမှန်း- ကြိုးမိန့်ပေးပြီးသား သင်္ကာယမိဋ္ဌိ ရုံးတော်မှာ မပြီးမပြတ်သော (ကောင်းမှု) ကောင်းတဲ့ အမှု ကောင်းအားကြီးတဲ့အမှု အကောင်းလွန်နေတဲ့အမှု သယ်တွေ ငါဟာအမှုသယ် နေ့စဉ်ရုံးတက်နေရတဲ့ အမှု ဖြစ်နေသူဟု တွေးခဲ-သိခဲလှ၏၊ မဖြစ်သေးသော အမှု အတွက် မပေါ်သေးသော ကျူးလွန်ဘူးသော အမှု ဟောင်းတွေ စုပေါင်းပြီး နို့တစ်ပေးထားဒါလဲ အနန္တ ပါဘဲ၊ လူဖြစ်ချင်တဲ့ တရားမမှု၊ ငွေလိုချင်တဲ့ တရားမမှု

လူအဖြစ်နှင့် သီလကို စော်ကားကျူးလွန်သော ရာဇဝတ်မှု-မွေးမှု-အိုမှု-နာမှု- ကုသိုလ်ပြုမှု - အကုသိုလ်ပြုမှု- ဒါနလုပ်မှု- သီလစောင့်မှု- ကမ္မဋ္ဌာန်းထိုင်မှု- သမာဓိလုပ်မှု-ဝိပဿနာအားထုတ်မှု- အမှုပွေတဲ့လူပြည်- သတ်မှု-ခိုးမှု-ပြစ်မှားမှု-လိမ်မှု-မူးမေ့မှု-ကာယကံမှု-ဝစီကံမှု- မနောကံမှု-အမှုစုံတဲ့-လူ့ဘုံ၊ ဒီအမှုတွေဟာ၊ ကုသိုလ်ကြောင့် အမှုပိုပိုလာတယ်။

(အိမ်ထောင်ပြုမှု-ရှုပ်သမျှ ဒုက္ခမှာ) တဏှာမိန်းမ-တဏှာယောကျ်ား- တဏှာသမီး,သား- တဏှာစီးပွား-တဏှာရိုးစား- ရင်တွင်းပူ တဏှာကြောင့် (သူယူတဲ့-မယားသေ) ယူတဲ့လင်ကငို- (မယားသေ-လင်ငို-လင်သေ-မယားငို) သားသမီးသေ မွေးတဲ့ သူတွေကငို-

# ဒုက္ခသစ္စာကို ရေးတယ်

ဆင်းရဲသားလင်မယားတို့ရဲ့ တဏှာကြောင့်၊ ဆင်းရဲဘေးစုံတို့ကိုအနည်းငယ်ရေးမည်။ မင်းစုံတဲ့-သူဌေးစုံတဲ့ဘုရင်စုံတဲ့တို့ကိုတော့၊ သမုဒယကြောင့် သုခဖြစ်နေလို့-ရေးဘွယ်မရှိ။ မုဆိုးလုပ်မှု- တံငါလုပ်မှု-ပြည့်တန်ဆာလုပ်မှု-ဆင်းရဲမှု-စီးပွားချမ်းသာမှု-ရာထူးရာခံရမှု-ဘွဲ့ထူးဂုဏ်ထူးရမှု ဒီအမှုတွေကို ဒုက္ခသစ္စာမှန်းသိခဲ့၏။ ဆင်းရဲစုံမှန်တယ်လို့ အန္ဓဗာလတို့ သိမြင်ဘို့ရာ မလွယ်နိုင်။

အဆင်းလှမှု-အသံကောင်းမှု- အရွယ်နုပျိုမှု-ကျန်းမာမှု-သီလရှင်လုပ်မှု- သူတော်သူမြတ်လုပ်မှု· သာ မ တော

လုပ်မှု-ရဟာန်းဖြစ်မှု-နေ့ ညမပြတ် တလစပ်မနား-အတ္တ ဒိဋ္ဌိရုံးသို့ အမှုထပ်ခါရောက်ရောက်နေဒါတွေဟာ၊ ရှေး ဘဝကာမကုသိုလ်ကံစေတနာကြောင့်။ ဝါ၊ ဒိဋ္ဌိအဖြစ် ကို လိုချင်တဲ့ တဏှာဆုတောင်းကြောင့် အမှု မပီးနိုင် အောင် ရုံးပြောင်းနေကြရသည်။

သတ္တာအမှန်ကို မသိကြလော၊ ယောကျ်ားအနွ-မိန်းမ ဗာလတို့က ဖြစ်မှုကြောင့်ညားရတယ်မသိ၊ အဖြစ်ရှိလို့ စားသောက်နေရတယ်မသိ၊ ကျူးလွန် စော်ကားသော အဖြစ်တွေကြောင့်၊ အိပ်ရတဲ့ ညစဉ် အမှုသယ်ကြီးပါ ကလားလို့ ညားမှု-စားမှု-အိပ်မှုကို လူဖြစ်ချင်တဲ့ တဏှာ ဆုကြောင့်၊ တဏှာမှုတွေ မပြီးနိုင်ပါကလားလို့ သိရန် မလွယ်။

နောင်ဘဝအတွက် တဏှာကုသိုလ်ကံတွေ ဘက်မှု တွေ လုပ်ကြသော၊ ဒါနမှုကြီး-သီလအမှုကြီး-ကမ္ဘဋ္ဌာန်း ဘာဝနာအမှုတွေသည်၊လူအဖြစ်-နတ်အဖြစ်ကိုမြှော်လင့် ပြီး တဏှာဆုမျိုး စုံတောင်းခံကြရခြင်းသဲ၊ ဒုက္ခကိုမိတ် ဆက်ကြပြန်သည်။ ဒုက္ခအမျှင်မပြတ်ဘဲ ဒုက္ခကိုသုခထင် လုံးဖြင့်၊ ယခုဘဝ အရင်းခံ တဏှာ သမုဒယကြောင့်၊ နောက်နောင်ဘဝတို့၌ (ဒုက္ခသံသရာကို) ယခုဘဝက နေပြီး တဏှာစိတ်အညစ်က (မဟာမိတ်အဖြစ်) အကူ အညီရအောင်၊ဆုတောင်းနဲ့ကြိုတင်ကမ်းလှမ်းထားသည် မှာ နိပါတ် ၂-ကြောင့် ၁-ဖြစ်ပုံမှတ်ကြ။

# အမိဝမ်းဗိုက်ထဲ ဖြစ်ရပုံ

အခင်မတန် ယုတ်မာတဲ့စိတ်ကြောင့်၊ ယုတ်ညစ်သော သွေးဗိုက်မှာ ၁ လေး အမိုက်မှ- လူကြီး ၀၁ လ အ ထိ၊ သမုဒယကြောင့် ဒုက္ခဟုဆိုလျှင်၊ ဗုဒ္ဓဘာသာ မဟုတ်လျှင် နာမယ်မခံနိုင်ဖြစ်ရမယ်-ယောဂီတို့၊

လူဖြစ်ဘို့ ခန္ဓာကိုယ်ကို၊ ဗိုက်ဆံနဲ့ဝယ်လို့ ရမှာလား၊ တဏှာကြောင့် ရမှာလား၊ အကုသိုလ်ကံ နှိပ်စက်ထာထက် ကုသိုလ်ကံ နှိပ်စက်ထာ ဒီခန္ဓာမှတ်။

ယခု ထမင်းစားနေရတဲ့ ဒုက္ခမှုသည်၊ တဏှာအမိနဲ့ ကြောင့်မှတ်၊ ယခုအိပ်ရာထဲ တုံးလုံးလှဲရဒါ တဏှာနဲ့ မိတ်ဆွေဖြစ်ခဲ့လို့မှတ်၊ ယခုပျော်ပါးနေရတဲ့အမှုကြီးမှာ၊ တဏှာစေခိုင်းလို့မှတ်၊ တဏှာလူ- တဏှာနတ်- တဏှာ ဗြဟ္မာမှတ်။ တနည်း- လူတဏှာ- နတ်တဏှာ- ဗြဟ္မာ တဏှာ (တဏှာဘာခေါ် သလဲမေး) လိုချင်ဒါဖြစ်ချင်တဲ့ စိတ်အမျှင်ရှည်ကို တဏှာခေါ်တယ်မှတ်၊ (ကိုယ့်တဏှာ ကိုယ်ဝါဒ ဖြန့်ရဲကြရဲ့လား၊ သတင်းစာမှာ ထည့်ရဲကြရဲ့ လား ) လူခန္ဓာကို မြင်ရတယ်၊ တဏှာကိုမမြင်ရဘူး၊ တွေးကြစမ်းပါ ( တဏှာနဲ့-လူ ) ဘယ်လိုမှုခြားပါသလဲမေး၊ ဒီ တဏှာဟာ ခန္ဓာအတွင်း၌ ဘယ်နေရာမှာ နေပါသလဲလို့ မိမိ၏ခန္ဓာမှာ စိစိဉာဏ်ရှာပြီး ငါတဏှာနဲ့ ငါ့ခန္ဓာဖြစ်ပုံ

ဂျက်ပုံ အလုံးစုံကို ဥက္ကောင်းကစ၊ခြေဖျားအထိ တဏှာ ကြောင့် ဒုက္ခအားစုံကို တွေးတို့ဆင်ခြင်တို့က၊ စာဘတ် ယောဂီရဲ့ တာဝန်ဟူ၍၊ ဂဏှာပယ်၊မှတ်လေလော့။

(ဒုက္ခဝင်နှင့်ဆွေး–အမြွက်မျှ)

---

# နံပါတ် ၄–မဂ္ဂသစ္စာ ရေးဘီ

(မဂ္ဂ-ဘာလဲ) ခရီးလမ်းစဉ် ဒုက္ခသမုဒယ ချုပ်ရာ လမ်းစဉ်မှတ်၊ ယုတ်မာသော တဏှာစိတ်နှင့် ပုတ်သိုး ယုတ်ညစ်သော ရုပ်ခန္ဓာတို့၏ အကြောင်းစုံ-အကျိုးစုံ တို့ကို သိမြင်ရခြင်း တရားလမ်းကြောင်းကို မဂ္ဂမှတ်၊ ဆရာရေးဟောပြတဲ့အတိုင်း ဟုတ်တယ် မှန်တယ်လို့သိ လျှင် မဂ္ဂသစ္စာမှတ်၊စာဘတ်သူ၏ခန္ဓာကိုယ်မှာတွေးနေ၍- ကျမ်းစာရေးဆရာက ဆရာ၏ခန္ဓာမှာ အနည်းငယ်မျှ သိမြင်သော တဏှာချုပ်ရာလမ်းစဉ်ကို ရေးမှာဘဲ၊ဘုရား ဟောကျမ်းဂန်နှင့် ကိုက်ညီချိန်မှီသော သမ္မာဒိဋ္ဌိအရိယာ အဖွဲ့ဝင်ဖြစ်ဘို့ ရေးမှာဘဲ၊

ရှေးပေါ်ရာဏစကားသုံး ပါဠိစကားသုံး နားမလည် သော ခေတ်သုံးစကားတို့ကို ဆရာရေးသော ကျမ်းမှာ ပါချင်အနည်းငယ်ပါမှာဘဲ၊ ရေးနေကြကတော့ လူပြိန်း တို့ရည်မှန်းရေးခြင်း ဘာသာပြန်ဘဲ၊ သစ္စာဉာဏ်မဝင် သေးသူတို့ကို သစ္စာရေဝင်ဘို့၊ တနည်း-သစ္စာရိပ်ကိုခိုမှီး ပြီး အထင်ကြီး စိတ်ကြီးဝင်နေကြသော (ရိပ်ကြီးအရှင်

တ္ကိုကလဲ-စိတ်ပုတီးမြိုင်လို့) ဓမ္မအလုပ်နဲ့ ပြယုဂ်-ခွတုတ် မိနေမှာစိုးလို့လဲ၊ ဘာသာပြန်ဘွင်းဘွင်း- ရှင်းရှင်းလင်းလင်းရေးရခြင်း ဟောရခြင်းဘဲ။ ဘာ့ကြောင့် ပရိယတ်စာကို ပဋိပတ်ဓမ္မာထင်နေတတ်တယ်။ တနည်း ပဋိပတ်ဆင်ခြင်ဆဲ သဘောကျတဲ့ တရားကို -ပဋိဝေဓ-မှန်ဘိထင်လို့ဆရာကောင်းကိုမရုံစမ်းဘဲ မိတ်ဆွေစစ်ကလျာဏသပ္ပုရိသကို မသိချင်ယောင် မမြင်ချင်ယောင် မကြားချင်ယောင်ဆောင်ပြီး ဆွေးနွေးဆဲဆင်ခြင်ဆဲအနည်းငယ်သဘောကျဒါကို (အသိအမြေဲရပြီလို့-ပဋိဝေဓ)ဆရာကတပည့်မွေး တရားပြနေဒါ (ကတဲ-ခွက်ခွက်လန်ပါရော)

---

## နံပါတ် ၄-မဂ္ဂသစ္စာ ရေးနေဆဲ

၁။ နေမင်းနိုရောဓမပေါ် မထွက်မီ လင်းရောင်ခြည်ထွက်ပြ မဂ္ဂပါဠိကို၊ အထက်က စာကြည့်လျှင်ကြာတယ်ယောဂီ။ ကိုယ့်ခန္ဓာအကြောင်း ကိုယ်သိဒါ သဘောပေါက်ထာ အမှန်သိဒါ မဂ္ဂသစ္စာပုဒ်ပြတ် ဒီနေရာကကာထစ်မှတ်။

၂။ ဆရာရေးပြီးသော ကျမ်းပေါင်း ၃၀-ကျော်မှာပါတဲ့ မဂ္ဂသစ္စာရေးပုံလဲ ပါချင်ပါတယ်။ ဒီစာရွက်မှာတော့ လူပြိန်းဘို့ သက်သက်သန့်သန့် နားဝင်အောင်၊ တရားမြင်အောင် ဆင်ခြင်တတ်အောင် ရေးမယ်။ ရေကြည်ရေမြှုပ်က ယခုကဲ့သို့ ကျမ်းစာရေးတတ်ထာအသိ၊

မဂ္ဂလှိုသိဒ္ဒါ မိမိ၏ ခရီးစဉ်ဘဲ၊ ရေကြည်သွေးစက ယခု စဘာတ် စကြည့်နေဒါအထိ မဂ္ဂလှိုသိ၊ဒါသူများသွား ရောက်နေတဲ့ ခရီးလမ်းမဟုတ်၊ မိမိရဲ့ မီးဘောက်အစုံနဲ့ ခရီးရောက်လာပုံဟာ မဂ္ဂပါဘဲ၊

(ဟုတ်တယ် မှန်တယ်လို့-ယခုဝန်ခံလျှင် သစ္စာတစ်လိုက်။)

---

မဂ္ဂသစ္စာရေးပုံ-ဘယ်စာအုပ်နဲ့မှ မတူဘူးဟော့-ကောင်းလိုက်ထာ၊ ငါပြန်ဘတ်မယ်၊

---

မပီးတန်းထွင်ပြီး မီးစခမ်း အမျှင်တွေနှင့် မိမိ၏-ကိုယ်၏ ငါ၏ခရီးလမ်းစဉ်၊ တနည်း-ငါပိုင်ငါဆိုင် ငရဲ ထုံးစံနှင့် မကွဲအသုံးခံ စွဲလိုးသန်ပုံက၊ သွေးစသိလျှင် ဒီ လူဟာ လူစရှိတယ်၊ ထင်လိုးနဲ့လာခဲ့ဒါ-မဂ္ဂ၊ အဲဒါကိုယ် လာတဲ့လမ်း ငါလာခဲ့တဲ့လမ်းစနဲ့၊လမ်းဆယ်မှတ်၊ဒီလမ်း ဘယ်တော့ ဆုံးနိုင်မှာလဲလို့ သေကော ဆုံးမှာလားလို့ နဲနဲရိရိပ်မိလျှင် ဆရာရေးဒါ-လူကိုယ်တိုင် မလာနိုင်လို့ ဒီစာရွက်နဲ့ဘဲလာဟောနေဒါ ငါမပီးချင်တဲ့-ငါ့မီးထွင်ပြီး ငါ့ခရီးစဉ် ငါရောက်ထာ၊ ဟုတ်လှချည့်-မှန်လှချည့်လို့ အပါယ်ပူ-မပူရအောင် (ယောဂီ) တကယ်ယူလိုက်ရင် ဒီခဏလေးမှာ၊ မဂ္ဂထဲ-သစ္စာပါ ထည့်လိုက်စမ်းပါ၊

(နောက်မှ-ကမ္မဋ္ဌာန်း ထိုင်စမ်းပါ။)

# ရေကြည်အစက်–ရှာရည်မထွက်တဲ့ ဒီခန္ဓာ

ဟို-ရှေးရှေးဘဝက ကုသိုလ်ကံကြောင့်၊ တောင်းဆု ကောင်းမှုတွေကြောင့်၊ယာဉ်တိုင်ခရီးစဉ်ကိုစိတ်ညစ်တယ် မရေးတော့ဘူး။ ယာဉ်ပစ္စုပ္ပန် အခါ ဝမ်းပြင်၊ သားအိမ် အတွင်းမှာ၊ မီးပထမနဲ့ ခရီးစလာပုံ ယာဉ်အရွယ် ယာဉ် စာရေးနေတဲ့ ယာဉ်စာဘတ်နေချိန်အထိသာ၊ လမ်းမဂ္ဂကို မှန်းချက်ပြပြီး ရေးတော့မယ်။

(ကြည့်စမ်း-မိမိခန္ဓာ တကိုယ်လုံး) သစ်စေ့က သစ် ညှောက်-သစ်ပင်ငယ်-သစ်ပင်ကြီး-ရွက်ဖူးပွင့်-အသီးအစုံ ကိုင်းကြီးကိုင်းငယ်- အစေး- အခေါက်- သစ်ဆီသစ်ဖု- သစ်ပင်၏ ကရိယာတွေ၊သစ်လုံး၏အတွင်းသားတွေ-အ ပြင်သားတွေ-ထိပ်ဖူးထိပ်ညွှန့်-ပင်စည်-မြစ်မ- မြစ်သေး- မြစ်မွှာရေသောက်မြစ်မှမကျန် အဲဒါသစ်စေ့ရဲ့ခရီးစဉ်မှတ် ကုက္ကိုစေ့- မကျည်းစေ့- ဒုန်ပင်စေ့- အလွန် သေးငယ် သော သစ်စေ့နဲ့ မျက်မြင်သစ်ပင်ကြီး (ဒါ-ဉပမာ)

# ဒီမှာ-ဆင်ခြင်ပုံ စာဘတ်သူတာဝန်

ဩော်-သတိအကြမ်းပြင်းနဲ့ စဉ်းစားလိုက်တော့၊အခါ ဝမ်းတွင်းကရေကြည်သွေးစက၊အလိုခလေးဘဝသို့ ရေ မြှုပ်တံထွေးက လူမျိုး-အမျိုးဖြစ်ပုံ၊သွေးခဲက လှည်းမောင်း လှေစီး ဘိအေအောင်ပြန်သတဲ့ ခွက်ထာဘဲ။ ဝမ္မစကြာ

ထဲက ရုပ္ပတိဆိုဒါ ဟုတ်၏လို့၊ ဒီစာရွက်ကို ဝန်ခံပါဘိ ဆရာရေလို့ နှုတ်ဟာမပြောနဲ့တော့ယောဂီ။

(ဗုဒ္ဓဟောပုံ-ဓမ္မစက်ကပါဒါ-မဂ္ဂဘာသာ-မှတ်လိုက်)

# နေမင်းအနဿ ပေါ်ထွက်စ မဂ္ဂသစ္စာမှတ်

(တမျိုးတွေးစမ်းမယ်)ဗိုက်ခေါင်းထဲမှာ(သားတစ်) သုရားစစ်က၊ တရားအနှစ်ကို ဟောပုံ၊သားတစ် ၇-ရက်က အနိမယ် မယားစစ်နဲ့-လင်စစ်နဲ့ အလွန်မက်နေကြတဲ့ ခရီးမဂ်မှာ၊ မီးဆက်ကြဒါ ဟုတ်ထာဘဲ။ ဗုဒ္ဓအဟောမှာ ရုပ္ပနသဘော- အဘိဓမ္မာအစစ် သိသာဘို့ မဖြစ်နိုင်။ ဘာ့ကြောင့် ခက်လို့-နက်လို့-မဂ္ဂင်တဲ့-မဂ်တဲ့- ဖိုလ်တဲ့- ကဲ-လူပြိန်းကဘာသိမှာတုံး။ မိမိဖြစ်ခဲ့သော-ဖြစ်နေသော ယခုရောက်နေသော-ယခုလုပ်နေသော-လမ်းစဉ်အမှန်သိ လျှင် မဂ္ဂသစ္စာခေါ်ပါတယ်။

## ကျေနပ်ကြစမ်းပါ

ပရိက် ဥပစာ အနုလုံ ဂေါတြဘု-
ဒီအသေးစိပ်-ခဏိက-နာမ်ခရီးစဉ်ကို
ဉာဏ်ကြီးအရှင် သုရား့ရဲ့အမြင် ဖြစ်တယ်မှတ်။

**ခက်မငါးဖြာ ရှေးခေါ်** အဖု- အဘက်- ငါးဗျ၊ တနည်း ၅-တက်၊မျက်စိမပါသေးဘူးနော်၊စကားမပြော တတ်ဘူး ဂင်းပိတ်-ဂင်းပိတ် ဘာပေါက်မှ ဘယ်နေရာ ကမှ မဖေါက်သေး မပါသေးဘူး၊ ဥပမာ၊ ကျွန်းသား သစ်တုံး ၃-လက်မခန့်ထစ်းပါ၊ အရုပ်ထုဆရာက၊ အရုပ် ဖြစ်ဘို့လောင်းထားတယ် ခေါင်း လက်နှစ်ဘက် ခြေနှစ် ဘက်လုပ်ဘို့ နေရာရွယ်ထားချက် (သူများအဖြစ်မပြော နဲ့-ဝါဒမဖြန့်နဲ့- ဝါဒဖြန့်ဘို့မတွေးနဲ့နော်-) ကိုယ့်အဖြစ် ကိုယ့်ဝါဒကိုသာဟောပြဘို့-ပြောပြဘို့တွေးနေဘို့ ဆရာ သတိပေးတယ်၊

# ငါးအဖုနဲ့ မယားမှု-လင်မှု

ငါ့လာတဲ့မဂ္ဂ-ဆရာက-အချက်ပြ ရေးလုံးကို တွေး ခုံးမယ်၊ ကြိုကြိုဖန်ဖန် ဒီငါးအဖုက လာလိုက်ထာ၊ တွေး ရမှာ တယ်မောပါကလား-အတိုချုံးလိုက်မယ်၊ ငါ့မှာ ခလေးတပြုံလုံး ဘယ်လိုဘယ့်နှယ် ဒီလမ်းစဉ် ဘယ်သူပြ လိုက်လို့၊မှန်းဝင်လာပါလိမ့်၊ငါဘယ်တော့ ထွက်ပေါက် ရပါ့မလဲ ခက်ကပြီ ကြည့်စမ်း၊ပါးစပ်ပေါက် နှာခေါင်း ပေါက် ဘာပေါက်ကမှ မဖေါက်ရသေးတဲ့(ငါးစဉ်အဖု က-မယားလင်အမှုရောက်နေကြဒါ ဆရာရေးပုံမှန်ဒါဘဲ၊ ဒီလို မဂ္ဂသစ္စာ လမ်းခရီးစဉ် ရေးပုံကို ရှေးကလဲ မတွေ့ စဘူး၊ ခုလဲ ဒီဆရာမှလွဲရင် မတွေ့ရသေး နောင်လဲ ဒီလို

မဂ္ဂသစ္စာကို (ကွက်ကွင်း-လက်ငင်း)မဂ်စဉ်ကို မျက်မြင်ပြဘို့-ဟောဘို့-ရေးဘို့ မပေါ်နိုင်ပါဘူး။

**ဒီဆရာတော် ဘယ်မှာနေပါလိမ့်။**

---

# ကိုယ့်မဂ္ဂသာတွေး သူများမဂ္ဂ အရေးလား

သွေးခဲရုပ်ဆိုး အစစ်အသားအမှုန်က အထစ်ငါးတန်နာမ် အတွင်းစက်ကြောင့် ငါ့ဝမ်းထဲ ခလေး ရှိတယ်လို့ မွေးအမိက၊ ဉာဏ်ဘာမှမရှိလို့ နာမ်သဘာဝကိုမသိနိုင်။

# သွေးခဲသွေးတုံးဟာ ခလေးဘဲ

ဥသမာပန- ခေတ်ဓာကြောင့် လူဖြစ်တဲ့ လမ်းစဉ်ကို ဖယ်ထား။ (စာစကား-ခေတ္တနား)

---

# ဇာတ်စုံမလိုက်ဘဲ ခေတ်ပုံရိုက်တွဲ

၁။ ငါးဖုနဲ့-ယာခု ခါးကုန်းနေတဲ့အရွယ်နဲ့

၂။ သားတစ်နဲ့-မင်္ဂလာဆောင်အိမ်ထောင်ပြုဆဲနဲ့

၃။ သွေးခဲနဲ့-လေယာဉ်-ရေယာဉ်စီးနေတာနဲ့

၄။ ရေမြှုပ်နဲ့-စည်းဝေးပွဲ ထုပ်နေကြပုံနဲ့

၅။ ရေကြည်နဲ့-ယာခုစာရေးပုံ-စာဘတ်နေပုံနဲ့

# ဝိပဿနာ နေမင်းထွက်စ

မွေးစခလေးရှပ်ရ-နာမ်ရ ဒီ ၂-ရပါဘဲ၊ အာရုံမှာ ဘာ တွေအာရုံခံနေပါသလဲ၊ ငိုတို-နို့စို့တို ၂-မျိုးမှာ မွေးစ မှာ နို့စို့တိုမသိပါဘူး၊ ပိုး-ဖဲ-ကတ္တီပါ-စိန်-ရွှေ-ကရိယာမပါ၊ တိုက်-ကျောင်း-အိမ်- မော်တော်ကား-ဆန်စက်-ဆီစက်- လွှစက် ဘာစက်မှ မပါဘူး (ပညာစခမ်း မဂ္ဂသစ္စာ-ခရီး လမ်း)(စာဘတ်မထွေးနဲ့-ချောင်းဆိုး-ရပ်ထား)

# မွေးစ-ခလေးဘဝ ရေမွေးမပါ

သနပ်ခါးနဲ့ ရွှေဘီးမမြင် သွေးစနဲ့မွေးစ ငိုနေဒါဘဲ၊ မြင်တွေ့ကြသားဘဲ ဘာများပါသလဲ ဘာကာမဂုဏ်တွေ ခံစားဒါ မြင်ပါသလဲ ဘိုင်စကုတ်အာရုံ ရိုးစားအာရုံ ရာထူးအာရုံ တရားဟောအာရုံ ကျမ်းရေးအာရုံ ဘုရား သွားအာရုံ သက်န်းဝတ်အာရုံ စာသင်စာချ အာရုံတွေ ကော၊ အာရုံပြုတတ်ပါ့မလား၊ စဉ်းစား (သွေးစစ်က- ခလေးဖြစ်ဘဝမှာ) စျေးရောင်း- ကြွေးတောင်း-လင်ယူ မယားယူ-သားမွေး-နို့တိုက်-ကာမိသောက်-ဟော်တယ် တက်-စွတ်ပြုတ်- ဟတ်ဘွိုင်- စီးကရက်- မြင်းလောင်း- ဇာဘော်လီ- ဘန်ကောက်သက်န်း- စိန်ကတ္တီပါ- ရွှေခြေ ကျဉ်း-စိန်ပွဲစား- ရွှေပွဲစား- ရွှေဆိုင်- ရှပ်ဆိုင်- ပြည်ပိုင် အစိုးရ မင်းကြီး, မင်းကလေး- သူဌေးကြီး- သူဌေး ကတော်၊ ဒါ-မဂ္ဂ-မဂ္ဂ၊

**(စည်းပြင်မထွက်ရ-ထွက် အန္တရာယ်)**

မွေးစ ခလေးဘဝ လင်သေ- လင်ကွာ- လင်ပစ်- မယားသေ-မယားကွာ-မယားပစ်-အာရုံမဖြစ်သေးဘူး နောက်လင်ယူဘို့ ဖယ်ပါ-နောက်မယားယူဘို့ ဘေးချိပ် လိုက် ကုမ္ပဏီအစုစပ် မလုပ်တတ်သေး၊

မွေးစက-ယခုအထိ-ကိုယ့်မဂ္ဂ ခရီးစဉ် ကိုယ်မြင်အောင် ကြည့်ဒါ မဂ္ဂသစ္စာမှတ်လိုက်။

---

ဒုလ္လဘငါးပါးကို သပိတ်မှောက်တဲ့လူဟာ-
အမွေးဖြူနေပေမဲ့ စီးပွားကိုချည်း မဲ့ရှာနေဒါဘဲ၊

## ဗုဒ္ဓဘာသာနဲ့ နီးဘိ

၁၊ နားရွက်နှစ်ဘက်မရှိတဲ့လူက ဝိန်နားကပ် ပန်ချင် သလို၊

၂၊ နှုတ်ခမ်းနှစ်ဘက်ပြတ်တဲ့သူက နှုံမှုတ်ချင်သလို၊

၃၊ သက် ၅၀-အမျိုကြီးက သားမွေးချင်သလို၊

၄၊ လက်နှစ်ဘက် ပြတ်တဲ့လူက စစ်ထဲ လိုက်ချင် သလို၊

၅၊ မျက်စိနှစ်ဘက် ကန်းသူက အဝေးကြည့်မျက်မှန် တပ်သလို၊

၆၊ ခြေနှစ်ဘက်မရှိသူက ရေကူးပြိုင်ချင်သလို၊

၇၊ စကားမပီတဲ့လူက ကမ္ဘဝါစာ ဘတ်ပြချင်သလို၊

၈။ သွားအရှင်းမရှိသူက ကွမ်းသီးအမာကို ကိုက်ပြချင်သလို၊

၉။ သက် ၉၀-ခါးကုန်းအဘိုးအိုက အချိပ်ပုဆိုးရှည်ဆီးချင်သလို၊

၁၀။ သက် ၉၀-သွားမရှိအမယ်အိုက နှုတ်ခမ်းဆေးနီဆိုးချင်သလို။

တရားထူးရဘို့နဲ့ စီးပွားရှာဘို့ ဘယ်ဟာရမှာ၊ ချမ်းသာမယ် အေးချမ်းမယ်၊ တွေး-ကြံ-စဉ်းစားကြ၊

(ဉာဏ-မဂ္ဂသန္တာကို-အမြွက်မျှ)

---

# နံပါတ် ၃-နိရောဓသစ္စာ ရေးဘီ

(နံပါတ် ၄-ကြောင့် နံပါတ် ၃-) အာရုံလင်းရောင်ခြည်ပေါ်ပြီးမှ အစ္ဆရိယလောကဓာတ်ကနေမင်းကြီး နိဗ္ဗာန်ပေါ် ထွက်လာပြီ၊(နိရောဓ-နိဗာန်း-နိဗ္ဗာန်-နိဗာန-နိဝါန-နိဝန်း-အသင်္ခတ) ပါဠိစကား ကွဲပြားပေမဲ့ သဘောမှာ၊ စာသားထဲအတူတူ ပဋိဝေဓဉာဏ် မရဘဲနဲ့ နိဗ္ဗာန်ကို ရေးရေး-ပြောပြော-ဟောဟော-ပိဋကတ် ကျမ်းစာသင်ဘူးလျှင်၊ စာထဲ ပါဒါတွေ ရှောက်ရေး-ရှောက်ပြော-ရှောက်ဟောမှာဘဲ၊

ပိဋကတ် ကျမ်းစာကို၊ အရှင်းမသင်ဘူးဘဲနဲ့ ဆရာတဆူလုပ်ပြီး နိဗ္ဗာန်အကြောင်းပြောလျှင် ဗဟုရယ်-သုတရယ် ( ဗလိစိတ်စ- ဘူလိနတ်စ- ရောဖြွမ်းသားဖြွမ်း )

ဟိုစစ-ဒီစစ ကရွတ်ကင်းရှောက် ပေါက်ကရ ရောက် တတ်လေးဆယ်၊ တောင်ပြော မြောက်ဟော တပည့် တကာ-တကာမတွေကို၊ လိမ်စား ညာစား စာဂုဏ် သက်နံဂုဏ်နဲ့ညာစား မင်းသူဌေးဂုဏ်နဲ့ ဝါကြွား ကိုး ယိုးကားယား မသိမဆိုင် မဟုတ်တယုတ် ကယော်က မယ် အိုးနင်းခွက်နင်း ပေါက်တန်ရှေ့ သူထင်ရာ သူမြင်ရာ (အန္တပဝေဏီ)သူကန်းတွေကို၊ မျက်စိမမြင်တဲ့ ငရဲသား ဆရာတဆူက (နိဗ္ဗာန်)ကို စိတ်ရူးပေါက်တိုင်း ရှောက် ရေး ရှောက်ပြော ရှောက်ဟော မြောက်ပြောပြီး ရှိခိုးခံ အရက် သောက် ပူဇော်ခံ ညာဘျ ထမင်းစား၊ ဒီလို- ဗလချာ ဆရာတွေကို၊ ယသုရုပ်သမ္မ နု-ဇုဒ္ဓဒိပနီကျမ်းက အပြည့်ပြည့်အရွှာရွှာလွှမ်းပြီးအသေကင်းဘို့ နေမင်းကြီး ပေါ်ထွက်လာပြီ။

(ကြည့်ချင်ဒါတွေ-အကုန်မြင်ရမယ် ယောဂီ။)

---

ဆရာ ဟောသော ရေးသော ကျမ်းစာ များ ကို၊ ပိဋကတ်စာနှင့်မညီသော်၊ တနည်း၊မရှင်းလင်းသော် လာ ၍ပင့်ခေါ်၍၊ စိတ်ကောင်းနှင့် မေးစေလိုသည်၊ ကော်လို ကပ်လို တတ်သလိုလိုနဲ့ မာနရှိလျှင် တိတ် တိတ် နေ၊ တရားအမှန်ရစေဘို့ မေတ္တာကရုဏာဖြင့် ရေးလိုက်သည်။

ဆရာကိုယ်တိုင်သိ နိဗ္ဗာန်ကိုလဲ လူပြိန်းနားလည်ယုံကြည် ဘို့ ရေးမယ်။

# ကာံနဲ့-ဥာဏ်-မေးဖြေ

**ကံ**။ ဆရာတော် ဦးမြတ်သိန်းထွန်းက၊ နိရောဓသစ္စာကို **ကျမ်း**စာနဲ့အညီ ကိုယ်ပိုင်ရဒါကိုလဲ လူပြိန်းသိ ရေးမယ်ဆိုဒါ၊ လူပြိန်းတွေဟာ ပိဋကတ်ကျမ်းစာလဲမတတ် ဆရာတော်၏ မြင်သိ ထားသော ကိုယ်တိုင်ရ နိဗ္ဗာန်ကို လဲ နားလည်ဘို့ ယုံကြည်ဘို့ရာ ရေးမယ်ဆိုဒါ၊ ယုံဘို့ မခက်ဘူးလားကွဲ။

**ဥာဏ်**။ ငါပြန်ရှင်းမယ် နားထောင်၊ ပိဋကတ်နှင့် အညီ ရေးမှာက၊ စာတတ်သူ စိတ်ကောင်း ပညာရှင်တို့ အတွက်ကွဲ၊လူပြိန်းနားလည်ယုံကြည်ဘို့က အားကိုးရဘို့ မှီခိုရဘို့ ရည်ရွယ်မှန်းချက်ရဘို့ ရေးရမယ်ကွဲ။

**ကံ**။ ငါလဲ စာထဲမှာရှိဒါတော့၊ ပြောတတ်သိတတ် ပါတယ်၊ ကိုယ်ပိုင်ရဘို့တော့ ငါလဲမရဘူး၊ ယုံကြည် အားထားခြင်းတော့ သဒ္ဓါဖြစ်ပါတယ်၊ ဝိပဿနာကျမ်း တွေ များစွာရေးသည့်အထဲက နိဗ္ဗာန်ခေါ် နိရောဓသစ္စာ ဘာသာပြန်တွေ၊ ဆရာတော် ဦးမြတ်သိန်းထွန်းရေးဒါ လဲ ငါဘတ်ဘူးတယ်၊ (ဒိနိဗ္ဗာန်ဟာ) ရဘို့ ရောက်ဘို့ မျက်မှောက်ပြုဘို့ တယ်ခက်ပါကလား မောင်ဉာဏ်ရယ်၊ မင်းရေးပေမဲ့ ဒေါ်ဝွမ်း ပြောဒါလို အရင်ဟာည့်း ထင် ပါရဲ့။

**ဥာဏ်**။ အေး-မင်းပြောဒါ ငါဖြေမယ်၊နံပါတ် ၄- မဂ္ဂသစ္စာရေးခဲ့တယ်၊ မဂ္ဂဆိုဒါ မောင်ကံရဲ့ ကံလမ်းက

ဉာဏ်စခမ်းရေးရတယ်၊ ကံကိုခေတ္တ ကွင်းပိတ်လိုက်ပါ။ မင်းအားကိုးပြုထားတဲ့ ကံဆက်သမျှ ဉာဏ်မဂ္ဂမျက်စိနဲ့ မြင်လာရမယ်၊ မင်းခန္ဓာမှာ ဆရာတော် အထက်က မဂ္ဂ သစ္စာရေးပြခဲ့တဲ့အတိုင်း ရေစုန်ရေဆန် မွေနှောက်ပြီး ရှာပါ၊ မဂ္ဂသိမှ နိရောဓသိဘို့မှတ်၊ မဂ္ဂသစ္စာမသိတဲ့ နိဗ္ဗာန် မျှော်သမားကို၊ ဘယ်လိုလဲ နိဗ္ဗာန်စည်းစိမ် ပြောပေမဲ့ (လင်မယားစီးပွား-စည်းစိမ်လိုတော့) စွဲမြဲပြီး လိုချင် နှစ်သက်စိတ်မရှိပါဘူး၊ တိုတိုပြောမယ်-မဂ္ဂလမ်းစဉ်သိ လျှင် မဂ်ဉာဏ်ကဘဲ နိဗ္ဗာန်ကို လှမ်းကြည့် မြင်ပါတယ်၊ ဝိပဿနာတရားကိုသာ ကြိုးစားအားထုတ်ဘို့က ပထမ၊ နိဗ္ဗာန်ရဘို့ ကိုယ်တိုင်ခံစားဘို့က ဒုတိယမှတ်၊ မင်းလို- ကံမျက်စိ ကံနားနဲ့ မြင်, ကြား, နေသမျှ ဘယ်တော့မှ နိရောဓဝေးစွ၊ မဂ္ဂကိုပင် ရွေးစေ့မှမမြင်နိုင်၊ ဆရာတော် ရေးခဲ့သော ဝိပဿနာ ကျမ်းတိုင်းမှာပါတဲ့၊ နိရောဓနဲ့ ဒု-ဗုဒ္ဓဘာသာကျမ်းစာ နိရောဓနဲ့ တိုက်ဆိုင် ဘတ်ကြည့် အရင်ဟာညှိုးဘဲလား၊ အခုဟာက တညှိုးလား မာန မကြီးနဲ့ တရားရဘိမထင်နဲ့ စာအုပ်ဘတ်လျှင် စာလုံးရှိ သမျှ အနည်းဆုံး ၃—ခေါက်ဘတ်၊

---

# နိရောဓသစ္စာ ဘာလဲ

စာစကား ပရမတ် စကားနဲ့ပြောရင် ချုပ်ငြိမ်းခြင်း၊ ဘာချုပ်ငြိမ်းဒါလဲ၊ (ရုပ်နဲ့ နာမ်) ရုပ်နဲ့နာမ် ချုပ်လျှင်၊ ဘယ်လိုနိဗ္ဗာန်ရမှာလဲ ရုပ်နာမ်ချုပ်ပျောက်ခတ်သဘော

ပေါက်ရောက်သော၊ မဂ်ဉာဏ်ဖြင့် အာရုံ ပြုနိုင်တယ်။ အသင်္ခတ ဓာတ်လဲခေါ်တယ်။ (ရုပ်နာမ် ၂-ပါး) ချုပ် ပျောက်သော ဉာဏ်ထူး မရဘူးသူမှာ၊ ဘယ်နည်းနဲ့မှ နိဗ္ဗာန်မသိနိုင်၊ အာရုံမပြုနိုင်မှတ်၊ ( စေဒကဝင်ဘိ ) ကိုယ်တိုင်သိ ကိုယ်တိုင်မြင် ခံစား စံစား ရတယ်ဆိုဒါ၊ ကိုယ်တွေ့လက်ထိလား၊ အာရုံပြုရုံမျှလား၊ ယခု လက် တွေ့ ကိုယ်ထိလက်ထိ တွေ့ကြို ခံစားကြတဲ့ ကာမဂုဏ် ငါးပါးလဲ စိတ်အာရုံပြုဒါပါဘဲ၊ စိတ်အာရုံနဲ့-ဉာဏ်အာရုံ ပါဘဲ။

ဥာဏ်အာရုံပြုခြင်းကိုဘဲ-ဓမ္မာရုံ နိဗ္ဗာန်ဟု မှတ်ကြ။

မဂ္ဂဖလာန မာလမ္ဗဏဘူတော အသင်္ခတဓမ္မော။

မဂ္ဂဖလာနံ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့၏၊ အာလမ္ဗဏ ဘူတော၊ ဉာဏ်အာရုံ ပြုရာ ဖြစ်သော၊ အသင်္ခတဓမ္မော၊ အသင်္ခတတရားတည်း။

ဤကား-စာရှိ ပါဠိ-သာဓက။

---

# လူပြိန်းသိ နိဗ္ဗာန် ဘာလဲ

(ရင်တွင်းမီးဖို) မိမိကိုယ် တွေးကြည့်၊ မညာနိုင်တဲ့ အသိ-လိမ်လို့မရတဲ့ မီးပူသောက ညှာပြောရင် သက်သာ ဒါ နိရောဓ(ဝါ)နိဗ္ဗာန်မှတ်၊ အထက်တန်း ဉာဏ်ရလို့ အာရုံခံမှာ ဘာတွက်ကမှမပူ ဘာကိုမှ အရေးမလုပ် ဘယ်သူကိုမှမငဲ့ဘူး ဒါဘဲနိဗ္ဗာန်၊ အပူစုံ-အပူမျိုး-အပူခိုး

အပူငွေ့-အပူရှိန်တွေ ချုပ်သမျှ နိရောဓမှတ် ဆရာဆုံး ဖြတ်တယ်။ (ဒါပေမဲ့) ဒါဖြစ်ရင် ပြန်မကပ်နဲ့၊ ဘာတွေ ချုပ်သလဲ ပြန်ရှင်းလိုက် အပူတွေချုပ်တယ်။ လူတွေ မဟုတ် အပူတွေချုပ်(အဟုတ်အမှန်လူမဟုတ်၊ ရုပ်နာမ်ဟာ ဘူတရုပ်၊ လူအယူပြုတ်-လူအပူချုပ်၊ ရုပ်ပေါက် ပြန်မှုချုပ်တယ်၊) နာမ်စိတ်တွေ အရှင်းပြုတ် ရုပ်ဆိုဒါ နာမ်ဆိုဒါ (နားထောင်-ဖြေးဖြေးဘတ်) ရုပ်နဲ့နာမ်ဟာ လူနဲ့ နီးစပ်ဘယ်မှတ်။ နိဗ္ဗာန်ရသူ၏ ဉာဏ်မြင်နဲ့ စာဘတ် ယောဂီသိအောင် အားကိုးအောင် ပြောပြရတယ်။

နိရောဓ-ချုပ်

နိဝါန-တဏှာမရှိ

အသင်္ခတ-ပြုပြင်မှုပြတ်၊

( နိရောဓသစ္စာ ) ဒီအပူဒီလူ ဒီရုပ်နာမ် ဒီသူသာန် ဒီအပုတ်ကာံတွေ ရှာမရ၊ မရှိ ချုပ်ပျောက် ဘာမှရှာမရ ဘူးမှတ်။(သဘာ၀-ဆိုလျှင်)စာစကားဖြစ်ပြနဲ့ဘိ လူပြိန်း နားမလည်ဘူး၊ လူပြိန်းဘယ်သူလဲ အတ္တဒိဋ္ဌိ မကွာသမျှ အားလုံးလူပြိန်းချည်းဘဲ၊ကလျာဏ ပုထုဇန်ဟာ လူပြိန်း လား။အန္တဗာလထက်သာပါတယ်။ရုပ်နဲ့နာမ်သိပါတယ်၊ ဆင်ခြင်တတ်ပါတယ်၊ ရူဋ္ဌသောတာပန်လဲ ရုပ်ပျက်နာမ် ပျက်ကို နားလည်တယ် ဆင်ခြင်တယ်။ဒီရူဋ္ဌသောတာပန် လဲ နိရောဓနိဗ္ဗာန်ကို သညာသိပါဘဲ။ နိဗ္ဗာန်နဲ့ ရူဋ္ဌသော တာပန်နဲ့ ယှဉ်နာမိုင်တာကွာဝေးသေးတယ်၊

# မဟာသောတာပန် ဉာဏ်ရ နိဗ္ဗာန် တံခါးဝ

## တဏှာယမာဒီ
## တဏှာ-အယံ-အာဒီ

တဏှာနိဗ္ဗာနေ၊ ထိုနိဗ္ဗာန်၌ (ဝါ) နိရောဓ သစ္စာ အချက်၌၊ အယံပထမ-မဂ္ဂေါ၊ ဤသောတာပတ္တိမဂ်သည်၊ (ဝါ) သောတာပန် ဉာဏ်ရသူသည်၊ (ဝါ) လူနဲ့အပူ ပျောက်သောဉာဏ်စ တခဏသည်၊အာဒီ၊နိဗ္ဗာန်တံခါးဝ ရောက်စပေတည်း၊

---

## နိရောဓ အနတ္တနေမင်း-ထွက်နေပြီ

အရိယာနံ-အ.ဒဿာဝီ၊

အရိယာနံ၊ ပုဂ္ဂိုလ်မြတ်တို့၏ဉာဏ်ကို၊ အဒဿာဝီ၊ အန္ဓမြင်ကြည့် ပကတိမျက်စိနှင့် ဘယ်နည်းမှ မမြင်နိုင်၊

နိဗ္ဗာန်ရသူကို ပဋိဝေဓဉာဏ်ဟု ခေါ်နိုင်၏၊ ပဋိဝေဓ ဆိုဒါ ဥပမာ (ထန်းလျက်-သကြား-ပျားရည်) ချိုသော အရသာကို မိမိလျှာနဲ့ထိမှ သိရသလို ချိုဒါမပြနိုင်၊ ပြော နိုင်၏၊ မမြင်နိုင်၊ ဉာဏ်အာရုံဖြစ်သည်၊ဘာစိတ်လဲ(ကာမ စိတ်က-ကာမဂုဏ်အာရုံ) ဓမ္မဉာဏ်က ဓမ္မာရုံဖြစ်တယ်၊ (တနည်း-ဥပမာ ကောင်းကင်ပျံတဲ့ ငှက်တို့၏ခြေရာကို မမြင်နိုင် မပြနိုင် မသိနိုင်သလို အရိယာတို့ ခံစားပျော် မွေ့သော ဓမ္မရသ နိရောဓသစ္စာကို (ဝါ) နိဗ္ဗာန်ကို၊

(ဝါ)အသင်္ခတဓာတ်ကို၊ အနန္တ၊မျတ်ကန်းတို့ ဘယ်နည်းနဲ့မှ မမြင်နိုင် မှတ်လေ၊

ဒါ့ကြောင့် ပိုက်ဆံလိုချင် အလုပ်ကြိုးစားလုပ်ပါ၊ နိဗ္ဗာန်ရောက်-သိလိုက မဂ္ဂသစ္စာကို ရှေးဦးစွာအားထုတ်ပါ၊

မဂ္ဂသစ္စာခေါ် မဂ်ဉာဏ်မရပါဘဲနဲ့ နိဗ္ဗာန်အကြောင်း ဟောသူ ပြောသူမှန်က ပရိယတ်မှာ သင်ကြားဘူးတာ ပြောမှာဘဲ၊မသင်ဘူးသော ရပ်သူရွာသားတို့က အထက်က ရေးပြခဲ့သော ညာစား ဝါစား လူရှုပ် လူပွေ ဝမ္ဗ ကထိကလုပ်သူ'သို့မဟုတ်ကမ္မဋ္ဌာန်းအလုပ်ပြဆရာ-ဂုဏ် ယူသူတို့က နိဗ္ဗာန်ကိုစိတ်အကြိုပေါက်တိုင်း မိုးခိုးရောက် စကားကြွယ်သလောက် ပြောမှာဘဲ၊ နိဗ္ဗာန်ကို ထင်ရာပြောသူ-ဝမ္ဗအနန္တရာယ်ဖြစ်ရမည်၊

---

# မဂ္ဂသစ္စာ ဝိပဿနာဉာဏ်

သစ္စာ ၄-ပါးထဲက မဂ္ဂသစ္စာ လမ်းမှန် တရားမှန်ကို (ဝိပဿနာဉာဏ် ဝိပဿနာ ဘာဝနာ-ဝိပဿနာ တရားဟု မှတ်လိုက်၊)

## ဝိပဿနာတရားဟာ အသိဉာဏ်စခန်း

ကာယ-ဝစီ ၂-ပါးနှင့် အားထုတ်လို့မရဘူး၊ ဆရာက ဟောပြချင် မိမိက တွေးလုံး-ကြံလုံး မသိချင်မေးလုံး ဆင်ခြင်လုံးမှာ တပည့်ယောဂီ- စာဘတ် သူတို့၏ တာဝန် တထစ်ကျမှတ်၊

## သောတာပန်ဖြစ်ရန် အင်္ဂါ ၄-ပါး

၁။ သပ္ပုရိသ သံသေဝ-ဆရာစစ်မှီခဲ၊
၂။ သဒ္ဓမ္မ သဝန-ဆရာ၏တရားနာယူ၊
၃။ ယောနိသော-ဆင်ခြင်စဉ်းစား၊
၄။ ဓမ္မာနုဓမ္မ-တရားအမှန်ကိုရမည်၊

သောတာပန်ဖြစ်လိုက(ဝါ) သဏ္ဍာယဒိဋ္ဌိကွာလိုက (ဝါ)အပါယ် ၄-ပါးမကျ စိတ်ချလိုက ဆရာမြတ်ကို ရှာတွေ့ ဆည်းကပ်မှီခဲတွေ့ ၁-နံပါတ်အရေးကြီးသည်မှတ်၊ (စောဒက ပြန်မတက်နဲ့) ဆရာကို ရွေးချယ်ဘို့ကိုတော့ ယောဂီတို့ရဲ့ဉာဏ်ရှိသလိုရှာကြ၊ဘယ်မှာမတွေ့လျှင် ဆရာတော် ဦးမြတ်သိန်းထွန်းကလမ်းညွှန်ပေးမယ်၊ မာနလျှော့ စိတ်ခေတနာကောင်းနဲ့ ဆရာမသေခင် အမြန်လာ ပွဲစားမလို၊ (မာနဟာ-မိမိသေမင်း)

ဝိပဿနာ ဘာဝေါ်သလဲ၊ အနုဿဝက မသိဘူးမမြင်ဘူး မကြားဘူး မတွေ့ဘူး မထိဘူးသော တရားစစ် တရားမှန်တို့ကို အထူးသဖြင့် သိမြင်ရမည်၊ (အရင် အနုဗာလ-ဘဝက)စွဲလမ်းစဉ်နှင့် ငရဲခမ်းထွင်ခဲ့ဒါတွေ အကုန် အစဉ်ပေါ် ရမယ်မှတ်၊

# ➳ ဝိပဿနာဘာလဲ ထူးမြတ်သော ဥာဏ်

၁။ အချက်-ပညတ်နဲ့ပရမတ် သရုပ်ကွဲရမယ်။

၂။ ပညတ်မရှိဘူး ခန္ဓာကိုယ်မှာ အမြဲစဉ်းစားရမယ်။

၃။ ပရမတ်တရား နာမ်ရုပ် ၂–ပါးကို သိရမယ်။

လိုရင်းကိုသာ အတိုနည်းရေးမယ်၊ ဆရာရေးသော ပဒဿဒဒီပနီ, သာသနမုခ, မဟာ ဓမ္မကထိက ဒီပနီ စသော ကျမ်းတိုင်းမှာ ဆရာဟောထုံး စည်းမျဉ်း ၇-ရက် စဉ် ၇-ခမ်းပါတယ်။ ဥပမာမျိုးစုံ ပညာရှိ ကျေနပ်စရာ နှင့် လူပြိန်းများ တရားရဘို့ရာ ပါသည်။ ယခု ကျမ်းမှာ အတိုနည်း ရေးတော့မယ်၊

ဗုဒ္ဓဘာသာဒီပနီ ပထမတွဲနဲ့ ဒုတိယတွဲဘတ်ကြည့်လျှင်၊ သောတာ ပန်ဖြစ်နိုင်သည်၊ အပါယ်မကျ။ ပြုခဲ့သော အကုသိုလ်ကံ၏ အကျိုးရင်း အကျိုးဆက်တွေ မခံရတော့ဘူး၊ ယောဂီတို့-ဝမ်းမြောက်ကြ။

လောက၌ ခေါ်ဆိုကြဒါ ပြောကြသော စကား တွေကို ပညတ်မှတ်။တယောက်နဲ့တယောက် သိစေတတ် သိစေအပ်ထာ ပညတ်မှတ်။ (ကမ္ဘာဦးက သခွားသီး အုန်းသီး-ဌက်ပျောသီး)ခေါ်ကြလို့ ယခုအထိ နောက်လူ များက ခေါ်ကြသည်၊ သစ်ပင် တောတောင် နေ့လ နက္ခတ်စသော သက်မဲ့တို့၏နာမည် ခွေး,ကြက်,ငှက်,ကျွဲ, နွား,ဆင်,မြင်းတို့၏နာမည် လူ-နတ်-ဗြဟ္မာ-ငါသူတပါး ယောက်ျား-မိန်းမ ပုဂ္ဂိုလ် သတ္တဝါ ထိပ်ပြာ အသက် လောကမှာ လူအများခေါ်ဆိုချက် နာမည်ဟူသမျှ နာမ ပညတ် မှတ်ပါ။

မန္တလေး-ရန်ကုန်
ဘိလပ်-ဂျာမဏီ
ဗာရာဏသီ-သာဝတ္ထိ
မိမိတို့၏-မြို့ရွာအမည်
အိမ်-ကျောင်း-တိုက်ဗိမာန်
ဟူသမျှ ခေါ်ဆိုမှု-နာမပညတ်။

၁။ အမည်ဟူသမျှ ခေါ်ဆိုကြ နာမပညတ်သိ။
၂။ ပုံသွင်တံဆိပ် မြင်နိမိတ် တင်ရိပ်သဏ္ဍာန်ရှိ။
၃။ ဖြစ်ပျက်မမြင် ရုပ်နာမ်စဉ် ဉာဏ်မြင်သန္တတိ။
၄။ လူကောင်မဟုတ် နာမ်နှံ့ရုပ် အဟုတ်ပရမတ်။
၅။ လူမဟုတ်ပါ ငါးခန္ဓာ သိပါ-ပရမတ်။
၆။ လူမရှိရ အာယတန တွေးကြပရမတ်။
၇။ လူမရှိမှတ် ဆယ့်ရှစ်ဓာတ် ဆတ်ဆတ်ပရမတ်။

»→ ခုနစ်ပရိယတ်-သိပိုင်မှတ်-အမြတ်နိဗ္ဗူကပ်။

---

၇-ခန်း ကျကျနန သိလိုပါက ပညာဒီပနီ ပထမတွဲ-ဒုတိယတွဲတို့ကို အမြန်ဆုံး ပူဇော်ဝယ်ယူ၍ ကြည့်ကြပါကုန်။

---

အိမ်အသုံး အဆောင် ကျောင်း အသုံး အဆောင် အဝတ်အထည် တန်ဆာကရိယာတို့၏ နာမည်ဟူသမျှ မရှိဘူး၊ လောကအမှတ်ဖြစ်သည်။ ဘယ်ဝတ္ထုမြဲဆို လက်နှဲကိုင်ထိ ပွတ်သပ်ကြည့် နာမည်မရှိဘူး။ ပရမတ်ကို

ပညတ်ဖုံးလို့ ဒိဋ္ဌိလုံး စွဲလုံး ငရဲလုံး မပျောက်ပုံ သတိပေးနေသည်၊

နာမည်ဟူသမျှ တကယ်ရှိတယ်၊ ယူထား လျှင် သက္ကာယဒိဋ္ဌိ၊ (သက္ကာယဒိဋ္ဌိ) အစွဲနဲ့သေ ငရဲပြည် ပုဒ် ဖြတ်မှတ်၊ သက္ကာယဒိဋ္ဌိဆိုဒါ အဟုတ်အမှန်ကို မသိ၊ ဘယ်မှာမသိသလဲ မိမိ၏ခန္ဓာတုံးပေါ်မှာ မသိကြ၊ သူပြော ငါပြော ထင်ရာပြော လောကပြော ပြောချင်တိုင်းပြော ခေါ်-မှည့်နေကြဒါကြောင့် ငါ့သူတကယ်ရှိတယ်ထင်၏၊ ယောကျ်ား-မိန်းမ တကယ်ရှိတယ်ထင်၏၊

**ပရမတ်ကို ပညတ်ဖုံးတယ်။**

**အမှတ်သိဘို့ကို အမှားသိနေကြတယ်။**

**အဟုတ်ရှိကို သမုတ်ရှိထင်ကြတယ်။**

၁၊ တရားမှန် မရကြသော အန္ဓ ဗာလ ဟူ သ မျှ တို့သည် (စိတ်ထဲ အစဉ်သုံးတဲ့ အရိပ်မဲထင်လုံးကြောင့်၊)

၂၊ ခေါ်ဆိုတိုင်း ယာယီ သမုတ်အစဉ်ကို နာမည် အဟုတ်ထင်ကြလို့၊

၃၊ အပူထုပ်နဲ့ ဘူဘာရုပ် လူအဟုတ် ထင်နေကြလို့၊

၄၊ လက်စမ်းမရတဲ့ စကားအမည်ကို မျက်ကန်းအန္ဓ က မယားအဆိ ထင်နေတယ် ဒါ-သက္ကာယ ဒိဋ္ဌိမှတ်၊

၅။ ရှိစရာ အညှစ်အပုတ် အစိုကို အစစ် အဟုတ် အစ်ကို့လင့်ထင်နေလို့ ဗုဒ္ဓကို မသိဒါ။

၆။ အသားအပုတ် ယိုစီး တသွင်သွင်ကို တကာတဲ မယားအဟုတ် အဒိုကြီးပင် အမျိုဇာနီးထင် ဒါ-အကန်း။

၇။ တကိုယ်လုံး အစဉ်စို ရွှဲနေပေမဲ့ လင့်အစ်ကို အစွဲကြောင့် သံသရာရှည်လေခြင်း။

၈။ ရေမြှုပ်သွေးခဲ အစစ်ကို ရွှေရုပ်ခလေးဘဲ အနှစ်ထင်ဒါများ ရင်ကြပ်တယ်။

၉။ ပျက်လုံးရုပ်ပုတ်ကို မက်သုံးအဟုတ်လုပ်ပြီး ဒါ-မင်းကတော်တဲ့။

၁၀။ ဥက္ကောင်း့လက်ခြေသွေးပုတ်ရေ မကြာ-မကြာ ယိုပေမဲ့ ကြည့်စမ်း-ငါဟာအမျိုး........တဲ့။ ဒါ-ဗုဒ္ဓဘာသာလား။

| |
|---|
| စာလဲဘတ်-ခန္ဓာမှာလဲ တွေးဟာတ်- ဗုဒ္ဓခေတ်မှာ ဗုဒ္ဓအစစ်တွေ့ဘို့ရာ အသား မယားထင်ရင် ဘယ်တော့မှ ဒီအန္ဓ ဘုရားမမြင်ဘူး။ |

## တရားရှာ ဒီခန္ဓာမှာ စည်းပြင်မထွက်နဲ့

ဖိမိခန္ဓာမှာ အများသမုတ်ထားသော (တရားရုပ်-အသားပေါ်မှာ) မတရားချော်ပြီး နာမည်တွေကိုဘဲ သာကီဆွဲထင်နေကြတယ်။ လက်နဲ့ကိုင်ရှာစမ်း၊ဆံပျား

ကစ ခြေဖျားအထိ လက်ထဲမှာ ဘာအမည်မှ မရှိ၊ (မရှိ ဘူး စိစစ်ရှာ-အသိထူး ဝိပဿနာ)ဝိပဿနာဉာဏ်အသိ ထူးပုံက ယောဂီ-စိစစ်ရှာပါ အမှန်မရှိဘူး (စာဘတ်-ကျယ်ကျယ်ဘတ်)ကွဲ့ရဲ့သူတွေ တရားရအောင်ဘတ်၊ မရ လဲ ကွဲ့ရဲ့ဒါပညတ် မရှိပါဘူး၊

မိမိ၏တကိုယ်လုံး ကာယရုပ်တုံး ရုပ်တုံး
မှန်းမသိလျှင် သဘောမကျလျှင် သဘော
ကျပြီးပေမဲ့ စာရှိအဟောကြောင့် ပွားများ
ဘို့ ဘာဝိတော မမေ့နဲ့။

နာမည်ရှာလျှင် ပါးစပ်ကို ဖွင့်ဟခေါ် ပြီး ပထမစဉ်း စား လက်က ဆံပင်ရုပ်စုကို ကိုင်ဆုပ်ထား၊ နှုတ်ဖြွက် ထာနဲ့ ဆုပ်လက်အပေါ် ဒါ-ဘာယ်သူလဲမေး၊ ဆံပင်လား မေး၊ထပ်ခါခေါ် မေး(လက်ထဲဆုပ်တဲ့ ပျက်ဆဲရုပ်က) ဟုတ်တယ်-ဆံပင်အစစ်ပါလို့ ဝန်ခံသလား၊ ပြန်ပြော သလား၊ မပြောရင် မပြောဒါပေါ့၊(ဗုဒ္ဓဘာသာ ဖြစ်ချင် သူတို့ ဂရုစိုက်)သိလနဲ့ တင်းတိမ်မနေနဲ့၊ လူမျိုးကွဲတွေ ကလဲ နေ့စဉ်-သတ်, ခိုး, ထိမ်, ညာပြီး ငါးပါးသီလကို ကျူးလွန်နေတယ် မထင်ကြနဲ့၊

---

နာမည်ရှာသော် ပါးစပ်ကို ပိတ်ထား မဖွင့်နဲ့၊ လက် ဆုပ်ဆံပင်ကိုလဲ လက်က မလွှတ်နဲ့ ခေါ် စမ်း-ခေါ် လေ-ခေါ် ပါ-ဒုတိယ စဉ်းစားခမ်း၊ ဒါ-ယောနိသောမှတ်၊ သဘော ရှိတိုင်း ပြောနေပေမဲ့ တရား ရချင်မှ ရတယ်-

ယောဂီတို့၊ ခန္ဓာကိုယ်မှာ တခုစီပြောရှာ ဗဟုထိကတော ဆိုဒါ ခဏာခဏ ရှာကြပါ၊ လက်ဆုပ်ထဲက ရုပ်ကလဲ ဆံပင်ပါမပြော၊ နှုတ်မဟာတော့လဲ ဆံပင်လို့ အသံ မထွက် အမှန်ပျက်နေဒါက ရုပ်စုံ-ရုပ်ကလာပ် ဆံပင်လို့ လောကသမုတ်သော်လဲ ဂေါတမက-ရုပ်ခဲတတ်-တဲ့၊

ဆံပင်ခေါ်-လက်ကိုင်မေး
ခြေဖျားကို-လက်ကိုင်မေး
မေးစေ့ကိုလဲ-လက်ကိုင်မေး
နှူး ၂-ဘက်ကိုလဲ-ပါးစပ်ပိတ်မေး
နာမည်ရှာနေ်-သက္ကာယဒိဋ္ဌိနဲ့
တိုက်ပွဲဆင်ဘို့-ပညာလက်နက်မှတ်။

နားရွက် ၂-ဘက် နာမည်ခေါ်၊လက် ၂-ဘက်က တဘက်စီကိုင်ပြီး ပါးစပ်ကအထပ်ထပ်အော်ခေါ် လိုက်စမ်း (စာရွက်ဖြေးဖြေးကိုင်ပါ)ပေါင် ၂-ဘက်ကိုဘယ်ပေါင် ဘယ်လက်၊ ညာပေါင် ညာလက်နဲ့ ကိုင်-ဆုပ်-ထိ-ထား တံထွေးထွေးလိုက်အုံး ခွဲသလိပ်တွေထွေးပစ် ဗီဗီ-သသ-(ဒါ-ပေါင်လားလို့) တိုးတိုးခေါ်၊ နားက-ပေါင် နာမည် ကြားနေရင် နဖါကလော်နဲ့ နားထဲက နားချေး ၂-ဘက် ကို ကော်ယူပါ နားပေါက် ၂-ပေါက် ပေါင်တဘက် စီ အဝင်မခံနဲ့ ယောဂီ၊ ကြည့်လို့ရတဲ့ နှာတန်ကို ညာ လက်ဖျားနဲ့စမ်း မှန်ထဲကြည့်စမ်း ကိုင်ထား-မှန်ထဲကြည့် ပြီး ပါးစပ်ကို နာနာဟာ-နာနာဖြဲပြီး တိုးတိုးခေါ် နှာတန် လား-နှာခေါင်းလားလို့ အိမ်သားတွေ အိမ် နား ထွေ ကြားမယ် တိုးတိုးလေးမေးပါ၊ ပြောမပြော-လက်ထဲက

ဝဋ္ဋုရုပ်က လှတဲ့နှာတန်ဟုတ်တယ်လို့ မေးလို့ပြန်ပြော လျှင် တကမ္ဘာလုံး ကြားအောင် အသံလွှင့်လိုက်မယ်၊ ဘယ်ကလွှင့်မှာလဲ ဗုဒ္ဓဘာသာဒီပနီ အသံလွှင့်ရုံတော်ကြီး က လွှင့်မယ်။

---

နာမပညတ်-တကယ်မရှိလျှင် အပါယ်မရှိ။

နာမပညတ်-အဟုတ်မရှိလျှင် သမုတ်ထားမရှိ။

(စည်းပြင်မထွက်နဲ့)ထွက်အတိဓာဝအယူလွှန်မှတ်၊ ဝိပဿနာဉာဏ်မရသမျှ သမထကိုအရိယာဖြစ်သင်တန်း ထင်လျှင် ဩဗ်ဟိယအယူရော့မှတ်။(အယူမလွှန်ဘို့ မရော့ ဘို့) ဆံဖျားမှခြေဖျားအထိ ဘာနာမည်မှမရှိ၊ပညတ်မရှိ တကယ်အပိုင်သိလျှင် ပရမတ်ကို မတွေးမဆင်ခြင်ဘဲနဲ့ ဘွားဘွားကြီးပေါ်ရမယ် မြင်ရမယ်-ယောဂီတို့။

ခေါင်းပိုင်း-ခါးပိုင်း-အောက်ပိုင်း ၃-ပိုင်းတို့မှာ လက်နဲ့ထိ-မေး တွေး-ရှာ (ပါး ၂-ဘက်ကို) လက် ၂-ဘက်နဲ့ ပါးနာမည်၊ လက်နဲ့ကိုင်မိသလား- (မမိ-မရှိ) ခေါ်စမ်း ပါ၊ ခေါင်း ပိုင်း က မျက်စိ ၂-ဘက် ခြေ ထောက်က ခြေမျက်စိ ၂-ဘက် မျက်စိ ခေါ် တိုင်း ပွဲကြည့်တတ်တယ် ထင်မနေနဲ့။

ခေါင်းက မျက်စိ ၂-လုံးကို မျက်မှန်တပ်လို့ဖြစ်တယ် ခြေခုံကခြေမျက်စိ ၂-ခုကိုမျက်မှန်တပ်လို့ဝေးစွမျက်စဉ်း

ခပ်လွှီ မရဘူး၊ခန္ဓာကိုယ်မှာရှိတဲ့ လက်,ခြေ,အင်္ဂါ, ကရိယာတို့မှာ မှည့်ထားသော နာမည်တွေမရှိ၊ ကျော,ရင်, စသော ဟိုနေရာ-ဒီနေရာ(ဘယ်နေရာမဆို) အချက်မိုင်မိုင် လက်ကိုင်ရှာ ဘာနဒမည်မှမရှိ၊ တရားတကယ်လို ချင်လျှင်-

# ပညတ်နဲ့ ပရမတ်
## အရေးတကြီး ၁-နံပါတ်

---

### ရှာနည်း ရှာပုံ-အလုံးစုံ

မန္တလေးမြို့လား--မြေကြီးလား။
ရန်ကုန်မြို့လား-မြေကြီးလား။
ပုဂ္ဂိုလ်လား- ရုပ်တုံးလား။
သတ္တဝါလား-ပျက်ရုပ်လား။
ယောကျာ်းလား-ရုပ်ကလာပ်စုလား။
မိန်းမလား-အသားတုံး အသားခဲလား။

လူအို-လူပျို-အပျို- မုဆိုးဖို- မုဆိုးမ- တခုလပ်- ၁၀-ခုလပ်- ၅-လင်ကွာ ၆-လင်သေ-မယား ၁၀-ယောက်သားသမီးလား၊ရှေ့မှာထိုင်နေဒါ ဝဏ္ဏရုပ်လား၊ ယခုလူ ပရိသတ်တွေ မြင်နေသလား၊ နာမ်စု-ရုပ်စုတွေဘဲ ဟုတ်သလား၊နေရာတိုင်း နေ့စဉ် နာရီစဉ် ဆင်ခြင်ပါ၊မိမိအသားကိုင်မေး၊ အပျိုဆိုဒါ ဘယ်နေရာလဲ၊မိဖုယား သူဌေးကတော် ဘယ်အသားခေါ်ကြသလဲ၊ ရှင်ဘုရင်နဲ့ သူဌေး

ကြီး ဟိုနေရာက (တဘီးပုဂ္ဂလ) အဘိဓာရကို ထင်လုံးရှိနေသလား၊ ငါပိုင်မယားလို့ မှတ်ထား ဒါ-ဒီ အသား တကွက် ဒီတချက် ဒီဥဒ္ဒါန ဟုတ်-မဟုတ် လက်နဲ့ နာနာ ပုတ်မေး။

(လက်ပုတ်မေးတဲ့ နေရာက မယားပါလို့ ပြောမလား။ မယားဟာ ပါးစပ်မှာဘဲလားလို့ မယားနဲ့-ပါးစပ်ခွဲတတ်လျှင် တရားအမြတ်ဟု မြဲမြဲ မှတ်တော့။)

{ ထင်လျှံနေဒ်ထင်လုံးလူတွေဟာဒီထင်တချက် မှာ အသက်ဝင်နေကြလို့ ရှိုက်နေကြရတယ်။ }

နာမည်ဆိုးဟာ(၁၀၉-၁၁၀)နှင့် သဏ္ဍာယဒိဋ္ဌိ ငရဲပိုင်က အမြဲတန်း လိုက်ဖမ်းနေတယ်၊ ငါပိုင်လင် ထင်လုံးနဲ့မမေ့နိုင်အောင် တံဆိပ်တုံးရိုက်ထားတဲ့နေရာ(တဋ္ဌက) ရှိမလား၊ အဲဒီလင်ထင်လုံး အမှတ်ပြုတဲ့ အသားဆိုင်ဟာ လင်ဟုတ် မဟုတ်စဉ်းစား။

ဆရာမသေခင် ဖိပသနာ ဆင်ခြင်ပုံ
ဒီကျမ်းစာက ရည်မှန်းခါ မှာခဲ့မယ်၊ လူ-
လူ-လူ-ခေါ်ပါ စမ်းကြည့် အသားဘဲ
တွေ့မယ်၊ နာမည်မတွေ့ဘူး၊ လူလို့ အသံ
ထွက်ထာ ဉာဏ်ဖက်ရှာ ပါးစပ်ထဲမှာ
ခေါ်တွဲရှာ မှတ်စွဲဒါ ဒိဋ္ဌိ။

မှန်တချပ်ရှေ့မှာထောင်ဘယ်လက်က ဘယ်ပါး ညာလက်က ညာဘက် ပါးကို လက်မ-လက်ညှိုးနဲ့ ညှပ်ဆွဲ ပါး စပ် ကို နာနာဟာခေါ်ပါ၊ ခေါ်ချင်တဲ့ နာမည်ခေါ် ကြိုက်ထားခေါ် မကြိုက်တဲ့နာမည်ဆိုးတွေ လဲ ခေါ်ကြည့် ခေါ်လို့ ဖြစ်သေးသလား၊ ပါးစပ်ဟာခေါ်လို့ ဘာနာမည်မှမဖြစ်လျှင် တခါ ပါးစပ်ကို နှုတ်ခမ်း ၂-ချပ်ပိတ်ပြီး ခေါ်စမ်းပါ၊ မှန်နဲ့ မျက်ခွက်နဲ့တည့်ပေစေ နော်၊ ကိုယ့်မျက်ခွက်က ကိုယ့်ကို တချွေ့ ချောက်ပြမှာကြောက်ဘဲ၊ အဲဒီအခါကိုယ့်ပါး စပ်ထဲမှာ လှဒါတွေ ချောဒါတွေ ကြိုက် ထား နိုက်ရှာ၊ လက်နဲ့မနိုက်နဲ့ ညာဏ်နဲ့နိုက်၊ ဘာ့ကြောင့် ပါးသားကို ဆွဲညှပ် ကိုင် ထားဒါ ပြုတ်သွားအခုန်းမယ်၊ ဆွဲ-နာနာဆွဲ ပါးစပ်ကို ဖြဲဟာခေါ်လို့ နာမပညတ် အသံ မထွက်လျှင် ပါးစပ်ကို (စိ) ခေါ်လိုက်၊ မိန်းမရေ ယောကျ်ားရေခေါ်စမ်းပါ၊ လူမျိုး အမျိုးဆိုကြည့်ကြစမ်း၊ မိဖုယား, ရှင်ဘုရင် ခေါ်လို့ရသလား၊ ဓမ္မကထိက ပါးစပ်ထဲ မှာ ရှိခဲ့လား၊ မှန်ထဲ ကြည့် ကိုယ့်ပါးစပ် (စိ) ပုံကို ကျကျနန မြင်ရ မယ်၊ ဒါ-ဝိပဿနာဉာဏ်စက္ခုဥဒပါဒီမှတ်၊ ပါးစပ် စိ အ ကြမ်းဆုံး ထင်တဲ့ စကားလုံး

တွေကို(ဟာခေါ်လို့မဖြစ် ဇိခေါ်လို့လဲမရ) နာမပညတ်မရှိပုံ ရေးနေတယ်၊ သဘောကျသူတို့နဲ့ စည်းဝေး ပွဲမှာ ကျယ်ကျယ် ဘတ်ပြစမ်းပါ၊ ဗုဒ္ဓဘာသာကျမ်း ကြည့်လို့မှ (ပညတ်နဲ့-ပရမတ်)မကွဲလျှင် ကိုယ့်ပါးစပ် ဓါးနဲ့ခွဲရှာပေတော့၊

ဟာခေါ်လဲမရှိ ဇိခေါ်လဲမရှိ၊ ဒါဖြင့် (ဟာဇိ-ဟာဇိ)လုပ်ခေါ်လဲ ရှိမယ်မျှား ထင်သလား-ယောဂီ၊ ဆ ရာ ရေး တဲ့ ကျမ်း မကြည့်မဘတ်မီကလဲ ဒီ-ဒွါရပါးစပ်ဟာ ( ဟာဇိ-ဟာဇိ ) ပါဘဲ၊ ( ဟာဇိ-ဟာဇိ ) လှုပ်နေသော်လဲ ဓမ္မဇာတိတော့ (ဟာ-ဇိ) ကိုဘဲ ငါ့ခေါ်တယ်ထင်၊ ဆဲ တ ယ် ထင် သူများက ကဲ့ရဲ့ဒါတွေမြင်၊ ချစ်တယ် - ကြိုက်တယ်- ပြော စ ကား တွေ ကို ဘဲ သောတနားမှာကြားသွင်း၊ အသားတွင်းက မမြင်ရတဲ့ ဘဝင် - မန) ဒိဋ္ဌိစိတ်ဇာ အမည်တွေကို ဟုတ်တယ် မှန်တယ်လို့ မမေ့နိုင်အောင် စွဲမှတ်ထားတယ်၊ငါ့ဆဲဒါ အမှန်ဘဲလို့၊ အန္ဓဗာလတို့ရဲ့ (အတ္တစိတ် နှလုံး အမှတ်က- ဆုံးဖြ တ် ထား ကြောင့် ဘုရားပွင့်ရတယ်မှတ်၊)

နေ့ဓဉ်ဟာ-စိ နှုတ်ခမ်းပိတ်ဖွင့် လုပ်နေဒါမှန်၍၊ နာမ ပညတ် ရှိ-မရှိကို ဆရာကောင်း မတွေ့ရတော့၊ မသာ လောင်း ရှေ့ကထားငိုရဒါများဘီ-ယောဂီတို့၊ ဒါ-ပညာ စခမ်းမှတ်၊ ပါးစပ်ကို ဟာ-ခေါ်လဲမရှိ၊ စိ-ခေါ်ပြန်လဲ ရှာ မရ၊ဟာစိ-ဟာစိ-ပိတ်လိုက်ဖွင့်လိုက်၊ စုလိုက်ဖြဲလိုက် လုပ် ခေါ်လဲ ပညတ်မရှိဘူး၊ ကဲ-မှန်ဖယ်၊ စဉ်းစား နဖူးလက် တင် ဆင် ခြင် တကယ် ပိုင်သိ၊ ဒိဋ္ဌိကွာဘီ၊ အပါယ်နဲ့ ဖက်စပ် မ လုပ် နိုင် တော့ဘူး၊ ပုနိပြတ် ဂဏ္ဍာယိ မှတ် လေလော၊

(ဟာ-စိ) ပါးစပ်ဒွါရထဲမှာလူပျောက်ပေမဲ့ရှေးကမ္ဘာ က စွဲလမ်းပြီး၊ ငရဲခမ်း ဖွင့်လာခဲ့ဒါက အသားနှုလုံးက ဘုရားဆုံးမ-မရလို့ ဘယ်မျှပင် ကျမ်းဆရာက သတိပေး ပေမဲ့ ဟောဒီအစွဲရဲ့ ပါးစပ်ပေါက်မှာ နတ်ရှောက်လာ ပြန်ဒါ အခက်ဆုံး၊ မျက်စိနဲ့-မမြင်ဘူးဘဲနဲ့-

ခေတ်ကိုခွဲပါ ပါးစပ်ကိုဖြဲရှာ၊
ယောဂီ-နတ်ကိုစွဲဒါ ဘုရားငိုမှတ်၊
ပါးစပ်ထဲမှာ ခေတ်ခွဲရှာ၊
နတ်စွဲတဏှာ အကုရခက်။

---

## နာမပညတ်-နိဂုံးသတ်

ဘာမှမဟုတ်တဲ့ဌာနချုပ်ကို ငါကအဟုတ်တရားမရ ချင်တော့ ကျား-မအထင်နဲ့ဘဲ၊ငါတော့ရိကွာယူပြီး သေ

ရမှာဘဲလို့(ဝိပဿနာပညာ)ကို မိမိလင်လောက် မယားလောက် ရုံမက်အားကိုးလျှင် စီးပွားရွှေငွေလောက် မက်ဇော အလိုဇောများလျှင်ထင်လုံးပျောက်ရမယ်၊သို့မဟုတ်က ထမင်းနှစ်နပ်နဲ့ မီးများပြီး စီးပွားရွှေငွေတို့နဲ့ အချိန်မှန် ဖိမ်ခံလိုပါက အသားတစ်ကို မယားအစစ် ထင်ကြတော့၊ အောက်သား အတစ်ကို ယောက်ျား အချစ်လို့-ထင်ကြပေတော့၊

# ထင်လုံးဟာ သေမင်းနေ့စဉ် ခေါ်နေတယ်

၁၊ ပါးစပ်ကပြောသမျှ၊ နားကထောက်ခံပြီး ရင်ထဲက၊ဘဝင်အသဲအတွင်းစိတ်က တကယ်စွဲလမ်းထားတယ်၊ ငါပိုင်ပြောဒါတွေ ဟုတ်ထာဘဲလို့ ဆုံးဖြတ်လို့ ဗုဒ္ဓ-မတွေ့ဘူး။

၂။ မျက်စိကလဲ မြင်ဒါတွေ၊ လူဘဲ-ကျွားဘဲ-မ ဘဲ ဇာတ်မင်းသား-ဇာတ်မင်းသမီးဘဲ- ဘိုင်စကုတ်ရုပ်ရှင် ဇာတ်လိုက် မင်းသား- မင်းသမီးတွေ-အမှန်ဘဲလို့၊ အရိပ်သဏ္ဍာန်စွဲနဲ့ ( စိတ်အဆံထဲသွင်းပြီး )အန္ဓရဲ့တဏှာစိတ်က လက်ခံသိမ်းပိုက်ထားလို့၊ အနတ္တတရားမရမှတ်၊

၃၊ အန္ဓရဲ့ မျက်စိက ပညာစခမ်းဝိပဿနာဉာဏ်စစ်မရတော့၊ သဘင်းစာထဲက စာလုံးမဲမဲကလေး

တွေကို (ဝါ) အမဲစက်တွေ စွဲချက်နာပြီး မျက်စိမြင်စိတ်က၊ ဘဝင်စိတ်သို့ နှလုံးစွက်အောင် ဖုံးဆက်ပြန်တယ်၊ သတင်းစာထဲက စာလုံးထင်ရတဲ့ မှင်မဲစက်တွေကို နာမပညတ်ထင်စွဲချက်နှင့် ဘယ်မြို့မှာ ဘယ်မိန်းမကြီးက ခလေး ၃၀-မွေးတယ်၊ အဘိုးအို သက် ၉၀-နှင့် ၁၄-နှစ် သမီးကလေး ညားတယ်၊ သက် ၇၀ အမယ်အိုက လူပျိုပေါက်စ ၁၅-နှစ်နဲ့ ခိုးရာလိုက်ပြေးတယ်စသည်ဖြင့် ပါးစပ်မပါဘဲနဲ့၊ အက္ခရာစာလုံးပေါ်၌ ဒိဋ္ဌိ-စွဲကပ်ဝင်ပူးပြီး ဒီသတင်းစာတကယ်ထူးဒါဘဲလို့၊ သတင်းစာထဲကချိုးမွမ်းစာရေးရင် သာဓုခေါ်တယ်၊ ကဲ့ရဲ့ပုတ်ခတ်စာတွေရေးလဲ အတင်း လိုက်ပြောကြဒါဟာ-

## မှင် နက် မဲကို
## ဘဝင်စက်ထဲ သွင်းဒါလဲ
## နာမပညတ်ရဲ့ ဇာဒ္ဓိပ္ပါဒ်။

---

သဗ္ဗတ်ဒုရ-ဝိပဿနာယောဂီနှင့်၊
စာဘူးတောင်း-ဝိပဿနာယောဂီ။

လူမရှိရင် ဘာဖြစ်လို့ နတ်ကိုးကွယ်သေးသလဲ မေး။

အို-ဒါတော့၊ မိဘရိုးရာ ဖျောက်ပစ်လို့ ဘယ်ဖြစ်မလဲ ဖြေ။

လူအရှင်းမရှိယူလျှင် သေတော့၊ သပိတ်မသွတ်ဘဲနေနိုင်သလား မေး၊

ငါက-နေနိုင်ပေမဲ့ ငါ့လင်က အငြိတော့၊ သွတ်ရသေးဒါဘဲ ဖြေ၊

ဒီလိုဖြေလျှင် လင်ရှိနေလို့၊သွတ်နေရဒါလား မေး၊

ဟဲ့-နေရာတိုင်း နာမပညတ်မရှိ-မယူရဘူးဟဲ့ ဖြေ၊

နာမပညတ်ရှိတဲ့အခါ ရှိနေသေးလျှင်၊ တရားတွေးတုံး မရှိဒါလား မေး၊

အေး- တရား ဆင်ခြင်ဆဲမှာ မရှိဒါ အမှန်ဘဲ၊ ပြီး-ရှိတယ် ဖြေ၊

ဒီလိုပြောလျှင် သင်္ကာယ ဒိကစ်ကွာ၊ ရှင်ဘောတာပေါ့ မေး၊

ပရမတ်ဉာဏ်ရဒါ အမြဲတန်းရဒါမဟုတ်၊ မဂ်ခဏဘဲပြော ဖြေ၊

အံမယ်- စာသံ- ပေသံ- လုပ်မနေနဲ့၊ အပိုင်မရဘူးပြောပါ မေး၊

ဟဲ့-တရားရဒါ ဘယ်သူကိုပြ၊ မယုံကြဘူးဟဲ့ ဖြေ၊

အေး-ကိုယ့်ကိုယ် သိမ်ရလဲ၊ သိမ်ကြဒါပေါ့ မေး၊

ဝိပဿနာဉာဏ်ကိုသာ ရအောင်လုပ်၊ ငါပြောဒါ-ယုံမယ် ဖြေ၊

နာမပညတ်တကယ်ပျောက်တဲ့ ဉာဏ်
ရတဲ့ ယောဂီကို၊ နတ်ပြည်သေရင်ရောက်
မယ်၊ ငါ့ကို ရွှေ-ငွေတွေကို ရှိသမျှလှူပါ၊
သေလျှင် ပြဟ္မာမင်းကြီး ဖြစ်မယ်၊ ရှိတဲ့
လက်ဝတ်- လက်စားတွေ ချွတ်လှူကြလို့-
နားထဲကြားနေသေးလျှင် (ခက်ထာဘဲ)

# အန္တိဘူတော-အယံ လောကော

အယံလောကော၊ ဤတလောကလုံးသည် (ဝါ) ဤလူ အပေါင်းသည်၊ အန္တိဘူတော၊ မျက်ကန်း, နားကန်းတွေ ချည်း များလှ၏။

ဗုဒ္ဓရှင်တော်မြတ်၏ ဝိပဿနာ နေရောင် မမြင်သမျှ၊ ရုပ်တုံးဝဏ္ဏကို အဟုတ်သုံးလို့၊ ကျွန်ဘဝမှ မထွက်နိုင်၊ မြင်သမျှလူထင်လျှင် (မမြင်ဘူးတဲ့) သူလို ငါ့လိုလူချင်းက၊ လိမ်ညာဟောတဲ့ နတ်သား-နတ်သမီးတွေ ရှိတယ်လို့၊ ဇကန် သွားရည်ယိုကြမှာဘဲ။

သေရင် နတ်ပြည်မှာဇကန်ဖြစ်မယ်လို့၊ဟောသူ၏တရား သံကို နားထဲမှတ်သွင်းလိုက်ရင်ဘဲ၊ ဟာ-ဟုတ်သားဘဲ၊ယခုဘဝကသေရင် နောက်ဘဝမှာ ဇကန်သူဌေးမင်း စည်းစိမ်ရမှာဘဲ၊ နတ်သား-နတ်သမီး ဖြစ်မှာဘဲလို့ ရေစက်ချပြီး အမျှဝေလိုက်ရင်ဘဲ၊ အားလုံး နားပင်းတို့က၊ နာမပညတ် တရားမရှင်းတော့-

အမှု-အမှု-ယူတော်မူကြပါဖို့
သာဓု-သာဓု-သာဓု-ခေါ်ကြဒါ

တယောက်ကစ တရာဆိုသလို၊ တယောက်ရဲ့ အနာ ဟာ အားလုံးကို ကူးစက် သွားလိုက်ထာ (အလုပ်ရှိ စာအုပ်-ခေတ္တချ)ဒါ့ကြောင့် ကူးနာခေါ်တယ်၊ ဒီကူးနာ ကို လောကီဆရာဝန်ကုလျှင် ဒီဆရာဝန်ကို ပညတ်ရောဂါ ကူးမှ သာခက်မယ်၊ ဘာ့ကြောင့် ဆရာကူးရင် တကမ္ဘာ လုံး ကူးကုန်ရောပေါ့။ (ပညတ်မရှိပုံရေးသည်)

ကူးနာ ကြောက်ရတယ်၊ ပညတ်-ပညတ် ဒီအသားဟာ မိန်းမဘဲ၊ ဟို- အ သားကြီး က ယောကျ်ားဘဲလို့ စွဲမှားလျှင်၊ ငရဲသားပင် ဒီနေ ရာ မယားဘဲ၊ ဟိုနေရာက လင်ဘဲလို့ အထင် လွဲပြီး တကယ်မှားလျှင် အပါယ်သားမှတ်။

အန္တဗာလချင်းမှာ၊ အကုသိုလ်လုပ်ငန်းလဲ ကူးနာဘဲ၊ လောကီကုသိုလ်လုပ်ပြန်တော့လဲ ကူးနာဘဲ၊ တယောက် နဲ့တယောက် ကူးကူးဆက်ဆက်သွားလို့၊ ကု,အကု သံသ ရာက ဘယ်ခါမှမထွက် ပြောသံကြားနဲ့ နာမ ပညတ် ကြောင့်ဆက်။

(ဒီကျမ်းမှာ-နာမပညတ်ဖုံးပုံ တော်တော်ကြီးရေးလိုက် ထာဘဲ။ သေခါနီးလို့ထင်ရဲ့)

# ပါးစပ်ပေါက်မှာ နတ်ရှောက်နေလျှင် ခေတ်မပေါက်ထာ နတ်မပျောက်လို့

မွဲသူနှင့်ပေါင်းလျှင် အမွဲကူးမှာ ဧကန်မှတ်၊ အန္တဗာလ တို့မှာ တယောက်သေရင်၊ တယောက်ဆင်းရဲကျန်ရစ် တယ်မှတ်၊ (နေပါအုံး-မေးချင်တယ်) တယောက်သေ ရင်၊ တယောက်ကောင်းစားတယ်ဆိုဒါ ဘာအဓိပ္ပါယ် လဲ၊ ဒါက-အန္ဓလင်မယား ၂-ယောက်မှာ လင်သေဘိ ထား (နောက်လင်နဲ့-ကျန်ရစ်တဲ့မယား) ရှိတဲ့ ပစ္စည်း တွေ ကောင်းကောင်း စားနေဒါ ပြောတယ်၊ အရိယာ ဉာဏ်ရသူ့ရဲ့ အမြင်က အန္ဓတွေ-တယောက်သေရင် တယောက်ဒုက္ခဖြစ် ကျန်ရစ်တယ်မှတ်တော့၊ တွေးယူ။

စည်းပြင်မထွက် ထွက်သူများအပြစ်ပြော၊ မိမိ၏ရုပ်ပုတ်ခန္ဓာရဲ့ဖြစ်လာ ပုံအခြေအမြစ်ကို မစိစစ်သမျှ သူ့အပြစ်တွေ ရှုမှာဘဲ၊ ပြောမှာဘဲ၊ ရေးမှာ ဘဲ။ ဒါ-ဗာလ အန္ဓဥမ္မတ္တကမှတ်။ ဗုဒ္ဓဘာသာအမည်ခံလိုက သူများ အပြစ်မရှုရ။

# လူဖြစ်လျှင် ကိုယ်ချင်းစာ

မိမိ၏အပြစ်- ဇနီးသားအပြစ်- လင်အပြစ်- မယားရဲ့ အပြစ်- သားသမီးတွေ ယုတ်မာသော အပြစ် စုံတို့ကို သတင်းစာမျိုးစုံမှာ ကော်လံပြည့်ထည့်ပြီး စောင်ရေများ အောင် တကယ်ထည့်ရဲလျှင် တရားရဘို့ နီးစပ်ပြီမှတ်၊

(ဤကား-နာမပညတ်-တန်ခိုးကြီးပုံ အပြီးသတ်)

# ပရမတ် တရားကို ရေးဘိ

နာမ်ပရမတ်-ရုပ်ပရမတ် ၂-မျိုးမှတ်ပါ၊ ဘာ့ကြောင့် ပရမတ်ခေါ်သလဲ၊ မြတ်သောပုဂ္ဂိုလ်ထူးများ သိတဲ့အသိ ဉာဏ်ဖြစ်တယ်၊ဘုရားဉာဏ်- ပစ္စေကဗုဒ္ဓဉာဏ်-ရဟန္တာ ဉာဏ်- အနာဂါမ်ဉာဏ်- သကဒါဂါမ်ဉာဏ်- သောတာ ပန်ဉာဏ်တို့ကို၊ ပရမတ်ခေါ်တယ်မှတ်၊ မေးရင်ပြော- မမေးမပြောနဲ့၊စူဠသောတာပန်ဉာဏ်-ကလျာဏပုထုဇန် တို့ရဲ့ဉာဏ်ဆိုနိုင်၏။

## အောက်တန်းစား-အောက်တန်းသွား မျက်ကန်း,နားကန်းတို့ရဲ့ ဉာဏ်မဟုတ်။

အသိဉာဏ်ကို တရားမှတ်၊ပညာစခမ်းကိုတရားမှတ်၊ ဘယ်မှာသိရမလဲ၊ ဟောဒီခန္ဓာမှာသိ။ အာရုံဟူသမျှကို နာရီစဉ်ညွှတ်တတ်အာရုံပြုတတ် ကြိစည်တတ် သိတတ် ထာ နာမ်ရင်ထဲက၊ စိတ်ဟာနာမ်၊အဲဒီနာမ်ဟာ (တွေး- နေ)အဲဒီနာမ်ဟာ တလုံးပျက်တလုံးဖြစ် ပျက်ချိန်ဖြစ်ချိန် မသိနိုင်၊ (ဉာဏ်ဦးစီးနိုင်မှ-ရိပ်မိရုံမျှ) အဲဒီ စိတ်နာမ်ဟာ ဘယ်သူလဲ-ဘာလဲ-ဘာကောင်လဲ-မေး-တွေး စဉ်းစား။

## ပညတ်စကားနဲ့စပ်၍ ဆရာရေးမယ်

သွင်းချင်စိတ် ညားချင်စိတ် လောဘစိတ် ဒေါသစိတ် အိပ်ချင်စိတ် စီးပွားစိတ် ရီးစားစိတ် ဘုရား ရှိခိုး ရင်း ပိုက်ဆံလိုချင်စိတ် ဘိုင်စကုတ်စိတ် ပွဲသဘင်စိတ် မြင်းပွဲ

သွားဘို့စိတ် လင်ငယ်-မယားငယ်နေဘို့စိတ် သူဌေးဖြစ်ချင်စိတ် ကြိုးဆွဲချသေဘို့စိတ် (နားနားဘတ်-ခန္ဓာမှာဖြစ်ထာနဲ့ဟာတ်) သိန်းထီပေါက်ချင်စိတ် ရေထဲခုန်ချသေချင်စိတ် (နာမ်မျိုးစုံ-အနိစ္စပျက်ပုံ) တရားဟောချင်စိတ် သူများကကဲ့ရဲ့လို့စိတ်ပျက်စိတ် မုန်းစိတ်ချစ်စိတ် အာရုံခံလို့မပြေတဲ့စိတ် အားမရတဲ့စိတ် မတော်ချင်တဲ့စိတ် (နောက်ဘဝအတွက်-ရင်းစားမှိဘို့ လူပြန်ဖြစ်ချင်စိတ် (နာမ်စိတ်တွေမျိုးစုံ-ချုပ်ပုံ-ပေါ်ပုံ-ဆင်ခြင်ပါ၊ ဒါ ဝိပဿနာဉာဏ်အလုပ်မှတ်) မယားလက်ရှိနဲ့ နောက်မိန်းမ ယူချင်စိတ် လင်လက်ရှိနဲ့ နောက်လင် ယူချင်စိတ် အထည်မျိုးစုံ ဝတ်ချင်စိတ် ရာထူးကြီးမြင့်ဘို့စိတ် အလုပ်ပြုတ်သွားသေချင်စိတ် (နောင်ဘဝသို့) သူများ မြှောက်ပောလို့ အငြိမ်းစားနတ်သမီးဖြစ်ချင်စိတ် ပင်စင်ရ သိကြွားမင်းကြီးမှန်းထားတဲ့စိတ်။

**လက်ဖျစ်တတွက်- ကုဋေတသိန်း ဒီနေရာ ဝင်မစွက်နဲ့ ဝိပဿနာ။ ယောဂီနဲ့ လုံးဝ မဆိုင်ဘူးမှတ်။ သန္တတိပစ္စုပ္ပန်အနိစ္စကိုသာ ဝိပဿနာအားထုတ်ကြ**

ကလေကဝစိတ် ဘလောင်းဘလဲစိတ် (သူပုန်-ဓါးပြသူခိုးစိတ်တွေ ရေးဘို့မလို) လေစိတ် လွင့်စိတ် ပစ်တိုင်းထောင်စိတ် ခေါင်ကျကျ ပြားကျကျစိတ် ကိုယ့်မြင်းကိုယ်စိုင်း စစ်ကိုင်းရောက်ရောက်စိတ် ဒိဘဝ ဒိကိုယ်စံ-ဟိုဘဝ ဟိုကိုယ်ခံမှာဘဲစိတ် ချစ်သူနဲ့ကွဲစိတ် မုန်းသူနဲ့တွဲစိတ် ထမင်း ၂-နပ်နဲ့ တင်းတိမ်စိတ် သူဌေးပြီး သူဌေး

ဖြစ်ဘို့စိတ် သေဘို့တွေးစိတ် ဖိမ်ခံဘို့ စိတ်ကူးစိတ် နူးညံ့စိတ် ကြမ်းတမ်းစိတ် သက်နိုးဝတ်ချင်စိတ် လူထွက်ချင်စိတ် အလုပ်မလုပ်ချင်လို့ သင်္ကန်းဝတ်ချင်စိတ် ငါချည်းမင်းလုပ်ချင်စိတ် သူများမနာလိုစိတ် အတင်းပြောစိတ်၊

ချစ်စာ-ပေးချင်စိတ်
အပြစ်စာ-ရေးချင်စိတ်
တရား-လိုချင်စိတ်
မုဆိုး-တံငါ-ပြည့်တန်ဆာ လုပ်ချင်စိတ်။

# အဲဒီစိတ်တွေ မြစ်ရေကဲ့သို့

ခြားပြတ်မမြင် ဘသွင်သွင် စီးဆင်းသော ရေအယဉ်ကဲ့သို့၊ မသေခင်မှာဘဲ တစိတ်ပြီးတစိတ် ကွက်စိတ်တိုက်လျှင် အင်မတန် မြန်တယ်ယောဂီတို့ (သေမှစိတ်မရှိ၊ မယုံနဲ့ ဒီအသိ ဗုဒ္ဓဘာသာ မဟုတ်ဘူး) ရှေးဘဝက ချုပ်ပျောက်ခဲ့သော စိတ်နာမ်တွေ ယခုဘဝယ်စဉ်ကစ ဖြစ်ခဲ့ပျောက်ခဲ့သော စိတ်နာမ်တွေ ကျောင်းသား-ကျောင်းသူ အပျို-လူပျို-အိမ်ထောင်ကျစက၊ ယခုအထိ ဆက်ခါ-ပျက်ခါ ဖြစ်ပျက်အသစ်ဆက် ဖြစ်လဲမမြင်နိုင် ပျက်ထားလဲ မျက်စိနဲ့ ကြည့်မရဘူး၊

ဒီမှာကြည့်စမ်း-လက်ကွေးလက်ဆန့်
ဥကွေ့ခင်းကို-ဘယ်ညာလှည့်ကြည့်
စိတ်တစိတ်စီဖြစ်ပုံ-ဉာဏ်မှာဝန်ခံရမယ်
ခြေတလှမ်း တစိတ်-ခြေလှမ်းတရာ စိတ်တရာ

**နာမ်အနိစ္စလက္ခဏာကို-ငါအသက်ရှည်တယ် ထင်ဒါ အတ္တဒိဋ္ဌိ-သက္ကာယဒိဋ္ဌိ-မိစ္ဆာဒိဋ္ဌိမှတ်။**

ဒီနာမ်တွေကို ငါဘဲ-သူဘဲ-ကျားဘဲ-မဘဲ-ဘုရင်ဘဲ-သခင်ဘဲထင်လုံးကြီးနဲ့နေကြသော၊ အန္ဓတို့ရဲ့ ထိးနန်းစိုက်ထူ မကိုဋ်သရဖူနဲ့ ပျော်မွေ့နိုင်သော ဒုက္ခသုပန္နက် လှူဘုံထိးနန်းအဆက်။

ဒီနာမ် ယခုစာတလုံးတစိတ်၊ ယခု စာလုံးတလုံးစီမြင်ပြီး ဘတ်နေတဲ့စိတ်၊ စဉ်းစားဘတ်၊ စာဘတ်ထာမြန်-ဘယ်လိုမြန်မြန်၊ တစိတ်ပြီးတစိတ် စာလုံးတလုံးစီဘဲ မြင်ပြီးဘတ်ထာမှတ်။

မီးရထားဘယ်ပုံမြန်မြန် ဘီးတပတ်ပြီး တပတ်မှတ်။ လေယာဉ်ပျံဘယ်လိုမြန် ပန်ကာတပတ်ပြီးမှတပတ်၊ နာမ်-အနိစ္စ ဥပမာ မှတ်။

## အနိစ္စကိုဖုံးဒါ-သန္တတိပညတ်

ပျက်ဆက်ကို သဘောမကျဒါ သန္တတိမှတ်။ ဘာလဲ သန္တတိ အစဉ်တောင်းလို့ ပျက်ကြောင်းမသိဘူး။ တရားအပိုင်မရသော ယောဂီတို့မှာ သန္တတိ ပညတ်ဖုံးလို့ ပျက်လုံးမသိ၊ ပျက်လုံးမသိတို့ မက်လုံး ရှိကြတယ်မှတ်။ (အပျက်သဘောကျမှ-အမက်လျှော့ကျမယ် ယောဂီတို့။

ဒီစိတ်နာမ်ဟာ-ပရမတ်
မပြနိုင်ဒါ-ခဲတ်
စိတ်နာမ်ကို-ငါ့စိတ်ထင်ဒါ
ရှုးလို့-ရိုက်လို့-ငါနဲ့-စိတ်နဲ့
ဘာမှမဆိုင်ဘူး-ဆွေမတော်
မျိုးမတော်-အတ္တက-ဖက်စပ်
ထုပ်ချင်ပေမဲ့-အနတ္တက-သဘောမတူ။

ဒုက္ခကဘာလဲ ဒီနာမ်တွေခဏခဏပေါ်လို့ အာရုံကာမဂုဏ်တွေ လိုက်စားမိက်မှားနေရတယ်၊ မပေါ်ချင်လဲမဖြစ် အကုသိုလ်ဖြစ်စိတ်တွေ ကြွေးပူ-မြေပူစိတ်တွေ စသည်ဖြင့်၊ စိတ်ဟာ အာရုံနဲ့မကင်းပါဘဲ၊ တစိတ်ပြီး တစိတ် ဖြစ်ဖြစ်နေရဒါ-ဒုက္ခပါကလား၊

တောင်းပန်လို့-မရ အနတ္တ
ကျား-မ မဟုတ် အနတ္တ
ဒီနာမ်-အသက်မဟုတ် အနတ္တ
ဒီစိတ်ကို-မပိုင်တာ အနတ္တ
အစိုးမရ-လို့ မပြည့်-အနတ္တ။

(နာမ်၌ လက္ခဏာ ၃-ပါး အမြွက်)

---

## ရုပ်ပရမတ် ရေးနည်းဘာတ်

(ရုပ္ပတီတိ-ရုပံ)မထောက်ခံဘဲ အကြောက် အကန် ဘောက်ပြန်နေ၊ ဟောဒီရုပ်-ဒီရုပ် ယခုဖေါင်တိမ်လက်က ကိုင်တယ်လို့ခေါ်ပါတော့ ခေါ်ချင်သလိုရုပ်တုံးအပျက်ကို ခေါ်လိုက်ကြ၊ (ဒီခန္ဓာရုပ်စုတ်-ရုပ်ပုတ်) စာဘတ် သူ့ရဲ့ အပုတ်ရုပ်- အစုတ်ရုပ်ကို ခေါ်ပါ- သမုတ်ပါ- မှည့်ပါ- ဘွဲ့ထူး-ဂုဏ်ထူးတွေ ထပ်ခါ-တပ်ပါ။

ရုပ်ကတော့-ပျက်ဆဲပါဘဲ၊
ရုပ်ဟာ-ပျက်ဘို့-ပုတ်ဘို့
ဒုက္ခဖြစ်ဘို့ သူဘဲတာဝန်ခံထားတယ်။

**ဒီရုပ်စုကို-ငါအပျိုစစ်တဲ့ လုပ်လိုက်**
**ဒီရုပ်ပြကို-ငါလူပျိုစစ်တဲ့ လုပ်ပါ လုပ်**
**ထင်လုံးဟာ-ပိုက်ဆံမကုန်တိုင်း**
**ထင်လုံးနဲ့-သေကြနေကြရတယ်မှတ်။**

(ရုပ္ပတိတိရုပ်-ဘုရားဟောတယ်) ဗုဒ္ဓဘာသာ ဖြစ်ချင်တဲ့ ယောဂီက ဗုဒ္ဓဘာသာဝင် ဖြစ်ချင်သူတို့က ရုပ္ပတိကို အဟုတ်မသိတော့၊ ရုပ်ကိုလဲ လူအမှန်ထင်ဒါဘဲ မှတ်ကရော့၊

(ဘိဇ္ဇတိ) ဖရို- ဖရဲ- ပြိုကွဲ- ဖြစ်ချင်တိုင်း ဖြစ်နေတဲ့ ခေါင်းပိုင်း ခါးပိုင်း ခြေထောက်ပိုင်း ဒီ ၃-ပိုင်းဟာ သေသေချာချာ မျက်စိနဲ့လက်ထိကိုင်ကြည့် ဖရိုဖရဲပြိုကွဲနေဒါ အမြင်သာချည်းပါကလား။ကမ္မဋ္ဌာန်းထိုင်လိုက ပီးဘော့ ထိုင်ပါ၊ ဒီခန္ဓာ ရုပ်ကွဲကြီး ရုပ်ပြုကြီး ရုပ်ပြကြီးကို စိတ်ထင်လုံး မဟာဒိဋ္ဌိနဲ့ တဏှာစိတ်ရှိတိုင်း ဖရိုသဲမသိ-ဖရဲလဲမတွေးနိုင်၊ ပြိုပြိုနေဒါလဲမမြင် (ပြိုဆိုဒါ အရွယ်ပျိုဒါမမှတ်နဲ့)ကမ္ဘာပြိုကျနေဒါလို၊ ပြိုလို့ရေးသည်။ ပြိုပြိုနေဒါလဲမြင် ကွဲပြဲနေဒါကိုတော့ ထည့်ရေးဘို့ မလိုတော့ဘူး။ (ရုပ္ပတိနဲ့-ဘိဇ္ဇတိ) သမ္မောအဋ္ဌကထာမှာ ရှိတယ် ယောဂီ(ကုပ္ပတိ)ရုပ်၏လက္ခဏာ ဘယ်မှာလဲ၊ ယခုစာရေးနေတဲ့ လက်ရုပ်စာဘာတ်နေတဲ့ နှုတ်ခမ်းရုပ် တသုတ်သုတ် ပျက်နေသည်၊ဘယ်ပျက်သလဲ မွေးစခလေးလက်နဲ့ ယခုလက်နဲ့ မွေးစနှိုင်းရိုတဲ့ နှုတ်ခမ်းရုပ်နဲ့ ယခုစာဘာတ်

နေတဲ့ နှုတ်ခမ်းရုပ်နဲ့တူရဲ့လား။ ကုပ္ပတိ ထပ်ခါ တမျိုးစီ ဖြစ်လို့ပျက်၏။

(ယဋ္ဌိယတိ) ထိခိုက်တိုင်းပျက် မျက်စိနဲ့ရုပ်နဲ့ ရူပါရုံ ရုပ်နဲ့ ထိတိုင်းပျက်၊ ပါးစပ်နဲ့ အစာမျိုးစုံနဲ့ စားတိုင်းပျက် ကြားတိုင်းပျက် နမ်းတိုင်းပျက် မပျက်လျှင် နှာခေါင်း ပေါက်အတွင်းမှာ အမြဲတန်းမွှေးနေမှာပေါ့။

နှာခေါင်း ရုပ်လဲပျက်၊ ရှူနမ်း ရှိုက်
သမျှ တွေလဲပျက်၊ အမွှေးနံ့ တွေတော့
ပျက်ထာ ပျောက်ထာသိလွယ်၏။

နှာရှူတဲ့နှာခေါင်း အမွှေး ကြိုက်တဲ့
နှာ ခေါင်း၊ ထွက်လေ ဝင်လေရှူတဲ့
နှာခေါင်း ရုပ်သားပျက်ထာ သိခဲသှ၏။

နမ်းချင်စိတ် နမ်းနမ်းနေတဲ့ စိတ်နာမ်တွေ ပျောက် ပျက်ထာသော့ ရေးခဲ့ပြီ။ (ရုပ်ကိုရေးလဲ နာမ်နဲ့မကင်း) နာမ်ကိုရေးသဲ ရုပ်နဲ့မကင်းဘူး။ အညမည ပစ္စည်းခေါ် သည့်ခက်တယ်၊ ပညတ်နဲ့ ဖက်တွဲရေးသော်လဲ ပရမတ် ရုပ်ကို၊ အာရုံပြုဘတ်ကြ။ ပရမတ်နာမ်ကို အာရုံပြုကြ ဘာဘဲလုပ်လုပ်၊ နာမ်နဲ့ရုပ် တွဲရှုပ်သော်လဲ ဒိခနရာမှာ၊ ဆရာက ရုပ်သပ်သပ် ခွဲထုတ်ရေးမယ်။

---

# ပိဋ္ဌိယတိ နှိပ်စက်တတ်လို့ရုပ်

မိမိရဲ့စိတ်ကို ဆင်းရဲအောင် နှိပ်စက်တတ်လို့ ရုပ်မှတ်။ ဘယ်ပုံ နှိပ်စက်ပါသလဲ မျက်နှာ မသစ်ဘဲ မနေနိုင်၊

ပါးစပ်တွင်း ရေမကျင်း-မဆေးဘဲ မနေရဲ၊ ကျင်ကြီး မစွန့်ချင်လဲမဖြစ်၊ ကျင်ငယ် မထွက်ချင်မနေ၊ သွေးနီ-သွေးညို-သွေးပုတ်-ပြည်ပုတ်-အရိအရွဲ-မထွက်ချင်ပေမဲ့ တောင်းပန်မရဘူး။

ပိဋကယတိရှပ်ကိုရေးတယ်၊ မိမိရဲ့အချစ်ဆုံး
ခန္ဓာဟာ ဘာလဲ(သမထ မဟုတ်)ဝိပဿနာ
အလုပ်ဟာ တွေးမှု-ဆင်ခြင်မှု-ဒါဘဲအလုပ်၊
သမထ ကမ္မဋ္ဌာန်းကဲ့သို့ တခါတရံ သွားပြီး
၇-ရက် တလတဝါတွင်းဒီလို-အလုပ်ဝင်ရဒါ
မျိုး မဟုတ်ဘူး၊ ဆရာနည်းပြ ကောင်းလျှင်
ဝိပဿနာအလုပ်ဆိုဒါ နေ့စဉ်-ရက်စဉ် နာရီ
စဉ် လုပ်နိုင်တယ်၊မိမိစိတ်က လောကီအာရုံ
ပညတ် စိတ်တွေ ညွှိခံနေလို့ ခန္ဓာ ရုပ်က
အမြဲတန်း ပိဋကယန-ဖြစ်နေဒါ မတွေးအား
သားမွေးရဒါလဲ နှိပ်စက်မှုမှတ်၊ မေထုန်ပြုရ
ဒါလဲ နှိပ်စက်ထာအစစ် ဒါ-ဝိပဿနာပညာ
မှသာ သိမြင် ယုံကြည်နိုင်တယ်-ယောဂီ။

အန္ဓယောကျ်ား-အန္ဓ မိန်းမတို့၏ အတွက်ခွဲမှာ၊ သားမွေးဒါသုခ၊ သားသမီးလိုချင်ဒါ ဆုပထမ၊ မွေးရဒါ-ခေတ္တသိဒုက္ခ ချောချောမောမော လွယ်ကူစွာ မွေးလျှင် သာရခေါ်ကြတဲ့သုခ(မေထုန်ပြုတဲ့သုခကို) ဒီရုပ်တုံးကြီးဟာ အလွန်နှိပ်စက်တတ်ပါကလားလို့(မေထုန်သုခကို) ပိဋကယနနဲ့-ပြောင်းလွဲယူဘို့ရာ မလွယ်ဘူး၊

## ကျမ်းဥပဒေနဲ့ ဆင်ခြင်ပုံ ရှင်းတမ်း

၁။ ရုပ္ပတိ-နှိပ်စက်နဲ့ ယခုအရွယ် ဘာပြောမလဲ။

၂။ ကုပ္ပတိ-တကိုယ်လုံးဒွါရပေါက်တွေက ဘာလဲ။

၃။ ဃဋ္ဋိယတိ- ဘာနဲ့ဘာနဲ့ ထိခိုက်နေသလဲ သိကြသားဘဲ။ မိမိကိုယ်-ထိမ်ကြည့်ကြ။

၄။ ပိဠိယတိ - ပါးစပ်လဲဆေး အိမ်သာ ထဲမှာလဲဆေး။

၅။ ဘိဇ္ဇတိ-ဆံပင်-လက်သည်း-ချွေး-သွေး- အနာမျိုးစုံ။ ဒွါရက-ထွက်ပုံ။

---

## ဒီမှာ ဥပဒေတမျိုး

၁။ အနိစ္စ-ရွေ့နေတဲ့ရုပ်။

၂။ ပလောက-မနားတန်း ပျက်ရုပ်။

၃။ စလ-ယခုအတိုင်း မနေနိုင်ဒါ ရုပ်။

၄။ ပဘင်္ဂု-ထွက် ပျက် ယိုစီးရုပ်။

၅။ အဒ္ဓုဝ-ဘေးဒဏ်ထိမခံရုပ်။

၆။ ဝိပရိဏာမ-သွေးခဲနဲ့ ယခုမှု မတူရုပ်။

၇။ အသာရက-ပါးစပ်ထဲနှိက်ကြည့် အနှစ်မရှိရုပ်။

၈။ ဝိဘဝ-ကုန်ဆုံးပျက်ပျောက်မဲ့ရုပ်။

၉။ မစ္စု-ခွဲသိ မျက်ဖြူလံ သေ-ရုပ်။

၁၀။ သင်္ခတ-လက်ကိုပင် ရေဆေးနေရတဲ့ရုပ်။

ပထဝီ-အာပေါ-တေဇော-ဝါယော-ဝဏ္ဏ-ဂန္ဓ-ရသ-ဩဇာ- ဒီခန္ဓာ ရုပ်မှာ၊ ဒီသဘော ရှစ်မျိုးပါဘဲ။

ပရမတ္ထသဘောကို အဘိဓမ္မာနည်း သုတ္တန်နည်း ၂-နည်း ဘုရားဟော၏။ပထဝီ-အာပေါစသောရုပ်ရှစ်မျိုးတို့ကို အဘိဓမ္မာနည်းမှတ်ကြ။

ဆရာရေးသော ပညာဒီပနီ ပထမတွဲမှာ လူကောင် ပျောက်နည်း သေသေချာချာ ရှင်းပြထားသည်။ယခု ကျမ်းစာအုပ်ငယ်၌ သုတ္တန်နည်းဖြင့် ပရမတ်သဘော ပေါ်လွင်အောင် ရေးမည်။

---

## သုတ္တန်နည်း-ရုပ်ပျက်ပုံ

(အနိစ္စသန့်သန့်မှာ)အဖြစ်မပေါ် အပျက် သက်သက်ဘင်္ဂဉာဏ်မှတ်၊ အပျက်မြင်အောင် အဖြစ်ကို ပြရမည်၊ (ဖြစ်-ပျက်)ဖြစ်ပျက်မြင်လျှင် ဥဒယဗ္ဗယမှတ်၊ဘင်္ဂဉာဏ်သည် ဥဒယဗ္ဗယဉာဏ်ထက်ရင့်သည်၊ယောဂီများ သတိပြုဘို့။

ဖြစ်ပျက်-မွေးသေ-ရ-ကုန်-တွဲကွဲ-ပေါင်းကွာ-ချစ်မုန်း၊ ပိုက်ဆံရှာ-ရှာသမျှကုန် ထမင်းအဝစားပါ မစင်ပါဘဲ၊ ဝိပဿနာဆင်ခြင်ဘို့ ရေးနေဘိ၊ (တရားရှာ-ခန္ဓာမှာ) ရေချိုး ဆပ်ပြာမွှေးတိုက် သနပ်ခါးလိမ်း ပေါင်ဒါမှုန့်လိမ်းလိုက် ချေးတွေထပ်တင်ဒါပါဘဲ၊ (သားသမီးမွေးလိုက် သေလိုက်ကြ)

မူလကတဲက မြေမှုန်မြေခဲတွေကို အုတ်လုပ်မီးဖုတ် ဘိလပ်မြေ ထုံး-သဲ-ရေရောစပ် အုတ်တိုက်တည်လိုက်၊ကြာတော့တိုက်ပြိုကျ၊တိုက်မဟုတ် အုတ်ခဲဟာ အုတ်ခဲဘဲ မြေကြီးဟာ မြေကြီးပါဘဲ၊ ထင်မှုဇိမ်မှတ်။သွေးခဲ

ကို လူလုပ်ထားတယ်၊ခုလဲသွေးခဲသွေးပုတ်အစစ် သေတော့လဲ ဒါပါဘဲ၊ ရှင်ဘုရင်နဲ့ညားလဲ ဒါပါဘဲ၊ နောင်ဘဝ ဖြစ်လေရာ၌ မင်းသူဌေးဆု တောင်းကြပေမဲ့-ဒါပါဘဲ။

(ဤကား-ဖြစ်ပျက် သံဝေဂ)

---

# ဘဂ်ဥဘဏ် အပျက် သက်သက်

(သုတ္တန်နည်းရေးမယ်)ပြန်ငယ်လို့ မပျိုတယ် ရှေ့ကို သာ ဒိုမြဲ၊ ဖူးစေ့ပိုက် အညှိုပေါက် တမိုက်ခန့် ဖူးပင် ၁၅-ရက်ကြာစင်တက် တထခန့်ကြာသောအခါ ပွင့်ပြီး ၂-လမှာ သီးတယ်။ ဖူးပင်စိုက်သူဝမ်းသာတယ်၊ စားဘို့ ရောင်းဘို့နီးလာဘိ၊ အညွန့်အတက် မျိုးစုံထွက် ပျက်-ပျက်လာပုံမှာ ဒီဖူးပင်သေဘို့ နီးနီးလာတယ်လို့ သိဲ လှ၏၊

မွေးစခလေး တလ တနှစ် ၅-နှစ် ကျောင်းသား ရှင်ပြု ဘို့တော်လာဘိ အန္တဗာလတို့ရဲ့ အမှတ် အသား။ ဟုတ် တယ် တမျိုး ဆိုထိုက်၏။ ရုပ်ပျက်ဘက်က ဝိပဿနာ ဉာဏ်ဝင်ကြစို့၊ဝင်ဘိ(အန္တမလန့်နဲ့နော်)မင်းခလေးဟာ သေဘက်နီးလာတယ်၊ မင်းတို့လင်မယား ငို ဘို့ နီးဘိ ဒီခလေးဟာ ၁၀-နှစ်မပြည့်မီသေမယ်မှတ်၊ ခေါင်းစပ် ထားပါလို့ ဆင်ခြင် ဖွင့်မပြောနဲ့ ဖွင့်ပြော-ပါးထချမယ်။ (အလုပ်များသေးရင် စာအုပ်ကို ရှေ့ကတဲ့ နေရာမှတ် ထား၊ အလုပ်မရှိ-ဆက်ဘတ် ဒါ-ဝိပဿနာအလုပ်ပေး နေတယ်လို့ သိစမ်းပါ။)

မင်္ဂလာဆောင်တယ် ယခုနံနက် ၉-နာရီက တွေးလိုက် ညားတဲ့လင်မယားဟာ တဖြေးဖြေး ကွဲကွဲ-ကွာကွာလာတယ်။ ဝမ်းဗိုက်ထဲက သား အပြင်သို့ နေ့စဉ်ရက်ဆက် ထွက်ထွက်နေသည့်မှတ်။(ရုပ်ပျက်သက်သက်ရေးတယ်။) မီးရထားသွားတယ်၊ ရထားဘီးတွေရောသံလမ်းရော တဂွေ့ဂွေ့ ပွန်းပဲ့ဂွဲ့ပျက်နေဒါ သဘောကျလျှင် မိမိခန္ဓာနဲ့ဟပ်လိုက်စမ်း၊ ယခုစာရေးတယ် စာလုံးတိုင်း ရုပ်ပျက်မှတ်၊ စာဘတ်တယ် ခေါ်တော့ ဒီအတုံးကြီးက ပျက်ပျက်နေတယ် (နာမ်စိတ်က)ကြိုက်တဲ့အာရုံတွေလိုက် ထင်သလိုခံစား အနှင်းအနှိပ်ခံ ရေချိုး၊ ကြိုက်သလိုဖိမ်ခံ၊စိတ်နာမ်က ဘာအာရုံတွေခံခံ ရုပ်က ဟောဒီလူမဟုတ်တဲ့ ဘူတရုပ်က ဟောဒီအရေးမလုပ်တဲ့ သွေးပုတ်က အလုပ်ဘာလဲ။

( နာမ်က-အာရုံလိုက်ဘို့ အလုပ်များရုံ
ရုပ်က-အမြဲတန်း ပုတ်-ပျက်-ဒါ-သူ့အလုပ်။ )

( နာမ်က-ရုပ်ကို ချောတယ် လှတယ် မခွဲနိုင်
ရုပ်က-ဖရိုဖရဲ-ပြို-ကွဲ-ပြိုကျနေဒါဘဲ။ )

( နာမ်က-၃-နာရီ ဘိုင်စကုတ်ကြည့်နိုင်တယ်
ရုပ်က-ကျင်ငယ် ကျင်ကြီးစွန့်ချင်တယ်၊ )

( နာမ်က-ငါယူမဲ့အပျိုဟာ အလှဆုံး
အပျိုရဲ့ရုပ်က-လိပ်ဂေါင်းပါနေတယ်၊ )

( နာမ်က-ငါ့ရိုးစား လူချောကြည့်ကောင်းတယ်
လူပျို့ရဲ့ရုပ်က-မုတ္တနဲ့-အဆုတ်နာရှိတယ်။ )
( နာမ်က-ဗေဒင်ဟောလို့-အသက်ရှည်ချင်တယ်၊
ရုပ်က-အနိစ္စစကားနားထောင်တယ် ဗေဒင်နဲ့မဆိုင် )
( နာမ်က-ရာထူးတိုးဖို့ စိတ်ကူးနေတယ်
ရုပ်က-မျက်စိတိမ်တွယ်-ကင်ဆာရောဂါဖြစ်။ )
(နာမ်နဲ့ရုပ်-တွဲရုပ် လူ) ခွဲထုတ်-လူမဟုတ်။
(ဥကား-နာမရူပ-ပရိစ္ဆေဒဉာဏ်အမြွက်)

---

## ပညတ်သန္တတိနဲ့-ရုပ်ပျက်
## အမြဲတန်း-ရန်ဘက်

စောဒကာဝင်မယ်။ အမြဲတန်းပျက်ပျက်နေလျှင် ဒီခန္ဓာ ရုပ်တုံးကြီးဟာ ယခုဘာပြုလို့စာရေး-စာဘတ် လုပ်နေပါသလဲ။(ရထားဘီးကဲ့သို့ ဗုံးပင်ကဲ့သို့)သေဘာက် ပျက်ဘက် ပွန်းခွဲ့ပဲ့နေလျှင် အသက် ၄၀-၅၀-၁၀၀ ရှည်နေဘို့မဟုတ်။ (ရှင်းဘိ) ယခု မေးဒါဟာ ပညတ် နာမည် တပ်သော်လဲ ရုပ်ကို အာရုံပြုမေးဒါ မှန်တယ်။မေးနည်းကြိုက်တယ် ဒီလိုမေးဒါ စောင့်နေဒါကြာဘိ၊ (ပျက်ထာမှန်ရဲ့-ဆက်ထာမြန်တယ်)(စာဘတ်မထွေးနဲ့ ဖြေးဖြေး)

ဖြစ်ရေစီးသကဲ့သို့ရှေ့ကရေစီးသွားဘိ နောက်က လိုက်က်လာတဲ့ တောင်ပေါ်က ကျဆင်းနေတဲ့ ရေတွေက ဆက်ဆက်ပေးနေတယ် အဆက်

ကြောင့် အပျက်မသိ ထမင်းစား ရေသောက် အိမ်သာထဲမှာ အဖတ်ကော အရည်ကော ထွက်ကျလို့ ထပ်စား(ထပ်စားလို့ဘဲ ထွက်ကျ)အဲဒီလို အဝင်နဲ့ အထွက်က (ဝါ) အာဟာရ ရုပ်ဆက် ကြောင့် ဒီလူခေါ်ခံ ရုပ်ကြီးကိုမြင်နေဒါ သတိ ပညတ်မှတ်ပါ။ ရုပ်ပျက် ရုပ်ဆက်ပုံက မြင်သာ အောင် သိသာအောင် ဆံခြည်တပင်မျှ အစ် တလုံးမျှ မိုင်းခြားမပြတော့ အပျက်မမြင်ဘဲ အဆက်ကိုပင် အသက်ရှင် မှုမပြတ်ဘဲ လူရုပ် ထင်နေကြောင်း (ဘဂ်ဉာဏ်နှင့်) မြင်သမျှ သဏ္ဍာန်ကို ခြေမှုန်းပစ်ကြပါလို့ ဆရာက သတိ ပေးသည်။

---

## နာမ်အစဉ်ဆက်ပုံက-ပုတီးလုံးဆက် ဥပမာ။
## ရုပ်ဆက်ပုံက-အုန်းဆံကြိုးဆက် ဥပမာ။

စိတ်က တလုံးနဲ့တလုံး(ဥပါဒ်-ဌီ-ဘင်)(ဖြစ်စ-တည် ဆဲ-ပျက်)ဒီခဏငယ် ၃-ချက်စိတ်တလုံး၊သည့် သတ်သတ် ဖြစ်ပေါ်ချုပ်ပျောက် နောက်ထပ်တလုံးဆက်တယ် နာမ် ဆက်ပုံက ပရိယတ္တိသာသနာအရ လက်ဖျစ်တွက် ကုဋေတသိန်းဆက် အနွတ္တိက စိတ်ဘလုံးထဲ ထင်နေဒါ၊ နာမ်အနိစ္စ သင်တန်းကို သပ္ပုရိသ ဆရာကောင်းထံ၌

မာနလျော့ပြီး နည်းမခံလို့ တလုံးစီအနိဋ္ဌကို အန္တ ဘယ်တော့မှ မသိ၊ ဒါ့ကြောင့် ပုတီးလုံးပမာ နာမ်ခန္ဓာ ဖြန့်ဖွာဆက်ပုံမှတ်၊ ကြိုးလွန်းပမာ ရုပ်ခန္ဓာ ထပ်ခါ ဆက်ပုံမှတ်၊

နာမ်က တလုံးနဲ့တလုံး ဘာမျှမဆိုင်၊ ရုပ်က တရုပ်နဲ့ တရုပ် ဆက်ပုံမှာ ကြိုးလွန်း တင်သောခါ အနန်းဆံမျှင်ချည်မျှင်တို့ကို တမျှင်နှင့်တမျှင် ကူးခါ ဆက်ခါ လွန်းလိမ်သွားလျှင် ကြိုးတချောင်း ဖြစ်သောခါ ( ဉာဏ်နဲ့စဉ်းစားကြ )ကြိုးတချောင်းသာခေါ်တယ်ထင်ရတယ် အသုံးချကြတယ် သေသေချာချာတွေးစမ်းပါ၊တမျှင်စီ တပင်စီ တမျှင်မဆုံးခင် တမျှင်ဆက် တပင်မဆုံးခင် တပင်ထပ်ဆက် (အဆက်အပြတ်ကို) မမြင်ဘဲ ကြိုးတချောင်းကိုသာ မြင်ပြီး အသုံးဝင် အသုံးချနေကြတယ်၊

ဟောဒီရုပ်-ဒီရုပ်ဗိပဿနာအလုပ် ဂူချောင်မှာမဟုတ်ဘူး၊ ဂူချောင်သွားလဲ ဆရာ၏ အမိန့် အာဏာနဲ့ သွားမှ တရားရမည်၊ ဟောဒီ ရုပ်ဟာလေ သန္တတည်စ သွေးရေကြည်က တစက်ပေါ်တစက်ကျ တစက်ပေါ်တစက် ဖြည့် ပျက်လဲဖြည့် မပျက်မီက ကြိုတင်ဖြည့် ရေကြည်ပျက်ဆဲမှာ ရေမြှုပ်က ဝင်ရှုပ်ဘယ်၊ ရေကြည်ရေမြှုပ် ပျက် အထဲမှာ သွေးနီတွေက ဘယ်က ဘယ့်နှယ် ပေါ်လာတယ်၊ သွေးခဲက တဖြေးဖြေးကျဲမယ်လဲကြီး အသားမှုန့်တွေက ထပ်ပြီးလှိုင်းတိုက်လာပြန်တယ် (ပျက်ဆက်) ဆက်ပျက်၊ မပျက်မီကဆက် ဆက်တဲ့အထဲမှာဘဲ ပျက်

(လူပြိန်းသိမှာ)ဖြစ်ထားကများလို့ ဖျက်ထားကနည်းတယ် မှတ်။ ပညာရှိသိပုံမှာ-ပထမရှိခြင်းစွဲခေဖြှုပ်က ပျက်ပျက်နေတုံး တခါ၊ သွေးမှုန့်တွေက ဘယ်ဆီက ပျက်ကျပြီး ရေမြှုပ်နဲ့ အပျက်ချင်း လာရောဘယ်မသိပါဘူး၊ သွေးခဲက တဖြေးဖြေး ကျဲကွဲနေဆဲမှာ ကောင်းကင်က ပျက်ကျလာသလားမသိပါဘူး အသား နှမ်းစေ့ ခန့်ကလေးတွေက (နှုရာ-ဝဲဗွဲ၊လဲရာ-သူနိုးထောင်း)ပြောကြဒါလို (သွေးကျဲပေါ် အသားမှုန့်တွေဖျော်ချလိုက်ပြန်တယ်ငါးဖုငါးတက်ဘဲ့၊ မြင့်မိုရ်တောင်က ပြိုပျက်ပြီး သားတစ်ပေါ်လာလုပ်ပြန်တယ်-ယောဂီဘို့၊ ခက်ထားဘဲ ဒါ-ဝိပဿနာဉာဏ်ထူးသူမှ သခဘာကျနိုင်မယ်။(ဒွေ့သည့်လာ ထ-စကားပြော)

အဲဒီ-ကြိကြိဖန်ဖန် ငါးဖုခပေါ် စော်စော် ကားကားကြည့်စမ်းပါအုံး စက္ခုပသာဒ အကြည်ရုပ်ဘဲ့ အဲဒီပသာဒ ရုပ် ၂-ခုကလဲ ဘယ်သူက တွန်းချလိုက်လို့ မသိပါဘူး ငါးဖုနဲ့ မတာရေးလာစုသတဲ့ ယောဂီတို့၊ ပသာဒရုပ်တွေ နွါရရုပ်တွေ လာသမှုရုပ်ပွေခနေဒါဘဲ၊ ဒီမြို့-ဒီရွာကြီးမှာ သေတဲ့လူတွေလဲ မပြတ်သေဒါဘဲ၊ မွေးဒါကလဲ ညစဉ်ဘဲ၊ ကဲ-ဒီတော့ ဉာဏ်မရှိတော့ မိမိရဲ့ ဒိဋ္ဌိ-ပညတ်-သဏ္ဌာနက ဒီရန်ကုန်မြို့ကြီးမှာ ဒီမန္တလေးမြို့ကြီးမှာ မြို့သစ်လူသစ်တွေ များစွာတိုးပွေ့ ပူးကြပ်နေဒါ မြင်နေရတယ်။ ငါတို့ရဲ့ ရွာထဲမှာလဲ သေဘယ်-မွေးတယ် ဘယ်ပြတ်မလဲ လူဇတွအမြဲရှိနေဒါ မြင်ရတယ်။

သဘော်ါမြှပ်လို့-လူတွေသေ၊
ရထားမှောက်လို့-လူတွေသေ၊
လေယာဉ်ပျံ-ပျက်ကျလို့သေ၊
ချောင်လှုပ်လို့-လူတွေသေ၊
မြစ်ထဲချန်ချလို့သေ၊
တောင်ပြိုကျလို့-လူတွေသေ၊
ဝမ်းဗိုက်တွင်းမှာလဲ-မျိုးစုံသေ၊
သတ်လို့-ခုတ်လို့-ပစ်ညှာသေ၊
မသတ်ဘဲနဲ့ ကြိုးဆွဲချသေ၊
လူပြည်မှာ-လူအသေထပ်ပေမဲ့-
မှုအခြေမပြတ်-လူတွေတာလစဉ်၊

အနူမြှုဖုံး လက်နက်ကြောင့် တိုင်းပြည်တွေပျက်ပြီး လူတွေအားလုံး သေကုန်မယ်လို့ ပြောကြ-ကြောက်ကြ ထင်ကြတယ်၊ အနူမြှုဖုံးမကလို့ ပရမာ အနူမြှုဖုံးနဲ့ကြဲ ကြည့်၊ တိုးလူတွေများမယ် ယောဂိတို့၊ လူပြည်မှာ လူ တွေကုန်မှာ မစိုးပါနဲ့၊

## ကိုယ့်ထမင်း-ကိုယ်စား
## ကိုယ့်တာရားနဲ့-ကိုယ့်အလုပ်
## ကိုယ့်ခန္ဓာ တဖြုတ်ဖြုတ်ကိုတွေး။

# ပရမာ အနုမြူဖုံးကြဲ အနိစ္စ-ရုပ်ပျက်ပုံ ဒီမှာ

ဆံပင်တချောင်းမှာပင် ရုပ် ၈-မျိုးမှတ်၊ ပရမတ်ကို အဘိဓမ္မာနည်းဆင်ခြင်ပုံရေးပြီ လေးလေးဘာတ်(ရုပ် ၈-ခုကို ဆံပင်ခေါ်တယ်-ယောဂီ)တကိုယ်လုံးရှိ လက်သည်းသွား-အရေ-အသားတုံးကြီး အသားခဲကြီး အသားနှမ်းစေ့ခန့် အရည်တစက်မှာပင် ၈-ခုမှတ်လိုက်။

## ဆံပင်ခေါ် ရုပ် ၈-ခု

၁။ ပထဝီ-အမာဓာတ်
၂။ အာပေါ-ဖွဲ့စည်းဓာတ်
၃။ တေဇော-အအေးဓာတ်
၄။ ဝါယော-တည့်ငြိမ်ဓာတ်
၅။ ဝဏ္ဏ-မဲနက်သော အဆင်းဓာတ်
၆။ ဂန္ဓ-မမွှေးသော အနံ့ဓာတ်
၇။ ရသ-စားကြည့်က အရသာဓာတ်
၈။ ဩဇာ-အစေးအစည်းဓာတ်

နှာခေါင်းတွင်းက နှပ်မှာလဲ ဒီရှစ်မျိုးပါတဲ၊ နှပ်လို့ပြောရုံနဲ့ ပညတ်အာရုံ မပြောင်းပါနဲ့၊ ရုပ် ၈-မျိုးဘဲလို့ ပရမတ်ကို အာရုံစိုက်ကြစမ်းပါ၊ ပရမတ်ကို ဆက်ဘာတ် အနိစ္စပျက်ပုံ သေသေချာချာဘာတ်လိုက် ဆံပင်တချောင်းနဲ့ တကိုယ်လုံးနဲ့ အတူတူမှတ်၊ ဒီခန္ဓာ တ ကို ယ် လုံး ၌

တေးဇာတ်၏ လင်္ကာ အပုဒ်ရှိန် အပုဒ်ခိုးကိုတွေးပါ ထွက်နေတယ် တေးဇာပု ခန္ဓာလှူခေါ်ခံထဲက မပြတ် တသစပ် ထွက်ဆဲမှာ နောက်လိုက်နောက်ပါ တေးဇာ အပုတွေက ထပ်လောင်း တေးဇာအေးတွေက ကြွားထဲ ဝင်ညှပ် တေးဇာ ဇာတ်ခိုးကလဲထွက်ဆဲ ဝါယောနဲ့ အာပေါ-ပထဝီ ၃-ရုတ္တိကလဲ သူတိုး-ငါဝင် အမျှင် မပြတ် ထပ်ဆက်(ကြှီးလွှန်း-ကြှီးလွှန်း)

ပထဝီအမာထွက်ဆဲမှာ အာပြော့ကရှေကနေပီး နှုတ် ဆက်တယ်၊ဟော့-ဝါယော မင်းကငါ့ရှေ့ဘာပြုလို့ တက် သွားရသလဲမေးတော့၊ညာဘက်က အာပေါက ငါပြော မယ် ဟော့-အမာပထဝီရဲ့ ငါလဲပြော့ ပထဝီနဲ့ဖက်စပ်လုပ် ပြီး မင်းအရင် ငါရောက်နေဒါဘဲ ပြောနေဘုံးမှာ၊ လှုပ်- ဝါယောက မဟုတ်ထာ ပြောရမလားလို့ စိတ်ဆိုး ပြီးတော့-

တော့-ဝဏ္ဏတို့ ဂန္ဓတို့-နောက်ကမနေနဲ့၊ ဘယ်သူ့ မျက်နှာမှမထောက်နဲ့၊ဘာကြောက် နေကြသလဲ။ လာ-ငါနဲ့အတူ ခန္ဓာထဲကထွက် မယ်လို့ရုပ်ကလာပ်တွေစုဆဲမှာဩဇာကစိတ် ဆိုးဒါပေါ့၊ ဘာ့ကြောင့်-ဩဇာ မပေးရလို့။ ဒီခန္ဓာတကိုယ်လုံးမှာ ငါမိုလ်အစစ် သွေးစီး ချွေးစီး နပ်စီး အသားအစီး အစေးအညှော် မှစ၍ ဖွဲ့စည်းအာပေါနဲ့ ငါနဲ့ညားတုံးကတဲက ဒီလူရုပ်ဖြစ်ဘို့ ရုပ်လုံးပေါ်အောင်၊ဟို-ပဝေ သဏီ အမေရဲ့ အဆီနဲ့ရောပြီး လုံးထွေးခဲ့ပြီး

ပျက်ပျက်နေဒါကို ဘယ်သူက ရှေကနေပြီး
နောက်မှ မွေးတဲ့ မိဦးက ကတဲ ကျူးကျူး
ကျော်ကျော် မဆိုင်သူ နောက်ဆုတ်ကျ ခန္ဓာ
ထဲမှာ ငါမနေချင်ဘူး၊ မင်းတို့ တေဇော ပူ-
အေးတို့နဲ့ လူကလေး မလုပ်ချင်ဘူး၊ ရုပ်က
လာပ် အဖွဲ့ထဲက ငါထွက်မယ်-မှတ်ကရော။

ဩဇာက ဒီရုပ် ၈-မျိုးထဲမှာ ဩဇာအာဟာ ပေးရမှ မပေးရလျှင် ဒီအဖွဲ့ထဲက ထွက်ပြီတဲ့၊ ရသက-ဒီလိုဆိုတယ်။ ဘာမှမပူကြနဲ့ နောက်မှ ပေါ်လာတဲ့ ဩဇာတွေ အစေးတွေ တပြုံတခေါင်းကြီး လာဟုန်ဘီယော့၊ဗိုလ်ထု တပ်ထု ကလာပ်စုနှင့် ထောင်သောင်းပေါ်လာ နောက်ပေါက်တဲ့ ဩဇာအစေးတွေ ကြားထဲက ပထဝီ အုပ်စု အာပေါ်ရုပ်စု တေဇောအုပ်စု ဝါယော အဖွဲ့သားတွေက တကတဲ ရှေ့နောက်ဝယာ သူထက်ငါတိုးဝင် ခန္ဓာရဲ့ ပြင်ဘက်သို့သာ အမြန်သုတ်ချေရိုက်နေဒါကို မခံနိုင်ကြတော့ ခက်ထာဘဲ၊ပျက်ထာထဲမှာ ပျက်ထာထပ်ထပ်ကျဒါကိုဘဲ-

အန္ဓတွေက ကဲ-ငါ့မိန်းမ သွေးဆုံး
နာ ဖြစ်တယ်တဲ့
ငါ့ယောကျ်ား အူယောင်ရောဂါနဲ့
ဆေးရုံ တက်သတဲ့

ဒီအခွန့်တွေ ဘာဘာပြော ပြောချင်ဒါ ရှောက်ပြော ဘာနဘာဘဲ ပြောပြော(ရူပံ-ရူပွတိကို)ထူသညာာန်အဟုတ် ကြည့်ပြီးပြောတော့ ပရမာ အနုမြူဖိုးနဲ့ အစဉ်မပြတ် ကြဲကြဲချနေသော်လဲ ငါ့လင် သူ့လင် ငါ့မယား သူ့မယား ထင်လုံးအတ္တခံတာဝက ခိုင်မာသေတော့ ပရမာအနုမြူဖုံး ဒဏ်ကိုခံနိုင်ရည်ရှိတယ်လို့ ယုံကြည့်ထိုက်သောဗာလက အတွင်းရေးကို ဝါဒဖြန့်တယ်။

---

## သစ်ရွက်ကြွေကျ ရှပ်ပျက်ပြ
## ပေါက ထပ်ကြွေကျ

မြေကြီးသို့ ကုက္ကိုရွက်တွေ တပေါင်းလကြွေ တရွက် မကျန်ကြွေ ကြွေကျမြေက နောက်ကြွေကျ အောက်မြေ ကျ ထပ်ကြွေသမျှ အပျက်ပေါ် အပျက်ပြ တရွက်ပေါ် တရွက်ကျအောက်မှာဘာလဲ အရွက်ပုံကြီး အပျက်ပုံကြီး အသွေးပုံကြီ အမှိုက်ပုံကြီး။

အပုတ်ရေတွေစီးကျနောက်ကအပုတ်ရေက ရိုးရိုးရွရွ သွေးတွေက ကျချိန်မှာကျ သူ့အချိန်ကျတော့ ထွက်ကျ လာပြန်ဒါဘဲ။ ပါးစပ်ထဲက သွားရည်တွေက အိပ်ပျော် နေရင်းကျ နောက်အပုတ်ရည်တွေက မပြတ်စီးကျ။ နေ့ကျ ညလဲကျ စကားပြောရင်း သွားရည်ကျ မျက်ရည်ကျ နှာရည်ကျ (အပျက်နဲ့-အပျက်) တပျက်ထဲ ပျက်နေပုံ ရှင်းရှင်းဘတ် မရှင်းပြန်ဘတ်၊ မျက်ရည် ဘာရည်မဆို

နားပြည်ယိုဒါလို့(၉)ပေါက် ဒွါရတို့က ပိုးလောက်တွေ အစာဝစေဘို့-လာသမျှ-ထာဝရ-

မကြာခဏထိမ်းမရအောင် အရည်တွေကျ၊
ဒေါမှ-ငါ့မိန်းမလို့ အတည်မနိုင်ကြတယ်၊
မကျလျှင်-နေမဖြစ်ထာကို ငါ့လင် အသေ ချစ်
တယ်လို့၊
အနွတို့ရဲ့-လူကုသလ ခံဘပ်က ခိုင်မာလေတော့၊
ရုပ်မှုန်,ရုပ်ခိုးတွေ-ရှေ့တိုးနောက်ဝင် ရုပ်ကလာပ်
ရကို လူဆင်တဲ့-အတ္တဝွဲပြတ်နိုင်ဘို့ ခက်ထာဘဲ။

---

ဗုံးကြဲရုံမကလို့ သိကြွားမင်းရဲ့ ဝရဇိန်
မိုးကြိုးမပြတ်ပစ်ချ၊ လူပင်တွေရေလောင်း
ပေးသလို အလေ့ကျ အလိုလို ထပေါက်
တယ်မှတ်။ ကမ္မနိယာမနဲ့-စိတ္တနိယာမ။

---

## ပရမာ-အနုမြူ-ခဏိက-ရုပ်အနိစ္စ

ကံ　၈-မျိုး

စိတ်　၈-မျိုး

ဥ　၈-မျိုး

ဟာ　၈-မျိုး

ဖြစ်လိုက်-ပျက်လိုက်၊ ဆက်လိုက်-ပျက်လိုက်၊ မပျက်ခင် ကဆက် - မဆက်မီကပျက်၊ ပျက်ဆဲဆက်-ဆက်ဆဲပျက်၊

ပျက်ဆဲပျက် ဆက်ဆဲဆက် (ဆင်ခြင်မှု-ဆရာ့တာဝန် မဟုတ်ဘူး) အဖြစ်ပျောက် အပျက်ရောက် အနိဗ္ဗာန်မင်္ဂ ပေါက် အနိမိတ္တ နိဗ္ဗာန်ရောက် ခက်တယ် တကယ်နက်နဲ စွာ သိချင်သော စေတနာရှိပါက ဆရာမသေမီ မာန လျှော့လာပါ။ (လာရင် ပွဲစားမလို)

သံပေါက်

သန္တတည်စ-ရုပ်ပျက်စ-ကမ္မသူ့သဘော။
ဘဝင်ပထမ-ရုပ်ဖြစ်စ-စိတ္တသူ့သဘော။
ဋ္ဌီစဉ်မှန်က-ရုပ်ဖြစ်စ-ဥတုသူ့သဘော၊
စားတိုင်းမျိုချ-ရုပ်ဖြစ်စ-ဟာရသူ့သဘော။
(ဤကား-ရုပ္ပန-သဘာဝကို အမြွက်မျှ)

---

# အရိယာ အမြင်

ကာမဂုဏ်ပွဲ၊ အာရုံခဲတို့၊ စွဲမြဲနေ့ည၊ ပျော်မွေ့ကြ လျက်၊ မရမနေ၊ ရမပြေခဲ့၊ ရလေလိုမြဲ၊ ပိုနိုင်ခဲ၏၊ စိတ်စွဲ ပြင်းထန်၊ ဥပါဒါန်ကြောင့်၊ သည်းခံဆင်းရဲ ကြိုးပမ်း မြဲ တည်း။

ရုံတဲ့ပြုကြ၊ မေထုန်နှင့်၊ နိဗ္ဗုဘုဉ်၊ သုံးဌာနကား၊ အန္တ ဝေဟော၊ ထုံးတန်းပေမို့၊ လူတွေနတ်မင်း၊ ဗြဟ္မာမင်းပင်၊ ရှာနိုင်ရင်းပျော်မွေ့၊ မေထုန်တွေ့တည်း။

ဝေလေ့ဘုံသူ၊ အငွေ့ယူလို့၊ တွေ့မှုအာရုံ၊ စိတ်ထင်ပုံ ကြောင့်၊ မွေ့ထုံရာဂ၊ ပျော်မြူးဘွလျက်၊ သူက ငါ့ကို၊

ငါ့အလိုလိုက်၊ ငါ့အကြိုက်နှင့်၊ စရိုက်တူကြ သုံးလောက တည်း။

လောကဘုံသူ၊ အန္ဓမူသည်၊ စွဲယူမှတ်သား၊ ရေး စကားကို၊ သူများပြောလျှင်၊ အဟုတ်ထင်၏၊ မမြင်မျက်စိ၊ ရှေ့ဆောင်ရှိလို့၊ လိုက်ဘိနောက်က၊ လူဗာလတို့၊ လမ်းစ လမ်းမှန်၊ ထွက်ပေါက်ဉာဏ်ကို၊ ဇကန်မသိ၊ သေလမ်းရှိခဲ့။

သေလမ်းမွေးခမ်း၊ ထို ၂-လမ်းကို၊ မျက်ကန်းအန္ဓ၊ ဇိမ်သုခဟု၊ ပုညကုသိုလ်၊ တောင်းဆုဆိုလျက်၊ ဖြစ်လို တကျော၊ ပင်မြစ်မွှာသည့် အဝိဇ္ဇာမီး၊ ထိပ်ကစီး၍၊ မပြီး မဆုံး၊ ခန္ဓာတုံးကို၊ မရန်းနိုင်ကြ လက်သုံးချခဲ့၊ အနိစ္စဘုံ၊ ဒုက္ခစုံကို၊ မယုံမကြည်၊ မထိလေးစား၊ မတွေးအားသည်၊ မွေးညားသေတို့-လမ်းစဉ်တည်း။

# အန္ဓကုသိုလ် ဝဋ်မတို

သုခထင်လုံး၊ အချိန်ပြုံး၍၊ ဇိမ်သုံး မွေ့လျော်၊ အာရုံ ပျော်တို့၊ ကြောက်ဖေါ်မရ၊ လူအန္ဓမှာ၊ ကျား-မ-သူ-ငါ၊ နတ်မြဟ္မာနှင့်၊ သတ္တာဇီဝ၊ အမည်မှုနှင့် ကြားရခေါ်တွင်၊ ရှိသည်ထင်လျက်၊ ပွင့်စဉ်ဗုဒ္ဓ၊ ဒုလ္လဘကို၊ မချမတွေ့၊ ထုံး ဓလေ့ဖြင့်၊ အတွေ့အထိ၊ စွဲကပ်ငြိကြ၊ မိဘစဉ်ဆက်၊ မျိုး မပျက်လဲ၊ တွဲဘက်ရှန်သူ၊ ငရဲမှုကုံ၊ ချစ်သူထင်ပြန်၊ စွဲလုံး သန်လျက်၊ ဥပါဒါန်ကြီး၊ မွေ့ဖါးမျိုးသို့၊ ပြုရိုးကမ္မ၊ သုဘဝ မှာ၊ ဆုံးစမရှိ၊ တကျောငြိသည်၊ ဇာတိလမ်းကြောင်း- မှုဟောင်းတည်း။

(ညစဉ်-ဆိုပါ)

# ရင်ဝလှုံစူး ထိပ်ဦးမီးလောင်

ဇာတိလမ်းစ၊ မရဏာသို့၊ ခဏာတိုင်းပင်၊ တွင်တွင်နှင်၍၊ ရှေ့စဉ်နောက်ဆက်၊ သွေးရည်စက်က၊ သွေးပွက်ရေမြှုပ်၊ အခြေလုပ်လျက်၊ လူရုပ်ထင်မှု၊ သွေးရည်ဇုကြ၊ အသုဘလမ်း၊ မိခင်ဝမ်းဌ၊ ညစ်နွမ်းညှိပုတ်၊ လူမဟုတ်မှ၊ လူဟုတ်သို့ဝင်၊ လူ့ရာဝင်ခဲ့ ငါးစဉ်ကိုင်းခက်၊ လူ့ရုပ်ဘက်သို့၊ သွေးစက်ခေတ်ဆောင်၊ မျက်သုည့် ရောင်ဖြင့်၊ သားကောင်ခလေး၊ ငါကမွေး၏၊ ငါ့သွေး-ငါ့သား၊ ငါ့မယားနှင့်၊ ငါ့ညေး-ငါ့လင်၊ သွေးလမ်းစဉ်ကို၊ စိတ်ထင်ဖွဲကြီး၊ ဒိဋ္ဌိမီးသည်၊ သွေးစီးလူထင်-မှားလမ်းတည်း။

(အိမ်သားတွေ–ကျက်စေနိုင်း)

---

# ရုပ်ပွနလက်ာ အန္တမျောက်စိတ်

ခွေးနာလောက်ထိုး၊ ခန္ဓာဆိုးနှင့်၊ ဟိုတိုးဒီဆွ၊ တရွရွဖြင့်၊ အထအထိုင်၊ ကြွမနိုင်ဘဲ၊ ခွေယိုင်လဲလု၊ ဘက်တွဲပြု၍၊ သွားမှုလျှောင်းချက်၊ ရုပ်နာမ်စက်တို့၊ နာမ်ချက်မငြိမ်၊ ရုပ်မငြိမ်ဘဲ၊ တချိန်ထဲတွင်၊ ပျက်ဆဲမျိုးစုံ၊ ပြောင်းလွဲပုံနှင့်၊ အာရုံစိတ်ကြိုက်၊ အလိုလိုက်ခဲ့ ဟိုကြိုက်ဒီချစ်၊ ပလီညစ်၍၊ စွဲရစ်တဏှာ၊ တဲ့ရုပ်ခါဖြင့်၊ ပြုတ်ကွာပြန်ဆက်၊ တရုံယှက်လဲ၊ ပျက်မြဲဖြစ်ချုပ်၊ ခေတ်နာမ်ရုပ်တို့၊ တသုတ်သုတ်ဆက်၊ တသုတ် ပျက်ခဲ့၊ ဘုတ် ဆက် ပေါင်းကူး၊ ရှေ့နောက်ကျူးလျှံ၊ ဖြစ်ဘူးပျောက်ခါ၊ မသိသာဘဲ၊ ဖြစ်

မှာရေစီး၊ လျှပ်ဆီမီးသို့၊ ဖြစ်ပျက်မပြီး၊ ခန္ဓာမီး........သည်၊ ဉာဏ်ကြီးသူမှ-သိလမ်းတည်း။

(ရှုပွနလက်ာ-အန္တမျောက်စိတ်-အရကျက်)

---

# အန္ဓလင်မယား ဗိမာန်

ရေကြည့်ရေမှုပ်၊ အခြေလုပ်၍၊ ရေပုတ်ကိုပင်၊ ဇွန်ရုပ်ထင်ကြ၊ ခင်မင်စုံမက်၊ မစ္ဆါရက်အောင်၊ သူ့ထက်ငါသာ၊ စည်းစိမ်ရှာလျက်၊ တဏှာလောက၊ လုံးပန်းဆွခဲ့၊ နေ့ညမနား၊ စိတ်မအားဘဲ၊ အိပ်စားပျော်မွေ့၊ နှစ်ကိုယ်တွေ့က၊ လို၍မပြီး၊ စည်းစိမ်ကြီးနှင့်၊ အသီးအမ၊ မပြီးကြသည့်၊ ကာမအာရုံ၊ စိတ်ကြိုက်ဆုံ၍၊ လူ့ဘုံသုခ ယာခရလျက်၊ ကုသလကံ၊ နောင်ကျိုးစံဘို့၊ ဆုပန်ဒါန၊ ပြုသမျှမှာ၊ ဝဋ္ဋဒုက္ခာ၊ တဏှာကြောသည်၊ အတောမသတ်-ရှည့်ကြောင်းတည်း။

(ဝိုင်းမှာ-ရဲရဲဆိုပြ)

---

# လေသံကြား-တရားထင်

လူမိုက်ဆုတောင်း၊ ကံဖြစ်ကြောင်းကား၊ ပြန်ပြောင်းလဲ့ခါ၊ သေတွင်းရှာလျက်၊ ကံသာဘ,မိ၊ လက်ကိုင်ရှိခဲ့၊ ကံ၏စိမံ၊ ရောက်ဘို့မှန်ဟု၊ လူထံနတ်ရပ်၊ ပြဟ္မာဇာတ်နှင့်၊ လေးရပ်အပါယ်၊ ရောက်ခမ်းလွယ်၏၊ ကံစွယ်

ကံရင်း၊ ကံဖန်ဆင်းသည့်၊ ကံမင်းပြုရာ၊ လိုက်ကြရှာလျက်၊ ကံကိုအားကိုး၊ လူမိုက်မျိုးတို့၊ ကိုယ့်ကျိုး ကိုယ့်ကြောင်း၊ ခန္ဓာလောင်းကို၊ ဖြစ်ဟောင်းမသိ၊ မရိပ်မိ၍၊ ဒိဋ္ဌိတဏှာ၊ဆွဲဆောင်ရာသို့၊ သူ ငါ့ဇီဝ၊ အမည်ရလျက်၊ ပုရိသ,ဇာတ္တိ၊ အဟုတ်ရှိဟု၊ ဆုပ်မိလက်ကိုင်၊ ကံမဏ္ဍိုင်ကို၊ ခိုင်ခိုင်မာမာတင်း၊ စွဲယူပြင်းခဲ့။

လူမင်းစည်းစိမ်၊ နတ်စည်းစိမ်ကို၊ တင်းတိမ်မငြီး၊ ဆုတောင်းမှီး၍၊ ကောင်းကြီးသာရ၊ ထင်တိုင်းပြုသည့်၊ ကြွေမှုသစ်ရွက်-ကျရာတည်း။

ကျရာဝင်တိုး၊ အန္ဓမျိုးကား၊ ကံကျိုးဖြစ်လာ၊ ၍ခန္ဓာသည့်၊ ကံသာမူလ၊ အရင်းစခဲ့၊ တွင်းပ ၂-ပြင်၊ ခန္ဓာစဉ်ကို၊ ဉာဏ်မြင်တွေးရှု၊ အလေးပြုက၊ သွေးစု လူခေါ်၊ ဓာတ်ရည်ပျော်လျက်၊ ရုပ်ပေါ်နာမ်ကျ၊ သဘာဝမို့၊ ဖြစ်ကျပျက်ပြန်၊ ရေစီးသန်သို့၊ ဆက်ပြန်ပျက်ဆဲ ဆိနိုင်ခဲလှ၊ ဆက်ဆဲဖြစ်ချုပ်၊ ဓာတ်စက်ရုပ်တို့၊ မဟုတ်လူကောင်၊ မျက်လှည့်ဆောင်လျက်၊ မိုက်မှောင်မောဟ၊ ဖိစီးကြ၍၊ ဓမ္မမြင်သိ၊ သပ္ပုရိကို၊မသိမရှာ၊ကံဆရာကြောင့်၊ ဗာလာအန္ဓ၊ ထင်သုခနှင့်၊ ဒုက္ခလမ်းသွား-ရှောက်တိုင်းမှာခဲ့။

ရှေးစကားယုံ၊ နောက်လိုက်ပုံမှာ၊ ဘုံသုံနဲ့ပေါက်၊ ဂဏ်နဲ့မြှောက်လို့ အံ့လောက်ချီးမွမ်း၊မီးစခမ်းကို၊ ထိုးနန်းသုခ၊ ပြောဟောပြကြောင့်၊ ဗာလအန္ဓ၊ ဥမ္မတ္တကတို့၊ ရာဂူသူပွက်၊ ဇိမ်ခံမက်ခဲ့။

ဖိနပ်မကပ်သေဘေး၊ အဆိပ်ဆေးကို၊ ကိုယ်ရေးမသိ၊ သောက်တိုင်းထိ၍၊ ဆရာကောင်းမတွေ့၊ သောက်တိုင်း မေ့၍၊ မူးမေ့မိုက်ရူး၊ လူကြိုးပူးတို၊ ၂-ဦးတစုံ၊ မြူးပျော်ပုံကို၊ ဉာဏ်စုံမျက်စိ၊ ကြည့်တိုင်းသိလို့၊ မိမိခန္ဓာ၊ဖြစ်ပုံရှာ လျက်၊ရုလာဖြစ်ရုပ်၊ ခန္ဓာပုတ်၌၊ စွဲဒုပ်ဒိဋ္ဌိ၊ ဆွဲနှုတ်မိသည်၊ အရိယာဉာဏ်မြင်-လမ်းစဉ်ဘည်း။

(အရကျက်-တွေးဆင်ခြင်)

# အန္ဓ ၂-ဘက်ကန်း လမ်းမှားမပီး

ဒိဋ္ဌိရိပ်မှောင်၊မျက်လှည့်ဆောင်လျက်၊ လူကောင်ပေါ် မြှုပ်၊သူဘာန်ပုတ်ကို၊စက်ဆုတ်မမြင်၊ဉာဏ်မဝင်၍၊ငါပင် ထင်လုံး၊ စွဲယူသုံးကြ၊ ခွေနှံနွှမ်းရီ၊ ဂွမ်းဆိထိသို့၊ ဒိတိ လျှံဖော၊ စိတ်ရွှင်စောလျက်၊ အကြောပေါင်းစုံ၊ ကိုယ် လုံးတုံ၍၊ မွေ့ထုံခလေ့၊ အာရုံခံ့ငွကို၊ ကိုယ်တွေ့မှာရူး၊ တဏှာပူးကြ၊ မေ့မူးခံစား၊ ကြွမ်ဖန်များလဲ၊ လိုအားမရ၊ မပြည့်ဝခဲ့။

မွေးကြ-သေကြ၊ ပျော်ပိုကြသည့်၊ ဘဝလှူဘုံ၊ ဒုက္ခ စုံကို၊ မေထုံစိတ်ငတ်၊ သုခမှတ်ကြောင့်၊ ကိုယ့်ဇာတ်ဖြစ် လာ၊ ဒိခန္ဓာသည်၊ ဘယ်ရွာဘယ်ပြည်၊ ဘယ်ဌာနီက၊ ဘယ်ဘည် စလျက်၊ ဘယ်က စဉ်ဆက်၊ ဘယ်အတွက် ကြောင့်၊ ဝင်ထွက်မပြီး၊ ခန္ဓာမီး၍၊ ဖြစ်နည်းပျက်နည်း၊ စက်လှည့်နည်းသည်၊ဗိစီးဒိဋ္ဌိ-မှောင်ရိပ်တည်း။

## ပရိယတ်သတ္တိ သာဓက

ဒုက္ခပိုဒ်ပေါင်း ၅၀-ကို ဗုဒ္ဓဘာသာ ဒီပနီပထမတွဲစာမျက်နှာ ၁၄၄-မှ ၁၅၀-အထိ၊ ၁၀-ပုဒ်စီဘော်ပြချက်ကို၊ ဒုတိယတွဲကျမှ ဘာသာပြန် အနက်ရေးမည်။ ဝန်ခံချက်မှာ စာပိုဒ် ၅၀-လုံး မရေးနိုင်၊ လိုရင်း အပိုဒ်များကိုသာ၊ ဘော်ပြမည် ယောဂီတို့။

၁။ (သံသာရ ဝဋ္ဋ ဒုက္ခတော)အိမ်သာတက် ကျင်ငယ်စွန့်လို မပြီးနိုင်သော ဆင်းရဲသောခန္ဓာဝဋ်မှ

၂။ (ပဥ္စုပ္ပါဒါ နံက္ခန္ဓာပိ)အထီး,အမ ခွဲလမ်းခြင်း ဥပါဒါနိခေါ် အန္ဓဗာလတို့၏ ခန္ဓာသည်လည်း။ ဒုက္ခာ၊အပါယ်က မတက်နိုင်အောင် ဆင်းရဲခြင်း ဖြစ်ကုန်၏။

၃၊ (ဒုက္ခေအ.ညာဏံ အဝိဇ္ဇာ)ဒုက္ခေ၊ခန္ဓာဆင်းရဲမှုကို၊အညာဏံ၊ဖြစ်ရပါလို၏ဆုတောင်းမိနေခြင်းသည်၊အဝိဇ္ဇာ၊ကိုယ့်လည်ပင်း ကြိုးတပ်ပြီး ကြိုးဆွဲချသော လူမိုက်တည်း။ (သိတ္တိုခက်လှချည့်)

၄။ (ဘာရာဒ္ဒါနံ ဒုက္ခ လောကေ) ဒုက္ခ လောကေ၊ ဆင်းရဲသော လူပြည်ကြီး၌၊ ဘာရာဒါနံ၊ ဒုက္ခဝန်ထုပ်ကိုသာ နေ့,ည-သယ်ယူ၍ နေခြင်းဘည်း။

၅။ (ဒုက္ခဿန္တံ-ကရိဿထ) ဒုက္ခဿန္တံ၊ ဆင်းရဲ ဘေး ကင်းဝေးရာ အဆုံးသတ်ခြင်းကို၊ ကရိ ဿထ၊ ဆရာကောင်းထံ မာနမချန်ဘဲ အမြန် သုတ်သုတ် ပြုလုပ်ကြဘုန်လော။

၆။ (အထ-နိဗ္ဗိန္ဒတိ ဒုက္ခေ)အထ၊ ထိုကဲ့သို့ မွေးဒါ သေဒါတွေ့ မြင်ရသောအခါ၌၊ဒုက္ခေ၊ခန္ဓာဆင်း ရဲဝဋ္ဋ၌၊ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့ရှိမှန်း တကိုယ်လုံး စက် ဆုတ်တော့၏။

၇။ (ဒုက္ခံ-တေဘုမ္မကံ-ဝဋ္ဋံ) တေဘုမ္မကံ၊ လူ့နတ် ဗြဟ္မာ သုံးဖြာသော သုဂတိဘုံတို့၌ စနစ်ဘကျ ဖြစ်ကြရသော၊ ဝဋ္ဋံ၊စားလို သွားလှုံ ညားလိုမပြီး ကျင်လည်သော ဝဋ်မီးသည်၊ ဒုက္ခံ၊ ဒုက္ခသစ္စာ မှန်၏၊ (ဝ၊)လူမိုက်တို့လိုချင်ရာ မွေးတွင်း သေ တွင်း အစစ်ပေဘည်း။

၈။ (ဗာလော-ဒုက္ခံ-နိဂစ္ဆတိ) ဗာလော၊ ငရဲသား လူမိုက်သည်၊ ဒုက္ခံ၊ ဘေးဖြစ်ရာသို့၊ နိဂစ္ဆတိ၊ အစဉ်လျှောက်ခါသွားနေရ၏၊ (ဗုဒ္ဓဘာသာမှ- သိမယ်)

၉။ (နာညတွာ-ဒုက္ခံ-သမ္ဘောတိ) ဒုက္ခံ၊ဒုက္ခဖြစ်ခြင်း ကို၊ အညတွာ၊ ကြည့်ဖယ်၍၊ နသမ္ဘောတိ၊ ဘယ် အလုပ်မှ-မဖြစ်၊

၁၀။ (ဒုက္ခသစ္စံ-ပထမံ-ဝုတ္တံ)ဒုက္ခသစ္စံ၊ဒုက္ခသစ္စာကို၊ ပထမံ ရှေးဦးစွာ၊ဝုတ္တံ၊တရားအစ သံဝေဂထား ၍ မြတ်ဘုရားဟောတော်မူခဲ့၏၊ (ဤကား-

ပထမတွဲက ညွှန်ပြသော ဒုက္ခပိုဒ် အနည်းငယ် ဘာသာပြန်ချက် ပြီးပါပြီ။)

---

## »→ မတန်တဲ့လက်နဲ့-ရှုခွက်

၁။ နှုတ်ခမ်း ၂-ဘက်ပြတ်သူက-ပုလွေမှုတ်ချင်ဒါ ဥ။

၂။ ဘက် ၅၀-ရှိ လင်မယူရဲတဲ့ အပျိုကြီးက သားမွေးချင်ဒါ ဘယ်ဆေးရုံတင်မလဲ။

၃။ မျက်စိ ၂-ဘက်ကန်းသူက အဝေးကြည့်မျက်မှန်တပ်ချင်ဒါ-သာဓု-သာဓု-သာဓု။

၄။ ခြေ ၂-ဘက် မရှိသူက-ရေကူးပြိုင်ပွဲ ဝင်နွှဲချင်ဒါ-မနာလိုဒါ ဘာလဲ၊ ကြည့်နေပေါ့။

၅။ နား ၂-ဘက်ပင်းလျှ အရှင်းမကြားသူက ရေဒီယိုနား ကပ်နေဒါ-ဘာပြောချင်သလဲ။

၆။ ချောင်းမပြတ်ဆိုး- ပန်းနာသည်က ရေနံဖြစ်လို့-ဆဲချင်ဒါ- ဘယ်ကံဆိုမှာလဲ၊ (ကံလက်သစ်ပေါ့)

၇။ က-ခ-အရှင်းမသိသူက (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ) စာအုပ်ကြည့်နေဒါ-ဘာရာထူးလဲ၊

၈။ ပရိယတ်-ပဋိပတ်စွယ်စုံမဟုတ်ပါဘဲ- ဆရာလုပ်ချင်ဒါ-သူ့ကုသိုလ်ဘဲ။

၉။ ပါရာဇိက-ကျတဲ့သက်နံးဝတ်ကိုဥပဇ္ဈာယ်ဆရာလုပ်ထာ ဘယ်နတ်က သိနိုင်မှာလဲ၊ ထွီ။

၁၀။ ဓမ္မ ထွေးခံလောက်ရှိသူက-အခပြေးပြိုင်ပွဲ ဝင်စမ်းချင်ဒါ-သူတော်ကောင်းမဟုတ် ဆိုနိုင်ရဲလား၊

၁၁။ လက် ၂-ဘက်မပါသူက-အင်္ဂျီလက်ပြတ်အိတ် ၂-ဘက်မှာ ပတ်ကားဖေါင်တိမ် တချောင်းစိုက်ထိုးဒါ-မကြည့်ချင် မျက်နှာလွှဲသွား။

၁၂။ အရိယာဉာဏ်ရပြီထင်သူကအရက်သောက်ပြရဲဒါ-ဒိယောဂိ ဘယ်သူက ဆုံးမနိုင်သလဲ။ (ဘုရားငို)

---

# ပဋိဝေဓဉာဏ်ဖြင့် ဆင်ခြင်ပုံ

နားထောင် သေသေချာချာစဉ်းစားဘတ်၊ မိမိကိုယ်နဲ့ တအိမ်လုံးဟာတ် တရွာလုံး မြို့ပြည် တကမ္ဘာလုံး၏ တကျော်ဇာတ်။

မွေးရဲတယ်-မသေရဲဘူး။
မင်္ဂလာဆောင်ရဲတယ်-မသေရဲဘူး။
လူဖြစ်ဘို့ဒါနလုပ်ပြီးဆုတောင်းရဲ-မသေရဲ။
လင်ယူ့မယားယူရဲတယ်-မသေရဲ၊
သူများမွေးသလိုမွေးရဲ-မသေရဲ။

---

သက်ရာကျော်ရှည်အိုရဲ-မသေရဲ။
သက်ရှည်ရလို၍ဆုတောင်းရဲ-မသေရဲ၊
သက် ၁၀၀-လင်မယားတွဲရဲ-မသေရဲ၊
အိမ်သားတွေ သက် ၁၀၀-တွဲရဲ-မသေရဲ၊
ပိုက်ဆံမရှိချင်နေ သက်ရှေလေ-မသေရဲ၊

---

နှစ် ၃၀-မထနိုင်နာရဲ-မသေရဲ၊
ကိုယ်တခြမ်းသေ နာဘေးနဲ့နေရဲ-မသေရဲ၊
သွေးဆုံးနာနဲ့ သက် ၉၀-နာရဲ-မသေရဲ၊
သက်၁၅၀-လဲနေ နာဘေးနဲ့နေ-မသေရဲ၊
နာတာရှည်နဲ့ ခံစားနေရဲ-မသေရဲ၊

---

လေယာဉ်ပျံစီးရဲ-မသေရဲ၊
ရထား,သင်္ဘောစီးရဲ-မသေရဲ၊
မော်တော်ကားစီးရဲ-မသေရဲ၊
စစ်ပွဲတိုက်ရဲ-မသေရဲ၊
သူများကိုသတ်ရဲ-ငါမသေရဲ၊

---

တကျော့ဇိမ်နဲ့ ရုတ်ပွဲနေရဲ ဘယ်ခါမှ-မသေရဲ၊
အိမ်သားအားလုံးနဲ့ပျော်ရဲ-မသေရဲ၊
ကျောမွဲနေပူခံဆင်းရဲ-မသေရဲ၊
လင်မယားဆင်းရဲ-ဘယ်တော့မှမသေရဲ၊
ရေထဲချန်ချရဲ-ကြောက်တော့မသေရဲ၊

---

မျက်နှာဖုံး ရုရှမိဂ ဓာတ်တော်ကြီးကို အကွက်ဖေါ်လိုက်သော ပဋိဝေဘောဏ် တွေးလုံးများကို စာဘတ်ပရိသတ်တို့ ယောနိသော ဝင်စားစေခြင်းငှါ လောကကြီးကို မိမိနှင့်ရောစ၍ ဆင်ခြင်ကြလေ၊

စကားနိဂုံးမှာ-မွေးရဲ၏ မသေရဲ၊ အိုရဲ၏ မသေရဲ၊နာရဲ ဘယ် ဘယ်မျှဘဲ နာနေနေ သေမှာသာ စိုးရိမ်ကြတယ်။ ကလေးဘယ်မျှမွေးမွေး မွေးဒုက္ခကို ခါးစီးခံရတယ်၊ သေမှာတော့ ပြောသံစကားကိုနားမကြားနိုင်၊နောက်နောင် ဘဝတိုင်း မင်းသူဌေးလင်မယား ပျော်ပျော်နေချန် ဒါန သီလကုသိုလ်ပြုပြီး ရေစက်ချ ဆုတောင်းရဲကြ၏၊ သေရ မှာတော့ အလွန်ကြောက်ကြ၏။

လေယာဉ်ပျံ,ရထား,သင်္ဘော, လှေ, မော်တော်ကား နှင့် တအိမ်သားလုံး ဝတ်စားတန်ဆာ ရတနာစုံနှင့် ကာမဂုဏ်ပျော်ပါးလို့ အလည်သွားခြင်း၊ ဘုရားဖူးသွား ခြင်း။ စီးပွားကိစ္စနဲ့ ရှာဖွေချင်ကြတယ် သေဘေးတော့ ကြောက်လှချည့်။

စစ်တိုက်၊ ဓါးပြတိုက်၊ သူပုန်ထ၊ သူများသတ်၊ လူ သတ်၊ ဆင်သတ်၊ ကျွဲ,နွားသတ်၊ ကြက်ငှက်နှေ့စဉ်သတ်၊ ကုန်းသတ္တဝါ-ရေသတ္တဝါ မျိုးစုံ သတ်ရဲကြတယ်။ မိမိ တော့ (သေရမှာ-ကြက်သီးထ၏) ကြွေးများ သူဌေး သား ရေထဲချန်ချရဲဘယ်၊ ကယ်ပါ-အော်ပုံက မသေရဲ။

---

# ပဋိဝေဓအရှင်—ဘုရားသခင်၏ မိန့်ခွန်း

**အနိစ္စတာဝ နာဝမေသာ မရဏံ၊**

**မရဏာတော ဥတ္တရိ ဒုက္ခံနာမ နတ္ထိ။**

ဩသာ အနိဋ္ဌတာယစ နာမ၊ ဤခန္ဓာ၏ မမြဲခြင်းဆိုသည် ကား။ မရဏံ၊ လူပြိန်းသိအမြင် သေရခြင်းပင်တည်း။ မရဏာတော၊ မနေရဘဲ သေရခြင်းဘေးကြီးထက်၊ ဥတ္တရိ၊ လွန်ကဲသော၊ ဒုက္ခံနာမ၊ ဆင်းရဲခြင်းမည်သည်၊ နတ္ထိ၊ မရှိ ပါတကား။

---

**သံဝေဂ ဗဟုလော ဘိက္ခု၊ ဌိတော ဣန္ဒြိယ သံဝရေ။**
**ဣန္ဒြိယာနိ ပရိညာယ၊ ဒုက္ခဿန္တံ ကရိဿတိ။**

သံဝေဂဗဟုတော၊ ခန္ဓာကိုယ် ရုပ်အတွက် ကြောက် လန့်တုန်လှုပ်ခြင်းများသော၊ ဘိက္ခု၊ ရဟန်းမြတ်သည်၊ ဣန္ဒြိယသံဝရေ၊ သမာဓိတရားကို စောင့်စည်း ခြင်း၌၊ ဌိတော၊ တည်ကြည်သည်ဖြစ်၍၊ ဣန္ဒြိယာနိ၊ ဣန္ဒြေတို့ကို၊ ပရိညာယ၊ ဝိပဿနာပညာဖြင့်ပိုင်းခြားပြီး၍၊ ဒုက္ခဿန္တံ၊ ဆင်းရဲ၏ကုန်ဆုံးရာနိဗ္ဗာန်တရားကို၊ ကရိဿတိ၊ မရ-ရ အောင် ရှာဖွေ ပြုလုပ်တတ်၏။ (တရားရဘို့ အား ထုတ်ဆဲ)

---

# ဝိသုဒ္ဓိမဂ် ဣဒ္ဓိဝိဓ နိဒ္ဒေသ

**ဘဝေဝါဟံ ဘယံဒိသွာ၊ ဘဝဉ္စ ဝိဘဝေသိနံ။**
**ဘဝံနာဘိ ဝဒိံကိဉ္စိ၊ နန္ဒိဉ္စ နဥပါဒိယိံ။**

အဟံ၊ ငါ-ဘုရားသည်၊ ဘဝေစ၊ ယရဘာဝဋ္ဌသာလျှင်၊ ဘယံ၊ သောဓနက္ခမျိုးစုံကို၊ ဒိသွာ၊ မကြည့်ဘဲနဲ့မြင်နေရ၍၊ ဘဝဋ္ဌ၊ ယာရ-ခန္ဓာအဖြစ်ကိုရင်း၊ ဝိဘဝေသိနန္ဒ၊ နေခင်-ဘဝခန္ဓာ ရှာဘွေခြင်းကိုရင်း၊ နန္ဒိစ၊ ဆုတောင်းခြင်းကိုရင်း၊ နဥပါဒိယိံ၊ ဘယ်ခါမှ စွဲလမ်းခြင်းမရှိ၊ ဘဝံ၊ ရေကြည်မှစ ရေမြုပ်ဘဝကိုပင်၊ ကိဉ္စိ၊ နှမ်းစေ့ခန့်မျှ၊ နာဘိဝဒိံ၊ ကောင်းလှမွန်မြတ်လှသည်ဟု ချီးကျူး၍ ဘယ်ခါမှ မပြောနိုင်၊

---

## အရိယာပုဂ္ဂိုလ်များကို ပြစ်မှားလျှင်

### အနန္တရိယ ကံငါးပါးကို ကျူးလွန်သည်နှင့် အတူတူမှတ်

**မဟာသာဝဇ္ဇောတိ အရိယူပဝါဒေါ၊**
**အနန္တရိယ သဒိသတ္တာ။**

မဟာသာဝဇ္ဇောတိ၊ အကြီးဆုံး အပြစ်ဆိုသည့်ကား၊ အရိယူပဝါဒေါ၊ အတ္တဒိဋ္ဌိ ကင်းကွာသော အရိယာကို ပြစ်မှားစွပ်စွဲခြင်းသည်၊ အနန္တရိယ သဒိသတ္တာ၊ ဘုရား ရဟန္တာ ၂-ဖြာမိဘ သံဃာတော် ဟူသမျှကို သွေးစွန်းစေခြင်း၊ သတ်ခြင်း၊ ဂိုဏ်းခွဲခြင်း၊ ကံငါးပါးနှင့် အပြစ်ခံရချင်းတူသည်၏အဖြစ် အပြစ်ကြီးခြင်းပေတည်း၊

# ဝိသုဒ္ဓိမဂ်ပဋိပဒါစခန်း

**ခန္ဓာနိရုဇ္ဈန္တိ နစတ္ထိအညော၊**
**ခန္ဓာနံဘေဒေါ မရဏန္တိ ဝုစ္စတိ။**
**တေသံ ခယံ ပဿတိ အပ္ပမတ္တော၊**
**မဏိံဝ ဝိဒ္ဓံ ဝဇိရေန ယောနိသော။**

ခန္ဓာ၊ ခန္ဓာငါးပါးတို့သည်၊ နိရုဇ္ဈန္တိ၊ ချုပ်ပျောက်ကြကုန်၏၊ အညော၊ ခန္ဓာငါးပါးမှ တပါး၊ နစအတ္ထိ၊ ချုပ်ပျောက်သည်မရှိ၊ ခန္ဓာနံ၊ ခန္ဓာ ငါးပါးတို့၏၊ ဘေဒေါ၊ အနိစ္စ လက္ခဏာဖြင့် တရွရွ ပျက်ရခြင်းကို၊ မရဏန္တိ၊ သူသေ, ငါသေသည်ဟူ၍၊ ဝုစ္စတိ၊ သုတ္တန် ဒေသနာဖြင့် ငါဘုရားဟောခဲ့၏၊

တေသံ၊ ထိုခန္ဓာငါးပါးတို့၏၊ ခယံ၊ ကုန်ဆုံးချုပ်ပျောက်ခြင်းကို၊ အပ္ပမတ္တော၊ သတိပြုလျက်၊ ယောနိသော၊ တွေးမှု-ဆင်ခြင်မှုများသောယောဂီသည်၊ မဏိံ၊ ကျောက်ဖြာကို၊ ဝဇိရေန၊ မိုးကြိုးဖြင့်၊ ဝိဒ္ဓံဣဝ၊ မှုန့်မှုန့် ညက်ညက်ဖြစ်အောင် ပစ်ခွင်းဘိသကဲ့သို့၊ ပဿတိ၊ မိမိ၏ ခန္ဓာ မြန်စွာပျက်ချုပ် အနိစ္စရုပ်ကို ဒိဋ္ဌအဟုတ် မြင်စွမ်းနိုင်လေတော့၏၊

## သောတာပန်ဖြစ်ရန် အင်္ဂါ ၄-ပါး

၁။ သပ္ပုရိသ-သံသေဝ- ဆရာမြတ် အမြဲဆည်းကပ်။

၂။ သဒ္ဓမ္မသဝန-ဆရာ၏တရားကိုသာနာ။

၃။ ယောနိသော-မနသိကာရ၊ ဆင်ခြင်မှု မိမိတာဝန်။

၄။ ဓမ္မာနု ဓမ္မပဋိပတ္တိ-တရားက တရားအမှန်ပို့မည်။

(ထို-အင်္ဂါ ၄-ပါးမှ လွတ်၍ သောတာပန် ဖြစ်ချင်သူတို့အဘို့ သောတာပန်ဘယ်တော့မှမဖြစ်ဘူး)ကုသိုလ်ကောင်းမှု ရွှေစေတီကြီး စကြဝဠာနဲ့ အပြည့် ဘဝဂ်ထိအောင်လှူပါ၊အရိယာသောတာပန်ဖြစ်ရန် အင်္ဂါ ၄-ပါးနဲ့ မသက်ဆိုင်မှတ်၊(လှူပါ:တို့)

---

## သောတာပန် ဖြစ်ပြီးမှ အင်္ဂါ ၄-ပါး

၁။ ဘုရားအစစ်-ယခုမျက်မှောက်ဖူးရခြင်း။

၂။ တရားထူးအစစ်-သိမြင်ချမ်းသာခြင်း။

၃။ ပရဏ္ဏသံဃာစစ်-ကိုးကွယ်ဆည်းကပ်ခြင်း။

၄။ သီလဝိသုဒ္ဓိ-အထူးစင်ကြယ်သော သီလ။

သောတာပန်ဉာဏ်ကို ရသူမှန်ပါက ငါးပါးသီလ-ဘယ်ခါမှမပျက်၊ ဒုစရိုက်မှု ဟူသမျှ ကျူးလွန်သော

ကာယကံ-ဝစီကံ-မပြုမလုပ်မှတ်၊ ဝိပဿနာဓမ္မကထိက ဆရာကောင်းနှင့် သံဝေဂ ဓါတ်ခံများသော အရိယာ သောတာပန်ဖြစ်ချင်ကြသော(ဝါ)အရိယာ သောတာ ပန်ဉာဏ်ကို ရပြီးပြီထင်ကြသော အရိယာ များတို့က သောတာပန်ဖြစ်ရန် အင်္ဂါ ၄-ပါးနှင့် သောတာပန်ဖြစ် ပြီး အင်္ဂါ ၄-ပါးတို့ကို၊ ယုံကြည်၍ အားထုတ်ကြကုန်၊ ဗုဒ္ဓဘာသာကို ရိုသေလေးစားကြသော လူ,ရှင်,ရဟန်း ကောင်းများ ကျမ်းဂန်ဥပဒေကို၊ လေးစား အားကိုးတို့ ရာကို ဆရာ-ဦးမြတ်သိန်းထွန်းမှအစ၊ သတိပြုရန် ရေးရ ခြင်းတည်း၊ (ဆရာကောင်းနဲ့-မှတ်တင်ကြ)

---

# အတ္တသေမင်း ဥဒါန်း

သိနေရုံ-ဘိန္ဒိတုံသဏ္ဍာ-ပိသိတုဋ္ဌမဟာမဟိ၊
သောသေတုံ-အဏ္ဏဝေတောယံ-နသဏ္ဍာအတ္တမညနံ။

သိနေရုံ၊ ရှစ်သောင်း လေးထောင် ၂-ပြန်ဆောင်၍ မြင့်ခေါင် ထိပ်သီး မဟာမြင့်မိုရ် တောင်မင်းကြီးကို၊ ဘိန္ဒိတုံ၊လှုပြည်က လက်နက်ကုန် နတ်ပြည်ဖြစ်လက်နက် ကောင်းအစုံတို့နှင့် အကြိမ်များစွာ တဟုန်ထည်း မှုန့်မှုန် ဖြစ်အောင် ခွဲဖေါက်ဖျက်ဆီးခြင်းငှာ၊ သဏ္ဍာ၊ တတ်နိုင် စွမ်းနိုင်ရင်သာ တတ်စွမ်းနိုင်တဲ့ သတ္တိရှိကြကုန်၏၊

မဟာမဟိ၊ ၂-သိန်း ၄-သောင်း အထုပေါင်းစီး ဓမ္မတာမီး-ကမ္ဘာမီး-မဖျက်ဆီးသမျှ ဘယ်ခါမှ မပျက် မစီးနိုင်တဲ့ မဟာပထဝီမြေဆိုင်ကြီးကို၊ပိသိတုဋ္ဌ၊သိကြား

မင်းလက်နက် ဝရဇိန် မိုးကြိုးစက်နှင့် အကွက်စေ့အောင် နေရာတိုင်းပြန့်နှံ့အောင် မြေမှုန့်တွေ ပြစရာမရှိအောင်၊ ဗိုက်ရှေရှေ ကြိတ်ချေခြင်းငှါလဲ၊ သင်္ကာ၊ လောကဘာဏ် ဖြင့် ကြံဖန်ခါ စွမ်းနိုင်ရင်သာ တတ်နိုင်ကြဘုန်း၏၊

အဏ္ဏဝေ၊သွား၍မဆုံးနိုင်သော၊အနန္တရေဇလာ၊လေး စင်းသော မဟာသမုဒ္ဒရာ၌၊ တောယံ၊အဆုံးနဲ့အစ ဘယ် ဆီကလာလို့ ဘယ်ဌာနမှာ ရပ်မယ်လို့ အတောမသတ် နိုင်တဲ့ ရေစီးတသွင်သွင် များလှတဲ့ ရေ ပြင် ကြီး ကို၊ သောသေတုံ၊ ကုန်ခန်းသွေ့ခြောက် ရေတပေါက်မျှ မရှိ အောင် ကြည့်လို့မမြင်ရအောင် ပျက် ပျောက် စေခြင်း ငှါ၊ သက္ကာ၊ လူစွမ်းကောင်းသတ္တိ စွမ်းဆောင်နိုင်ရာသာ အစွမ်းသတ္တိ ရှိကြကုန်၏၊

အတ္တမညနံ၊ငါ၊ပိုင် ငါငါဆိုင် ငါတယောက်ထည်း သာပိုင် ဘယ်သူနဲ့မှမဆိုင် စွဲကိုင် ခြေကုပ် သက္ကာယ ဒိဋ္ဌိအရပ် ရင်ထဲမှာ ဘဝင်စွဲအောင် မမြင်ရဘဲနဲ့ရှုပ်၊ ငါနဲ့သူ လူပေါင်းလုပ် လူထဲမှာ နတ်တွေက ဝင်လို့ရှုပ် ဟောဒီခန္ဓာရုပ် မပြုတ်နိုင်တဲ့ငရဲမီး ငါဟာလူအစစ်ဘဲလို့ အယူမြဲလှတဲ့ ထင်လုံးကြီးကို-

ဘိန္ဒိတုံ၊ ပယ်ဖျက်ဘို့ရာ၊ ပိသိတုံ၊ ကြိတ်ခြေဘို့ရာ၊ သောသေတုံ၊ သွေ့ပျောက်ခန်းခြောက်ဘို့ရာ၊ (နသက္ကာ- မ စွမ်း နိုင် ကြ လေ ကုန်၊ နသက္ကာ၊ ကုန္ဒေပေါင်း သိန်း ဘာရာ ဒိဋ္ဌိကွာဘို့ရာတယောက် ခက်ခဲတဲ့သဘော ဘုရား ရှင်ဟောပုံက (အန္တိဘူတော-အယံလောကော........တဲ့) ယောဂီတွေ အရမ်းမပြောကြနဲ့တော့ ကျမ်းဟောခမ္ဘ

အဟုတ် ( ရုပ်ထဲမှာငါဝင်-ငါထဲမှာရုပ်ဝင်) ရုပ်ပျက်စဉ် လူထင်၍ရုပ်နှံ့လူ-ကျား-မထင်၍ ဩဝ်-ဒိဋ္ဌိမှုင်ဖြတ်ဘို့ရာ ခဲယဉ်းလှလေကုန်တော့သတည်း။

---

## အတ္တပြုတ် ဥဒါန်း

ပရတော ပုညတောစေဝ၊ပသေဿအ.ဝသ ဝတ္တတော။ အ.သာရတော ဝိဒ္ဓါခန္ဓေ၊ အတ္တဒိဋ္ဌိပဟာတဝေ။

ဝိဒ္ဓါပဏ္ဍိတာ၊ဆရာကောင်းထံနိသျည်းခံ၍ လမ်းမှန် သိမြင် တရားရှာကြတဲ့ ပညာရှင်အပေါင်းတို့သည်

အတ္တဒိဋ္ဌိ၊ ဟောဒိရုပ်သားရ ခန္ဓာမှာ၊ ကမ္ဘာတိုင်း သံသရာကို ဘယ်ခါမှမခွဲမခွါ အစွဲကြီးစွဲလာကြ တဲ့ငါ နဲ့-မာန ဝဲလက်ယာ တွဲဘက်ပြုပြီး စွဲချက်ပထမ ဗဟိုရ် လယ်ကျကျကြီး ငရဲမိုင်အတ္တဒိဋ္ဌိမီးကို

ပဟာတဝေ-ပဟာထုံ၊ ကာမဂုဏ်အဆိပ်မိ ဇာတ္တိနှံ့ ပုရိသ ငါယူမိသမျှ အမှားကြီးမှားဘိ........လို့ အပါယ် မလားအောင်၊ ပဟာန ပရိညာစခမ်းဖြင့် ပယ်ရှား-ဖယ် ရှားနိုင်ခြင်းငှါ-

ခန္ဓေ၊ခန္ဓာငါးပါးရုပ်နာမ်ခေါ် သဘာဝတရားတို့ကို၊ ပရတောစ၊ဆွေမတော်မျိုးမစပ် ဖက်စပ်လဲမထား သက် သက်မဲ့ တခြားတပါးအနေအားဖြင့်ရင်း-

သုညတော၊ ငါထဲမှာလူမရှိ လူထဲမှာ နတ်မပါ ဖြုဟ္ဗာဆိုဒါက ပြောသံကြား-ယောက်ျား-မိန်းမခေါ်ကြ ပုံက ပါးစပ်စကား ပရမတ်တရားနဲ့ ဘာတခုမှ ရှာမရ၊ အာကာသကောင်းကင်ပြင်စခမ်းမှာ တစ်ဂဏန်းမလာရ (သုည-သုညတ) ဘာနာမည်နဲ့မှ မရော ဗလာသဘော လေဟာပြင်အနေအားဖြင့်ဟုဆိုသည်-

အ.ဝသ ဝတ္တတော၊ ငါ့အလိုလဲ သူမလိုက် သူ့ အကြိုက်ကိုလဲငါမပါ ထင်ရာမြင်ရာ ဖြစ်ချင်ရာဖြစ်တတ် ဘယ်လိုနည်းနဲ့မှ နခမ်းသတ်လို့မှ ဘယ်နတ်ဗြဟ္မာ ဘယ် ရာဇာတို့မှ စိတ်ထင်တိုင်း ပိတ်ပင်ခိုင်းပြီး လက်နက်စုံ အာဏာရေးနှင့် တချက်လွှတ် အမိန့်ပေးဘို့လဲမဖြင် ထင် သလို သဘောအနေအားဖြင့်ဟုဆိုင်း-

အ'သာရတော၊ စားချင်ဘို့- လျက်ချင်ဘို့-နမ်းရှုဘို့ နှမ်းမြှုမျှမဖြစ် အသုဘာစင်စစ် အနှစ်မရှိသော အနေ အားဖြင့်ဟုဆိုင်း။

ပဿေ၊ ကံစင်ပြီးဉာဏ်မြင်အောင် သမ္မာဉ်နှင့် ရှုကြ ကုန်ရာ၏၊ ပဿ-ပဿေယျ၊ ငရဲစိတ်အတ္တ ခွဲစိတ်ခါ ဖြတ်ကြဘို့ အနတ္တဒီခန္ဓာ သူလဲမဆိုင် ငါကလဲမပိုင်- ဉာဏ်ဗောဓိမတ္တိုင်ကို မဂ်ဖိုလ်တိုင် လက်ကိုင်မိ စွဲဒိဋ္ဌိ မြုမနှောက်ဘဲ ဩဘ-လူပျောက်အောင် ရှုမြင်ကြလေ ကုန်တော့သတည်း၊

## ဒီပေါ်ဒ္ဒ-တပိုဒ်ထဲနဲ့ ကတဥ္စာကျ
## (ပါပသွိံ ရမတေ မနော)

ပါပသွိံ၊ ယုတ်မာရုတ်ညစ်သော ဌာနဗ္ဘိ၊
မနော၊ စိတ်ခေလိုသည်၊
ရမတေ၊ အမြဲပျော်မွေ့၏။

---

ပါပသွိံ၊ ဘေးရန်ပေါင်းစုမကောင်းမှုဗ္ဘိ၊
မနော၊ အာရုံကိုလိုက် ငါ့စိတ်မိုက်သည်၊
ရမတေ၊ အပေါ်တွေ့က-ပျော်မွေ့ကြ၏။

---

ပါပသွိံ၊ ရွံစရာစုသမျှ ဒိဉ္ခာအသုဘဗ္ဘိ၊
မနော၊ သုခထင်ရိပ် ဆုတောင်းစိတ်သည်၊
ရမတေ၊ ဘဝကိုမျှော် မွေ့လျော်ကြ၏။

---

ပါပသွိံ၊သတ္တဝါမှန်က လာသမျှမက် ပါပကွက်ဗ္ဘိ၊
မနော၊ သုသာန်မြေပုတ် အခြေကုပ်သော စိတ်
သည်၊ရမတေ၊မြူးတူးမူးရူး စိတ်ကူးတိုင်း အပေါ်
တွေ့ ပျော်မွေ့ကြလေ၏။

---

ပါပသွိံ၊ မီးပူပြည့်နက် ရုပ်ခန္ဓာ ငရဲကွက်ဗ္ဘိ၊
မနော၊ ငါ၏အပိုင် မဆိုင်ဒါလဲ ရမက်စွဲမိ စိတ်
ဗ္ဘိသည်၊ ရမတေ၊မတွေ့လဲမျှော် အတွေ့ပျော်လို့
မွေ့လျော်ကြ၏။

(ဒီစာတမျက်နှာနဲ့ဘဲ-တန်ဘိုးမဖြတ်နိုင်ပါကလား)

# တံခါးပိတ် ဆွေးနွေးပွဲ

ခက်ထာဘဲကွဲ၊ ဘာခက်သလဲ မငြိုးနဲ့ဖွင့်ပြော၊ ခက်ဆို ပရမတ်ကို မပေါ်အောင် ပရမတ်တရားကို တိမ်မြုပ်အောင် လုပ်နေကြဒါ ငါသိတယ်၊ သိပြောစမ်းပါ။

(တယောက်က-ထပြောတယ်)ပရမတ်ကို မပေါ်အောင် ခုတုံးလုပ်ကြဒါ ဟို-ပုဂ္ဂိုလ်တွေပေါ့၊ ဘာဖွင့်ပြောဘို့လိုမလဲ၊ ပရမတ်သဘောကို ဘယ်လိုပုဂ္ဂိုလ်တွေက တိမ်မြုပ်အောင် လုပ်ကြီနေပါသလဲ မေးတယ်၊

ငါပြောမယ်- နားထောင်ကြ၊ လူ ပု ဂ္ဂို လ် တွေ နတ်ပုဂ္ဂိုလ်တွေ ဗြဟ္မာပုဂ္ဂိုလ်တွေဘဲ ဆဲဒီလူရော နတ်ရော ဗြဟ္မာတွေပါ ဝိုင်းဖိနှိပ်ထားလို့ ဒီတရားမပေါ်ဒါ........ဗျ (ကတဲ-ခုတောင် မရိပ်မိကြသေးဘူးလား၊)

---

(တယောက်ကထမေးပုံ-သည့်ပြင်ဖိနှိပ်သူတွေ မမြင်တော့ဘူးလား) လူမင်း နတ်မင်း ဗြဟ္မာမင်း ဘုံဝှူးခံယာယီအထက်တန်းစား ပုဂ္ဂိုလ်များက-သာဆိုးနေလို့ ဒီအဘိုးတန်တရားမပေါ်ဒါဗျ၊

ကျွန်တော်သိဒါ ကျွန်တော် ပြောပါရစေ၊ ငရဲကလဲ ဒီတရားမပေါ်ဘို့ ဖြတ္တာအသူရကာယ်တို့ကလဲ သဘောတူကြတယ်၊ ဝဘ်,ကြက်,ဆိတ်, စသော တိရစ္ဆာန်တို့အဖွဲ့ကလဲ ငရဲကြီး(၈)ထပ်နဲ့ စည်းဝေးပွဲတက်နေကြဖြစ်တော့၊ ဒီဝိပဿနာတရားဟာ ဘယ်လိုဘဲပွင့်အောင်ဟောပွင့်အောင်ရေးသော်လဲ-

(ဖြုပ္ပဉ္စာနဲ့-ငရဲတို့က အထက်ကပိတ် အောက်ကပိတ် ထားကြတော့ ဘယ့်နှယ်လုပ်ထွက်ကြမလဲဗျ။)

---

(တိုတိုဘဲ-ပြောမယ်၊ သတ္တဝါတိုင်း ဒိယထာဘူတ ဉာဏ်ကို ပြောင်လိုက်လျှောင်လိုက် ရှုပ်နေကြဒါပါဘဲ) (အားလုံးက-ရယ်ကြတယ်)

နေစမ်းပါအုံး ဒိတလျှည့် ကျွန်တော် ဝင်စမ်းပါရစေ။ ဒီအဘိုးတန်ပရမတ်အစစ်တရားမှန်ကို လူပုဂ္ဂိုလ်တွေက ပိုင်းဖြိုကြတဲ့အထဲမှာ ယောကျ်ားတွေလား မိန်းမတွေလား ခြားနားပြောကြစမ်းပါ၊ မဝါးပါနဲ့၊ အမယ်-ဒီလို မေးရင် ပြောချင်ဒါကြဲဘာဘိ၊ ယော ကျ်ား တွေ က လဲ ပရမတ်တရားကို မမြင်အောင် မသိအောင် ဖုံးကြဒါဘဲ။

မိန်းမတွေတော့ ဒီပရမတ္ထ သဘာဝသန့်သန့်ကို လုံးခြုံအောင် သူတို့က သာပြီးဖုံးကြတယ်၊ မမြင်အောင် ဖိနှိပ်ကွပ်ညှပ်ထားကြတယ်၊ ခင်ဗျားတို့ကလဲ ဝိပဿနာတရားကို ယောနိသော ဝင်စားခိုက်မှာ ဘွားဘွားကြီးပေါ်လွင်နိုင်ပါတယ်ဗျ။ မျက်ဝါး ထင် ထင် လက် ဝါး ပြင် မှာ ပတ္တမြားလုံးကို တင်ပြီးကြည့်ပါက အရောင် တလက် လက်(သစ္စာ-၄-ချက်)ထဲက သမုဒယအကွက်မှာကြည့် နိုင်တဲ့ သတ္တိရှိလျှင် ဘယ်လိုဘဲဖုံးဖုံး လုံးလုံးလျားလျား ကွက်ကွက်ကွင်းကွင်းထင်ရှားစွာ မြင်ကြရပါတယ်။

(ကျွန်တော်က-ယခုမှဘဲ တရားလိုက်စမို့) (ပရမတ္ထ သဘာဝကို)မပေါ်အောင် တိမ်မြှုပ်အောင် ပိတ်ဖုံးကွယ် ကာ ထားကြဒါ ဘယ်ပုဂ္ဂိုလ်တွေဘဲ ဘယ်လူတွေဘဲ

ယွဲ့ချနေစရာ မဟုတ်ပါဘူး၊ ဘယ်သူ ဘယ်ဝါ ရယ်လို့ (အမည်မှုမထိနဲ့-ဇိဝ-ရှိသူမှန် ဒိတရေးနဲ့ ဆန့်ကျင်ဘက် တကွဲ့ကို မတဲ့ဘူးဗျ)

(ဟုတ်လဲ-လက်ညှိုးထောင်ကြပါ-မဟုတ်လဲ ဆိတ်ဆိတ် နေကြ။)

---

## အခမ်းတံခါးပိတ် ဆွေးနွေးပွဲမှာ

(အတွင်းရေးမှူးက) သတိ ပေးစကား ထပြောဘိ၊ ဆရာတော် ကြီးကြပ်သော ဝိဇ္ဇာစရဏမဂ္ဂသမ္ဘာရအဖွဲ့ဝင် ယောဂီများနှင့် စာအုပ်သဘောကျ ယောဂီများ ၇-ရက်စဉ် ဝိပဿနာဟာရေးကို ကြားနာသဘောကျသော သူတွေကတော့ (ပရမတ်သန့်သန့်) ပွင့်အောင်-ဖွင့်ပြီး ပေါ်အောင် မျက်မြင်ထင်ရှား ဘွားဘွားကြီး မြင်ကြတယ်လို့များ မထင်ကြပါနဲ့၊

## ဝိပဿနာ ယထာဘူတဉာဏ်ကို သဲလွန်စ ရိပ်မိ ဒိဋ္ဌိမကွာသဗျ

ဝိပဿနာ ယောဂီမောင် - ယောဂီမယ် တို့ကလဲ သဘောတရားကို အပြောစကားနဲ့ဘဲ အရိယာ ထင်ကြဒါ များပါတယ်၊ ဒါ-အန္တရာယ် မသင့်အောင်လဲ ချွင်းချက်ထားပြီး ပြောနေပါတယ်၊ အရိယာ သောတာပန် တွေလဲ ရှိကြမှာဘဲ သိဘို့ရာတော့မလွယ်ပါဘူး (ပရမတ္ထ သဘာဝကို) ဆရာတော်ဖျော်တပည့်တချို့က မပေါ်အောင် မြုပ်အောင် ဖိနှိပ်ထားကြဒါ အကြပ်ကိုင်ထားကြဒါလဲ ကျွန်တော်ရိပ်မိပါတယ်၊ ဒါကြောင့်-ဘယ်ပုဂ္ဂိုလ် ဘယ်

သူတွေကိုမှ အပြစ်မတင်ပါဘဲ(ကိုယ့်အိမ်က ဆန်ပုံးထဲ ဆန်အိုးထဲမှာ ဆန်မရှိဒါ ကုန်နေဒါသိတို့၊ ရေအိုးထဲမှာ ရေဘာစက်မှ မရှိဒါသိတို့) ဒု-ဗုဒ္ဓဘာသာ ဗိပနီကနေပြီး ကျွန်တော် လေးလေးနက်နက် သတိပေးရပါတယ်။

(အားလုံးသာရစေခါကြ-ဝမ်းမြောက်ကြတယ်)

---

## ဥက္ကဋ္ဌကြီးရဲ့-နိဂုံးချုပ် မိန့်ခွန်း

ယခုဆိတ်ငြိမ်သောအထူးအစည်းအဝေးပွဲသို့ယောဂီ ပေါင်းစုံကြွလာကြသည့်မှာ လူကြီးလူရွယ် လူငယ်မခြား ယောကျ်ား-မိန်းမများ ရောက်လာတဲ့အထဲမှာ သာမန် ယောဂီများ မပါနိုင်ပါ၊ ဝိပဿနာဉာဏ်ကို ရဘိ ပိုင်ဘိ ဒိဋ္ဌိကွာဘိ တဏှာကုန်ဘိ ဘဝပြတ် တရားရဘိ အပူခပ် သိမ်း ကင်းငြိမ်းဘိ........လို့ အပိုင်ဉာဏ် ရကြသူတွေလို့ ကျွန်တော် ထင်မိပါတယ်။

ကုန်ကုန်ပြောရရင်-လောကဓံ ရှစ်ပါးတို့နှင့်
(တကွ ဒဏ်ထိပေမဲ့ နကမ္ပတိ) အမြန်ဆုံး ထိပ်
တန်းတွေလဲ ပါလာကြမှာဘဲ မလွဲပါဘူး။

ဒီအထဲမှာ တပည့်များကို ဟောပြဆုံးမနေကြသော ယောကျ်ားဓမ္မကထိက-မိန်းမဓမ္မကထိကတွေလဲ ယနေ့ စည်းဝေးပွဲမှာ တော်တော်ဘဲ စုံစုံညီညီတက်ရောက်ကြ တယ်လို့ ယုံကြည်ပြီးပါဘိ၊ယခုတွင်က အတွင်းရေးမှူး သတိပေးပြီးနောက် ကျွန်တော်က (အနုသတိ) ပေးချင် ပါတယ်။ သေသေဝပ်ဝပ်နားစိုက်ကြပါ နားထဲသွင်းကြ စမ်းပါ-စဉ်းစားကြစမ်းပါ။

# စိတ်-စေတသိက်-ရုပ်-နိဗ္ဗာန်

၁။ ဒီ-၄-ပါး တကယ်သိဘို့- အလွန်နက်နဲဒါ အတိ ဂမ္ဘီရ၊

၂။ ဒီ-၄-ပါးကို ပညတ်လို့- အလွန်မြင်ခဲဒါ အတိ သုဒုဒ္ဒသ၊

၃။ ဒီ-၄ပါးဟာ- ပရမ္မတ်သဘာဝဘဲလို့- အလွန်သိမ်မွေ့ဒါ-အတိနိပုဏ၊

၄။ ဒီ-၄-ပါးကို-သုတ္တန်- ဝိနည်းတို့ထက် ထူးမြတ်သော သဘောသည်-အဘိဓမ္မာ၊

၅။ ဒီ-၄-ပါးမှတပါး တလောကလုံးမှာ-ဘာမှ မရှိဘူးလို့ အသူးသိဒါ-ဝိပဿနာ၊

၆။ ဒီ-၄-ပါးကိုဘဲ-ပုဂ္ဂိုလ်-သတ္တဝါ အသက်ဟူ၍-သမုတ်ဘို့ရာ-သစ္စာ၊

၇။ ဒီ-၄-ပါးဟာ-လူ-ယောကျ်ား-မိန်းမတွေဘဲလို့ မြင်ဘို့ရာ-လောကစက္ခု၊

၈။ ဒီ-၄-ပါးထဲက- ပညတ်၊ ဒီ ၄-ပါး ထဲမှာ ဘဲ ပရမတ်၊ သိဘို့-မလွယ်ဘူး၊

၉။ ဒီ-၄-ပါးထဲက-နိဗ္ဗာန်ရသူ- ရောက်သူ- ပြောပြဘို့ရာ-ရင်ကြပ်၏၊

၁၀။ ဒီ-၄-ပါး၏ ဥာနချုပ် သဘာဝအဟုတ် ပိုင်ပိုင်သိဘို့ ဝန်လေးသှ၏၊

၁၁။ ဒီ ၄-ပါးထဲ၌ မှီအောင်လိုက်ကြ အပူငြိမ်းတယ် ဘဝပြတ်တယ်လို့ ဆုံးဖြတ်မှုဗလာ၊

၁၂။ ဒီ ၄-ပါးကို ၃၁-ဘုံ ဇာတ်ခင်းပြပုံက အထူးပို ခက်ထာဘဲ။

၁၃။ ဒီ ၄-ပါးထဲက (နိဗ္ဗာန်)ဟာ ခန္ဓပိဋကတ်ဟာ ဥပဒေရှိဒါက ဘယ်နှယ်လုပ်ကြအုံးမှာလဲ။

၁၄။ ဒီ ၄-ပါးကို ၃-ပါးဖြင်တို့၊ ၂-ပါးဖြစ်တို့၊၁-ပါး ထဲဖြစ်တို့၊ ပိဋကတ်ဥပဒေမှာ ရှာကြစမ်းပါ။

၁၅။ ဒီ ၄-ပါးကို သစ္စာ ၄-ပါးနဲ့ ဝေဘန်ကြပါ လက္ခဏာ ၃-ပါးနဲ့ စာရင်း ရှင်းပြကြစမ်းပါလို့။ အရိယာနိ အ,ဒသာပိ(၁၅)ချက်အရ အနုသတ် ပေးခြင်းပါဘဲ။

---

ဒါ့ကြောင့် ဆရာတော် ဦးမြတ်သိန်းထွန်း ကိုယ်တိုင် က ဘယ်ခါမှ ဖွင့်မပြော၊ ဘယ်သူတွေဘဲ ဆွေးနွေးပွဲ မှာ ငြင်းကြ အော်ကြ ပေမဲ့ မသင့်ဖြတ်ဘူး မသဲကွဲလို့ တယောက်စီ လာတျှောက်လျှင် ရှင်းပြတယ်၊ သူကိုယ်သူ လဲ သောတာပန်-သကဒါဂါမ်-အနာဂါမ် ရဟန္တာ မပြော ဘုရားစစ်လဲ မပြော ဘုရားလောင်းလဲ မပြော စဘူး၊ လူကြီးမင်းများ ဂရုစိုက်ပြီး စာအုပ်ဘတ်ကြပါ၊ ဆရာတော်ရေးသော ဗုဒ္ဓဘာသာဒီပနီ ပထမတွဲ စာမျက် နှာ(၃၈)နံပါတ်ကို အမြန်ပြန်ကြည့်၊ထပ်ခါ စဉ်းစားကြ ပါ၊ဦးမြတ်သိန်းထွန်း၏စာရာဝါသ အိမ်ထောင်ဒုက္ခ ကိုယ် တွေ့အဟုတ် သံဝေဂအချုပ်။

**➤ ၁၃၂၃-ခုနှစ် ဦးထွန်းလှုကစွဲချက် ၈-ချက်ဖြင့် စွဲဆို သည်၊ ထက်ပံတန်း ဝိနိစ္ဆယရုံးက ဘုန်းကြီးများမှာ ဘုရား ကြီးကျောင်းတိုက် ဦးစန္ဒိမာ၊ ကျွန်းကလေး ဦးပဏ္ဍိတ၊**

ရှားစေးတိုကျောင်း ဦးသုန္ဒရ၊ ထောက်ကြန့်တွင်း ဦးပညာဝံသ၊ မှော်အင်း ဦးဇူနွဝံသတို့သည် ဝိနည်းမိုရ်များ ဖြစ်ကြသည်။

ဝိနည်းမိုရ်ရုံးက ဆရာ့ကို ဆင့်ခေါ်၍ တပို့တွဲလထဲမှာ ဘုန်းကြီးများက စောဒက စွဲချက် ၈-ချက်အရ ပါးစပ်က မဖြေဘဲ စာနဲ့ရေး၍ အဖြေတင်ရမယ် ပြောသဖြင့် ဖြေစာတင်ရသည်။ ပထမတကြိမ်။

---

## စွဲချက်နှင့် ဖြေဆိုချက်

၁။ သက်န်းနှင့် ခြောက်လုံးပြူး အတူတူ ကြောက်၍ ရှိခိုးရသည်မှာ ဦးမြတ်သိန်းဘွန်းက ဟောပြောကြောင်း ဦးထွန်းလူက ၁-အချက်စွပ်စွဲခဲ့ပါသည်။

ဖြေစာ။ ။ယောဂီများ တရားသိလျှင် ရှေးကထက်ပို၍ သက်န်းကိုလေးစားရမည်၊ အချို့ ဗိပဿနာယောဂီတွေ သက်န်းကိုပစ်ပယ်၍ ဟောပြောလေ့ရှိသည်။ဆရာရေးသော ကျမ်းစာအုပ်တိုင်းမှာပင် သက်န်းကိုလေးစားရမည်ပါသည်။ ခြောက်လုံးပြူး ကိုင်လာတာ မြင်လျှင် ဤသူ ဗွာနာအုပ်မင်းဘဲလို့ လက်နက်ဂုဏ်ကို ကြောက်ရွံ့၍ ရှိသေကြသလို သက်န်းကို မြင်လျှင် သံဃာ့ဂုဏ်ရောင်ဘဲလို့ ရှိသေကြရမယ်။ ခြောက်လုံးပြူးကိုင်ဆောင်သော ဌာနာအုပ်မင်းကို မကြောက်မလန့်ပါက ဖိမိတို့မှာ လက်ငင်း ဘေးဒုက္ခဖြစ်ရဒ၊လို သက်န်းကို မရိုသေမကြောက်လို့ မလေးမစား ပြောသူ လုပ်သူမှန်က ယခုဘဝမှာပင် ဆင်းရဲမျိုးစုံတွေ့၍ အပါယ်ငရဲသို့ ကျတတ်ကြောင်း ဟောပြောပါသည်။

၂။ စွဲပုံ-အိမ်ထောင်မရှိသော လူပျို,အပျို,ဘိုးသူတော်,မယ်သီလ တို့နှင့် အနာဂါမိကရဟန်း အတူတူဟောခြင်း။

ဖြေစာ။ ။သဲဘုန်းတရားပွဲ၌ ပဉ္စမနေ့ ရှေးဦးစွာ မုနိ ၅-မျိုးကို ပဏာမထား၍ နာရီဝက်ခန့် ဟောပုံ၊ သားမယား အိုးအိမ်နှင့် နေစဉ်ကာမှ၊ ရုပ်နာမ် ၂-ပါးကို ပိုင်းခြားသိပြီး ဆင်ခြင်နှလုံးသွင်းပါက ပါဠိလို အဂါ ရမုနိ၊မြန်မာပြန် အိမ်ထောင်ရှိ ရဟန်းဟု မှတ်ကြ ဝမ်း မြောက်ကြ (သံဃာမမှတ်ရ။) အိုးအိမ်မထောင် လူပျို, အပျို, ဘိုးသူတော်, မယ်သီလတို့ကို ရုပ်နာမ် ၂-ပါးကို ပိုင်းခြားသိပြီး ဆင်ခြင်နှလုံးသွင်းပါက ပါဠိလို အနဂါ ရမုနိ၊ မြန်မာပြန် အိမ်ထောင်မရှိ ရဟန်းဘွဲ့ရတယ်၊ဝမ်း မြောက်ကြ။(လူဝတ်သံဃာဘွဲ့မရ)

၃။ စွဲပုံ-ကျောက်ဆင်းတု,ကြေးဆင်းတုဘုရားတို့သည် မင်းတို့ ရေ နစ်လျှင် မကယ်နိုင်ဘူး၊ လက်ကြီးက အသေကြီးဘဲဟု ဟောခြင်း။

ဖြေစာ။ ။တပည့်တော်အရှင်းမဟော။

၄။ စွဲချက်-ရုပ်ပွားဆင်းတုတော်များသည် အရုပ်တွေ ပွားသွားဒါ မိန်းမများမှာ ပွားသွားသလိုဘဲ ဒက္ခိဏာသာခါလေးတောင် အမျှောင် ထားသေးတယ် ဟောခြင်း။

ဖြေ။ မြတ်စွာဘုရားပရိနိဗ္ဗာန်ဝင်စံသည့်နောက် ဗုဒ္ဓသာသနာပြန့်ပွား ဘို့ ဘုရားပွားများဘို့ သံဃာပွားများဘို့ တရားတော်များ ပြန့်နှံ့စေရန် ရှေးက ရဟန္တာကြီးများ သာသနာပြုခဲ့ပုံ။ ဘုရားရှင်၏ ရုပ်ပုံတော်ကို တဆူမဟုတ်ပါဘဲ အားလုံးကြည်ညို ကိုးကွယ်ကြရန် သက်တော်ထင် ရှား မြတ်ဘုရားကို မြင်ဘူးသူ မမြင်ဘူးသူတို့ ဖူးမြင် ကိုးကွယ်ကြစေရန် ရုပ်ပုံတော်များကို ပွားများအောင်စီမံလို့ (ရုပ်ပွား)ခေါ်ဆို သမုတ်နိုင်

ကြောင်း၊ လူမြိန်းများ နားလည်ဘို့ ဟောပြပါသည်။ မြန်မာပြည်မှာ မြန်မာလူမျိုးတို့၏ ရုပ်ပုံ သဏ္ဌာန် ထုလုပ် ကိုးကွယ်၍ တချို့နိုင်ငံများက ဒက္ခိဏာသာခပုံတော်ကိုကိုးကွယ်ပူဇော်ကြသည်ကို မြန်မာလူမျိုးများကလဲ (မောမိညောင်) တောင်ဘက် ကိုင်းကို ထုလုပ်ထားသော ပုံတော်ကိုလဲ ကိုးကွယ်ကြတယ်လို့ ဟောပါသည်။

၅။ စွဲချက်-မိန်းခလေးများကိုလုံခြုံသောအခန်းတွင်းသို့ခေါ် တရားပြသည်၊ တရားအပ်သည်ဆိုဒါ သင်္ကာမကင်းဘွယ် ဖြစ်ခြင်း။

၆။ စွဲချက်-ဦးမြတ်သိန်းထွန်း၏ကျင်ငယ်ရေကို ရောဂါမျိုးစုပျောက်သည်၊ သောက်သုံးပက်ဖျန်းစေခြင်း၊ သတင်းကြား စွပ်စွဲခြင်း။

ဖြေစာ။ ။(၅-နှင့်-၆) ၂-ချက်ကို စွဲချက်တင်သူ၏ သံသယမကင်း ထင်မြင်ချက် ပြောသံကြားဖြစ်လို့ ချေလွှာတင်စရာ မလိုကြောင်း။

၇။ စွဲချက်-ဦးမြတ်သိန်းထွန်း၏ ဆံပင်များကို ကိုးကွယ် ပူဇော်စေခြင်း။

ဖြေစာ။ ။တပည့်တော်အား ယုံကြည် အားကိုး လေးစားကြသော တပည့်များသည် မရှိမသေမပြုထိုက်ကြောင်းမှာ ကျေးဇူးရှင် ဆရာကို အပြစ် မပြောထိုက်ကြောင်း သတိပေး ဆုံးမပါသည်၊ မိမိတို့၏ အိမ်သားများက အတ္တနိဗ္ဗုဂ္ဂတို့ အပါယ်မကျဘို့ တရားမဟောနိုင် ဟောနိုင်သူရှား၏၊ ထိုကဲ့သို့ မြတ်စွာဘုရား၏ တရားမှန်ကို ဟောပြသော ဆရာကို ဟောဒီ-ခန္ဓာ တကိုယ်လုံး စေတီထိုက်တယ်မှတ်ကြ၊ (ဉာဏ်တော်ကိုသာကိုးကွယ်ရှိသေရမယ် ရုပ်ခန္ဓာကြီးကို မရှိသေထိုက်၊ ပြောသူ ယူသူများ မှားကြောင်း၊ ဆံပင်ကစ ခြေသည်း ခြေခုံအထိ တကိုယ်လုံး ရုပ်စုရုပ်ခဲတွေကိုပင် ရှိခိုးရှိသေရမယ်မှတ်။

ဉာဏ်သက်သက် ရှိခိုးလို့မဖြစ် မိဘကို ရှိခိုးပူဇော်ဒါလဲ နည်းတူမှတ်ကြ၊ ဂုဏ်တော်နှင့်ရုပ်သား တခြားစီမယူရ အတူတူမှတ်၊ ထိုကဲ့သို့ ရှင်းတမ်းနှင့်တကွ ဟောပြဆုံးမ ပါသည်။

၀။ စွဲချက်-တရားပွဲ ၇-ရက်စဉ် အပြီးနေ့မှာ ငါပြန်တော့မယ် သာသနာကွယ်ပြီ ငါဘုရားဟု ဟောခြင်း။

ဖြေစာ။ ။နက်ဖြန်ကျလျှင် ဟောဒီမဏ္ဍပ်မှာ ဘုရားသံ, တရားသံ, သံဃာသံ, အနိစ္စသံ, ဒုက္ခသံ,အနတ္တသံ, အသုဘသံ, ဓာတ်သံ, ပရမတ်သံ, ဝိပဿနာသံ, ရတနာသံ, သာသနာသံတွေမရှိတော့ဘူး၊ နောက်ဆုံး ယနေ့မှာ မဂ္ဂင် ၈-ပါး ပညာမဟောမယ်၊ ဓာတ် ၁၈-ပါး တရားသာမှတ်၊ မျောက်ဒုက္ခဥပမာနဲ့ နိဂုံးသတ်မယ်၊ ပေါင်း ၂-နာရီခန့် ကြာမည့် လေးလေးစား မှတ်သားနာယူကြ လို့မောပြပါသည်ဘုရားဟူ၍ချေလွှာတင်ပါဆိုသို့ တင် ရကြောင်း၊

---

## ချေလွှာနှင့်အတူ ကန့်ကွက်လွှာပါ တင်ခြင်း

၁။ တပည့်တော် ပိဋကတ် ၃-ပုံ အဋ္ဌကထာဋီကာစုံ နေ့ဝါ ညဝါ အကုန် အသက်(၂၀)အတွင်းက သင်ခဲ့ဘူးပါသည်။

၂။ ၇-ရက်စဉ် ဝိပဿနာတရား ဟောခဲ့ရာ ၁၂၉၂-ခုထက်ကာစ ယခုတိုင်။

၃။ ဝိပဿနာကျမ်းပေါင်း ၃၃-ကျမ်း အုပ်ရေပေါင်း ၄-သိန်း ကျော် ရေးခဲ့ ဖြန့်ခဲ့ခြင်း။

၄။ ကျမ်းစာအုပ်တိုင်းလိုပင် (အနန္တ ငါးပါး ဂုဏ်ကျေးဇူးကို) ကျမ်းဦးပဏာမထား၍ ရေးသားခဲ့ခြင်း။

၅။ ဝိဇ္ဇာစရဏ မဂ္ဂသမ္ဘာရ အဖွဲ့ကို ရန်ကုန်မြို့မှစ၍ တခြားမြို့နယ်များ၌ နည်းတူ ဖွဲ့စည်း၍ လူရှင်ရဟန်းများပါဝင်သောအဖွဲ့ခွဲများရှိခြင်း။

၆။ တရားမှန် မရသူများကို မိမိ သိဒိုင်သလောက် သိစေလိုသော တရားများကို ကျမ်းဂန်ဥပဒေနှင့်အညီ ဟောပြခြင်း။

၇၊ ကျမ်းဂန်နှင့်မညီသော ဟောပြဆုံးမပုံ ကျမ်းရေးပုံများတို့ ကိုယ်တိုင် သိရပါက ခေါ်ယူဆုံးမနိုင်သည်၊ အမှားကိုပြင်၍ အမှန်ကို မြင့်တင်နိုင်သည်။

၈၊ ငယ်စဉ် ၁၀-နှစ်သားကစ ၂၀-အထိ သက်န်းဝတ်နှင့် မန္တလေးမြို့ ဆင်တဲတိုက် မိုးကောင်းတိုက်များမှာ နေခဲ့ခြင်း။

၉။ ထွန့်ခေါင် ဆရာတော်၏ မြေမြစ် အစဉ်အဆက် သက်န်းဝတ်အစ်ကိုတော် ပဌမကျော်တွေဖြစ်၍ ဘုန်းကြီးမျိုးဖြစ်ခြင်း။

၁၀။ တပည့်တော် ဟောပြဆုံးမသော တရားတော်သည် ရတနာ ၃-ပါးကို တိုး၍ ကြည်ညိုလေးစားဘို့ရာ ဖြစ်ပါသည်။

၁၁။ ယခုခွဲချက်တင်ခြင်းခံရသော သဲကုန်းတရားပွဲ၌ တရားဟောရက် မထိုင်မီ ကြိုဘင်၍ တရားဟောမည့် မဏ္ဍာပ်စင်ပေါ်မှာ နံရိုးရှိ သံဃာများကို ဆွမ်းကပ်လှူပါသည်။

၁၂။ ကိုထွန်းလူခေါ် စောဒကသည် လွန်ခဲ့သော ၈-နှစ်ခန့်က လက်ပံတန်းမြို့ နီး ပဒတ်ကုန်းရွာ ဓမ္မကထိက-ဆရာကြီး ဦးလှဒင်ဆောင်ရွက်သော တရားပွဲ၌ တပည့်တော် ဝိပဿနာ တရားကို ၄-ရက်စဉ် ဟောတုံးက အဲဒီ-ကိုထွန်းလူ ဆိုသူသည် တရား ဟောစင်ပေါ်က-(တပည့်တော်နားခိုက်) မဲတက်ရပ်ပြီး တရားနာသူတို့အား တရားအားပေးစကားပြောဘူးပါသည်။ တရားမှန်ကြောင်းလဲ ထောက်ခံဘူးသည်၊ တပည့်တော်ရေးသော ကျမ်းစာများကိုလဲ ဘတ်ကြည့်သူဖြစ်ပါသည်။

## ခြသေ့်ကုန်း ရွာဦး-ညီအစ်ကိုတော်သူ ဦးဘိုးသင်းနှင့်-ဦးထွန်းလူ

တရားသွေးနွေးရာ သဘောမတူ ငြင်းခုံကြတယ်လို့ ကြားရပါသည်၊ ညီအစ်ကိုချင်း အရှင်း မသင့်ကြောင်း ခြသေ့်ကုန်းရွာသားများကပြောကြလို့ တရားအယူအဆ ညီအစ်ကိုချင်း မသင့်ကြောင်း သိရပါသည်။

၁၃။ သဲကုန်းတရားပွဲသို့ ကိုထွန်းလူကိုယ်တိုင် တရက်မျှ တရားနာ မလာကြောင်း စုံစမ်းသိရပါသည် ၇-ရက်စဉ် တရားနာသူထဲမှာ ဒီလူ မပါ၊ တပည့်တော်ဟောပုံ ဟောနည်း သူ ဘာတလုံးမှ မကြားရပါ သူများပြောသံကြားနဲ့ စွပ်စွဲခြင်းဖြစ်ပါသည်။

၁၄။ ကိုထွန်းလူကို ပြန်ပြောသူများသည် မှန်သော တရားကိုတော့ မှန်တယ်လို့ တလုံးတခွန်းမျှမပြော မမှတ်ပါဘဲ အပြစ်တင်စရာ သာ သနာနဲ့ ဆန့်ကျင်ဘက် စွဲချက်များကိုသာ စွပ်စွဲခြင်း တရားနာသူပေါင်း အနည်းဆုံး ၅၀၀-နေ့စဉ်ရှိ နေ့ပွဲဖြစ်ကြောင်း မကွာ်တွင်းမှာလဲ ညစဉ်တရားဆွေးနွေးပိုင်းနှင့် ညအိပ်သူများ အနည်းဆုံး ၁၀၀-ခန့်ရှိ ကြောင်း ကိုထွန်းလူကိုယ်တိုင်မကြားရမသိရဘဲနဲ့ စွဲချက်များကို ဝိနိစ္ဆယ ရုံးတော်က လက်ခံသင့် မခံသင့်ကို စဉ်းစားဆုံးဖြတ်တော်မူကြပါဘုရား။

(စာဒက-ကိုထွန်းလူ တရားနာ မလာကြောင်းကို ဓမ္မဒါနရှင်များနှင့် တရားနာသူတချို့ကို စုံစမ်း စစ်ဆေး နိုင်ပါကြောင်း။) ထိုကဲ့သို့ကန့်ကွက်လွှာတင်ခဲ့ခြင်း၊

---

## ချေလွှာနဲ့မပီး လူကိုယ်တိုင်ပြောပြရန်

ဝိနိစ္ဆယရုံးသို့လာရမယ် (သွားသည်) ဦးပဏ္ဍိတ ကိုယ်တော်မှအစ ဘုန်းကြီး ၅-ပါးခန့် အထူးအာဏာရတရားသူကြီး ဦးကံရင်နှင့်(တိုက် ရိုက်သူ) စာရေးတယောက် နောက်တယောက် ဒေသကိုယ်စားလည် ဦးဝင်းတို့ပါ တရားရုံးမှာ ရှိသည်။

ဦးဝင်းက မတ်တတ်ရပ်၍ စပြောသည်၊ ဦးကံရင်က တဖန်ပြောသည်၊ ဦးပဏ္ဍိတက ဆရာ့ကို ချေလွှာအရေ-တချက်စီမေးလျှင် ဆရာက ချေလွှာမှာပါတဲ့ အတိုင်းလဲ ဖြေတယ်၊ မေးသမျှလဲ သိသလောက်ဖြေသည်၊ ၈-ချက် စလုံး ချေလွှာစာရွက်အရ ဖြေရသည့်အပြင် မေးလိုဒါ တွေလဲ ဖြေသည်၊ဦးထွန်းလှုကလဲ အသင့်ဆောင်ယူရေး မှတ်လာသော ဘလာ စာအုပ်ကြီးနှင့် ပြော သံ ကြား စကားတွေကိုလဲမေး၊ စွဲတဲ့ ၈-ချက်လဲ ထပ်ခါမေး-

(ဆရာက)ဦးထွန်းလှုကို ပြန်မေးပုံ၊ဦးထွန်း လှုဆရာ့ ကို မြင်ဘူးသလား၊ လွန်ခဲ့သော နှစ်တွေက လက်ပံတန်း အနီး ပဒတ်ကုန်းတရားပွဲမှာ ကျွန်တော် ဆရာ့ကို တရား နာဘူးတယ် ရှိခိုးဘူးတယ် စက္ကူအသစ်ချပ်ချွတ် ငါးရွက် ငွေ ၅ိ-လှူဘူးပါတယ်လို့ ဦးထွန်းလှုက ပြောတယ်၊(ဒါ-ဖြစ်ရင်) ဦးထွန်းလှုနဲ့ ဆရာနဲ့ ရန်ဖြစ်ဘူးသလား၊ မဖြစ် ဘူးပါ၊ ဆရာရေး ကျမ်းစာများကို ကြည့်ဘူးသလား၊ ကျွန်တော်ဆီမှာ ဆရာကြီးရေးသော ကျမ်းစာမျိုးစုံရှိပါ တယ်၊ (တရားမဟုတ်ဘူး-ဟုတ်တယ်)ဆရာနဲ့ငြင်းခုံဘူး သလား တခါမှ မငြင်းခုံဘူးပါ၊

ဒီလက်ပံတန်းခုံရုံး-ဆရာတော် ဦးစန္ဒိမာထံက ဆရာ့ ထံသို့ ဆင့်ခေါ်စာကို ဦးထွန်းလှု ဘတ်ဘူးပါသလား၊ မဘတ်ဘူးပါ၊ဆင့်စာထဲမှာ ဝိဝါဒါဓိကရုဏ်းဆိုဒါ နား လည်သလား၊ မလည်ပါ၊ဘာသာပြန်တရား ငြင်းခုံခြင်း ခေါ်တယ်၊ ဦးထွန်းလှုနဲ့ ဆရာနဲ့ တခါမှ တရားမငြင်း

ရသျှင် ရုံးတော်က ဆင့်စာအရ ဝိဝါဒါမိ ကရုဏ်း မှ မဟုတ်ဘူးပေါ့ (တိုက်စက်-ရိုက်လိုက်)

ဆရာ သင်ကြားဘူးသော ဝိနည်း ပိဋကတ်၌ အဓိ ကရဏ ၄-ချက်ရှိတယ်၊ ဝိဝါဒါဓိကရုဏ်း အာပတ္တာဓိ ကရုဏ်း၊ ကိစ္စာဓိကရုဏ်း၊ အနုဝါဒါဓိကရုဏ်း၊ ဆဲဒီ ၄-ချက်ဟာ လူဝတ်ကြောင်များနှင့် ဘာမျှမဆိုင် သင်္ကန်း ဝတ် ရဟန်းများနဲ့သာ ဆိုင်ဒါကို သိရတယ်။ သို့သော် အစိုးရဥပဒေက ဝိဝါဒါဓိကရုဏ်းဟာ လူဝတ်တွေပါ ဆိုင်တယ်လို့ ဥပဒေသတ်မှတ်ထားလျှင် ဘယ်တုံးက ငြင်း ရသလဲ၊ မငြင်းရပါ၊ ဒါဖြစ်ရင် ဒီအမှုဟာ ဝိဝါဒါဓိက ရုဏ်းမှ မဖြစ်နိုင်၊ (တိုက်စက်နဲ့ရိုက်) ရာဇဝတ်လဲရှိတယ်၊ အဓိကရဏ ၄-ချက် ရဟန်းနဲ့ဆိုင်ဒါ ဟုတ်ပါတယ်လို့ ဦးပဏ္ဍိတက ဝန်ခံတယ်။(တိုက်ရိုက် စက်ထဲ ပါ-မပါ မသိဘူး။) ဆရာကမေးပုံ၊ သဲကုန်းတရားပွဲ ဘယ်ဘုံးက-ဘယ်နှစ်ကဟောပါသလဲ၊ ၁၃၂၂-ခု၊ ၁၃၂၁-ခု၊ လိုသို ရောင်ဝါး ဖြေသိုရာ၊ ရာဇဝတ်က ခင်ဗျား ပြောချင်တဲ့ ခုနှစ်ပြောပါဆိုတော့ ၁၃၂၁-ခုနှစ်ကလို့ဖြေတယ်၊ဆရာ ကမေးဘိ ဆဲဒီတရားပွဲသို့ ကိုယ်တိုင်တရားနာ ဘယ်နှစ် ရက်လာသလဲ၊ (တရက်မှ-မလာပါ) သူများပြောသံ ကြားနဲ့ ဆရာ့ကို စွဲချက်တင်ဒါပေါ့ ဟုတ်တယ်။

ဆရာသဲကုန်းသို့ ရောက်လာမည့်နံနက်ပိုင်းမှာ တရား ဟောစဉ်၌ ယခု-ဝိနိစ္ဆယဆရာတော်တွေကို ဆွမ်းကျွေး တယ်လို့ ကြားသလား-ကြားပါတယ်၊ (ရတနာ ၃-ပါး

ပြစ်များတယ်ဆိုဒါ ရှင်းပြဒါဘဲ ဦးဘိုးသင်းနဲ့ ဘယ်လို တော်စပ်ပါသလဲ ညီအစ်ကို ဝမ်းကွဲဖြစ်တယ်၊ တရား ငြင်းဖန်များလို့ မခေါ်ဒါ ကြာပြီမဟုတ်သား ၄-နှစ်ရှိပါ ပြီဖြေသည်။

တရားသူကြီးက ဟုတ်သလား မခေါ်ဘူးလား ထပ် မေးတော့၊ အရှင်းမခေါ်မဟုတ် အကြောင်းရှိတဲ့အခါ ခေါ်ပါတယ်၊ တရား မငြင်းရပါလို့ စကားပြင်ပြော ဖြေသည်။

တိုက်ရိုက်စက်ထဲ-အမှုတွဲမှာ မေး-ဖြေ အမှန်အတိုင်းပါတယ်။

---

(သာသနာရေးအရာရှိ-မောင်စိန်သိုင်) အစစ် ခံပြီး နောက်၊ ရာဘက်က ဆရာကြီး ဗိုလ်လူကို မေးသူဟာ- ဦးထွန်းလှဘက်က သက်သေဘဲ (ဆရာက-မသိ) ဆရာ က သက်သေမှန်းသိတော့ မေးဘိ-ခင်ဗျား ဘယ်မှာနေ သလဲ ဘာလုပ်သလဲ သာသနာရေးအရာရှိ သာသနာကို နားလည်သလား၊ သာ သ နာ ဘက်က ဖြောင့် မှန် စွာ ဆောင်ရွက်ရမဲ့ တာဝန်ခံမဟုတ်လား၊ ဟုတ်ဘယ် ယခု ရုံးမှာ လျှောက်ထားတဲ့ စွဲချက်တွေကို ဘယ်မှာ စုံစမ်းခဲ့ ပါသလဲ (တာဆိပ်မှာ စုံစမ်းပါတယ်)အဲဒီဘာဆိပ်မှာ လူဘယ်နှစ်ယောက်ကို စုံစမ်းခဲ့ပါသလဲ (ရုတ်ဘရက်- အဖြေမပေး) ဆရာက ထောက်ပေးရတယ်၊ (၄-၅) ယောက်ခန့်မဟုတ်လား၊ ဟုတ်ပါတယ်၊ သဲကုန်းရွာတရား ပွဲလုပ်တဲ့ဌာနက ဓမ္မဒါနရှင်တွေကိုဘော စုံစမ်းမေးမြန်း

သေးသလား၊ မစုံစမ်းပါ။ တရားနာပရိသတ် ဘယ်မျှရှိတယ် ကြားသလဲ ၂၀၀-၃၀၀-ခန့်လို့ ကြားတယ်၊ ထားတော့ ၂၀၀-၃၀၀ တရားနာသူထဲက ၄-၅ ယောက် ပြောဒါကို ခင်ဗျား ရေးမှတ်လာသလား ဟုတ်ပါတယ် (ကဲ-တော်ပါဘီဆိုပြီး-ဆရာရပ်လိုက်ဘယ်)

---

နောက်ရက်ချိန်းများ၌ ဦးထွန်းလူပြ သက်သေများနဲ့ ဆရာဦးထွန်းလူက ယူလာသောစာအုပ်ထဲက မှတ်တမ်း အရမေးခြင်း စသည်ဖြင့် သက်သေကထွက် ဆိုပြီးမှ သည့်ပြင် ဘာမှမသိပါပြောသည်၊ဦးထွန်းလူက ရေလာ မြောင်းပေး ထပ်ခါဆင်ပေးသည်ကို ရုံးကသုန်းကြီးများ က မတား-ကြည့်နေကြတယ်။

## ပြ-သက်သေ မောင်လှရွှေ

(ဦးထွန်းလူ၏ အဖွဲ့ထဲကလားမေး) ဟုတ်ပါတယ်၊ ဘာအဖွဲ့လဲ ဓမ္မစကြာအောင်ခြင်းအဖွဲ့- လူဘယ်လောက် များသလဲ။(၂-သောင်းလောက်ရှိတယ်) မင်းက- အဖွဲ့ သားထဲမှာ အတွင်းရေးမှူးဟုတ်သလား၊ ဟုတ်ပါတယ် မေးဘီ-ဓမ္မစကြာပါဠိအစဘာလဲ၊ မသိပါ (တိုက်ရိုက် လိုက်)အောင်ခြင်းမှုစ်ပါး ပါဠိအစ-ဘာလဲ၊ မသိပါ။

## အသက် ၂၀-ခန့် ပြသက်သေ ထွက်ချက်

ဆရာသည် အဝတ်မရှိ ကိုယ်လုံးထည်းချွတ်ပြီး ရေ ချိုးတယ်၊ မိန်းခလေးများကို ချေးတွန်းခိုင်းပေးဒါ မြင်

သတဲ့ ဆရာကမေးတယ်၊ အဲဒီလို အဝတ်ချွတ်ပြီး မင်းတို့ ရွာထဲက မိန်းခလေးတွေကို ချေးထွန်းခိုင်းပြီး မင်း အရွယ်နဲ့ ရေချိုးရဲပါ့သလား၊ (မချိုးရဲပါ) မင်းလိုတော ကလူတွေ မင်းအရွယ်ကတောင် ဒီလို-ရေမချိုးရဲဒါကို ဆရာ-ဦးမြတ်သိန်းထွန်းက မင်းတို့-သဲကုန်းရွာ လာပြီး ရေချိုးပြတယ်လို့ မင်းက ဦး ထွန်း လူ ကို ပြန် ပြောလို့ ဦးထွန်းလူက ယုံပြီး စွဲချက်တင်ဒါပေါ့၊ ဟုတ်တယ်၊

## တရားဟော မဏ္ဍပ်နဲ့-ကပ်လျက် သက်သေ

တရားတရက်မှမနာဘူး နေ့ရော ညရော တရားဟော နေဒါလဲ သူမမြင်ဘူး မကြားစဘူး(ဆရာ၏-သေးရည်ကို မိန်းမတယောက်ကယူလာလို့ သူကပုသင်းဖွင့်ပြီး နမ်း ကြည့်ရကြောင်း သက်သေထွက်ချက်ကို၊ (ဆရာက-မေး တယ်)တရားဟောတယ်လို့ ပြောသံ များမင်းမကြားဘူး လား၊ မကြားပါ၊ ဘယ်ရွာမှာနေသလဲ သဲကုန်းရွာဆရာ ကြီးတရားဟောမဏ္ဍပ်ဟာ ကျွန်တော်နေတဲ့ အိမ်နဲ့ကပ် နေဒါဘဲ၊ (ဟုတ်တယ်-ဒီလိုဆိုရင်)တရားသံလဲမကြားရ ဟောတဲ့ တရား အနံ့အသက်မှ မင်းမနံ့တော့ဘူးလား၊ (မနံ့ပါ) တရားအနံ့တော့မနံ့ သေးနံ့တော့ မင်းနမ်း ဘူး-နံ့ဘူးဒါ သက်သေထွက်ပုံ ယုံ ကြ ည် စ ရာ ဘဲ၊ စသည်ဖြင့် အမှုတွဲမှာ အစုံရှိတယ်၊

သတင်းစာတွေက၊ပြန်လှန်မေးခွန်း နှမ်းစေ့မှ-တချိုမထည့်ကြ၊ တိုင်းပြည်ကသိကြတဲ့-အတိုင်းဘဲ။

ပြသက်သေ-ဦးစံထွန်းက ဆရာ့အပေါ်၌၊ ထင်သာလို မတရားမျိုးစုံ ထွက်ဆိုပြီးနောက် အသက် ၇၀-ခန့်ရှိ၊ ဦးစံထွန်းကိုမေးပုံ၊ ခင်ဗျား-ငါးပါးသီလပျက်တဲ့အပြစ်နဲ့ ကျမ်းကျိန်ဆိုပြီး၊ချွတ်ယွင်းသောအပြစ်နဲ့ ဘယ်အပြစ်က ဝန်လေးသလဲ၊ မသိပါ၊ ခင်ဗျား-ကြက်တိုက်ပွဲမှာ ကြက်စွဲ ခေါ် ကြက်လက်သည်ခေါ် ကြက် ၂-ကောင် ခွပ်ချင် ရတဲ့ ကြက်လူကြီးလုပ်ဘူးသလား၊ ငယ်စဉ်က လုပ်ဘူး ဘယ်၊ ငယ်စဉ်ကပေါ့ ၁၀-နှစ်အတွင်းကမဟုတ် ယခု အသက် ၇၀-အထိလဲမဟုတ်၊ အသက် ၄၀-၅၀-ခန့်က မဟုတ်လား၊ မေးတယ်-မပြော။

နွားပြန်ပေးမှုနဲ့ ထောင်ကျဘူးတယ်ဆို၊ (ကျဘူးပါ တယ်)ဒါကြောင့်-ဦးထွန်းလူဘက်က ဝင်ပြီး သက်သေ ခံရဲဒါဘဲ စသည်ဖြင့်-

---

## အသက် ၇၃-နှစ် အဘိုးကြီး ပြသက်သေ

ဆရာ့အပေါ် သူထင်ရာထွက် ဦးထွန်းလူက ရေးမှတ် တဲ့စာအုပ်ထဲက စကားတွေထပ်သင်၊ဘယ်သူကမှ မပိတ် ပင်၊ဆရာကသက်ကြီးအိုကိုမေးတယ်၊ ငါးပါးသီလခံယူ ပြီးဘိ ချွတ်ယွင်းပြောဆိုလျှင် ဘယ်မျှ အပြစ်ရှိပါသလဲ (မသိပါ)ဆရာကပြောတယ် ယခုမသေခင်မှာလဲ ဘေး ဒဏ်သင့်ခြင်း၊သေလျှင် အပါယ်ကျရခြင်းမှတ်၊

မေးဘိ-ငါးပါးသီလထဲက( မုသာ ဝါဒါ ဝေရမဏီ ) အဓိပ္ပါယ်ဘာလဲ၊ အဘိုးကြီးက ငါးပါးသီလထဲမှာ၊

မဇ္ဈိမပဋိပဒါ ဘယ်ပါလိုလဲပြောပြီး၊ သူကိုယ်တိုင် ပါဏာတိပါတစသည်ကို လက်ချိုးရေတွက်ပြီးမှ ပြန်ပြောပုံ၊ ငါးပါးသီလထဲမှာ ဆရာကြီးမေးတဲ့(မဇ္ဈိမပဋိပဒါ)မပါဘူးဗျတဲ့ ဦးပဏ္ဍိတစသော ဘုန်းကြီးများက ရယ်ကြ-ပြုံးကြတယ်။

ဆရာမေးတယ်-ခင်ဗျား ဘာလူမျိုးလဲ၊ဗုဒ္ဓဘာသာတဲ့(ဘာသာမေးဒါမဟုတ်ဘူး၊ လူမျိုး-လူမျိုး၊ မြန်မာလူမျိုးဖြစ်ပါတယ်) ဘာ-ဘာသာလဲ ဗုဒ္ဓဘာသာဖြစ်ဘယ်။ ဗုဒ္ဓဘာသာသက်ကြီးအိုက ငါးပါးသီသ၏ ပါဠိ-မြန်မာကို နားမလည်တော့ ဒီအမှုမှာ သက်သေဝင်ခံရဲဒါပေါ့ စသည်ဖြင့် အမှုတွဲမှာ မျိုးစုံပါတယ်လိမ်လို့မရ၊ သတင်းစာတွေရေးတိုင်း ပြည့်စုံအောင်မပါ တဘက်သတ်ဖိနှိပ်ပြီး [ဆရာ့အားဂုဏ်ပျက် နာမည်ပျက်စေရန်တို့ကိုရေးသည်(သတင်းစာ၏ ထိပ်ခေါင်းစီးတပ်ပုံတွေ)အတွင်းစာရေးပုံတွေကိုချည်း တိုင်းပြည်ရှိ-

ရဟန်း,ရှင်,လူ မင်းသူဌေး ဆင်းရဲသားဗေဒါဂီပုဂ္ဂိုလ်များ လူကြီးလူကောင်း လူသိမ်မာများ ဝေဘန်ဘို့ရာ ဗုဒ္ဓဘာသာဒီပနီက အနည်းငယ် ဖေါ်ပြလိုက်သည်။ သတင်းစာဟာ-ဘုရားဟောမဟုတ်။

မှိုနတိုအပင်ကလေးလဲရင် အသံမကြားနိုင်။
ထန်းပင်ကြီးလဲလျှင် အသံကြားနိုင်သည်။

---

(အမှုကြာပုံ) တမ္ပိုတွဲလကာစ ၂-ဝါဆိုနှင့် ဘော်သလင်းအထိ၊ ၉-လ မှာ ၇-ခေါက် လက်ပံတန်းသို့အစစ်ခံသွားသည်။မေးချင်တိုင်း ပြောချင်တိုင်း သတင်း

စာကိုယ်စားလည့်မောင်လွင်နှင့် သတင်းထောက်များက ရေးချင်တိုင်း သတင်းစာတွေ ကလဲ၊ ထည့်ချင်တိုင်း ဒီအမှုဟာ ဘယ်နှယ့်အမှုလဲ စဉ်းစားတယ်၊ လူအစိုးရလဲ ပါတယ်၊ သာသနာရေးအရေးရှိသဲပါတယ်၊ ဒေသကိုယ် စားလည့်အမှုဆောင်လဲပါတယ်၊ လူရိုးလား-ဘုန်းကြီး ရိုးလား ဘယ်လိုရိုးလဲ ဘယ်နည်းစစ်ဆေးပုံလဲ ထပြော ချင်တဲ့သူကထပြော ဒီလို-ရိုးမျိုး လူဖြစ်မှ တခါမှမကြုံ စဘူး၊ ဦးပဏ္ဍိတကလဲ နောက်ဆုံးရိုးချိန်မှာ ဆရာ့ကိုဘဲ စွဲချက် ဂ-ချက်ထပ်မေးပြီးနောက် ဆရာဟာ ခရစ်ယာန် လား ခရစ်ယာန်များက လခ ပေးထားသလား ပိဋကတ္တယ ဘွဲ့ဘယ်သူပေးသလဲ၊ဗုဒ္ဓသာသနာ့အဖွဲ့ဝင်ဆိုဒါ မယုံနိုင် အဖွဲ့ဝင်ဖြစ်ကြောင်းကို အဖွဲ့ချုပ်က စာလွှာ မျိုးစုံဘိတ် ကြားစာတွေပြတယ် ဦးဝင်းက ဒီစာတွေဟာ အဖွဲ့ဝင် ကိုဘိတ်ကြားစာမဟုတ် လူတိုင်းဘိတ်တဲ့စာမျိုးဘဲပြော တယ်၊ (ဆရာကို အလကားလူဖြစ်အောင်မေးကြခြင်း)

ဦးပဏ္ဍိတက စာမေးပွဲ ၁ဂ-ခါ အောင်ဘူးတယ်လို့ ဆရာမမေးဘဲပြောတယ်၊ဆရာကလဲ ဗုဒ္ဓသာသနအဖွဲ့ စ ပြီး တည်ထောင် စဉ်က သာသနာ့ရိပ်သာမှာ ဆရာ ကိုယ်တိုင်ပါတယ်၊ ခရိုင်ဝန် ဦးသိန်းမောင် ၊သာသနာ ရေးဝန်ကြီး၊ဦးဝင်း ( ဦးကြီးဖေ - ညွှန်ကြားရေးဝန် ) ဟသ်ာတဦးမြ၊ဟံသာဝတီ-ဦးညွန့်စသည်ဖြင့် လူပေါင်း ၅၀-ခန့်ရှိသည်၊ယခုတရားဝန်ကြီး ဟိုတုံးက ရှေ့နေချုပ် ဦးချန်ထွန်းရှိတယ် ဆူးလေ-ဦးစံဖေပါတယ် ဦးမြတ် သိန်းထွန်းစီမံသော ပိဋကတ်စရဏ မဂ္ဂသင်္ဂြဟရအဖွဲ့ကို အဖွဲ့

ပေါင်း ၅၀-ခန့်ဘို့တွင် ထိပ်ဆုံး (၁) နံပါတ်က ထား
သောစာရွက်ရတယ်၊ (အဲဒီစာရွက်ခုမရှိ-ပျောက်သွားဘီ)
ဆရာက ဝမ်းမြောက်လို့ တပည့်ယစ်မျိုးအရာရှိ မောင်
ချစ်ဦးကို မေးစေခိုင်းတယ်၊ ဦးချန်ထွန်းက နံပါတ် ၁-
ထားဒါ အသိအမှတ်ထဲမှာ အရေးပါ အရာရောက်လို့
ထားကြောင်း ပြောပြသည်ကို မောင်ချစ်ဦးက ပြန်ပြော
လို့ ဆရာသိတယ်၊ ယခုဝိနိစ္ဆယရုံးနဲ့ ဒေသကိုယ်စားလည်
များထားဒါက ယနေ့နက်ဖြန်ဆိုသလို မကြာသေးပါဘူး
တပည့်တော်တို့က ဗုဒ္ဓသာသနအဖွဲ့ ရန်ကုန်မြို့မှာ ပထမ
တည်ထောင်လာတယ်လို့ ယုံချင်လဲယုံ မလိမ်ဘူး(ဆရာ
ကြီး သိလမချက်ဘူးလားမေးတယ်) သိဘဲ့နေ့ကစမပျက်
သင်္ကန်းဝတ်နဲ့ နေခဲ့ဘယ် ဆယ်နှစ်ခန့် ဖွဲ့ ငွေ မ ကိုင်
တကာမ-မထိ သိသလိုပါတယ်ဖြေသည် ခန္ဓာကိုယ်တွေ
လှူဒါမှာ မိန်းမတွေကော လှူကြသလား။ တချို့လှူကြ
တယ်၊ ဆရာကြီးနဲ့ အတူနေသလား မနေ-သူ့ရွာသူ့အိမ်
မှာနေကြတယ်၊ သူတို့လှူဒါတွေ ပြန်အပ်တယ် (အဌား
သုံး-သုံးကြ အပိုင်မသုံးကြနဲ့ မှာလိုက်တယ် (တိုက်မှာ
ရိုက်ထားတယ်) မိန်းမတွေကိုလှူရင် အပိုင်ယူနိုင်သလား၊
ယူချင်ယူနိုင်တယ်-(ခိုးဒါမဟုတ်-လှူဒါ) ခိုးကြဒါ မလှူ
လို့ ခိုးကြတယ်၊

(မေး-ကျမ်းဂန်မှာ အလှူမခံထိုက်တာ ဘယ်နှစ်မျိုး
ရှိသလဲ)(အဆိပ်-လက်နက်-သေရည်- မိန်းမ- ပွဲသဘင်
မှတ်မိသမျှ ဒီ-ငါးပါးဘဲထင်တယ်) မိန်းမကို ဘာပြုလို့
အလှူခံသလဲမေးတယ်၊ ကိုယ်တော်တို့ ဘုန်းကြီးများက

အလှူမခံရ၊ ဝိနည်းဥပဒေအရ (မိန်းမများကို) မယူရ မကိုင်ရ တပည့်တော်က လူဝတ်တရားပြဆရာမှ လှူရင် အလှူခံလိုက်တယ် ပိုင်ပါတယ်-

ဦးပဏ္ဍိတ-ဘာမှမပြောဘဲနေသည်။

ညီအစ်ကိုချင်းမတဲ့ဒါ-ကြွက်ရိုး-ကျည်ဗီးနဲ့ရှိ။

တချို့ဘုန်းကြီးက ဦးထွန်းလူကို မြှောက်ပေးကြောင်း သတင်းကြားတယ်၊

နောက်မေးပုံ၊ မုနီ, ဝိဂြိုဟ် အဆိုခိုင်းတယ်၊ ဆိုပြတယ်။ အနက်ပေးပါတဲ့၊မုနိ-ရဟန်းလို့အနက်ပေးတယ်။ မပေးနိုင်ဘူးလို့ငြင်းတယ်၊ -မုနိရဟန်း၊ အနက် ပေးနိုင်ဒါ ကျမ်းဂန်ရှာပြပါ၊ယာရမပြနိုင်၊ နောင်မှပြနိုင်မယ်။ (ငါးပါးသီလကို နမောတဿကို) သဒ္ဒါနည်း၊ ရုပသိဒ္ဓိနည်း၊ နိရုတ္တိနည်းစသည်ဖြင့် သမ္ဗာန် ၆-ပါး ယာရ လှည့်ပြစမ်းပါလို့ ဦးပဏ္ဍိတက မတ်တတ်ရပ်မေးတယ်။

ဆရာကပြန်မေးပုံ၊စာစကားမေးဒါလား၊ ဦးပဏ္ဍိတက ဟုတ်တယ်။ (ယာရရုံးမှာ အမှုနဲ့ဆိုင်ဒါမေးပါ၊အချိန်တွေကုန်ပါတယ်။ စာစကားသတ်သတ် မေးချင်လျှင် တနေရာမှာချိန်းပါ၊တလဲစီမေး တလဲစီဖြေချင်ပါတယ်။ တပည့်တော် ပိဋကတ် သုံးပုံသင်ထားဒါ ဒီအချက်မှာ အသုံးချမယ်လို့၊ ဦးပဏ္ဍိတက ဘာမှမပြော ရပ်သွားတယ်၊ (ပိဋကတ်သင်ထားဒါ သင့်တဲ့နေရာ သုံးရမယ်)

---

၁၃၂၃-ခု တော်သလင်းလဆန်း ၁-ရက်နေ့ အားလုံး ပရိသတ် (၁၀၀၀)ကျော်ခန့်ရှိ ဘေးက နားထောင်သော ဘုန်းကြီးများ စီးကာရံထားသော စီးတွင်းရှိ ရုံးထိုင်

ဘုန်းကြီး ၄-ပါးခန့်နဲ့ တရားသူကြီးဦးကံရင်ရှေ့၌ ဦးပဏ္ဍိတ က ပြောပုံ၊ ဒီအမှုကို အထက်က စစ်ပါဆိုလို့ စစ်ရတယ်၊ အထက်ကအမိန့်က ဦးမြတ်သိန်းထွန်းကို အချုပ်နဲ့ထားဘို့ ပြောတယ်၊ ကျုပ်က ဒီလိုလဲ မလုပ်ချင်ကြောင်း ပြောတယ်။

နံနက်ပိုင်းပြီးနောက် ဆွမ်းစားပြီး နေ့ပိုင်းမှာ ဆရာ့ ဘက်က သက်သေများ ၄ ပါး ၅ ပါးသိလယူရမယ်ဆိုသို့ ယူ ပြီးလျှင်-

## ဆရာတယောက်နဲ့ ဘဲ အချိန်ကုန်

ဦးထွန်းလှက ဆရာ့ကို မေးပုံမျိုးစုံ၊ သားရေစာအုပ် တွေ ဘယ်ကဌါးလာမှန်းမသိ ၅၀-အုပ်ခန့် ရှိမယ် ထင် တယ်။ စွဲချက် ၈-ချက်လဲ ထိုနေ့မှာပင် ဦးပဏ္ဍိဘက ထပ်မေး၊ ဦးထွန်းလှက ထပ်မေး၊ ဘေးက နားထောင် သူတွေက ရယ်ကြ အော်ကြ ဆူနေဒါဘဲ။

ဘယ်လို ရှုံးစည်းကမ်း မှန်း မသိရ။ လူရှုံးလား ဘုန်းကြီးရှုံးလား၊ တွဲဘက်ရှုံးလားလို့ မခွဲခြားနိုင်။ ခွေနေ နဲ့ ငါးပြောသို့ ဖြစ်မဖြစ်လဲမသိရ၊ ဆရာ့မှာ ကုန်ကျသော ငွေများ ဝိနည်း ဥပဒေ အရ ဘုန်းကြီးများမှာ တာဝန် မကင်းကြောင်းလဲသိတယ်၊ အစိုးရ၏ တာဝန်ဆိုလျှင် တော်၍၊ သက်နံ့းဝတ်များက ရှုံးတိုင်တယ် စစ်တယ် ချုပ်နိုင်တယ်ဆိုဒါလဲ တခါမှ မကြားစဘူး။

ကဲ နောက်ရက်ချိန်း မသွားတော့ဘူးလို့ ဆုံးဖြတ် လိုက်ကပြီ၊ တဘက်သတ် ဆုံးဖြတ်ပေတော့၊ ဦးပဏ္ဍိ၌ ဦးပဏ္ဍိတစသော ဝိနည်းရှိရဲကိုယ်တော်များက ဝိနည်း ဥပဒေအရနဲ့ ညီအောင် တဘက်သတ် ဖြတ်ချင်ဖြတ်၊ စိတ်

ရှုပ်တယ်၊ ၁၃၂၃-ခု၊ တော်သလင်းလဆုတ် ၆-ရက်နေ့က ဆီးရောဂါနဲ့ ဆေးရုံ တက်သည်၊

(အမှတ်တဲ့မှာအပြည့်အစုံပါတယ် သတင်းစာကိုချည်း ယုံနေမှာစိုးလို့ အမြွက်မျှရှင်းပြလိုက်သည်၊)

---

## ကိုယ်ပိုင်ဉာဏ်-ပေါက်လုံးများ

(သုံးဆယ်မြို့ဆရာကြီး-ဦးဘအေး)(အသား-မယား) ထင်ဒါ ဒီရောဂါအဆိုးဆုံးဘဲ (ခဲဒါ-ဒီနေရာမှာ ခဲဒါဘဲ) ဆရာရဲ့၊

(ကြည့်မြင်တိုင်-ဦးချစ်ပို) မေးတယ်၊ ယောက်ျား-မိန်းမ မရှိတဲ့ဉာဏ်ရမလား-ရဘိ၊ ရှင်ပြန်မထင်တော့ဘူးလား၊ ထင်ချင်ထင် မဟုတ်မှန်းသိ ဗီးဒါဘဲ ဦးချစ်ပိုက-ဖြေတယ်၊

(နေပြည်-လင်းလွန်းပင်-ကိုတင်လှ) (ဆရာတော်ကို-လက်ပံတန်းက ဦးထွန်းလူက ဂ-ချက်ငွပ်စွဲပုံ သတင်းစာမှာ ပါလာဒါကို တပည့်-ဝမ်းသာလိုက်ထာဘုရား)

(တောင်ငူခရိုင်-မြို့လှ-ဦးကျော်) လက်ပံတန်းမြို့ ဝိနိစ္ဆယရုံးမှာ စစ်ဆေး မေးမြန်းပုံတွေ ဦးထွန်းလူပြ-သက်သေ(ကျား-မ)တို့က တချို့က (သေးနမ်းရတယ်-ကိုယ်တုံးလုံး ရေချိုးဒါ မြင်ရတယ် စသည်ဖြင့် တရားသူကြီးနဲ့ရုံးထိုင်သံဃာများရှေ့ ပရိသတ် ၁၀၀၀-ကျော်တို့ ကြားရအောင် ထွက်ဆိုချက်တွေ သတင်းစာမှာ

(မကြာ-မကြာ)ပါလာသော ဝိပဿနာ တရားထူးကို ဘတ်ရဒါ-ဝမ်းမြောက်လှချည့်၊ သာဓု-သာဓု-သာဓု။

ဆရာတော်၏ ၇-စဉ်ဘရားလဲ ၅-ကြိမ် ကြားနာဘူးတယ်၊ကျမ်းစာတွေလဲ နေ့စဉ်ဘတ်တယ် သရုပ်မကွဲဘယ်လိုဘဲတွေးပေမဲ့မပေါ်၊ဆရာတော်ကလဲ ဖွင့်မပြောသတင်းစာတွေထဲက ရှင်းပြခါမှ နာမပညတ်နဲ့ သဏ္ဌာနပညတ် မရှိပါကလားလို့ ချမှဘဲ ပရမတ်ရုပ်သား(လုံးလုံးလျားလျား-ကွက်ကွက်-ကွင်းကွင်း) ဟင်းလင်း အထိသဘော ပေါက်ရပါပေတယ်။

(ပျဉ်းမနားနယ်-နတ်သူမဲရွာ-ဦးဆင့်) နားထဲကြားကောင်း နားယောင်ကောင်းဒါ-မတရား(နားထဲမကြားမဲ့ဒါမှ-တရား)

(တောင်ငူမြို့နယ်-ဆွာ-ဦးရွှေလွန်း) အသင်္ခတခတ်မှာ ရုပ်နာမ်နည်းနည်းမှ မရှိ ဘူး လား မေး လို့ ဖြေပုံ အသင်္ခတ ခတ်မပြောပါနဲ့အုံး (သင်္ခတခတ်) မှာဘဲ ရုပ်-နာမ် အရှင်းမရှိဘူး။

(စလင်းမြို့-မင်းတုံးရပ်-မောင်လှရွှေ) ဘာမှ မရှိသိ-တရား။ (မဏ္ဍတရား-သိဒါဘုရား)

(အင်းစိန်ခရိုင်-ထန်းတပင်မြို့- ဓမ္မကထိက-ဆရာမှို) သောတာပန်ဖြစ်ချင်လျှင် သောင်းကုန်-သိန်းကုန် အကုန်ခံမှ ဖြစ်မှာလား၊ ဇင်္ဂါ ၄-ပါးပြည့်စုံမှ ဖြစ်မှာလား အများရှေ့မှာ မေးပုံ-

(မြောင်းမြခရိုင်-လပွတ္တာမြို့နယ်-ကံဘက်-ဦးဘိုးကျူး) ဆရာ့ကိုလျှောက်ပုံ၊ အစိန္တာအောက်က ပုညာဘိကုသိုလ် ပြုကြဒါ သံသရာ လည့်တယ်ဆိုဒါ ဘာဘုသိုလ်တွေ ပါလဲဘုရား၊ ဆရာက ပြန်ပြောတယ် ညောင်မြစ်တူး ပုတ်သင်ဥပေါ်တုန်မယ် ဘာဘုသိုလ်လို့ နာမည်မသိချင် နဲ့၊ဒီလိုအမိန့်ရှိလျှင် ဒီအန္တတွေဟာအားလုံး(ပုတ်သင်ဥ) တွေ့ပေါ့ဆရာ (အင်းစိန် ဦးဘိုးကျုံး) ခေတ်ခေတ်နဲ့ ပေါ့ပေါ့ပြောကြတယ် နေရာတိုင်း (ခေတ်)သို့ တကယ် ယူနိုင်ဘို့ မလွယ်ပါဘူး-ဆရာ။

(ဗိုလ်ကြီးမင်းအောင်-မိခင်ဒေါ်ပို)သွေးနွေးပိုင်းမှာ အမြွက်မျှပြောပုံ၊ ဒီခန္ဓာ မှုလကတဲက သူ့နေရာမှာ သူ့ နာမည်တွေ အကွက်စိအောင်ပါပြီးသား မိမိရဲ့-ဒေါ်ပို နာမည် ဘယ်နေရာမှ မပါဘူး။ မိန်းမနာမည်လဲမရှိဘူး။

( ပျဉ်းမနားတပ်ပိုးမယ်-မမလေး ) သီလ သမာဓိ ၂-ပါးနဲ့ ဖနခဲ့ရ-အောင့်ခဲ့-စောင့်ခဲ့ရဒါ ရင်တွင်းမီးမငြိမ်း အနေများစွာ ကြပ်တည်းခဲ့တယ်၊ ဝိပဿနာပညာစခန်း သို့ ပေါက်ရောက်ခါမှ သီလသမာဓိကို ဟာစ်မခေါ်ရဘဲ ပြည့်စုံပြီး နေရာတိုင်း ချမ်းသာတော့၏။

(ပျဉ်းမနားမြို့မင်္ဂလာရပ်-ကေးလမ်းမယ်-မသင်းလှ) ( တရားကိုကြိုက်ယုံနဲ့မရ ) လောကမှာ တကယ်ကြိုက် တကယ်လိုက်တယ် (တရားကို တကယ်ကြိုက်လျှင် အရ လိုက်-ရှုပ်မနေနဲ့။

(ဗျည်းမနားနယ်-လယ်ဝေးမယ်-မကြည်) ဒီလူတွေ ဟာ သေမဲ့ရက်ကို ထမင်းစားပြီး စောင့်နေကြရတယ် ဆရာ၊ ဘယ်လိုဘဲ စားစား ဘယ်တော့မှ မဝဘူး။

(ရန်ကုန်မြို့-စလင်းမယ်-မမြဝင်း) တကိုယ်လုံးက ထွက်ကျနေဒါတွေတော့ သူ့သဘောဘဲ ခတ် ပဲ လို့ တော့ ယူနိုင်ကြတယ် (ကျန်နေဒါကိုတော့) သူ့သဘော ယူဘို့ ခတ်ယူနိုင်ဘို့ ယောဂီ ရှားပါတယ် ဆရာ၊

(ရန်ကုန်မြို့မယ်-မမြစိန်) ဘု ရား ပွင့် တယ် ဆို ဒါ-တလောကလုံး ယူစွဲပြီး အရှူးထနေကြဒါ တခုမှမဟုတ် အတိုချုပ် အကုန်လုံး (နိမ်း) သို့-ဆိုလိုက်ထာပါဘဲ။

---

## ဦးမြတ်သိန်းထွန်း၏ သတ္တိနဲ့ ဗျတ္တိ

သဏ္ဍာယဒိဋ္ဌိ မရှိ၊ အရိယာသောတာပန်အထိ ဟောပြဆုံးမ နိုင်သော (သီလ-သမာဓိ-ပညာ) ဂန္ထာဓုရ, ဝိပဿနာဓုရ နှစ်ပါး နှင့် ပြည့်စုံသော ဆရာမြတ်ကို တွေ့ရပါက တရားတော်နာ၍ အသက်ခန္ဓာကို ဆရာကိုယ်တိုင် စွန့်လှူနိုင်ကြောင်း၊ နောက်ပါ ယောဂီ ယောက်ျား-မိန်းမများပါ စွန့်လှူနိုင်ကြောင်း။

---

## ရဟန်း, ရှင်, လူ, မင်းသူဌေးတို့၏ ရွေ့ခွ

မြန်မာပြည်မှာ ရှိကြသော ဝိပဿနာ မေ့ကထိက ဟူသမျှတို့ နှင့် ၁-ရက်မှ ၁၅-ရက်အထိ စွမ်းနိုင်သလောက် တလှည့်စီ ဗုဒ္ဓ ဘာသာ တရားတော်ကို ဟောပြကြလျှင် အကြောင်းသိရမည်။

---

## အန္ဓ တုဋ္ဌေ (၁၀၀) သောတာပန် တယောက်

လောကမှာရှိသော ကျား-မတို့၏ခန္ဓာနှင့် ရွှေ, ငွေ စည်းစိမ် ဟူသမျှကို ဆရာ၏ တပည့် အညံ့စားများ သိပိုင်တဲ့တရားအမြင် မှာ-အားလုံးမစင်တွင်းကလောက်တွေ့ဘဲ။

# ဆရာစား-ချန်ဒါ ဒီပညာ

အပ်ပျောက်လျှင်-ဆင်စီးရှာကြ၊
ဆင်ပျောက်လျှင်-ဆန်ကာနဲ့ ကြော့ရှာကြ၊

မြင့်မိုရ်တောင် ပြိုအောင်-လောက်စာလုံးနဲ့ပစ်၊
လောက်စာလုံး ကြေအောင်-သံတင်းပုတ်နဲ့ထု၊

ကြွားဘူးတဲ့တရား-နားထဲမှာထား၊
မကြွားဘူးတဲ့စကား-စိတ်ထဲမှာထား။

သုခထင်လျှင်-ချမ်းသာကွက်တွေ့အောင်ရှာ၊
ဒုက္ခမြင်လျှင်-ထမင်းဝအောင်စား၊

ဟင်းလင်းပြင်ကို-ပိတ်အောင်ဖုံးထားကြ၊
ကျောက်ဖျာပိတ်လျှင်-ထုတ်ချင်းပေါက်မြင်ပါ၊

အချစ်လိုလျှင်-အပြစ်ကိုတွေ့အောင်ရှာ၊
မုန်းသူတွေ့လျှင်-မကွဲအောင်ဖက်ထား၊

လေးသော ဝန်ကို-ထန်းပင်ဖျားမှာ တက်ထမ်း၊
ပေါ့သော ဝန်ကို-ရေထဲငုပ်ရှာဖွေကြ၊
ဉာဏ်ဘယ်ခါမှ မကုန် ပုဒ်ပြတ်မှတ်၊